
http://www.dhammadownload.com

# ဘုရားနဲ့စပ် အထူးမှတ်ဖွယ်

## သာမဏေကျော်



ဘုရားနဲ့စပ် အထူးမှတ်ဖွယ်
သာမဏေကျော်



ဘုရားနဲ့စပ် အထူးမှတ်ဖွယ်
သာမဏေကျော်

Group

http://www.dhammadownload.com

သာမဏေကျော်

# ဘုရားနဲ့စပ် အထူးမှတ်ဖွယ်

ပါရမီ
စာပေ

http://www.dhammadownload.com

**ဘုရားနဲ့စပ် အထူးမှတ်ဖွယ်**

ပထမအကြိမ်၊ ၂၀၀၁ ခုနှစ် ဖေဖော်ဝါရီလ၊ အုပ်ရေ ၁၀၀၀

**အဖုံးပန်းချီ သန်းမြင့်အောင်**

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၉/ ၂၀၀၁(၁)နှင့် စာမူခွင့်ပြုချက်အမှတ် ၇၁၂/ ၂၀၀၀(၁၀)တို့အရ ဦးတင်ရှိန်(၀၃၇၆၃)စန်းရောင်ရှိန်စာပေ၊ ၄/၁၇၇၊ မေခလမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာ က ထုတ်ဝေ၍ ဒေါ်ခင်ခင်ဝင်း(၀၂၆၇၀)၊ ကလျာအော့ဖ်ဆက်၊ ၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ က ပုံနှိပ်သည်။

---

**တန်ဖိုး ၁၂၀၀ ကျပ်**

**ပါရမီစာပေ**

၂၃၀၊ ၂၉ လမ်း(အထက်လမ်း)၊ ရန်ကုန်(ဖုံး ၂၅၃၂၄၆)
၂ / ၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်

http://www.dhammadownload.com

# မာတိကာ


| | | | |
|---|---|---|---|
| ၁။ | ဘုရားနဲ့ ကိစ္စ | ... | ၁၃ |
| ၂။ | ဘုရားနဲ့ နံနက်ပိုင်းကိစ္စ | ... | ၁၃ |
| ၃။ | ဘုရားနဲ့ ဆွမ်းခံရာ တန်ခိုးပြာဋိဟာ | ... | ၁၄ |
| ၄။ | ဘုရားနဲ့ နေ့ပိုင်းကိစ္စ | ... | ၁၅ |
| ၅။ | ဘုရားနဲ့ ရှေ့ပိုင်းယံကိစ္စ | ... | ၁၆ |
| ၆။ | ဘုရားနဲ့ အလယ်ပိုင်းယံကိစ္စ | ... | ၁၆ |
| ၇။ | ဘုရားနဲ့ နောက်ပိုင်းယံကိစ္စ | ... | ၁၇ |
| ၈။ | ဘုရားဖြစ်ချိန် | ... | ၁၇ |
| ၉။ | ဘုရားတန်ခိုး | ... | ၁၇ |
| ၁၀။ | တစ်ဘုရားနဲ့ တစ်ဘုရား | ... | ၁၈ |
| ၁၁။ | ဘုရားနဲ့ ညီတော်နန္ဒ | ... | ၁၈ |
| ၁၂။ | ဘုရားနဲ့ နေရာ | ... | ၁၉ |
| ၁၃။ | ဘုရားနဲ့ ပုဏ္ဏာ | ... | ၁၉ |
| ၁၄။ | ဘုရားနဲ့ အန္တရာယ် | ... | ၂၀ |
| ၁၅။ | ဘုရားနဲ့ ဝီရိယ | ... | ၂၀ |
| ၁၆။ | ဘုရားနဲ့ ဘုရားဥပဒေကာလ | ... | ၂၁ |
| ၁၇။ | ဘုရားနဲ့ ထုံးစံ | ... | ၂၂ |
| ၁၈။ | ဘုရားနဲ့ ကဲ့ရဲ့ချီးမွမ်း | ... | ၂၃ |
| ၁၉။ | ဘုရားနဲ့ ကရုဏာ ပညာ | ... | ၂၃ |
| ၂၀။ | ဘုရားနဲ့ စကား | ... | ၂၃ |
| ၂၁။ | ဘုရားနဲ့ ဥပဒေ | ... | ၂၄ |
| ၂၂။ | ဘုရားနဲ့ အသုံးအနှုန်း | ... | ၂၄ |
| ၂၃။ | ဘုရားနဲ့ ခရီး | ... | ၂၅ |
| ၂၄။ | ဘုရားနဲ့ အာဠဝက | ... | ၂၆ |

http://www.dhammadownload.com




| | | | |
|---|---|---|---|
| ၂၅။ | ဘုရားနဲ့ ပါရမီကာလ | ... | ၂၇ |
| ၂၆။ | ဘုရားရှင်နဲ့ ကောက်ပင် | ... | ၂၇ |
| ၂၇။ | ဘုရားနဲ့ တော | ... | ၂၈ |
| ၂၈။ | ဘုရားနဲ့ ထိုင်ခြင်း | ... | ၂၈ |
| ၂၉။ | ဘုရားနဲ့ သာဝကတို့ရဲ့ကိစ္စ | ... | ၂၈ |
| ၃၀။ | ဘုရားနဲ့ နောင်လာနောက်သား | ... | ၂၈ |
| ၃၁။ | ဘုရားနဲ့ ဂုဏ် | ... | ၂၉ |
| ၃၂။ | ဘုရားနဲ့ သာရိပုတ္တရာပရိနိဗ္ဗာန် | ... | ၂၉ |
| ၃၃။ | ဘုရားနဲ့ တရားပွဲမပြီးခင် | ... | ၃၀ |
| ၃၄။ | ဘုရားနဲ့ မေးခွန်း | ... | ၃၁ |
| ၃၅။ | ဘုရားနဲ့ ဟောတရား | ... | ၃၁ |
| ၃၆။ | ဘုရားနဲ့ အခေါ် | ... | ၃၁ |
| ၃၇။ | ဘုရားနဲ့ တံခါး | ... | ၃၂ |
| ၃၈။ | ဘုရားနဲ့ ဥပမာ | ... | ၃၂ |
| ၃၉။ | ဘုရားနဲ့ ပထမ | ... | ၃၃ |
| ၄၀။ | ဘုရားနဲ့ နာမည် | ... | ၃၃ |
| ၄၁။ | ဘုရားနဲ့ ကိုးကွယ်ရာ | ... | ၃၃ |
| ၄၂။ | ဘုရားနဲ့ ကောလာဟလ | ... | ၃၃ |
| ၄၃။ | ဘုရားနဲ့ ကိုးကွယ်သူ | ... | ၃၄ |
| ၄၄။ | ဘုရားနဲ့ ဆုပေး | ... | ၃၄ |
| ၄၅။ | ဘုရားနဲ့ သိကြား | ... | ၃၄ |
| ၄၆။ | ဘုရားနဲ့ ကျွတ် မကျွတ်သူ | ... | ၃၄ |
| ၄၇။ | ဘုရားနဲ့ နိမိတ် | ... | ၃၅ |
| ၄၈။ | ဘုရားနဲ့ သက်တမ်း | ... | ၃၆ |
| ၄၉။ | ဘုရားနဲ့ မြေငလျင် | ... | ၃၆ |
| ၅၀။ | ဘုရားနဲ့ လက္ခဏာတော်ကြီး (၃၂) | ... | ၃၇ |
| ၅၁။ | ဘုရားနဲ့ ရောင်ခြည်တော် | ... | ၄၀ |

http://www.dhammadownload.com




၅၂။ ဘုရားနဲ့ ညိုမှောင်တဲ့ရောင်ခြည် ... ၄၀
၅၃။ ဘုရားနဲ့ ဝါဝင်းတဲ့ရောင်ခြည် ... ၄၀
၅၄။ ဘုရားနဲ့ ဖြူဝင်းတဲ့ရောင်ခြည် ... ၄၁
၅၅။ ဘုရားနဲ့ နီမြန်းတဲ့ရောင်ခြည် ... ၄၁
၅၆။ ဘုရားနဲ့ မောင်းတဲ့ရောင်ခြည် ... ၄၁
၅၇။ ဘုရားနဲ့ ပြိုးပြိုးပြက်ရောင်ခြည် ... ၄၁
၅၈။ ဘုရားနဲ့ လက္ခဏာတော်ငယ် (၈၀) ... ၄၂
၅၉။ ဘုရားနဲ့ ဘုန်းတော် ... ၄၉
၆၀။ ဘုရားနဲ့ အသံ ... ၅၀
၆၁။ ဘုရားနဲ့ ကြွသွားပုံ ... ၅၁
၆၂။ ဘုရားနဲ့ လူတို့အိမ်မှာ နေထိုင်ပုံ ... ၅၁
၆၃။ ဘုရားနဲ့ ဆွမ်းဘုဉ်းပေးပုံ သပိတ်ဆေးကြောပုံ ... ၅၂
၆၄။ ဘုရားနဲ့ ဆွမ်းတရား ... ၅၃
၆၅။ ဘုရားနဲ့ ပြန်ကြွပုံ ကျောင်းမှာနေပုံ ... ၅၃
၆၆။ ဘုရားနဲ့ တရားဟောပုံ ... ၅၄
၆၇။ ဘုရားနဲ့ မာယာ ... ၅၅
၆၈။ ဘုရားနဲ့ တရားစဉ် ... ၅၅
၆၉။ ဘုရားနဲ့ အကြိုက် ... ၅၅
၇၀။ ဘုရားနဲ့ နတ်ပြည်ရောက်သူ ... ၅၆
၇၁။ ဘုရားနဲ့ ထိုင်တဲ့နေရာ ... ၅၆
၇၂။ ဘုရားနဲ့ သတိပဋ္ဌာန် ... ၅၆
၇၃။ ဘုရားနဲ့ ဒေဝဒတ် ... ၅၆
၇၄။ ဘုရားနဲ့ မာဂဏ္ဍီ ... ၅၇
၇၅။ ဘုရားနဲ့ အဓိကရဏ်း ... ၅၇
၇၆။ ဘုရားနဲ့ ခန္တီ ... ၅၇
၇၇။ ဘုရားနဲ့ ထာဝရဋ္ဌာန ... ၅၈
၇၈။ ဘုရားနဲ့ အကြင်အနာ ... ၅၈

http://www.dhammadownload.com




၇၉။ ဘုရားနဲ့ ဉာဏ်အား ... ၅၈
၈၀။ ဘုရားနဲ့ ခြေရာ ... ၅၉
၈၁။ ဘုရားနဲ့ လောက ... ၅၉
၈၂။ ဘုရားနဲ့ ဆွမ်းခံနေရာ ... ၅၉
၈၃။ ဘုရားနဲ့ ဆွေမျိုးအရိပ် ... ၅၉
၈၄။ ဘုရားနဲ့ လမ်း ... ၆၀
၈၅။ ဘုရားနဲ့ တရားသံ ... ၆၀
၈၆။ ဘုရားနဲ့ လ ... ၆၀
၈၇။ ဘုရားနဲ့ မစ္ဆရိယ ... ၆၁
၈၈။ ဘုရားနဲ့ ဆင်းရဲသား ... ၆၁
၈၉။ ဘုရားနဲ့ အာဏာရှင် ... ၆၂
၉၀။ ဘုရားနဲ့ အိမ် ... ၆၂
၉၁။ ဘုရားနဲ့ အစောင့် ... ၆၂
၉၂။ ဘုရားနဲ့ အပ်ချည်ထိုး ... ၆၃
၉၃။ ဘုရားနဲ့ ရာဟုလာ ... ၆၃
၉၄။ ဘုရားနဲ့ ရာဟုလာတို့တူညီချက် ... ၆၄
၉၅။ ဘုရားနဲ့ ရာဟုလာအကြံ ... ၆၅
၉၆။ ဘုရားနဲ့ အာဏာ ... ၆၅
၉၇။ ဘုရားနဲ့ ဗောဓိဘိက္ခု ... ၆၆
၉၈။ ဘုရားနဲ့ ၁၀၈ ကွက် စက်လက္ခဏာ ... ၆၇
၉၉။ ဘုရားနဲ့ ပဋ္ဌာန်း ... ၇၀
၁၀၀။ ဘုရားနဲ့ ပါရမီ ... ၇၀
၁၀၁။ ဘုရားနဲ့ ပလ္လင်္ကသတ္တာဟ ... ၇၀
၁၀၂။ ဘုရားနဲ့ အနိမိသ သတ္တာဟ ... ၇၁
၁၀၃။ ဘုရားနဲ့ စင်္ကမသတ္တာဟ ... ၇၁
၁၀၄။ ဘုရားနဲ့ ရတနဃရသတ္တာဟ ... ၇၂
၁၀၅။ ဘုရားနဲ့ အဇပါလသတ္တာဟ ... ၇၂

http://www.dhammadownload.com




၁၀၆။ ဘုရားနဲ့ မုစလိန္ဒသတာဟ ... ၇၂
၁၀၇။ ဘုရားနဲ့ ရာဇာယတနသတ္တာဟ ... ၇၃
၁၀၈။ ဘုရားနဲ့ ရက်ပေါင်း ၄၉ ... ၇၃
၁၀၉။ ဘုရားနဲ့ သပိတ် ... ၇၃
၁၁၀။ ဘုရားနဲ့ ဆံပင် မုတ်ဆိတ် ... ၇၄
၁၁၁။ ဘုရားနဲ့ ဘုရားမဖြစ်ခင် သံမဏိစိတ်ထား ... ၇၄
၁၁၂။ ဘုရားနဲ့ ရေမီးအစုံတန်ခိုး ၄ ခါ ... ၇၅
၁၁၃။ ဘုရားနဲ့ ရေမီးအစုံ ... ၇၅
၁၁၄။ ဘုရားနဲ့ တရားနာပရိသတ်စိတ် ... ၇၆
၁၁၅။ ဘုရားနဲ့ ကောင်းကင်ကခြေရာ ... ၇၇
၁၁၆။ ဘုရားနဲ့ ကြည်ညိုသူ ... ၇၈
၁၁၇။ ဘုရားနဲ့ ထမင်းကျွေးခြင်း ... ၇၈
၁၁၈။ ဘုရားနဲ့ ဆွမ်းခံ ... ၇၉
၁၁၉။ ဘုရားနဲ့ ဆွမ်းကျန် ... ၇၉
၁၂၀။ ဘုရားနဲ့ ခေါင်းယမ်းခြင်း ... ၈၀
၁၂၁။ ဘုရားနဲ့ ရေစက်ချ ... ၈၀
၁၂၂။ ဘုရားနဲ့ အမျှဝေ ... ၈၁
၁၂၃။ ဘုရားနဲ့ ပိဋကိယာနီပုဏ္ဏား ပိလောတိက ပရိဗိုဇ်တို့ရဲ့ ချီးမွမ်းစကား ... ၈၁
၁၂၄။ ဘုရားနဲ့ ပိလောတိကပရိဗိုဇ်ရဲ့အမြင် ... ၈၃
၁၂၅။ ဘုရားနဲ့ ပြဿနာရှင်များ ... ၈၄
၁၂၆။ ဘုရားနဲ့ ပိဋကိယာနီအမြင် ... ၈၅
၁၂၇။ ဘုရားနဲ့ အပြုံး ... ၈၆
၁၂၈။ ဘုရားနဲ့ စောင့်စရာမလိုတဲ့အရာ ၄ မျိုး ... ၈၆
၁၂၉။ ဘုရားနဲ့ အပြစ်ရှာသူနှစ်ဦး ... ၈၆
၁၃၀။ ဘုရားနဲ့ တရားအလေးပြုပုံ ... ၈၇
၁၃၁။ ဘုရားနဲ့ ဓာတ်တော် ... ၈၉

http://www.dhammadownload.com




| | | | |
|---|---|---|---|
| ၁၃၂။ | ဘုရားနဲ့ ခြေဆေးရကြောင်း | ... | ၉၀ |
| ၁၃၃။ | ဘုရားနဲ့ တရားနာ | ... | ၉၀ |
| ၁၃၄။ | ဘုရားနဲ့ ပရိသတ် ၈ ပါး | ... | ၉၁ |
| ၁၃၅။ | ဘုရားနဲ့ ကာယအား | ... | ၉၂ |
| ၁၃၆။ | ဘုရားနဲ့ ဉာဏအား | ... | ၉၃ |
| ၁၃၇။ | ဘုရားနဲ့ ဉာဏ် ၁၀ ပါး | ... | ၉၃ |
| ၁၃၈။ | ဘုရားနဲ့ ရဟန်းတို့နေရာ | ... | ၉၄ |
| ၁၃၉။ | ဘုရားနဲ့ ဝေနေယျ | ... | ၉၄ |
| ၁၄၀။ | ဘုရားနဲ့ နောက်ဆုံးည | ... | ၉၅ |
| ၁၄၁။ | ဘုရားနဲ့ စုတိ | ... | ၉၅ |
| ၁၄၂။ | ဘုရားနဲ့ သမာပတ် | ... | ၉၆ |
| ၁၄၃။ | ဘုရားနဲ့ အားကုန်ခန်းခြင်း | ... | ၉၆ |
| ၁၄၄။ | ဘုရားနဲ့ ဆွမ်း ၂ ထပ် | ... | ၉၆ |
| ၁၄၅။ | ဘုရားနဲ့ နေ့ ၂ နေ့ | ... | ၉၇ |
| ၁၄၆။ | ဘုရားနဲ့ အရိုး | ... | ၉၈ |
| ၁၄၇။ | ဘုရားနဲ့ ဓာတ်တော် | ... | ၉၈ |
| ၁၄၈။ | ဘုရားနဲ့ ပြင်းထန်တဲ့ရောဂါ | ... | ၉၉ |
| ၁၄၉။ | ဘုရားနဲ့ အခြားဘုရား | ... | ၉၉ |
| ၁၅၀။ | ဘုရားနဲ့ မိန်းမ | ... | ၁၀၁ |
| ၁၅၁။ | ဘုရားနဲ့အကျိုး | ... | ၁၀၁ |
| ၁၅၂။ | ဘုရားနဲ့ ဆရာစား | ... | ၁၀၁ |
| ၁၅၃။ | ဘုရားနဲ့ ဝက်ပျို့သား | ... | ၁၀၂ |
| ၁၅၄။ | ဘုရားနဲ့ ရေ | ... | ၁၀၃ |
| ၁၅၅။ | ဘုရားနဲ့ အလုပ်အကျွေး | ... | ၁၀၄ |
| ၁၅၆။ | ဘုရားနဲ့ အရှင်အာနန္ဒာပြုစုပုံ | ... | ၁၀၄ |
| ၁၅၇။ | ဘုရားနဲ့ တေဒဂ်ရာထူး | ... | ၁၀၅ |
| ၁၅၈။ | ဘုရားနဲ့ ခေတ် | ... | ၁၀၅ |

http://www.dhammadownload.com




| | | | |
|---|---|---|---|
| ၁၅၉။ | ဘုရားနဲ့ အခြားဘုရား ၃ မျိုး | ... | ၁၀၆ |
| ၁၆၀။ | ဘုရားနဲ့ ရေချိုး ခြေဆေး | ... | ၁၀၆ |
| ၁၆၁။ | ဘုရားနဲ့ မိုးကြိုး | ... | ၁၀၇ |
| ၁၆၂။ | ဘုရားနဲ့ သရီရဓာတ်တော်တို့တည်ရာ | ... | ၁၀၇ |
| ၁၆၃။ | ဘုရားနဲ့ ဓာတ်တော် အရွယ် အရောင် အရေအတွက် | ... | ၁၀၇ |
| ၁၆၄။ | ဘုရားနဲ့ ဓာတ်တော် ပရိက္ခရာတို့တည်ရာ | ... | ၁၀၈ |
| ၁၆၅။ | ဘုရားနဲ့ အခြားဘုရားတို့တူတဲ့အရာ ၃၀ | ... | ၁၀၈ |
| ၁၆၆။ | ဘုရားနဲ့ အခြားဘုရားတို့မတူတဲ့အရာ ၈ ခု | ... | ၁၁၀ |
| ၁၆၇။ | ဘုရားရှင်တိုင်း မစွန့်တဲ့ ၄ နေရာ | ... | ၁၁၀ |
| ၁၆၈။ | ဘုရားနဲ့ ဖွားဖက်တော် ၇ ဦး | ... | ၁၁၁ |
| ၁၆၉။ | ဘုရားနဲ့ နက္ခတ် | ... | ၁၁၁ |
| ၁၇၀။ | ဘုရားနဲ့ ဖြစ်စဉ်အကျဉ်း | ... | ၁၁၂ |
| ၁၇၁။ | ဘုရားနဲ့ တရားဟောလိုစိတ် | ... | ၁၁၂ |
| ၁၇၂။ | ဘုရားနဲ့ ကုသိနာရုံ | ... | ၁၁၃ |
| ၁၇၃။ | ဘုရားနဲ့ သံဝေဇနိယ ၄ ဌာန | ... | ၁၁၄ |
| ၁၇၄။ | ဘုရားနဲ့ စေတီ | ... | ၁၁၄ |
| ၁၇၅။ | ဘုရားနဲ့ အင်္ဂုလိမာလ | ... | ၁၁၅ |
| ၁၇၆။ | ဘုရားနဲ့ သာဓု | ... | ၁၁၅ |
| ၁၇၇။ | ဘုရားနဲ့ ပထမဉပါသကာ | ... | ၁၁၆ |
| ၁၇၈။ | ဘုရားနဲ့ ဒုက္ကရစရိယာ | ... | ၁၁၆ |
| ၁၇၉။ | ဘုရားနဲ့ ကျောင်း ၂ ကျောင်း | ... | ၁၁၇ |
| ၁၈၀။ | ဘုရားနဲ့ တရားဟောသံ | ... | ၁၁၈ |
| ၁၈၁။ | ဘုရားနဲ့ ဘွဲ့ | ... | ၁၁၉ |
| ၁၈၂။ | ဘုရားနဲ့ အနန္တစကြာဝဠာရောင်ခြည် | ... | ၁၁၉ |
| ၁၈၃။ | ဘုရားနဲ့ သဗ္ဗညုတဉာဏ် | ... | ၁၂၀ |
| ၁၈၄။ | ဘုရားနဲ့ ဓာတုပရိနိဗ္ဗာန် | ... | ၁၂၀ |

http://www.dhammadownload.com




| | | | |
|---|---|---|---|
| ၁၈၅။ | ဘုရားနဲ့ မွေးဖွားခဲ့ပုံ | ... | ၁၂၁ |
| ၁၈၆။ | ဘုရားနဲ့ ပဋိသန္ဓေစိတ် | ... | ၁၂၂ |
| ၁၈၇။ | ဘုရားနဲ့ အရိုသေခံပုဂ္ဂိုလ် | ... | ၁၂၃ |
| ၁၈၈။ | ဘုရားနဲ့ ပါတိမောက် | ... | ၁၂၄ |
| ၁၈၉။ | ဘုရားနဲ့ ပွင့်ရာသက်တမ်း | ... | ၁၂၄ |
| ၁၉၀။ | ဘုရားနဲ့ ကာလ ဒီပ ဒေသ ကုလ မာတု | ... | ၁၂၅ |
| ၁၉၁။ | မဇ္ဈိမဒေသသား ဘုရားနဲ့ အခြားဘုန်းရှင်များ | ... | ၁၂၅ |
| ၁၉၂။ | ဘုရားနဲ့ လူ့ပြည် | ... | ၁၂၅ |
| ၁၉၃။ | ဘုရားနဲ့ လူသား | ... | ၁၂၆ |
| ၁၉၄။ | ဘုရားနဲ့ ဇမ္ဗူဒိပ် | ... | ၁၂၇ |
| ၁၉၅။ | ဘုရားနဲ့ ဂုဏ် ၁၈ ပါး | ... | ၁၂၇ |
| ၁၉၆။ | ဘုရားနဲ့ ဂုဏ် | ... | ၁၂၈ |
| ၁၉၇။ | ဘုရားနဲ့ ကြုံးဝါးတဲ့ ၄ ဌာန | ... | ၁၂၈ |
| ၁၉၈။ | ဘုရားနဲ့ ဖိတ်မန်မှု | ... | ၁၂၈ |
| ၁၉၉။ | ဘုရားနဲ့ အရဏ်တက် ခရီး | ... | ၁၂၉ |
| ၂၀၀။ | ဘုရားနဲ့ ဦဟာမြစ် | ... | ၁၂၉ |
| ၂၀၁။ | ဘုရားနဲ့ မဟာသမုဒ္ဒရာ | ... | ၁၃၀ |
| ၂၀၂။ | ဘုရားနဲ့ စာရေးဆရာကြီး | ... | ၁၃၀ |
| ၂၀၃။ | ဘုရားနဲ့ မီးတောက် | ... | ၁၃၁ |
| ၂၀၄။ | ဘုရားနဲ့ စကြဝတေးမင်း | ... | ၁၃၁ |
| ၂၀၅။ | ဘုရားနဲ့ ဆူးထွင်သူ | ... | ၁၃၂ |
| ၂၀၆။ | ဘုရားနဲ့ သစ်ရွေသမား | ... | ၁၃၂ |
| ၂၀၇။ | ဘုရားနဲ့ တစ်ပါးတည်း ကိန်းအောင်းခြင်း | ... | ၁၃၂ |
| ၂၀၈။ | ဘုရားနဲ့ တ္တဒ္ဒိပါဒ် | ... | ၁၃၃ |
| ၂၀၉။ | ဘုရားနဲ့ သူဌေးသူကြွယ် | ... | ၁၃၄ |
| ၂၁၀။ | ဘုရားနဲ့ လျှို့ဝှက်အင်္ဂါ | ... | ၁၃၆ |
| ၂၁၁။ | ဘုရားနဲ့ ဆေးဆရာ | ... | ၁၃၇ |

http://www.dhammadownload.com




၂၁၂။ ဘုရားနဲ့ နည်းဗျူဟာအမျိုးမျိုး ... ၁၃၇
၂၁၃။ ဘုရားနဲ့ ကြမ်းတဲ့စကား ... ၁၃၉
၂၁၄။ ဘုရားနဲ့ ရှင်ဘုရင် ... ၁၄၀
၂၁၅။ ဘုရားနဲ့ ဆရာ ... ၁၄၀
၂၁၆။ ဘုရားနဲ့ နှင်ထုတ်ခြင်း ... ၁၄၁
၂၁၇။ ဘုရားနဲ့ လင် ... ၁၄၂
၂၁၈။ ဘုရားနဲ့ ကျောက်လွှာ ... ၁၄၃
၂၁၉။ ဘုရားနဲ့ ကြာ ... ၁၄၄
၂၂၀။ ဘုရားနဲ့ သမုဒ္ဒရာ မြေ ကောင်းကင် ... ၁၄၄
၂၂၁။ ဘုရားနဲ့ အရှင်အာနန္ဒာရဲ့ ဓမ္မက္ခန္ဓာ ... ၁၄၄
၂၂၂။ ဘုရားနဲ့ စူဠဂန္ဓာရအတတ် ... ၁၄၅
၂၂၃။ ဘုရားနဲ့ သက်န်း ၃ ထည် ... ၁၄၅
၂၂၄။ ဘုရားနဲ့ နောက်ဆုံးစကား ... ၁၄၆
၂၂၅။ ဘုရားနဲ့ ဝဋ်တော် ၁၂ ပါး ... ၁၄၇

http://www.dhammadownload.com



# ဘုရားနဲ့ ကိစ္စ

ဘုရားရှင်မှာ နေ့စဉ်ပြုလုပ်တဲ့ကိစ္စ ၅ မျိုးရှိပါတယ်။

၁။ နံနက်ပိုင်းကိစ္စ

၂။ နေ့ပိုင်းကိစ္စ

၃။ ညအခါ ရှေ့ယံကိစ္စ

၄။ အလယ်ယံကိစ္စ

၅။ နောက်ယံကိစ္စတို့ ဖြစ်ပါတယ်။ (သီလက္ခန်-ဋ္ဌ၊ ၄၆။)

# ဘုရားနဲ့ နံနက်ပိုင်းကိစ္စ

ဘုရားရှင်ဟာ နံနက်စောစောကပင် အိပ်ရာမှထပြီး ပြုစုလုပ်ကျွေးသူကို ချီးမြှောက်ဖို့နဲ့ ခန္ဓာကိုယ်ချမ်းသာဖို့အတွက် မျက်နှာသစ်ခြင်း စတဲ့ ကိုယ်မှုကိစ္စတွေကို ပြုတော်မူပါတယ်။ ဆွမ်းခံချိန်ရောက်တဲ့အထိ ဆိတ်ငြိမ်တဲ့နေရာမှာ အချိန်ကုန်စေတော်မူပါတယ်။ ဆွမ်းခံချိန်ရောက်တဲ့အခါ သင်းပိုင်ကို ပြင်ဆင်ကာ ဝတ်ပါတယ်။ ခါးပန်းကြိုးပတ်ပါတယ်။ သင်္ကန်း ရုံပါတယ်။ သပိတ်ကို ယူပါတယ်။ တစ်ခါတစ်ရံ တစ်ပါးတည်း၊ တစ်ခါတစ်ရံ ရဟန်းအပေါင်းခြံရံပြီး မြို့၊ ရွာ၊ နိဂုံးတွေကို ဆွမ်းခံဝင်ပါတယ်။ တစ်ခါတစ်ရံ ပကတိအတိုင်းကြွတယ်။ တစ်ခါတစ်ရံ များပြားတဲ့ တန်ခိုးပြာဋိဟာတွေနဲ့ ကြွတယ်။

ဘုရားရှင်ဟာ ဆွမ်းကိစ္စပြီးတဲ့အခါ သတ္တဝါတွေရဲ့စိတ်ကိုကြည့်ပြီး တရားဟောတယ်။ တချို့က သရဏဂုံတည်ကြတယ်။ တချို့က ငါးပါးသီလမှာ တည်ကြတယ်။ တချို့က သောတာပန်၊ တချို့က သကဒါဂါမ်၊ တချို့က အနာဂါမ် ဖြစ်ကြတယ်။ တချို့က ရဟန်းဝတ်ပြီး ရဟန္တာ ဖြစ်ကြတယ်။ အဲဒီလို များစွာသောလူအပေါင်းကို ချီးမြှောက်ပြီးမှ နေရာမှထကာ ကျောင်းကို ကြွပါတယ်။ ကျောင်းကိုသွားပြီး တန်ဆောင်းအဝန်းအဝိုင်းမှာ ခင်းထားတဲ့ ဘုရားနေရာမြတ်မှာ ရဟန်းတွေ ဆွမ်းကိစ္စပြီးတဲ့အထိ စောင့်

http://www.dhammadownload.com



ဆိုင်းကာ ထိုင်နေပါတယ်။ ရဟန်းတွေ ဆွမ်းကိစ္စပြီးဆုံးတဲ့အခါ အလုပ် အကျွေးရဟန်းက ဘုရားရှင်အား အချိန်ကို လျှောက်ထားပါတယ်။ အဲဒီ အခါ ဘုရားရှင်ဟာ ဂန္ဓကုဋီကျောင်းတော်ထဲကို ဝင်သွားပါတယ်။ ဒါဟာ ဘုရားရှင်ရဲ့ နံနက်ပိုင်းကိစ္စပါပဲ။

## ဘုရားနဲ့ ဆွမ်းခံရာ တန်ခိုးပြာဋိဟာ

ဘုရားရှင်ဟာ တန်ခိုးပြာဋိဟာများစွာနဲ့ ဆွမ်းခံဝင်တော်မူတဲ့အခါ နူးညံ့တဲ့လေတွေက ဘုရားရှင်ရဲ့ ရှေ့က ရှေ့က သွားပြီး မြေကြီးကို သုတ်သင် ရှင်းလင်းကြပါတယ်။ မိုးတိမ်တွေက မိုးရေမိုးပေါက်တွေကို ရွာချကြပါတယ်။ လမ်းက မြူမှုန်တွေကို ငြိမ်သွားစေကြပါတယ်။ ဘုရားရှင်ရဲ့အထက်က မျက်နှာကြက်ဖြစ်ပြီး တည်ကြပါတယ်။ အခြားလေတွေက ပန်းတွေကို သယ်ဆောင်လာပြီး လမ်းမှာ ဖြန့်ကြဲကြပါတယ်။ မြင့်နေတဲ့ မြေနေရာတွေက နိမ့်သွားကြပါတယ်။ နိမ့်တဲ့ မြေနေရာတွေက မြင့်လာကြပါတယ်။ ဘုရားရှင် ခြေချရာအခါမှာ မြေဟာ ညီညာလျက်သာ နေပါတယ်။ အတွေ့ကောင်းတဲ့ ပန်းတွေကလည်း ဘုရားရှင်ရဲ့ ခြေတော်တွေကို ခံယူကြပါတယ်။ တံခါးခုံ ရဲ့အတွင်းမှာ ဘုရားရှင်ရဲ့ လက်ယာတော်ခြေ ချကာမျှဥ္ဆ ကိုယ်တော်မှ ရောင်ခြည်တော် ၆ ပါး ထွက်ပါတယ်။ ရွှေရည် ရွှေမှုန်တို့ကဲ့သို့လည်းကောင်း၊ ဆန်းကြယ်တဲ့ အဝတ်အကာအရံတို့ကဲ့သို့ လည်းကောင်း ပြာသာဒ် အထွတ် ရှိတဲ့ အိမ် စသည်တွေကို တန်ဆာဆင်ကာ ဟိုဟိုဒီဒီ ပြေးသွားနေကြပါတယ်။

ဆင် မြင်း ငှက် စတဲ့ တိရစ္ဆာန်တွေဟာ ကိုယ့်နေရာ ကိုယ့်နေရာ တွေမှာ ရပ်တည်ရင်းနဲ့ပဲ ချိုမြိန်တဲ့ အခြင်းအရာနဲ့ အသံကို ပြုကြတယ်။ စည် ဆောင်း စတဲ့ တူရိယာတွေနဲ့ လူတွေရဲ့ကိုယ်မှာ ဝတ်ဆင်ထားတဲ့ အဆင်တန်ဆာတွေကလည်း အဲဒီလိုပဲ အသံကို ပြုကြပါတယ်။ အဲဒီအမှတ် အသားနဲ့ လူတွေဟာ "ယနေ့ ဘုရားရှင် ဒီနေရာမှာ ဆွမ်းခံဝင်တော်မူတယ်" လို့ သိကြပါတယ်။ လူတွေဟာ အဝတ်ကို ကောင်းကောင်းဝတ်ဆင်ပြီး ပန်း နံ့သာ စသည်တွေကို ယူကာ အိမ်က ထွက်ကြပါတယ်။ လမ်းခရီး

http://www.dhammadownload.com



အကြားကို သွားပြီး ဘုရားရှင်ကို ပန်း နံ့သာ စသည်တွေနဲ့ ရိုသေစွာ ပူဇော်ကာ ကန်တော့ကြပါတယ်။ "မြတ်စွာဘုရား တပည့်တော်တို့အား ရဟန်း ၁၀ ပါး၊ တပည့်တော်တို့အား အပါး ၂၀၊ ၅၀၊ ၁၀၀ ပေးတော်မူပါ"လို့ လျှောက်ထားတောင်းပန်ကြတယ်။ ဘုရားရှင်ရဲ့ သပိတ်ကိုလည်း ယူကာ နေရာခင်းပေးပြီး ရိုရိုသေသေ ဆွမ်းနဲ့ ပြုစုလုပ်ကျွေးကြပါတယ်။

## ဘုရားနဲ့ နေ့ပိုင်းကိစ္စ

နံနက်ပိုင်းကိစ္စပြီးတဲ့ ဘုရားရှင်ဟာ ဂန္ဓကုဋိကျောင်းရဲ့ အနီးအနားမှာ ခင်းထားတဲ့ နေရာ၌ထိုင်ပြီး ခြေတွေကို ဆေးကာ ခြေဆေးအင်းပျဉ်မှာ ရပ်ပြီး ရဟန်းအပေါင်းကို "ရဟန်းတို့ သတိနဲ့ ကိစ္စအားလုံးတို့ကို ပြီးစေကြလော့။ လောကမှာ ဘုရားပွင့်ဖို့ ခဲယဉ်းတယ်၊ လူ့ဘဝရဖို့ ခဲယဉ်းတယ်၊ သဒ္ဓါစသည် ပြည့်စုံဖို့ ခဲယဉ်းတယ်၊ ရဟန်းဘဝရဖို့ ခဲယဉ်းတယ်၊ တရားနာရဖို့ ခဲယဉ်းတယ်"လို့ ဆုံးမပါတယ်။ အဲဒီရဟန်းတွေထဲက တချို့ရဟန်းတွေက ဘုရားရှင်ကို ကမ္မဋ္ဌာန်းမေးကြပါတယ်။ ဘုရားရှင်က အဲဒီရဟန်းတွေအား စရိုက်နဲ့လျော်တဲ့ ကမ္မဋ္ဌာန်းကို ပေးပါတယ်။ အဲဒီကနောက် ရဟန်းအားလုံးဟာ ဘုရားရှင်ကို ရှိခိုးပြီး မိမိ မိမိရဲ့ညဉ့်နေရာ၊ နေ့နေရာတွေကို သွားကြပါတယ်။ တချို့က တောကို သွားကြပါတယ်။ တချို့က သစ်ပင်အောက်ကို၊ တချို့က တောင် စတဲ့နေရာတွေထဲက တစ်နေရာကို သွားကြပါတယ်။ တချို့က နတ်ပြည် ၆ ထပ်ထဲက တစ်ထပ်ကို သွားကြပါတယ်။

အဲဒီကနောက် ဘုရားရှင်ဟာ ဂန္ဓကုဋိကျောင်းကို ဝင်သွားပြီး အလိုရှိတော်မူရင် လက်ယာနံပါးနဲ့ သတိ သမ္ပဇဉ်ရှိလျက် တစ်မုဟုတ် ကျိန်းစက်တော်မူပါတယ်။ ခန္ဓာကိုယ် သက်သာရာရစေပြီး အိပ်ရာမှထကာ ဒုတိယအဖို့မှာ လောကကို ကြည့်တော်မူပါတယ်။ တတိယအဖို့မှာ မှီတင်းနေထိုင်ရာ မြို့၊ ရွာ၊ နိဂုံးက လူအများဟာ နံနက်အခါ ဒါနပြုပြီး နေ့ပိုင်းမှာ အဝတ်တွေကို ကောင်းကောင်းဝတ်ပြီး ပန်း နံ့သာ စသည်တို့ကိုယူကာ ကျောင်းမှာ စုဝေးကြပါတယ်။ ဘုရားရှင်က ရောက်လာတဲ့ ပရိသတ်အား

http://www.dhammadownload.com



သင့်လျော်တဲ့ တန်ခိုးပြာဋိဟာနဲ့သွားကာ တရားသဘင်၌ ခင်းထားတဲ့ ဘုရားနေရာမြတ်မှာထိုင်ပြီး အချိန်အခါနဲ့ယှဉ်တဲ့တရားကို ဟောပါတယ်။ အဲဒီကနောက် အချိန်ကိုသိပြီး ပရိသတ်ကို ပြန်လွှတ်ပါတယ်။ လူတွေက ဘုရားရှင်ကို ရှိခိုးပြီး ပြန်သွားကြပါတယ်။ ဒါဟာ ဘုရားရှင်ရဲ့ နေ့ပိုင်းကိစ္စပါပဲ။

## ဘုရားနဲ့ ရှေ့ပိုင်းယံကိစ္စ

နေ့ပိုင်းကိစ္စပြီးတဲ့ ဘုရားရှင်ဟာ ရေချိုးလိုရင် ဘုရားရှင်နေရာမှသောကာ ရေချိုးခန်းကိုဝင်ပါတယ်။ အလုပ်အကျွေးရဟန်း စီစဉ်တဲ့ ရေနဲ့ကိုယ်ကို အငွေ့ယူစေဖို့ ရေချိုးပါတယ်။ အလုပ်အကျွေးရဟန်းကလည်း ဘုရားရှင်နေရာကို ဆောင်ယူပြီး ဂန္ဓကုဋိ ပရိဝုဏ်ထဲမှာ ခင်းထားပါတယ်။ ဘုရားရှင်က အလွန်နီတဲ့ နှစ်ထပ်သင်္ကန်းကိုဝတ်ကာ ခါးပန်းကြိုးကို ပတ်ပါတယ်။ ဧကသီကို လက်ဝဲဘက်ပခုံးထက်မှာ တင်ကာ အဲဒီနေရာကို သွားပြီး တစ်ပါးတည်းသာ တစ်မုဟုတ် သမာပတ်ဝင်စားကာ ထိုင်နေတော်မူပါတယ်။ အဲဒီကနောက် ရဟန်းတွေဟာ ထိုထိုနေရာတွေက လာပြီး ဘုရားရှင်ထံ လာရောက်ဆည်းကပ်ကြပါတယ်။ အဲဒီရဟန်းတွေထဲက တချို့က မေးခွန်းမေးကြပါတယ်။ တချို့က ကမ္မဋ္ဌာန်းမေးကြပါတယ်။ တချို့က တရားဟောဖို့ တောင်းဆိုကြပါတယ်။ ဘုရားရှင်ဟာ အဲဒီရဟန်းတွေရဲ့ အလိုကို ပြီးစီးပြည့်စုံစေပြီး ရှေ့ပိုင်းယံကို ကုန်လွန်စေပါတယ်။ ဒါဟာ ဘုရားရှင်ရဲ့ ရှေ့ပိုင်းယံ (ည ၆ နာရီမှ ၁၀ နာရီ) ကိစ္စပါပဲ။

## ဘုရားနဲ့ အလယ်ပိုင်းယံကိစ္စ

ရှေ့ပိုင်းယံကိစ္စ ပြီးသွားတဲ့အခါ ရဟန်းတွေဟာ ဘုရားရှင်ကို ရှိခိုးပြီးသွားကြပါတယ်။ တစ်သောင်းသော လောကဓာတ်မှာရှိတဲ့ နတ်အားလုံးဟာ အခွင့်ရလို့ ဘုရားရှင်ထံ ချဉ်းကပ်ပြီး မေးဖို့ပြင်ဆင်ထားတဲ့ မေးခွန်းတွေကို မေးကြပါတယ်။ အောက်ထစ်ဆုံးအားဖြင့် အက္ခရာ ၄ လုံးရှိသည်

http://www.dhammadownload.com



လည်းဖြစ်တဲ့ မေးခွန်းကို မေးကြပါတယ်။ ဘုရားရှင်ဟာ အဲဒီနတ်တွေအား မေးခွန်းဖြေရင်း အလယ်ပိုင်းယံ (ည ၁၀ နာရီမှ ၂ နာရီထိ)ကို ကုန်လွန်စေပါတယ်။ ဒါဟာ ဘုရားရှင်ရဲ့ အလယ်ပိုင်းယံကိစ္စပါပဲ။

## ဘုရားနဲ့ နောက်ပိုင်းယံကိစ္စ

နောက်ပိုင်းယံကို သုံးပုံပုံပြီး နံနက်ပိုင်းမှစ၍ ထိုင်လို့ ပင်ပန်းနေတဲ့ ခန္ဓာကိုယ်ရဲ့ ပင်ပန်းမှု ပျောက်သွားအောင် တစ်ပုံကို စင်္ကြံလျှောက်ခြင်းဖြင့် ကုန်လွန်စေပါတယ်။ ဒုတိယအပုံမှာ ဂန္ဓကုဋ္ဌိကျောင်းကိုဝင်ပြီး လက်ယာဘက် နံပါးနဲ့ သတိ သမ္ပဇဉ်ရှိ ကျိန်းစက်တော်မူပါတယ်။ တတိယအပုံမှာ အိပ်ရာမှထပြီး ထိုင်ကာ ရှေးဘုရားရှင်တွေထံမှာ ဒါန သီလ စတဲ့ ကောင်းမှုတွေကို ပြုလုပ်ခဲ့တဲ့ ပုဂ္ဂိုလ်တွေကို ကြည့်ဖို့ရာ လောကကို ဘုရားမျက်စိနဲ့ ကြည့်တော်မူပါတယ်။ ဒါဟာ ဘုရားရှင်ရဲ့ နောက်ပိုင်းယံ (နံနက် ၂ နာရီမှ ၆ နာရီထိ) ကိစ္စ ဖြစ်ပါတယ်။

## ဘုရားဖြစ်ချိန်

ဘုရားအလောင်းတော်ဟာ ကဆုန်လပြည့်နေ့ည နောက်ဆုံးယံမှာ ပဋိစ္စသမုပ္ပါဒ်၌ ဉာဏ်ကိုချထားပြီး နည်းအမျိုးမျိုးနဲ့ ဘုံ ၃ ပါးက ရုပ်နာမ် သင်္ခါရတရားတွေကို သုံးသပ်တော်မူပါတယ်။ အခု အရုဏ်တက်တော့မယ် ဆိုတဲ့ အချိန်မှာ ရဟန္တာဖြစ် ဘုရားဖြစ်ပါတယ်။ ဘုရားဖြစ်ပြီးလျှင် ပြီးချင်းပဲ အရုဏ်တက်ပါတယ်။

(ဥဒါနဋ္ဌကထာ–နှာ ၄၆ စသည်။)

## ဘုရားတန်ခိုး

သောကကြောင့် ရူးသွားရာတဲ့ ပဋာစာရီဟာ "နမ သတိရလော" လို့ ပြောလိုက်တဲ့ ဘုရားစကားရဲ့ အခြားမဲ့မှာပဲ အရူးပျောက်သွားတယ်။

http://www.dhammadownload.com



ရဟန်းတစ်ပါး မကျန်းမာလို့ အသားဆန်ပြုတ်လိုနေတဲ့အတွက် သုပ္ပိယာ ဥပါသိကာက သူမရဲ့ပေါင်သားကို ဖြတ်လှူပါတယ်။ ပေါင်မှာ ဖြစ်နေတဲ့ အဲဒီအနာကြောင့် အိပ်ရာကမထနိုင်လို့ အိပ်ရာထဲမှာ လဲလျောင်းနေတဲ့ သုပ္ပိယာကို "လာပြီး ငါ့ကိုရှိခိုးလော"လို့ ပြောလိုက်တဲ့ ဘုရားစကားရဲ့ အခြားမဲ့မှာပဲ အဲဒီအနာပျောက်ပြီး ပကတိအတိုင်း ဖြစ်သွားပါတယ်။

အရှင်သီဝလိလောင်းလျာလေးကို ၇ နှစ်တိတိ ကိုယ်ဝန်ဆောင်ထားရပြီး ၇ ရက်ကြာသည်အထိ မွေးဖွားမရလို့ ဒုက္ခရောက်နေရှာတဲ့ သုပ္ပဝါသာဟာ "သုပ္ပဝါသာဟာ ချမ်းသာပါစေ၊ ရောဂါကင်းပါစေ၊ ရောဂါကင်းတဲ့ သားကို မွေးဖွားပါစေ"လို့ ပြောလိုက်တဲ့ ဘုရားစကားနဲ့ တစ်ချိန်တည်းမှာပဲ ချမ်းသာစွာ မွေးဖွားသွားပါတယ်။ သားအမိနှစ်ယောက်လုံး ချမ်းသာသွားပါတယ်။

ဘုရားရှင်တို့ရဲ့ တန်ခိုးဟာ မကြံစည်နိုင်အောင်ဘဲ ဖြစ်ပါတယ်။

(ဉဒါနဋ္ဌ။ နှာ–၁၁၁)

## တစ်ဘုရားနဲ့ တစ်ဘုရား

ဘုရားရှင်အားလုံးမှာ အသက်မတူ၊ ခန္ဓာကိုယ်ပမာဏမတူ၊ အမျိုးမတူ၊ ဒုက္ကစရိယာမတူ၊ အရောင်မတူ၊ မတူတာ ၅ မျိုးရှိတယ်။

သီလဝိသုဒ္ဓိ စတဲ့ ဝိသုဒ္ဓိတွေမှာ တူတယ်။ သမထ ဝိပဿနာအကျင့်မှာ တူတယ်။ ရတဲ့ သဗ္ဗညုဂုဏ် စတဲ့ဂုဏ်တွေမှာ တူတယ်။

(ဉဒါနဋ္ဌ။ နှာ–၁၃၅)

## ဘုရားနဲ့ ညီတော်နန္ဒ

ကျွမ်းကျင်တဲ့ ဆေးဆရာဟာ သလိပ် စတဲ့ အပြစ်များနေတဲ့ လူနာကို ကုသတဲ့အခါ အစေးပါတဲ့ဖျော်ရည် စသည်နဲ့ ရှေးဦးစွာ အပြစ်တွေကို ထကြွလာစေပါတယ်။ နောက်မှ အန်ဆေး လျှောဆေးတွေနဲ့ ကောင်းကောင်းပဲ အဲဒီအပြစ်တွေကို ထုတ်ပစ်ပါတယ်။ အဲဒီလိုပါပဲ ဆုံးမ

http://www.dhammadownload.com



ထိုက်တဲ့သူတွေကို ဆုံးမရာမှာ ကျွမ်းကျင်တဲ့ မြတ်စွာဘုရားဟာ ဇနပဒ ကလျာဏီအပေါ်မှာ စွဲလမ်းနေတဲ့ အရှင်နန္ဒကို နတ်သမီးတွေကိုပြပြီး ရာဂ နှိုးဆွပေးပါတယ်။ အရိယမဂ်ဆေးနဲ့ ရာဂကို အကြွင်းမဲ့ ဖယ်ရှားပစ်လိုလို့ ပါပဲ။

(ဥဒါနဋ္ဌ။ နှာ-၁၅၄)

## ဘုရားနဲ့ နေရာ

ဘုရားရှင်တွေဟာ နေရာတစ်ခုမှာနေရင် အရိပ်၊ ရေ ချို့တဲ့လို့ဖြစ်စေ၊ နေရာမကောင်းလို့ဖြစ်စေ၊ လူတွေရဲ့ သဒ္ဓါမရှိမှု စသည်ကြောင့်ဖြစ်စေ ပျင်းရိ တယ်ဆိုတာမရှိ။ အရိပ်ကောင်း၊ ရေကောင်း၊ နေရာ သဒ္ဓါကောင်းလို့ "ချမ်းချမ်းသာသာ နေရတယ်"လို့ ဆိုပြီး ကြာရှည်စွာ နေတယ်ဆိုတာလည်း မရှိ။

ဘုရားရှင် နေတဲ့နေရာမှာ လူတွေဟာ သရဏဂုံတည်ကြရင်ဖြစ်စေ၊ သီလဆောက်တည်ကြရင်ဖြစ်စေ၊ ရှင်ရဟန်းပြုကြရင်ဖြစ်စေ၊ မဂ်ဖိုလ်ကို ရကြရင်ဖြစ်စေ နေတော်မူတယ်။ အဲဒါတွေမရှိရင် နေတော်မမူဘူး။

(ဥဒါနဋ္ဌ။ နှာ-၁၆၅)

## ဘုရားနဲ့ ပုစ္ဆာ

ဘုရားရှင်တွေဟာ သိပေမယ့်လည်း မေးစရာအကြောင်းရှိရင် မေး ကြပါတယ်။ မေးစရာအကြောင်းမရှိရင် သိပေမယ့်လည်း မမေးကြပါဘူး။ မေးရမယ့်အချိန်အခါကို သိပြီး မေးကြပါတယ်။ မေးရမယ့်အချိန်အခါမဟုတ် ရင် အချိန်အခါကို သိလို့ပဲ မမေးကြပါဘူး။ မေးရင်လည်း အကျိုးနဲ့ဆက်စပ် တာကိုပဲ မေးကြပါတယ်။ အကျိုးနဲ့ မဆက်စပ်တာကို မေးတော်မမူကြပါ ဘူး။ အကျိုးမရှိတဲ့စကားကို အရဟတ္တမဂ်နဲ့ အကြွင်းမဲ့ ပယ်သတ်တော်မူ ထားကြပါတယ်။

http://www.dhammadownload.com



တရားဟောလိုလို့ဖြစ်စေ၊ ဘုရားဥပဒေတော်တို့ကို ထုတ်လိုလို့ဖြစ်စေ ဘုရားရှင်တွေက ရဟန်းတွေကို မေးခွန်းမေးလေ့ရှိကြပါတယ်။

(ပါရာဇိကပါဠိ၊ နှာ-၇)

## ဘုရားနဲ့ အန္တရာယ်

ဘုရားရှင်တို့အား လှူပြီးတဲ့ ပစ္စည်းလေးပါး၊ ဘုရားရှင်တို့ရဲ့အသက်၊ ဘုရားရှင်တို့ရဲ့ ၈၀ သော လက္ခဏာတော်ငယ်နဲ့ ကိုယ်တော်အရောင်၊ ဘုရားရှင်တို့ရဲ့ သဗ္ဗညုတဉာဏ်ကို တစ်စုံတစ်ယောက်ကမျှ အန္တရာယ်မပြုနိုင်။

(ပါရာဇိကဋ္ဌ၊ ၁၄၇/၈)

## ဘုရားနဲ့ ဝီရိယ

ဘုရားရှင်တွေမှာ ပျင်းတာ ဝီရိယလျော့တာမရှိ။ ဘုရားရှင်တွေဟာ လူတစ်ဦးအားဖြစ်စေ၊ လူနှစ်ဦးအားဖြစ်စေ၊ စကြဝဠာတစ်ခုလုံးအားဖြစ်စေ တရားဟောရင် အညီအမျှသာလျှင်ဖြစ်တဲ့ အားထုတ်မှုနဲ့ တရားဟောတော်မူကြတယ်။ ပရိသတ်နည်းတာကိုမြင်လို့ ဝီရိယမလျှော့ကြဘူး။ ပရိသတ်များတာမြင်လို့လည်း ဝီရိယ တိုးမလာကြဘူး။

ခြင်္သေ့မင်းဟာ (၇)ရက်လွန်လို့ စားကျက်ကို လှည့်တဲ့အခါ သတ္တဝါငယ်ငယ်လေးတွေကိုဖြစ်စေ၊ သတ္တဝါအကြီးကြီးတွေကိုဖြစ်စေ တူညီသည်သာလျှင်ဖြစ်တဲ့ အဟုန်နဲ့ ပြေးသွားတယ်။ အကြောင်းကတော့ သူ့ရဲ့အရှိန်ကို မလျှော့စေလိုလို့ပါပဲ။

အဲဒီလိုပါပဲ ဘုရားရှင်တွေဟာ ပရိသတ်နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ အညီအမျှသာလျှင်ဖြစ်တဲ့ အားထုတ်မှုနဲ့ တရားဟောတော်မူကြတယ်။ အကြောင်းကတော့ တရားအပေါ်လေးစားမှု လျော့မသွားစေလိုကြလို့ပါပဲ။ မှန်ပါတယ်။ ဘုရားရှင်တွေဟာ တရားကို အလေးပြုကြပါတယ်။ တရားကို ရိုသေကြပါတယ်။

(ပါရာဇိကဋ္ဌ၊ နှာ-၁၅၃၊ ပ-အုပ်)

http://www.dhammadownload.com



# ဘုရားနဲ့ ဘုရားဥပဒေကာလ

မကျွမ်းကျင်တဲ့ ဆေးဆရာဟာ အနာမပေါက်တဲ့ အမျိုးသား တစ်ယောက်ကို ခေါ်စေပြီး "အို မိတ်ဆွေ လာလော၊ သင့်ရဲ့ကိုယ်မှာ အနာအကြီးကြီး ပေါက်လာပြီး ဒုက္ခရောက်လိမ့်မယ်။ ကြိုတင်ပြီး အဲဒီ အနာကို ဆေးကုစေလော"လို့ ပြောတယ်။ အဲဒီအခါ အဲဒီလူက "ဆရာ ကောင်းပါပြီ၊ ဆရာပဲ ကုသပေးပါ"လို့ ပြောလို့ ဆေးဆရာက အဲဒီလူရဲ့ ကိုယ်က အနာမရှိတဲ့နေရာကို ဓားနဲ့ခွဲပါတယ်။ သွေးတွေကို ထုတ်ပါတယ်။ ဆေးလိမ်းပေးခြင်း၊ စည်းပေးခြင်း၊ ဖန်ဆေးပေးခြင်း စသည်တို့နဲ့ အသားနု တက်လာအောင် လုပ်ပေးပါတယ်။ အဲဒီအခါ ဆေးဆရာက အဲဒီလူကို "ငါဟာ သင့်ရဲ့ အနာအကြီးကြီးကို ဆေးကုပြီးပြီ၊ ငါ့အား ဆေးကုခ ပေးလော"လို့ ပြောပါတယ်။ အဲဒီလူက အဲဒီဆေးဆရာကို "ဒီမိုက်မဲတဲ့ ဆေးဆရာဟာ ဘာကိုပြောတာလဲ၊ ငါ့ရဲ့ ဘယ်ရောဂါကို ကုသတာလဲ၊ သင်ဟာ ငါ့ကို ဒုက္ခပေးတယ်မဟုတ်လား၊ ငါ့သွေးတွေလည်း ကုန်အောင် လုပ်တယ် မဟုတ်လား"လို့ ကဲ့ရဲ့တယ်၊ ရှုတ်ချတယ်၊ အပြစ်တင်တယ်။ ဆေးဆရာရဲ့ကျေးဇူးကို မသိဘူး။

အဲဒီလိုပါပဲ ဘုရားရှင်ဟာ အပြစ်ကျူးလွန်မှု မပေါ်ပေါက်သေးခင် တပည့်တွေအား သိက္ခာပုဒ် (ဘုရားဥပဒေတော်)တွေကို ထားခဲ့ရင် "ရဟန်း ဂေါတမဟာ 'ရဟန်းအပေါင်းဟာ ငါ့နောက်ကို အစဉ်လိုက်တယ်။ ငါ့စကား ကို လိုက်နာတယ်'လို့တွေးပြီး သူ့ရဲ့ဥပဒေတွေနဲ့ ဘာကြောင့် ရစ်ပတ်နေဘိ သလဲ။ ဒီအမျိုးကောင်းသားတွေဟာ များပြားလှတဲ့ စည်းစိမ်ဥစ္စာ၊ ဆွေမျိုး တွေနဲ့ လက်မှာရောက်နေတဲ့ မင်းအဖြစ်တွေကိုတောင် စွန့်လွှတ်ပြီး ရဟန်း ပြုခဲ့ကြတာ မဟုတ်လား။ အစား အဝတ်မှာ ရောင့်ရဲပြီး ထက်မြက်တဲ့ ရှိသေမှု ရှိကြတယ်မဟုတ်လား။ ကိုယ်နဲ့အသက်ကိုတောင် မငဲ့ကွက်ဘဲ နေကြတယ်မဟုတ်လား။ အဲဒီလိုလူတွေထဲမှာ ဘယ်သူက မေထုန်မှုကို ပြုမှာလဲ၊ သူတစ်ပါးဥစ္စာကို ခိုးယူမှာလဲ၊ သူတစ်ပါးအသက်ကို သတ်မှာလဲ၊ မရှိတဲ့ဂုဏ်ကို ပြောပြီး အသက်မွေးမှာလဲ စသည်နဲ့ ကဲ့ရဲ့ပြစ်တင်ကြပါလိမ့်

http://www.dhammadownload.com



မယ်။ ဘုရားရှင်ရဲ့ အစွမ်းအစ အင်အားကိုလည်း သတ္တဝါတွေ မသိနိုင်ကြတော့ပါ။ ထုတ်ထားတဲ့ ဘုရားဥပဒေတော်ဟာလည်း ပျက်သွားပါမယ်။ ထုတ်ထားတဲ့အတိုင်း တည်ရှိမှာမဟုတ်ပါဘူး။

ကျွမ်းကျင်တဲ့ဆေးဆရာဟာ ဖြစ်ပေါ်လာတဲ့ အနာကို ခွဲတယ်၊ ဆေးလိမ်း၊ ဆေးစည်းတယ်၊ ဖန်ဆေးတယ်၊ ဆေးကုတယ်၊ ရောဂါပျောက်တယ်၊ အသားနု ပြန်တက်တယ်၊ အကဲ့ရဲ့လွတ်တယ်၊ ဆရာ့အစွမ်းအစ သိသွားကြတယ်။ ဆေးကုခ ရတယ်။

ဒီလိုပါပဲ ဘုရားရှင်ဟာ အပြစ်ကျူးလွန်မှုပေါ်ပေါက်လာမှ တပည့်တွေအား ဘုရားဥပဒေတော်တွေကိုထားတော့ အကဲ့ရဲ့လွတ်တယ်။ ဘုရားရဲ့ အစွမ်းအစ အင်အားကို သိသွားကြတယ်။ အရိုအသေ လေးစားမှု ခံရတယ်။ ဥပဒေတော် မပျက်ဘူး။ ထားမြဲတိုင်းတည်တယ်။

(ပါရာဇိကကဏ္ဍ၊ ပ၊ ၁၅၆/၆၀)

## ဘုရားနဲ့ ထုံးစံ

ဘုရားရှင်တွေဟာ ဝါဆိုဖို့ ပင့်ထားတဲ့သူတွေကို မပန်ကြား အသိမပေးဘဲ ခရီးသွားရိုးထုံးစံမရှိ။

ဘုရားရှင်တွေဟာ ဝါကျွတ်လို့ ပဝါရဏာပြုပြီးရင် လူအပေါင်းကို ချီးမြှောက်ဖို့ရာ ခရီးဒေသစာရီ ကြွချီတော်မူမြဲဖြစ်တယ်။

ဘုရားရှင်တွေဟာ နေ့တိုင်း နံနက်မိုးသောက်အခါမှာ အေးငြိမ်းချမ်းသာတဲ့ နိဗ္ဗာန်ကို အာရုံပြုပြီး ဖလသမာပတ်ဝင်စားတော်မူကြမြဲဖြစ်တယ်။ ဖလသမာပတ်မှထပြီး မဟာကရုဏာသမာပတ်ကို ဝင်စားတော်မူကြမြဲ ဖြစ်တယ်။ မဟာကရုဏာသမာပတ်မှထပြီး စကြဝဠာတစ်သောင်းက ကျွတ်ထိုက်တဲ့ သတ္တဝါတွေကို ကြည့်တော်မူမြဲဖြစ်တယ်။

ဘုရားရှင်တွေဟာ အာဂန္တုက (ဧည့်သည်ရဟန်း)တွေနဲ့ တွေ့တဲ့အခါ အရင်ပဲ နှုတ်ဆက်စကား မိန့်ကြားတော်မူကြမြဲဖြစ်တယ်။ ဖြစ်ပေါ်တဲ့ အခြေအနေအားလျော်စွာ တရားဟောတော်မူကြမြဲဖြစ်တယ်။ ရဟန်းတို့ အပြစ်

http://www.dhammadownload.com



ကျူးလွန်မှု ဖြစ်ပေါ်ရောက်ရှိလာရင် ဘုရားဥပဒေတော် ထုတ်တော်မူကြမြဲ ဖြစ်တယ်။

(ပါရာဇိကဏ်ဍ၊ ပ၊ ၁၆၃/၄)

## ဘုရားနဲ့ ကဲ့ရဲ့ချီးမွမ်း

ဘုရားရှင်ဟာ သီလလွန်ကျူးမှုပြုတဲ့ ပုဂ္ဂိုလ်ကို တွေ့မြင်ရင် "ဒီသူဟာ ဇာတ်အားဖြင့် ထင်ရှားသူပဲ၊ အနွယ်အားဖြင့် ထင်ရှားသူပဲ၊ အမျိုးကောင်းအားဖြင့် ထင်ရှားသူပဲ၊ စာပေကျမ်းဂန်အားဖြင့် ထင်ရှားသူပဲ၊ ဓုတင်အကျင့်အားဖြင့် ထင်ရှားသူပဲ၊ အခြွေအရံပရိသတ်ရှိသူပဲ၊ ဒီလိုပုဂ္ဂိုလ်ကို စောင့်ရှောက်ခြင်းငှာ သင့်တယ်"လို့ စိတ်မဖြစ်။ သီလကို ချစ်မြတ်နိုးဂုဏ်ရှိတဲ့ ပုဂ္ဂိုလ်ကို မြင်တွေ့ခဲ့ရင်လည်း အဲဒီပုဂ္ဂိုလ်ရဲ့ဂုဏ်ကို ဖုံးလွှမ်းထားဖို့ရာ စိတ်မဖြစ်။ တကယ်တော့ ဘုရားရှင်ဟာ ကဲ့ရဲ့ထိုက်သူကို ကဲ့ရဲ့သည်သာ၊ ချီးမွမ်းထိုက်သူကို ချီးမွမ်းသည်သာ။

(ပါရာဇိကဏ်ဍ၊ ပ၊ ၁၈၅)

## ဘုရားနဲ့ ကရုဏာ ပညာ

ဘုရားရှင်ဟာ သဗ္ဗညုတဉာဏ်တော်နဲ့ သတ္တဝါအားလုံးတို့ရဲ့အကျိုးဟုတ်မဟုတ်ကို သိတော်မူတယ်။ မဟာကရုဏာတော်နဲ့ အကျိုးမဲ့ကို ရှောင်ရှားစေတယ်။ အကျိုးရှိကို ဆောင်ပွားစေတော်မူတယ်။ ဒါကြောင့် ဘုရားရှင်ရဲ့ တပည့်တွေဟာ ကောင်းမွန်မှန်ကန်စွာ ကျင့်သူတွေ ဖြစ်ကြတယ်။ မှားယွင်းစွာ ကျင့်သူတွေ မဟုတ်ကြဘူး။

(ပါရာဇိကဏ်ဍ၊ ပ၊ ၈၈)

## ဘုရားနဲ့ စကား

ဘုရားရှင်ဟာ

၁။ မမှန် အကျိုးမရှိ သူတစ်ပါးမကြိုက်တဲ့စကား။

http://www.dhammadownload.com



၂။ မှန်ပေမယ့် အကျိုးမရှိ သူတစ်ပါးမကြိုက်တဲ့စကား။

၃။ မမှန် အကျိုးမရှိ သူတစ်ပါးကြိုက်တဲ့စကား။

၄။ မှန်ပေမယ့် အကျိုးမရှိ သူတစ်ပါးကြိုက်တဲ့စကား။

ဒီစကား ၄ ခွန်းကို ပြောတော်မမူဘူး။

၁။ မှန်တယ် အကျိုးရှိတယ် သူတစ်ပါးမကြိုက်တဲ့စကား။

၂။ မှန်လည်းမှန် အကျိုးလည်းရှိ သူတစ်ပါးလည်း ကြိုက်တဲ့စကား။

ဒီစကား ၂ ခွန်းကို ပြောရမယ့် အချိန်အခါကို သိပြီး ပြောတော်မူတယ်။

(ပါရာဇိကဏ်ဋ္ဌ၊ ပ၊ ၈၉)

## ဘုရားနဲ့ ဥပဒေ

ဘုရားရှင်တွေဟာ အလုံးစုံသော အခြင်းအရာနဲ့ ကိုယ် နှုတ် လွန်ကျူးမှုအလျဉ်ကို ဖြတ်ပြီး ထိုထိုလွန်ကျူးမှုအား လျော်ကန်တဲ့ ထိုထိုဘုရားဥပဒေတော်ကို ထုတ်တော်မူကြတယ်။

(ပါရာဇိကဏ်ဋ္ဌ၊ ပ၊ ၂၀၉)

## ဘုရားနဲ့ အသုံးအနှုန်း

ဘုရားရှင်တွေမှာ အရပ်သုံးစကားနဲ့ ပရမတ်စကားရယ်လို့ စကား ၂ မျိုးရှိတယ်။ "သတ္တဝါ၊ ယောကျ်ား၊ နတ်၊ ဗြဟ္မာ" စတဲ့ စကားတွေဟာ အရပ်သုံးစကားတွေပါပဲ။ "အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သတိပဋ္ဌာန်၊ သမ္မပ္ပဓာန်" စတဲ့ စကားတွေကတော့ ပရမတ်စကားတွေပါပဲ။ အရပ်သုံးစကားနဲ့ "သတ္တဝါပဲ၊ ယောကျ်ားပဲ၊ နတ်ပဲ၊ ဗြဟ္မာပဲ" လို့ ဟောမှ နားလည်နိုင်မယ့် သိနိုင်မယ့် တရားရနိုင်မယ့် ပုဂ္ဂိုလ်ကို ဘုရားရှင်က အစကပဲ အရပ်သုံးစကားနဲ့ ဟောပါတယ်။ ပရမတ်စကားနဲ့

http://www.dhammadownload.com



နားလည်သိရှိနိုင် တရားရနိုင်မယ့် ပုဂ္ဂိုလ်ကို ပရမတ်စကားနဲ့ ဘုရားရှင်က ဟောပါတယ်။

အရပ်သုံးစကားနဲ့ သိမယ့်ပုဂ္ဂိုလ်အား ရှေးဦးစွာ ပရမတ်စကားကို မဟောပါဘူး။ အရပ်သုံးစကားနဲ့ ဟောပြီးတဲ့နောက်မှ ပရမတ်စကားကို ဟောပါတယ်။ ပရမတ်စကားနဲ့ သိမယ့်ပုဂ္ဂိုလ်အား ရှေးဦးစွာ အရပ်သုံးစကားကို မဟောပါဘူး။ ပရမတ်စကားနဲ့ ဟောပြီးတဲ့နောက်မှ အရပ်သုံးစကားကို ဟောပါတယ်။ ပကတိအားဖြင့် ရှေးဦးစွာသာလျှင် ပရမတ်စကားကိုဟောရင် တရားဟာ ခြောက်ကပ်တဲ့အနေအထား ရှိပါတယ်။ ဒါကြောင့် ဘုရားရှင်တွေဟာ ရှေးဦးစွာ အရပ်သုံးစကားကို ဟောပြီးမှ ပရမတ်စကားကို ဟောကြပါတယ်။ စကား ၂ မျိုးကို ဟောတဲ့အခါ အမှန်ကိုသာ သဘာဝကိုသာ မမှားယွင်းဘဲ ဟောကြပါတယ်။

(သီလက္ခန်ဋ္ဌ၊ ၃၁၅)

# ဘုရားနဲ့ ခရီး

ဘုရားရှင် ခရီးကြွတဲ့အခါ မြန်မြန်ကြွရတာလည်းရှိပါတယ်။ မှန်မှန်ကြွရတာလည်း ရှိပါတယ်။ အဝေးအရပ်မှာ သစ္စာလေးပါးသိမယ့်ပုဂ္ဂိုလ်ကို မြင်လို့ အဲဒီပုဂ္ဂိုလ်ကို သစ္စာလေးပါးသိစေဖို့ရာ ဘုရားရှင် မြန်မြန်ကြွတော်မူပါတယ်။ ဘုရားရှင်ဟာ မဟာကဿပထေရ်ကို ခရီးဦးကြိုရင်း တစ်မုဟုတ်နဲ့ သုံးဂါဝုတ်ခရီးကို ကြွတော်မူပါတယ်။ အာဠဝကအကျိုးငှာ ယူဇနာ ၃၀၊ အင်္ဂုလိမာလအကျိုးငှာ ယူဇနာ ၃၀၊ ပက္ကုသာတိမင်းအကျိုးငှာ ယူဇနာ ၄၅၊ မဟာကပ္ပိနမင်းအကျိုးငှာ ယူဇနာ ၁၂၀၊ ဓနိယသူဌေးသားအကျိုးငှာ ယူဇနာ ၇၀၀ ခရီးကို ကြွတော်မူပါတယ်။ အရှင်သာရိပုတ္တရာရဲ့ အနီး တပည့်ဖြစ်တဲ့ တောကျောင်းနေ ကိုရင်တိဿထံ ယူဇနာ ၁၂၀ နဲ့ သုံးဂါဝုတ်ခရီးကို ကြွတော်မူပါတယ်။

မြို့၊ ရွာ၊ နိဂုံး အစဉ်အားဖြင့် နေ့တိုင်း တစ်ယူဇနာ နှစ်ယူဇနာ ဆွမ်းခံလှည့်လည်ခြင်း စသည်ဖြင့် လောကကို ချီးမြှောက်ကာ ခရီးကြွတဲ့အခါ မှန်မှန်ကြွပါတယ်။

http://www.dhammadownload.com



ဘုရားရှင်ဟာ ဘယ်ခရီးပဲကြွကြွ ပစ္စည်းလာဘ်လာဘအတွက် ကြွတာမဟုတ်ပါဘူး။ ဆင်းရဲတဲ့သူ၊ အလွန်အိုပြီး အင်အားနည်းနေသူ၊ မကျန်းမာသူတွေဟာ မြတ်စွာဘုရားဆီကိုလာပြီး မဖူးမြော်နိုင်ရှာကြပါ။ ဘုရားရှင် ခရီးကြွတဲ့အခါ လူအများဟာ ဘုရားရှင်ကို ဖူးမြော်ကြရပါတယ်။ ဖူးမြော်ရသူတွေထဲမှာ တချို့က ဘုရားရှင်အပေါ် ကြည်ညိုစိတ်တွေ ဖြစ်ကြပါတယ်။ တချို့က ပန်း စသည်တို့နဲ့ ပူဇော်ကြပါတယ်။ တချို့က ဆွမ်းလောင်းလှူကြပါတယ်။ တချို့က အယူမှား အယူမှန်ကို ယူလာကြပါတယ်။ အဲဒီလို ဘုရားရှင်ခရီးကြွတာဟာ အဲဒီလူတွေရဲ့ ကြာမြင့်စွာ စီးပွားနဲ့ချမ်းသာအတွက် ဖြစ်ပါတယ်။ ဘုရားခရီးကြွတာဟာ သတ္တဝါတွေကို သနားလို့ကြွတာ ဖြစ်ပါတယ်။

(သီလက္ခန္ဓ၊ ၂၁၄)

## ဘုရားနဲ့ အာဠဝက

မိခင်ဟာ ငိုနေတဲ့သားငယ်လေးကို သူလိုချင်တာ ပေး၊ သူလုပ်ချင်တာ လုပ်ပေးပြီး နားလည်စေသလို ဘုရားရှင်ဟာ ကိလေသာငိုခြင်းနဲ့ ငိုနေတဲ့ အာဠဝကဘီလူးကို နားလည်စေဖို့ရာ သူပြောသမျှ လိုက်လုပ်ပေးပါတယ်။ သူ့နန်းတော်ထဲက ထွက်ဆို ထွက်ပါတယ်။ ဝင်ဆို ဝင်ပါတယ်။

အထိန်းတော်ဟာ နို့မစို့တဲ့ကလေးကို တစ်စုံတစ်ခု ပေးကာ ဖြားယောင်းပြီး နို့တိုက်သလို ဘုရားရှင်ဟာ အာဠဝကဘီလူးကို လောကုတ္တရာနို့ရည်ကို သောက်စေဖို့ရာ သူအလိုရှိတဲ့စကားကို လိုက်လုပ်ပေးကာ ဖြားယောင်း လုပ်ဆောင်ပါတယ်။

ဘူးထဲမှာ စတုမဓုရထည့်လိုတဲ့ ယောကျာ်းဟာ ဘူးရဲ့အတွင်းပိုင်းကို ရှင်းရသလို ဘုရားရှင်ဟာ အာဠဝကဘီလူးရဲ့စိတ်မှာ လောကုတ္တရာတရား စတုမဓုကို ပြည့်စေလိုတဲ့အတွက် အာဠဝကရဲ့ကိုယ်တွင်းက ဒေါသအညစ်အကြေးကို သုတ်သင်ရှင်းလင်းဖို့ရာ ၃ ကြိမ်တိုင်တိုင် အာဠဝက နန်းတော်မှ ထွက်လိုက် ဝင်လိုက် လုပ်ပေးပါတယ်။

(သုတ္တနိပါတ၊ ၄၊ ၂၂၁)

http://www.dhammadownload.com



## ဘုရားနဲ့ ပါရမီကာလ

ဘုရားရှင်တွေဟာ အောက်ထစ်ဆုံးအပိုင်းအခြားအားဖြင့် ၄ အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း၊ အလယ်အလတ် အပိုင်းအခြားအားဖြင့် ၈ အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း၊ အမြင့်ဆုံးအပိုင်းအခြားအားဖြင့် ၁၆ အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့ကြပါတယ်။

ပညာလွန် (ပညာဓိက)ဘုရားရှင်တွေက ၄ အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း။

သဒ္ဓါလွန် (သဒ္ဓါဓိက)ဘုရားရှင်တွေက ၈ အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း။

ဝီရိယလွန် (ဝီရိယာဓိက)ဘုရားရှင်တွေက ၁၆ အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့ကြပါတယ်။

ပညာဓိက ဘုရားလောင်းတွေမှာ သဒ္ဓါအားနည်းပါတယ်။ ပညာထက်မြက်ပါတယ်။

သဒ္ဓါဓိက ဘုရားလောင်းတွေမှာ ပညာအလယ်အလတ်ဖြစ်ပါတယ်။ သဒ္ဓါအားကြီးပါတယ်။

ဝီရိယာဓိကဘုရားလောင်းတွေမှာ သဒ္ဓါ ပညာ အားနည်းပါတယ်။ ဝီရိယ အားကြီးပါတယ်။

## ဘုရားရှင်နဲ့ ကောက်ပင်

၄ အသင်္ချေနဲ့ ကမ္ဘာတစ်သိန်းမပြည့်ဘဲ နေ့တိုင်းနေ့တိုင်း ဝေဿန္တရာမင်းရဲ့ ဒါနလို ဒါနကို ပေးပေမယ့်၊ ပါရမီအားလုံးကို ဆည်းပူးပေမယ့်လည်း ကြားကာလမှာ ဘုရားဖြစ်ရိုးထုံးစံမရှိ။ အကြောင်းမှာ ဉာဏ်မရင့်ကျက်သေးသောကြောင့်၊ မပြန့်ပြောသေးသောကြောင့် ဖြစ်ပါတယ်။

ဥပမာ ၃ လလွန်မှ မှည့်ရင့်မယ့် ကောက်ပင်၊ ၄ လ လွန်မှ မှည့်ရင့်မယ့် ကောက်ပင်၊ ၅ လလွန်မှ မှည့်ရင့်မယ့် ကောက်ပင်ဟာ သူ့ကာလကို

http://www.dhammadownload.com



မရောက်သေးဘဲ နေ့တိုင်း နေ့တိုင်း အကြိမ်ပေါင်း တစ်ထောင် ရေလောင်း ပေမယ့်လည်း ကြားကာလမှာ ၁၅ ရက်နဲ့၊ တစ်လနဲ့ ရင့်မှည့်ရိုးထုံးစံ မရှိသလိုပါပဲ။

## ဘုရားနဲ့ တော

ဘုရားရှင်တွေဟာ မြို့ရွာအတွင်းမှာ နေသည်ဖြစ်စေ၊ မနေသည် ဖြစ်စေ တောအရပ်မှာ အလိုဆန္ဒရှိကြတယ်။ တောအရပ်မှာ မွေ့လျော်တော် မူကြတယ်။

(သဠာယတနဝဂ္ဂသံယုတ်၊ ၄၊ ၈၇)

## ဘုရားနဲ့ ထိုင်ခြင်း

ဘုရားရှင်ဟာ ဖြစ်ပေါ်လာတဲ့ ဒုက္ခဝေဒနာကို ပယ်ခွာပြီး တစ်ရက် ပတ်လုံးလည်းကောင်း၊ နှစ်ရက်ပတ်လုံးလည်းကောင်း၊ ၇ ရက်ပတ်လုံး လည်းကောင်း တစ်ခါတည်း ပလ္လင်ခွေကာ ထိုင်နိုင်ပါတယ်။

(သဠာယတနဝဂ္ဂသံယုတ်၊ ၄၊ ၉၄)

## ဘုရားနဲ့ သာဝကတို့ရဲ့ကိစ္စ

မဖောက်မပြန် မှန်ကန်တဲ့တရားကို ဟောတာဟာ သနားတတ်တဲ့ ဘုရားရှင်ရဲ့ကိစ္စ ဖြစ်ပါတယ်။ အဲဒီကနောက် ကျင့်ဖို့ကတော့ သာဝက တို့ရဲ့ကိစ္စ ဖြစ်ပါတယ်။

(သဠာယတနဝဂ္ဂသံယုတ်၊ ၄၊ ၁၄၈)

## ဘုရားနဲ့ နောင်လာနောက်သား

အဲဒီ ၁၅ ရက်မှာ ဆုံးမထိုက်တဲ့ သတ္တဝါမရှိ။ အဲဒီအခါ ဘုရားရှင် က "ဒီ ၁၅ ရက်ပတ်လုံး ဖလသမာပတ်ချမ်းသာနဲ့သာ အချိန်ကုန်လွန်စေ

http://www.dhammadownload.com



မယ်။ အဲဒီလိုဆိုရင် ငါဘုရားမှာလည်း ချမ်းချမ်းသာသာ နေရမယ်၊ အနာဂတ်မှာလည်း နောင်လာနောက်သားတွေဟာ "ဘုရားရှင်လည်း အပေါင်းအဖော်ကို စွန့်ပြီး တစ်ပါးတည်း နေခဲ့တယ်၊ ငါတို့က ဘာလို့မနေနိုင်ရမှာလဲ"လို့ တွေးကာ အတုလိုက်ကြလိမ့်မယ်။ အဲဒီလို အတုလိုက်တာဟာ နောင်လာနောက်သားတွေအတွက် ကာလရှည်ကြာစွာ စီးပွားချမ်းသာ ဖြစ်လိမ့်မယ်လို့ တွေးမိလို့ ၁၅ ရက်ပတ်လုံး ဆွမ်းပို့တဲ့ ရဟန်းတစ်ပါးမှတစ်ပါး ဘယ်သူမှ ဘုရားရှင်ထံမလာဖို့ ဘုရားရှင်က မိန့်ပါတယ်။

(မဟာဝဂ္ဂသံယုတ်၊ ၄၊ ၁၆၅)

## ဘုရားနဲ့ ဂုဏ်

အဂ္ဂသာဝကနှစ်ပါးဟာ အရဟတ္တမဂ်နဲ့ပဲ သာဝကပါရမီဉာဏ်ကို ရကြပါတယ်။ ပစ္စေကဗုဒ္ဓတွေဟာ အရဟတ္တမဂ်နဲ့ပဲ ပစ္စေကဗောဓိဉာဏ်ကို ရကြပါတယ်။ ဘုရားရှင်တွေဟာ သဗ္ဗညုတဉာဏ်တော်ကိုရော ဘုရားဂုဏ်မှန်သမျှကိုပါ အရဟတ္တမဂ်နဲ့ပဲ ရတော်မူပါတယ်။

(မဟာဝဂ္ဂသံယုတ်၊ ၄၊ ၂၄၁)

## ဘုရားနဲ့ သာရိပုတ္တရာပရိနိဗ္ဗာန်

ဘုရားရှင်တွေဟာ "သာရိပုတ္တရာ ပရိနိဗ္ဗာန်ပြုလော"လို့ မိန့်လိုက်ရင် သေခြင်းရဲ့ဂုဏ်ကို ချီးမွမ်းရာ ရောက်ပါတယ်။ "ပရိနိဗ္ဗာန်မပြုနဲ့"လို့ တားလိုက်ရင် ဝဋ်ဆင်းရဲရဲ့ဂုဏ်ကို ပြောရာရောက်ပါတယ်။ ဒါကြောင့် ဘာသာခြား အယူရှိသူတွေ အပြစ်မတင်နိုင်အောင် အဲဒီစကား ၂ ခွန်းလုံးကို မမိန့်ကြပါဘူး။ "သာရိပုတ္တရာ သင် ဘယ်နေရာမှာ ပရိနိဗ္ဗာန်ပြုမှာလဲ"လို့ ဘုရားရှင်က မေးတဲ့အခါ မဂဓတိုင်း နာလကရွာက မွေးဖွားခဲ့ရာ တိုက်ခန်းမှာ ပရိနိဗ္ဗာန်ပြုမယ့်အကြောင်းကို အရှင်သာရိပုတ္တရာက လျှောက်ထားပါတယ်။

(မဟာဝဂ္ဂသံယုတ်၊ ၄၊ ၂၄၇)

http://www.dhammadownload.com



# ဘုရားနဲ့ တရားပွဲမပြီးခင်

ဘုရားရှင်တွေဟာ တရားဟောတာမပြီးခင် တရားနာပရိသတ်တွေ လူစုမကွဲသေးခင် နေရာမှထကာ ဂန္ဓကုဋီကျောင်းကို ဝင်ကြရင် ပုဂ္ဂိုလ်ကို ချီးမွမ်းခြင်းအကျိုးငှာသော်လည်းကောင်း၊ တရားကို ချီးမွမ်းခြင်းအကျိုးငှာ သော်လည်းကောင်း ဝင်ကြပါတယ်။

ပုဂ္ဂိုလ်ကို ချီးမွမ်းခြင်းအကျိုးငှာ ဝင်တဲ့အခါ ဘုရားရှင်က ဒီလို ကြံတော်မူပါတယ်။

"ငါဘုရားဟာ ဒီတရားကို အကျဉ်းဟောပြီးပြီ၊ အကျယ်တော့ မဝေဖန်ရသေး၊ တရားနာတဲ့ ရဟန်းတွေဟာ သင်ယူပြီး အာနန္ဒာကိုဖြစ်စေ ကစ္စာယနကိုဖြစ်စေ ချဉ်းကပ်ကာ မေးကြလိမ့်မယ်၊ သူတို့နှစ်ပါးက ငါဘုရား ရဲ့ဉာဏ်နဲ့ နှီးနှောပြီး ဖြေကြလိမ့်မယ်။ အဲဒီကနောက် တရားနာတဲ့ရဟန်း တွေက ငါဘုရားကို ထပ်မေးကြလိမ့်မယ်။ သူတို့အား ငါဘုရားက "ရဟန်း တို့ အာနန္ဒာဟာ ကောင်းစွာဖြေကြားအပ်တယ်။ ကစ္စာယနဟာ ကောင်းစွာ ဖြေကြားအပ်တယ်။ ငါဘုရားကို မေးခဲ့ရင်လည်း အဲဒီအတိုင်းပဲ ဖြေကြား မယ်"လို့ သူတို့နှစ်ပါးကို ချီးမွမ်းမယ်၊ သူတို့နှစ်ပါးအပေါ် ရိုသေစိတ် ဖြစ်ပေါ်စေပြီး ရဟန်းတွေဟာ ချဉ်းကပ်ကြလိမ့်မယ်။ အဲဒီရဟန်းတွေကလည်း အကြောင်းမှာရော အကျိုးမှာပါ ယှဉ်စေကြပါလိမ့်မယ်။ သိက္ခာ ၃ ပါးကို ဖြည့်ကျင့်ကာ ဒုက္ခရဲ့အဆုံးကို ပြုကြပါလိမ့်မယ်"

တရားကိုချီးမွမ်းခြင်းအကျိုးငှာ ဝင်တဲ့အခါ ဘုရားရှင်မှာ ဓမ္မဒါယာဒ သုတ်မှာ ကြံသလို ကြံတော်မူပါတယ်။ အဲဒီဓမ္မဒါယာဒသုတ်မှာ ဒီလိုကြံ ခဲ့ပါတယ်။

"ငါဘုရား ကျောင်းထဲဝင်သွားရင် အာမိသအမွေကို ကဲ့ရဲ့ပြီး တရား အမွေကိုတော့ ချီးမွမ်းကာ ဒီပရိသတ်ထဲမှာပဲ ထိုင်နေတဲ့ သာရိပုတ္တရာက တရားကို ဟောပါလိမ့်မယ်။ ဒီလို ငါတို့နှစ်ပါးရဲ့ ဆန္ဒတူ၊ ဉာဏ်တူနဲ့ ဟောထားတဲ့တရားဟာ မြင့်မြတ်လည်း မြင့်မြတ်လိမ့်မယ်။ ကျောက်ထီး ပမာ လေးလည်းလေးပင်ပါလိမ့်မယ်"

(နိဒါနဝဂ္ဂသံယုတ်၊ ဋ္ဌ၊ ၆၀)

http://www.dhammadownload.com



## ဘုရားနဲ့ မေးခွန်း

ဘုရားရှင်တွေ မေးတဲ့မေးခွန်းတွေထဲမှာ မသိသေးတာကို သိချင်လို့ မေးတဲ့ မေးခွန်း၊ သိပြီးသားကို အခြားပညာရှိတွေနဲ့ နှီးနှောလိုလို့ မေးတဲ့ မေးခွန်း၊ သံသယဖြစ်နေလို့ သံသယရှင်းသွားအောင် မေးတဲ့ မေးခွန်းတွေ မပါဝင်ပါ။

ရဟန်းတွေရဲ့ အလိုအမြင်ကို သိလိုလို့ မေးတဲ့ မေးခွန်းနဲ့ ကိုယ်တိုင် ဖြေကြားလိုလို့ မေးတဲ့ မေးခွန်းတွေပဲ ပါဝင်ပါတယ်။

(နိဒါနဝဂ္ဂသံယုတ်၊ ၄၊ ၈)

## ဘုရားနဲ့ ဟောတရား

ဘုရားရှင်မှာ သူတစ်ပါးတွေ မတိုက်တွန်းဘဲ မိမိသဘော အလိုဆန္ဒ သက်သက်နဲ့ တရားဟောတာလည်း ရှိပါတယ်။ သူတစ်ပါးတွေရဲ့အလို အကြိုက် ဉာဏ် ကောင်းမှု စတာတွေကို ရှုငဲ့ကာ သူတစ်ပါးအလိုနဲ့စပ်ပြီး ဟောတာလည်း ရှိပါတယ်။ သူတစ်ပါးတွေက မေးခွန်းမေးလို့ ဖြေကြား ဟောတာလည်း ရှိပါတယ်။ ပေါ်လာတဲ့အကြောင်းကိစ္စကို အစွဲပြုပြီး ဟော တာလည်း ရှိပါတယ်။

## ဘုရားနဲ့ အခေါ်

ဘုရားရှင်ဟာ တရားဟောတဲ့အခါ ရှေးဦးစွာ ရဟန်းတွေကို "ရဟန်း တို့"လို့ ခေါ်တော်မူပါတယ်။ တရားကိုသာ ဟောတာမဟုတ်ပါဘူး။ ရည် ရွယ်ချက်ကတော့ သတိကို ဖြစ်စေချင်လို့ပါပဲ။ ရဟန်းတွေဟာ အခြားအာရုံ ကို ကြံနေရင်းလည်း ထိုင်နေကြပါတယ်။ စိတ်ပျံ့လွင့်ပြီးတော့လည်း ထိုင် နေကြပါတယ်။ တရားကို ဆင်ခြင်ရင်းလည်း ထိုင်နေကြပါတယ်။ ကမ္မဋ္ဌာန်း နှလုံးသွင်းရင်းလည်း ထိုင်နေကြပါတယ်။ အဲဒီရဟန်းတွေကို မခေါ်ဘဲ

http://www.dhammadownload.com



တရားဟောရင် "ဤတရားဒေသနာဟာ ဘာကြောင့်ဖြစ်လာတာလဲ၊ ဘယ် အကြောင်းကြောင့် ဟောတာလဲ"လို့ မမှတ်သားနိုင်လို့ လွဲမှားစွာလည်း မှတ်ယူသွားနိုင်ပါတယ်။ မယူနိုင်ဘဲလည်း ရှိပါမယ်။ ဒါကြောင့် ရဟန်းတွေ မှာ သတိဖြစ်စေလိုလို့ ဘုရားရှင်က ရှေးဦးစွာ "ရဟန်းတို့"လို့ ခေါ်ပြီးမှ တရားကို ဟောတော်မူပါတယ်။

(နိဒါနဝဂ္ဂသံယုတ်၊ ဋ္ဌ၊ ၂)

## ဘုရားနဲ့ တံခါး

ဘုရားရှင်ဟာ တစ်ပါးတည်းသာ တစ်စုံတစ်ခုသောအရပ်ကို သွားလို တဲ့အခါ ဆွမ်းခံချိန်တိုင်အောင် တံခါးကိုပိတ်ကာ ဂန္ဓကုဋီကျောင်းအတွင်းမှာ ထိုင်နေပါတယ်။ ရဟန်းတွေဟာ အဲဒီအမှတ်အသားနဲ့ "ဒီနေ့ ဘုရားရှင်ဟာ တစ်ပါးတည်း ဆွမ်းခံကြွလိုတယ်။ စင်စစ် ကျွတ်ထိုက်တဲ့ပုဂ္ဂိုလ်တစ်ယောက် ယောက်ကို မြင်ထားပါလိမ့်မယ်"လို့ သိကြပါတယ်။

(သဂါထာဝဂ္ဂသံယုတ်၊ ဋ္ဌ၊ ၂၂၇)

## ဘုရားနဲ့ ဥပမာ

ဘုရားရှင်ဟာ လပြည့်ဝန်း၊ တက်သစ်စနေ၊ တောမီးရှို့ယောက်ျား၊ ကြီးစွာသောမိုး၊ ရထားထိန်းကောင်း၊ အမှားပြောင့်တို့ကို ထုတ်ပစ်တဲ့ ဆေးသမား၊ မျက်စိဆရာဝန်၊ ကိလေသာရောဂါကို ပျောက်အောင် ကုသ ပေးတဲ့ ဆေးဆရာ၊ လမ်းညွှန်ကောင်း၊ လှေသူကြီးကောင်း၊ ဟိမဝန္တာတောင်၊ ဥစ္စာပေးသူ၊ ရွှေအိုးညွှန်ပြသူ၊ ဘေးမဲ့ကိုပေးတဲ့ ရဲရင့်တဲ့ ယောက်ျား၊ သက် သာရာ ရစေသူ၊ မိတ်ဆွေကောင်း၊ ဥစ္စာရှိသူ၊ မင်းသားကို ရေချိုးပေးသူ၊ တန်ဆာဆင်ပေးသူ၊ စန္ဒကူးသစ်ပင်၊ အမွေပေးတဲ့ဖခင်၊ ပွင့်နေတဲ့ ပဒုမ္မာ ကြာပန်းတွေနဲ့ တူပါတယ်။

(ခုဒ္ဒကပါဌ၊ ဋ္ဌ၊ ၁၁/၁၂/၁၃)

http://www.dhammadownload.com



## ဘုရားနဲ့ ပထမ

ရတနာသုံးပါးမှာ ဘုရားရှင်ရတနာဟာ သတ္တဝါအားလုံးတို့ထက် အမြတ်ဆုံးဖြစ်လို့ ပထမ ဆိုပါတယ်။ တစ်နည်းကတော့ သတ္တဝါအားလုံးတို့ကို အစီးအပွားမှာ ယှဉ်စေတတ်လို့ ပထမဆုံး ဆိုပါတယ်။

(ခုဒ္ဒကပါဠ၊ ဋ္ဌ၊ ၁၁)

## ဘုရားနဲ့ နာမည်

ဗုဒ္ဓ(ဘုရားရှင်)ဆိုတဲ့ နာမည်ဟာ အမေကပေးထားတဲ့ နာမည် မဟုတ်။ အဖေ အစ်ကို အစ်မ မိတ်ဆွေ အပေါင်းအသင်း ဆွေမျိုး သွေးသားတော်စပ်သူ သမဏ ဗြာဟ္မဏ နတ်တွေက ပေးထားတဲ့ နာမည်မဟုတ်၊ ဗောဓိညောင်ပင်အောက်မှာ အရဟတ္တဖိုလ်ကိုရပြီး သဗ္ဗညုတဉာဏ်ကို ရသည်နှင့်တစ်ပြိုင်နက် ဖြစ်ပေါ်လာတဲ့နာမည် ဖြစ်ပါတယ်။

(ခုဒ္ဒကပါဠ၊ ဋ္ဌ၊ ၅)

## ဘုရားနဲ့ ကိုးကွယ်ရာ

ဘုရားရှင်ဟာ အစီးအပွားတွေကို ဖြစ်စေတတ်၊ အစီးအပွားမဲ့မှ တားတတ်တဲ့အတွက် သတ္တဝါတို့ရဲ့ ကြောက်ခြင်းကို ပယ်သတ်တတ်လို့ ဘုရားရှင်ဟာ ကိုးကွယ်ရာ (သရဏ) ဖြစ်ပါတယ်။

(ခုဒ္ဒကပါဠ၊ ဋ္ဌ၊ ၆)

## ဘုရားနဲ့ ကောလာဟလ

သုဒ္ဓါဝါသဘုံက ဗြဟ္မာတွေဟာ ဗြဟ္မာအဆင်တန်ဆာနဲ့ တန်ဆာဆင်ပြီး ဗြဟ္မာဦးရစ်ခေါင်းပေါင်းကို ဦးခေါင်းမှာ ရစ်ပေါင်းကာ ကျေနပ်ဝမ်းသာစွာဖြင့် ဘုရားဂုဏ်တော်တွေကို ရွတ်ဆိုပြီး "အနှစ်တစ်ထောင်

http://www.dhammadownload.com



လွန်တဲ့အခါ လောကမှာ ဘုရားပွင့်ပါလိမ့်မယ်''လို့ လူ့လောကမှာ လှည့်လည်ကာ ပြောကြားကြပါတယ်။ ဒါဟာ ဗုဒ္ဓကောလာဟလပါပဲ။

(ခုဒ္ဒကပါဌ၊ ဋ္ဌ၊ ၁၀၁/၂)

## ဘုရားနဲ့ ကိုးကွယ်သူ

ဘုရားရှင်ကို ကိုးကွယ်ဆည်းကပ်သူတွေဟာ အပါယ်သို့မရောက်၊ လူ့ပြည်ကသေရင် နတ်ပြည်ကို ရောက်ကြပါလိမ့်မယ်။

(သုတ်မဟာဝါပါဠိ၊ ၂၀၄)

## ဘုရားနဲ့ ဆုပေး

''ပဉ္စသီခ အမတ်တွေ၊ အခြွေအရံတွေနဲ့တကွ သိကြားမင်းဟာ ချမ်းသာပါစေ''လို့ ဘုရားရှင်တွေဟာ ဆုပေးစကား မိန့်ကြားလေ့ရှိကြပါတယ်။

(သက္ကပဥှသုတ်ပါဠိ၊ သုတ်မဟာဝါ၊ ၂၁၅)

## ဘုရားနဲ့ သိကြား

''ပဉ္စသီခ ငါ့လို ရာဂ၊ ဒေါသ၊ မောဟတွေရှိနေတဲ့ သိကြားက ရာဂ၊ ဒေါသ၊ မောဟ ကင်းတဲ့ ဘုရားရှင်တွေကို ချဉ်းကပ်ဖို့ ခက်ပါတယ်။ ဘုရားရှင်တွေဟာ ဈာန်ဝင်စားလေ့ရှိကြတယ်။ ဈာန်နဲ့ ပျော်ကြတယ်။ ပြီးတော့ ဖလသမာပတ် ဝင်စားတော်မူကြတယ်''

(သုတ်မဟာဝါပါဠိ၊ ၂၁၂)

## ဘုရားနဲ့ ကျွတ် မကျွတ်သူ

ဘုရားရှင်တွေဟာ မကျွတ်ထိုက်တဲ့ပုဂ္ဂိုလ်တွေကို တစ်ကျောင်းတည်းမှာ နေကြပေမယ့် ကြည့်တော်မမူကြဘူး။ ကျွတ်ထိုက်တဲ့ပုဂ္ဂိုလ်တွေကို

http://www.dhammadownload.com



အဝေးအရပ်မှာ နေကြပေမယ့် ဘုရားရှင်တွေဟာ သွားပြီးချီးမြှောက်တော်မူကြတယ်။

(သုတ်မဟာဝါ၊ မဟာသမယသုတ်အဋ္ဌကထာ။ ၂၇၅)

## ဘုရားနဲ့ နိမ္မိတ

ဘုရားရှင်ဟာ မဟာသမယသုတ်ကို နာယူဖို့ ရောက်ရှိနေတဲ့ နတ်ဗြဟ္မာ အစည်းအဝေးကြီးကို ကြည့်ပြီး တရားဟောနည်းကို နှလုံးသွင်းတဲ့အခါ တစ်ဦးကမေးပြီး ဘုရားရှင်က ဖြေတဲ့ပုံစံနဲ့ ဟောဖို့ နိမ္မိတရုပ်ပွားတော် (တန်ခိုးနဲ့ ဖန်ဆင်းထားတဲ့ ဘုရားရှင်တစ်ဆူ)ကို ဖန်ဆင်းမယ်လို့တွေးကာ အဘိညာဉ်ရဲ့ အခြေခံစျာန်ကို ဝင်စားပြီး စျာန်မှ ထပါတယ်။ "သပိတ်၊ သင်္ကန်းကိုင်ယူပုံ၊ ကြည့်ပုံ၊ ကွေးပုံ၊ ဆန့်ပုံတွေဟာ ငါနဲ့အတူတူသာ ဖြစ်ပါစေ"လို့ ကာမာဝစရစိတ်နဲ့ ပရိကံပြုပြီး ရူပါဝစရစိတ်နဲ့ အဓိဋ္ဌာန်ပါတယ်။

နိမ္မိတရုပ်ပွားတော်ဟာ ကြွလာပြီး ဘုရားရှင်ကို ရှိမခိုးဘဲသာလျှင် မျက်မှောက်နေရာမှာ အတူတူပြုပြီး ဖန်ဆင်းထားတဲ့နေရာမှာ ထိုင်နေပါတယ်။ ယောက်ျားမြတ်တို့ရဲ့ လက္ခဏာတော်ကြီး ၃၂ ပါးဟာ ၂ ပါးလုံးမှာ ရှိပါတယ်။ ရောင်ခြည်တော် ၆ ပါးဟာလည်း နှစ်ပါးလုံးရဲ့ကိုယ်တော်မှ ထွက်ကြပါတယ်။ နှစ်ပါးလုံးရဲ့ ရောင်ခြည်တော်တွေက တစ်ပါးရဲ့ကိုယ်တော်ကို အပြန်အလှန် ထိခိုက်နေကြပါတယ်။ နှစ်ပါးလုံးရဲ့ ရောင်ခြည်တော်တွေဟာ အထက်ကိုတက်ပြီး အကနိဋ္ဌဘုံကို ထိခိုက်ကာ အကနိဋ္ဌဘုံက ပြန်လှည့်လာပါတယ်။ နတ်တွေရဲ့ ဦးထိပ်အဆုံးမှာ သက်ဆင်းပြီး စကြဝဋ္ဌာနှုတ်ခမ်းရစ်မှာ တည်နေကြပါတယ်။ စကြဝဋ္ဌာတစ်တိုက်လုံး ရွှေနဲ့ပြီးတဲ့ အခြင်ရနယ်တွေ မြှေးယှက်တပ်ဆင်ထားတဲ့ စေတီတိုက်ပမာ တင့်တယ်ပါတယ်။ စကြဝဋ္ဌာတစ်သောင်းက နတ်တွေဟာ စကြဝဋ္ဌာတစ်ခုမှာ စုပုံကာ ဘုရားနှစ်ဆူရဲ့ ရောင်ခြည်တော်တိုက်ခန်းကို ဝင်ကာ တည်နေကြပါတယ်။

(သုတ်မဟာဝါ၊ မဟာသမယသုတ် အဋ္ဌကထာ၊ ၂၇၆)

http://www.dhammadownload.com



## ဘုရားနဲ့ သက်တမ်း

"အာနန္ဒာ ဘုရားရှင်ဟာ ဣဒ္ဓိပါဒ်လေးပါးကို ပွားများရင်၊ ကြိမ်ဖန်များစွာပြုရင်၊ ကောင်းစွာအားထုတ်ရင် အလိုရှိက လူ့သက်တမ်းပြည့်သော်လည်းကောင်း၊ အနှစ်တစ်ရာထက် အပိုအလွန်သော်လည်းကောင်း တည်နိုင်ပါတယ်"

မဟာသီဝထေရ်က အောက်ပါအတိုင်း ဆိုပါတယ်။

"ဘုရားရှင်တွေမှာ အရာဌာနမဟုတ်တဲ့နေရာမှာ ကြုံးဝါးရိုးထုံးစံမရှိ၊ မှန်ပါတယ်။ ဝေဠုဝရွာမှာ သေစေနိုင်လောက်တဲ့ ဝေဒနာကို ဆယ်လပတ်လုံး ပယ်ခွာသလို အဖန်ဖန် အဲဒီဖလသမာပတ်ကို ဝင်စားပြီး ဆယ်လဆယ်လတို့ပတ်လုံး ပယ်ခွာရင် ဒီဘဒ္ဒကမ္ဘာပတ်လုံးပဲ တည်နိုင်ရာပါတယ်။ မတည်ခြင်းရဲ့ အကြောင်းကတော့ ခန္ဓာကိုယ်ဆိုတာ သွားကျိုးခြင်း စသည်က နှိပ်စက်အပ်တယ်။ ဘုရားရှင်တွေကလည်း သွားကျိုးခြင်း စသည့်အဖြစ်ကို မရောက်ဘဲ ၅ ခုမြောက်သက်တမ်းအဖို့မှာ လူအများ ချစ်မြတ်နိုးအပ်ရာ အချိန်အခါမှာပဲ ပရိနိဗ္ဗာန်စံတော်မူကြတယ်။ ဘုရားရှင်ရဲ့တပည့်ကြီးတွေ ပရိနိဗ္ဗာန်စံသွားတဲ့အခါ တစ်ပါးတည်းပဲ သစ်ငုတ်ပမာ တည်နေရပါမယ်။ ရဟန်းငယ်၊ ကိုရင်တွေ ခြံရံပြီးတော့လည်း တည်နေရပါမယ်။ "ဘုရားရှင်တွေရဲ့ ပရိသတ်ဟာ အံ့သြစရာပါပဲ"လို့ ကဲ့ရဲ့ရှုတ်ချစရာ ဖြစ်လာပါမယ်။ ဒါကြောင့်ပါပဲ"

မဟာသီဝထေရ်က အဲဒီလိုဆိုထားပေမယ့် အဲဒီအဆိုကို မနှစ်သက်ပါဘူး။ ထိုထိုကာလက လူတွေရဲ့သက်တမ်းပြည့်ကာလကိုသာ အဋ္ဌကထာမှာ သတ်မှတ်ထားပါတယ်။

(သုတ်မဟာဝါ၊ ဋ္ဌ၊ ၁၄၄/၅)

## ဘုရားနဲ့ မြေငလျင်

ဘုရားလောင်းဟာ အမိဝမ်းကို သက်ဆင်းတဲ့အခါ၊ ဖွားမြင်တဲ့အခါ ဘုရားလောင်းရဲ့ ကောင်းမှုအစွမ်းကြောင့် မြေငလျင် လှုပ်ပါတယ်။ ဘုရား

http://www.dhammadownload.com



ဖြစ်တဲ့အခါမှာ သဗ္ဗညုတဉာဏ်အစွမ်းက ထိခိုက်အပ်လို့ လှူပ်ပါတယ်။ ဓမ္မစကြာတရား ဟောတဲ့အခါမှာ ကောင်းချီးပြုတဲ့အဖြစ်မှာတည်ကာ ကောင်းချီးပေးတဲ့အနေ့ လှူပ်ပါတယ်။ အာယုသင်္ခါရလွှတ် (ဒီသုံးလကနောက် ဖလသမာပတ် မဝင်စားတော့ဘူးလို့ စိတ်ဖြစ်)တဲ့အခါမှာ သနားတဲ့အခြင်းအရာမှာတည်ကာ စိတ်ချောက်ချားမှုကို သည်းမခံနိုင်လို့ လှူပ်ပါတယ်။ ပရိနိဗ္ဗာန်စံတော်မူတဲ့အခါမှာ ငိုကြွေးတဲ့ အရှိန်အဟုန်က ထိုးဆွခံရလို့ လှူပ်ပါတယ်။ မြေစောင့်နတ်ကို ရည်ရွယ်ပါတယ်။ မဟာပထဝီမြေကြီးမှာတော့ စေတနာ မရှိပါဘူး။

(သုတ်မဟာဝဂ္ဂ၊ ဋ္ဌ၊ ၁၄၉)

တောထွက်တဲ့အခါ၊ ဗောဓိမဏ္ဍိုင်ကို ချဉ်းကပ်တဲ့အခါတွေမှာ ဝီရိယရဲ့အစွမ်းကြောင့် တုန်လှူပ်ပါတယ်။ ပံ့သကူသင်္ကန်း ကောက်ယူတဲ့အခါ၊ ကျွန်းပေါင်းနှစ်ထောင် အခြံအရံရှိတဲ့ ကျွန်းကြီး ၄ ကျွန်းကို စွန့်ပြီး ရဟန်းပြုကာ သုသာန်သွား၍ ပံ့သကူသင်္ကန်း ကောက်ယူတဲ့ ဘုရားရှင်ဟာ ပြုနိုင်ခဲတဲ့အမှုကို ပြုပေတယ်လို့ အံ့သြတဲ့အဟုန်က ထိခိုက်အပ်လို့ လှူပ်ပါတယ်။ ပံ့သကူသင်္ကန်း ဖွပ်လျှော်တဲ့အခါ ဝေဿန္တရာဇာတ်တွေမှာ အခါမဲ့ တုန်လှူပ်ခြင်းနဲ့ လှူပ်ပါတယ်။ ကာဠကာရာမသုတ်နဲ့ ဂေါတမကသုတ်တွေမှာ ငါဟာ သက်သေပဲလို့ သက်သေအဖြစ်နဲ့ လှူပ်ပါတယ်။ ဗြဟ္မဇာလသုတ်မှာ ၆၂ ပါးရှိတဲ့ အယူမှားတွေကို ဖြေရှင်းဟောပြတဲ့အခါ ကောင်းချီးပေးတဲ့အနေနဲ့ လှူပ်ပါတယ်။

(သီလက္ခန်၊ ဋ္ဌ၊ ၁၂၀)

## ဘုရားနဲ့ လက္ခဏာတော်ကြီး ၃၂

ဘုရားရှင်ဟာ

၁။ ကောင်းစွာတည်တဲ့ ခြေတော်ရှိတယ်။ (ယခုလူများရဲ့ခြေဖဝါးမှာလို အလယ်မှာ ဟာ၍ဟိုက်၍ မနေ။)

http://www.dhammadownload.com



၂။ ခြေဖဝါးအပြင်မှာ စက်ဝိုင်းပုံသဏ္ဌာန်ပါတဲ့ အရပ်မှာ အရပ် အမျိုးမျိုး ပေါ်လွင်ထင်ရှားနေတယ်။

၃။ ဖနောင့်ရှည်တယ်။

၄။ လက်ချောင်း ရှည်သွယ်တယ်။

၅။ ခန္ဓာကိုယ် ဖြောင့်စင်း မားမတ် ထောင်မောင်းတယ်။

၆။ လက်ဖမိုးနှစ်ဖက်၊ ခြေဖမိုးနှစ်ဖက်၊ ပခုံးနှစ်ဖက်၊ လည်ကုတ်တွေမှာ အသားအရေ ပြည့်ဖြိုးမို့မောက်တယ်။

၇။ လက် ခြေတွေမှာ နူးညံ့တယ်၊ နုပျိုတယ်။

၈။ လက်မ ခြေမမှ တစ်ပါးသော လက်ချောင်း ခြေချောင်းတွေမှာ အရှည်ပမာဏအားဖြင့် ညီမျှကြတယ်။ လေသာပြတင်းပေါက်မှာ တပ်ဆင်ထားတဲ့ ဇာကွန်ရက်ပမာ ဖြစ်တယ်။

၉။ ခြေမျက်စိမှာ ခြေဖမိုးရဲ့အထက် လက် ၂ သစ် (လက် ၄ သစ်)လောက် မြင့်တက်နေတယ်။ မြင့်တက်နေပေမယ့် ဘုကြီးအနေနဲ့ မထင်ရှား၊ မသိမသာ ပြေနေတယ်။

၁၀။ မွေးညင်းတွေက မျက်နှာတော်ကို မော်ကြည့်သလို အထက်ကို အဖျားလှည့်နေကြတယ်။

၁၁။ ခြေသလုံးမှာ ရှေ့ရောနောက်ပါ အသားမျှပြီး တစ်ခဲနက် လုံးဝန်းနေတယ်။ ဧဏီမည်တဲ့ တောဆိတ်နက်ရဲ့ ခြေသလုံးနဲ့ တူတယ်။

၁၂။ အသားပေါ်က အရေမှာ သိမ်မွေ့နူးညံ့တယ်။

၁၃။ ရွှေအဆင်းပမာ ဝင်းဝါတဲ့ အရေအဆင်းရှိတယ်။

၁၄။ နွားလားဥသဘရဲ့ အင်္ဂါဇာတ်ပမာ အအိမ်နဲ့ ဖုံးထားတယ်။

၁၅။ အရပ်နဲ့ လက်နှစ်ဖက်အလံမှာ အဝန်းညီမျှတဲ့ ပညောင်ပင်ပမာ ညီမျှနေတယ်။

၁၆။ မကိုင်းမညွတ် မတ်မတ်ရပ်လျက် ပုဆစ်ဒူးဝန်းနှစ်ဖက်တို့ကို လက်တော်နှစ်ဖက်နဲ့ထိအောင် သုံးသပ်နိုင်တယ်။

http://www.dhammadownload.com



၁၇။ လည်ပင်းမှာ ရွှေမုရိုးစည်ပမာ လုံးနေတယ်။

၁၈။ လက်ပြင်ရိုးနှစ်ဖက်အကြားမှာ ရွှေပျဉ်ပြားပမာ အသားပြည့်နေတယ်။

၁၉။ ခြသေ့်မင်းရဲ့ ရှေ့ပိုင်းကိုယ်သာ တုတ်ခိုင်တယ်၊ နောက်ပိုင်းကိုယ်က သေးငယ်တယ်။ ဘုရားရှင်ရဲ့ အထက်ပိုင်း အောက်ပိုင်း ကိုယ်နှစ်ပိုင်းလုံးမှာ တုတ်တုတ်ခိုင်ခိုင်ရှိတယ်။

၂၀။ အရသာကို ဆောင်နိုင်တဲ့ အကြောတွေထဲမှာ အမြတ်ဆုံးဖြစ်တဲ့ အကြောပေါင်း ၇ ထောင်ရှိတယ်။

၂၁။ မျက်လုံးရဲ့ ညိုသင့်ရာအရပ်မှာ အောင်မဲညိုပန်း၊ နှမ်းကြွတ်ပန်း အသွေးပမာ ညိုနေတယ်။

၂၂။ မျက်လုံးမှာ မွေးဖွားခါစ နွားနီငယ်ရဲ့မျက်လုံးပမာ မျက်တော်မွေး စီရရီနဲ့ အလွန်ကြည်လင်တယ်။

၂၃။ ဦးခေါင်းမှာ နဖူးအပြင်၌ သင်းကျစ်ပြား ဖွဲ့ပတ်ထားသလို လုံးဝန်းနေတယ်။

၂၄။ မွေးညင်းတစ်တွင်းမှာ ကစ်ပင်စီသာပေါက်တယ်။

၂၅။ မျက်ခုံးနှစ်သွယ်ရဲ့ အလယ်ဗဟိုဝယ် နှာခေါင်းရဲ့အဆုံးအထက်မှာ ပေါက်ပြီး အထက်ကိုတက်ကာ နဖူးအလယ်မှာ လဲဝါဂွမ်းအစုပမာ အလွန်ဖွေးဖြူတဲ့ အမွေးရှိတယ်။

၂၆။ သွားတော် ၄၀ တိတိရှိတယ်။

၂၇။ မကျဲတဲ့သွားရှိတယ်။

၂၈။ လျှာမှာ နူးနူးညံ့ညံ့ ပြန့်ပြန့်ကျယ်ကျယ်ရှိတယ်။

၂၉။ အသံမှာ ဗြဟ္မာမင်းရဲ့အသံပမာ သာယာနာပျော်ရှိတယ်။

၃၀။ မေးမှာ အထက်ပိုင်းမှာရော အောက်ပိုင်းမှာပါ ပြည့်နေတယ်။

၃၁။ သွားတွေမှာ ညီတယ်။

၃၂။ စွယ်တော်မှာ အလွန်ဖြူတယ်။

(သုတ်မဟာဝါ၊ မပ ၁ပဒါနသုတ်နဲ့ သုတ်ပါထေယျ၊ လက္ခဏာသုတ်)

http://www.dhammadownload.com



## ဘုရားနဲ့ ရောင်ခြည်တော်

ဘုရားရှင်မှာ ညိုမှောင်တဲ့ရောင်ခြည်၊ ဝါဝင်းတဲ့ရောင်ခြည်၊ ဖြူဝင်းတဲ့ရောင်ခြည်၊ နီမြန်းတဲ့ရောင်ခြည်၊ အဝါဘက်လည်းမကျ အနီရင့်ဘက်လည်းမကျ နီကြင်ကြင် ဝါကြန့်ကြန့် ရောင်ခြည်၊ ပြိုးပြိုးပြက် တလက်လက်ထွက်တဲ့ ရောင်ခြည်လို့ ရောင်ခြည်တော် ၆ ပါး ရှိပါတယ်။

## ဘုရားနဲ့ ညိုမှောင်တဲ့ရောင်ခြည်

ဘုရားရှင်ရဲ့ ဆံမှတ်ဆိတ်နဲ့ မျက်လုံးအတွင်းက မျက်နက်ဝန်းကဲ့သို့သော ပင်ကိုအားဖြင့် ညိုမှောင်တဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေမှ ညိုမှောင်တဲ့ ရောင်ခြည်တော်တွေ ထွက်ကြပါတယ်။

ဣန္ဒနီလာကျောက်ရတနာအဆင်း၊ ရွှံညိုအဆင်း၊ တဖိတ်ဖိတ်တောက်တဲ့ ဖဲပဝါညိုအဆင်း၊ ကြာညိုပွင့်ချပ်အဆင်း၊ မြရတနာနဲ့ ပြုလုပ်ထားတဲ့ ယပ်တောင်အဆင်း စသည်နဲ့ တူပါတယ်။

ဘုရားရှင်ရဲ့ ဝဲယာဘက်နဲ့ အထက်အောက် (ထက်ဝန်းကျင်) အရပ်တွေမှာ အိမ်လုံး၊ တောင်လုံးခန့်မျှလည်း ရှိပါတယ်။ အဲဒီထက် ကြီးတာလည်း ရှိပါတယ်။

## ဘုရားနဲ့ ဝါဝင်းတဲ့ရောင်ခြည်

ကိုယ်အရေနဲ့ မျက်လုံးအထက်က မျက်ခွံ စတဲ့ ပင်ကိုအားဖြင့် ရွှေအဆင်းရှိတဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေမှ ဝါဝင်းတဲ့ ရောင်ခြည်တော်တွေ ထွက်ကြပါတယ်။

သိင်္ဂီရွှေစင် ရွှေနှစ်အဆင်း၊ ရွှေပြားရွှေထည်အဆင်း၊ တသွင်သွင်စီးသွားတဲ့ ရွှေရည်အဆင်း၊ ရွှေပန်းအဆင်း စသည်နဲ့ တူပါတယ်။

http://www.dhammadownload.com



## ဘုရားနဲ့ ဖြူဝင်းတဲ့ရောင်ခြည်

အရိုး အသွား မျက်ဖြူ စတဲ့ ပင်ကိုအားဖြင့် ဖြူဝင်းတဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေမှ ဖြူဝင်းတဲ့ရောင်ခြည်တော်တွေ ထွက်ကြပါတယ်။

ငွေအရောင်တောက်ပတဲ့ အရောင်အဆင်း၊ ငွေပြားငွေထည်အဆင်း၊ ကူးသန်းသွားလာတဲ့ ငွေရည်အယဉ် ငွေပန်းအဆင်း စသည်နဲ့ တူပါတယ်။

## ဘုရားနဲ့ နီမြန်းတဲ့ရောင်ခြည်

အသား အသွေး နှုတ်ခမ်း စတဲ့ ပင်ကိုအားဖြင့် နီနီတွေးတွေး ဟင်္သပဒါးသွေးနဲ့တူတဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေမှ ထွက်ကြပါတယ်။

'သန္တာ'လို့ခေါ်တဲ့ ရတနာနီအဆင်း၊ ကြာနီပွင့်အဆင်း၊ ပတ္တမြားယပ်အဆင်း စသည်တို့နဲ့ တူပါတယ်။

## ဘုရားနဲ့ မောင်းတဲ့(နီကြင်ကြင် ဝါကြန့်ကြန့်)ရောင်ခြည်

အချို့အရပ်တွေမှာရှိတဲ့ ထန်းကျင့်ပင် သို့မဟုတ် "နီပဆေး"လို့ ခေါ်တဲ့ သစ်ပင်ရဲ့ အတွင်းသားအဆင်းပမာ အဝါရင့်၊ ပန်းရောင်အစု၊ အနီနုပုံသဏ္ဍာန် အင်မတန်ကြည်နူးဖွယ်ကောင်းတဲ့ အဝါဘက်လည်းမကျ၊ အနီဘက်လည်းမကျ၊ နီကြင်ကြင် ဝါကြန့်ကြန့်ရှိတဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းတွေမှ ထွက်ကြပါတယ်။

## ဘုရားနဲ့ ပြိုးပြိုးပြက်ရောင်ခြည်

ဒီရောင်ခြည်တော်ဟာ ရှေးရောင်ခြည်တော်ငါးပါးရဲ့ အဆင်းပဲ ဖြစ်ပါတယ်။ ထွက်ပုံထူးလို့ ရောင်ခြည်တော်တစ်ပါးလို့ ခွဲခြားထားပါတယ်။ ရှေးရောင်ခြည်တော်ငါးပါးမှာ အဆက်မပြတ်ဘဲ အိမ်လုံး တောင်လုံးခန့်

http://www.dhammadownload.com



စသည်ဖြင့် ကြီးကြီးမားမား ကျယ်ဝန်းစွာ ပွဲ့နှံ့ကွန့်မြူးလျက် ထွက်တော်မူကြပါတယ်။

ဒီပြိုးပြိုးပြက်ရောင်ခြည်တော်ကတော့ တစ်ဆက်တည်းမဟုတ် ကောင်းကင်မှာ လျှပ်စစ်ပြက်သလို ပြိုးခနဲ ပြက်ခနဲ လက်ခနဲဖြစ်ကာ အရောင်အမျိုးမျိုးဖြာလျက် တစ်မျိုးအားဖြင့် ကျက်သရေရှိအောင် ထွက်တော်မူကြပါတယ်။ အဲဒီလိုထွက်ရာမှာ ပိုးစုန်းကြူးလို့ခေါ်တဲ့ ပိုးကောင်ကလေးများ ညအခါမှာလက်သလို သေးသေးသိမ်သိမ်မဟုတ်၊ မှန်အပြင်ကြေးမုံအပြင်ပေါ်မှာ လရောင် ဓာတ်မီးရောင် ဟပ်သလို ကတ်ကတ်သပ်သပ် မထင်မရှားဖြင့် မလင်းတလင်းမျိုးလည်းမဟုတ်၊ ကြီးကြီးမားမား ထင်ရှားစွာ ထွက်တော်မူကြပါတယ်။

(အဋ္ဌသာလိနီ၊ ဋ္ဌ၊ ၁၄/၁၅)

## ဘုရားနဲ့ လက္ခဏာတော်ငယ် ၈၀

### ခြေချောင်းလက်ချောင်း လက္ခဏာငယ် ၃ ပါး

ဘုရားရှင်ဟာ

၁။ ခြေချောင်း လက်ချောင်းတွေမှာ စီပြီးထားသလို တင့်တယ်တယ်။

၂။ တစ်ချောင်းစီ တစ်ချောင်းစီမှာလည်း အရင်းကစပြီး အစဉ်အတိုင်း သွယ်လျက် တင့်တယ်တယ်။

၃။ ခပ်ပြားပြားမဟုတ်ဘဲ လုံးနေတယ်။

### လက်သည်းခြေသည်း လက္ခဏာငယ် ၃ ပါး

၄။ နီရောင်သန်းတယ်။

၅။ တင့်တင့်တယ်တယ် သၚ္ယာယ်ရုံမျှ ရှည်တယ်။

၆။ ညက်ညောချောမောတယ်။

http://www.dhammadownload.com



## ဖမျက်လက္ခဏာငယ် ၁ ပါး

၇။ အသားအတွင်းမှာ မြုပ်ကာ မထင်ရှားပါ။

## ခြေရဲ့ပုံသဏ္ဍာန် လက္ခဏာငယ် ၁ ပါး

၈။ ညီညီမျှမျှ လှပတယ်၊ အလယ်မှာ ဟိုက်မနေပါ။

## ခြေလှမ်းခြင်းနှင့်စပ်၍ လက္ခဏာငယ် ၅ ပါး

၉။ ဆင်ရဲ့ခြေလှမ်းပမာ ညင်သာတယ်။

၁၀။ ခြင်္သေ့မင်းခြေလှမ်းပမာ တ္တန့်ခြေရတယ်။

၁၁။ ဟင်္သာမင်းခြေလှမ်းပမာ မကျဲမစိပ်ပါ။

၁၂။ နွားလားဥသဘခြေလှမ်းပမာ ခြေအချင်းချင်းမထိဘဲ ရှင်းလင်းတယ်။

၁၃။ လက်ယာရစ်လည်သည့်ပမာ လက်ယာခြေတော်ကို စပြီးကြွတော်မူတယ်။

## ပုဆစ်ဒူးဝန်းလက္ခဏာငယ် ၁ ပါး

၁၄။ ပုဆစ်ဒူးဝန်းရဲ့ ဝန်းကျင်အရပ်မှာ တင့်တယ်ဝန်းဝိုင်းတယ်။

## အင်္ဂါဇာတ်လက္ခဏာငယ် ၁ ပါး

၁၅။ ယောကျ်ားအင်္ဂါဇာတ်မှာ အောင်မြင်ပြည့်ဝလှပတယ်။

## ချက်လက္ခဏာငယ် ၃ ပါး

၁၆။ အပေါက်မရှိ။

၁၇။ အပေါ်သို့ ရှု၍မထွက်၊ နက်တယ်။

၁၈။ လက်ယာရစ်လည်တယ်။

http://www.dhammadownload.com



## ပေါင်နဲ့ လက်မောင်းလက္ခဏာငယ် ၁ ပါး

၁၉။ အရင်းမှာတုတ်ပြီး အဖျားသေးတဲ့ ဆင်နှာမောင်းပမာ သွယ်တန်းတယ်။

## ခန္ဓာကိုယ်ဒြပ်နဲ့တိုက်ရိုက်သက်ဆိုင်တဲ့ လက္ခဏာငယ် ၈ ပါး

၂၀။ ဆိုင်ရာကိုယ်အင်္ဂါတွေမှာ သူ့အပိုင်းနဲ့သူ ကောင်းစွာဝေဖန်ထားတယ်။

၂၁။ ဦးခေါင်းနဲ့လည်ပင်း လိုက်လျောခြင်း၊ လည်ပင်းနဲ့ ပခုံးလိုက်လျောခြင်း စသည်ဖြင့် ကိုယ်အင်္ဂါအစိတ်အပိုင်းတို့ လိုက်လျောတယ်။

၂၂။ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေမှာ ပြေပြစ်ညက်ညောချောမောတယ်။

၂၃။ အသားနည်းသင့်ရာနေရာမှာ နည်းပြီး များသင့်ရာနေရာမှာ များတယ်။

၂၄။ လူအများ စုဝေးမိရာဝယ် တိမ်မြုပ်ငုပ်၍မနေဘဲ ပေါ်လွင်ထင်ရှားတယ်။

၂၅။ မှဲ့ပြောက်၊ တင်းတိပ်၊ ဝက်ခြံ စတဲ့ အညစ်အကြေးတွေမှ ကင်းပြီး သန့်ရှင်းတယ်။

၂၆။ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေမှာ ရှေ့နောက် လိုက်လျောတင့်တယ်တယ်။

၂၇။ အလွန်ဖြူစင်တယ်။

## ကာယဗလ လက္ခဏာငယ် ၁ ပါး

၂၈။ ကုဋေတစ်ထောင်ရှိတဲ့ အာဋ္ဌာဝကဆင်ပြောင်အားကို ဆောင်တဲ့ ခွန်အားရှိတယ်။

http://www.dhammadownload.com



## နှာတံလက္ခဏာငယ် ၁ ပါး

၂၉။ မနိမ့်မပုဘဲ မြင့်မြင့်မားမား ရှည်လျားတယ်။

## သွားဖုံးလက္ခဏာငယ် ၁ ပါး

၃၀။ အလွန်နီတယ်။

## သွားလက္ခဏာငယ် ၂ ပါး

၃၁။ စင်ကြယ်တယ်။

၃၂။ ညက်ညောချောမောတယ်။

## ဣန္ဒြေလက္ခဏာငယ် ၁ ပါး

၃၃။ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာဆိုတဲ့ ဣန္ဒြေတွေ သန့်ရှင်း စင်ကြယ်တယ်။

## စွယ်တော်လက္ခဏာငယ် ၁ ပါး

၃၄။ မြတ်လေးပန်းငုံပမာ လုံးတယ်။

## နှုတ်ခမ်းလက္ခဏာငယ် ၁ ပါး

၃၅။ နီမြန်းတယ်။ (ဆေးမဆိုးရဘဲ အရဏ်ရောင်အသွေးပမာ နီတွေးတယ်။)

## ခံတွင်းလက္ခဏာငယ် ၁ ပါး

၃၆။ ရှည်လျားပြီး ကျယ်ပြန့်တယ်။

## အရေးအကြောင်း လက္ခဏာငယ် ၄ ပါး

၃၇။ လက်အရေးအကြောင်း နက်တယ်။ တိမ်မနေပါ။

၃၈။ လက်အရေးအကြောင်း ရှည်တယ်။

http://www.dhammadownload.com



၃၉။ ဖြောင့်မတ်တယ်။

၄၀။ အလွန်တင့်တယ်တဲ့ ပုံသဏ္ဌာန်ရှိတယ်။

### ကိုယ်အရောင်လက္ခဏာငယ် ၁ ပါး

၄၁။ ကိုယ်တော်ရဲ့ ပတ်ဝန်းကျင်မှာ တစ်လံမျှလောက် အရောင်အဝန်းရှိတယ်။

### ပါးစောင်လက္ခဏာငယ် ၁ ပါး

၄၂။ ပြားချပ်ချပ်မနေဘဲ မို့မို့မောက်မောက် ပြည့်ပြည့်ဖြိုးဖြိုးရှိတယ်။

### မျက်လုံးလက္ခဏာငယ် ၂ ပါး

၄၃။ ရှည်လည်းရှည် ကျယ်လည်းကျယ်တယ်။

၄၄။ အကြည်ဓာတ်ငါးပါးပါတယ်။

### မျက်တော်မွေး လက္ခဏာငယ် ၁ ပါး

၄၅။ ကော့ပြီး အထက်ကို အဖျားလှည့်တယ်။

### လျှာလက္ခဏာငယ် ၁ ပါး

၄၆။ နုလည်းနု ပါးလည်းပါး နီလည်းနီတယ်။

### နားရွက်လက္ခဏာငယ် ၁ ပါး

၄၇။ ရှည်ပြီး တင့်တယ်တယ်။ (အချို့ဆင်းတုတော်တွေမှာ ထုထားသလို ပခုံးထောက်အောင် ရှည်လျားသည်မဟုတ်ပါ။)

### အကြောလက္ခဏာငယ် ၂ ပါး

၄၈။ အဖုအထစ်မရှိ။

http://www.dhammadownload.com



၄၉။ အသားအထက်မှာ အပေါ်တက်မနေဘဲ အသားအတွင်းမှာ မြုပ်နေပါတယ်။

## ဦးခေါင်းလက္ခဏာငယ် ၁ ပါး

၅၀။ ဦးခေါင်းမှာ ထီးဝိုင်းပမာ အရောင်ဝိုင်းနဲ့ တင့်တယ်တယ်။

## နဖူးလက္ခဏာငယ် ၁ ပါး

၅၁။ ရှည်လျားကျယ်ပြန့်တယ်။

## မျက်ခုံးလက္ခဏာငယ် ၅ ပါး

၅၂။ မဆွဲမငင်ရဘဲ လအရေးလိုကွေးနေတယ်။

၅၃။ မျက်ခုံးမွေးများ မကြမ်းဘဲ သိမ်မွေ့တယ်။

၅၄။ အရင်းအဖျား လျော့တယ်။

၅၅။ ကြီးတယ်။

၅၆။ ရှည်တယ်။

## ကိုယ်ခန္ဓာရဲ့ဂုဏ်နဲ့ စပ်တဲ့ လက္ခဏာငယ် ၇ ပါး

၅၇။ သက်တော်ကြီးပေမယ့် အိုရုပ်ပုံမပေါ် အလွန်နုပျိုတယ်။

၅၈။ အလွန်အေးမြတယ်။

၅၉။ ညီညီမှိန်မှိန်မဟုတ်ဘဲ အလွန်တောက်ပတယ်။

၆၀။ ညစ်ကြေးမတင် သန့်စင်တယ်။

၆၁။ နူးညံ့တယ်။

၆၂။ ပြေပြစ်ညက်ညော ချောမောတယ်။

၆၃။ ကောင်းတဲ့အနံ့ရှိတယ်။

## မွေးညင်း လက္ခဏာငယ် ၆ ပါး

၆၄။ အနိမ့်အမြင့် ညီမျှတယ်။

၆၅။ နူးညံ့တယ်။

http://www.dhammadownload.com



၆၆။ လက်ယာရစ်လည်တယ်။
၆၇။ ကွဲတဲ့မျက်စဉ်း ကျောက်အဆင်းပမာ ညိုတယ်။
၆၈။ လုံးတယ်။
၆၉။ ညက်ညောတယ်။

## ထွက်သက်ဝင်သက် လက္ခဏာငယ် ၁ ပါး

၇၀။ အလွန်သိမ်မွေ့တယ်။ (အသက် အရှူအရှိုက် မကြမ်းပါ။)

## ခံတွင်း လက္ခဏာငယ် ၁ ပါး

၇၁။ ကောင်းတဲ့အနံ့ရှိတယ်။

## ဦးထိပ် လက္ခဏာငယ် ၁ ပါး

၇၂။ မွှေးကြိုင်တဲ့အနံ့ရှိတယ်။

## ဆံတော် လက္ခဏာငယ် ၇ ပါး

၇၃။ အလွန်ညိုတယ်။
၇၄။ လက်ယာရစ်လည်တယ်။
၇၅။ ပုံသဏ္ဌာန်ကောင်းတယ်။
၇၆။ ညက်ညောသိမ်မွေ့တယ်။
၇၇။ မရှုပ်ပါ။
၇၈။ အနိမ့်အမြင့် ညီမျှတယ်။
၇၉။ နူးညံ့တယ်။
၈၀။ ကေတုမာလာလို့ခေါ်တဲ့ ရတနာရောင်နဲ့ လွန်စွာသပ္ပာယ် ဆန်းကြယ်တယ်။

(ဇိနာလင်္ကာရဋီကာ၊ ဝိဇာတမင်္ဂလာအဖွင့်။)

မှတ်ချက်။ ။ ဦးခေါင်းတော်ကထွက်ပြီး အထက်ဦးထိပ်မှာစုကာ ထင်လင်းနေတဲ့အရောင်ကို 'ကေတုမာလာရောင်'

http://www.dhammadownload.com



လို့ ခေါ်ကြပါတယ်။ အဲဒီအရောင် ပုံသဏ္ဌာန်ပေါ် အောင် ယခုခေတ် ဆင်းတုတော်တွေရဲ့ ဦးထိပ်မှာ စုနေတဲ့ အရောင်ပုံကို ထုလုပ်ကြပါတယ်။ ဒါပေမဲ့ အဲဒီအရောင်ပုံဟာ များသောအားဖြင့် ဆံပင် အရောင်လို ညိုမှောင်နေလို့ တချို့က 'သျှောင်ထုံး၊ သျှောင်ထုံးပုံ'လို့ ထင်မှားကြပါတယ်။ အဲဒီလို မထင်မှားရအောင် ဦးထိပ်မှာ အရောင်အဝါ စုနေပုံ ကို ပြနိုင်ရင် သာပြီးသဘာဝကျပါမယ်။

## ဘုရားနဲ့ ဘုန်းတော်

- အဏုမြူသဖွယ် ပျောက်ကွယ်သိမ်မွေ့ မမြင်တွေ့အောင် ရုပ် ဆောင်ဖန်ဆင်းနိုင်သော အဏိမာဘုန်းတော်။
- စိတ်၏အလား ကောင်းကင်ဖျား၌ ပေါ့ပါးလျင်မြန် ရှာန်ပျံ ကြွသွားနိုင်သော လဃိမာဘုန်းတော်။
- ကိုယ်တော်သဏ္ဌာန် ပုံဟန်တိုင်းကြား မနိုင်းအားဖို့ ကြီးမား လေအောင် ရုပ်ဆောင်ဖန်ဆင်းနိုင်သော မဟိမာဘုန်းတော်။
- ဆီးတားကွယ်ကာ မရှိပါဘဲ လိုရာတိုင်းပေါက် တစ်ခဏ လောက်ဖြင့် ကြွရောက်နိုင်သော ပတ္တိဘုန်းတော်။
- အဆင်းအတန်တန် ပုံသဏ္ဌာန်ကို စီမံဖန်တီး တစ်ခဏတည်း ဖြင့် ပြီးစီးနိုင်သော ပါကမ္မဘုန်းတော်။
- ကိုယ်တော်မြတ်၏ စိတ်ဓာတ်တော်မှ စ၍မကြွင်း လူနတ်မင်း ကို ပိုင်နင်းအုပ်စိုး လွှမ်းမိုးနိုင်သော ဤသိတာဘုန်းတော်။
- သမာပတ်ရှာန် အဘိညာဉ်ကို ဝင်စံလိုက တစ်ခဏချင်းပိုင် ဝင်စားနိုင်သော ဝသီတာဘုန်းတော်။
- ကိစ္စတစ်ခု ပြုစုတုန်းပင် ပြီးဆုံးချင်သော် ဆောလျင်မသွေ ပြီးဆုံးစေနိုင်သော ယတ္ထကာမဝသာယိတာဘုန်းတော်။

http://www.dhammadownload.com



- ❁ ရှစ်ဖော်အပြား ဤသို့အားဖြင့် ထင်ရှားလေဘိ ဣသိရိယ ဘုန်းတော်။
- ❁ ကိလေသာရန် ပယ်ဖျက်လှန်ဖို့ နိဗ္ဗာန်ဖိုလ်မဂ် ကိုးချက်အပြား လောကုတ္တရာတရားဟူသော ဓမ္မဘုန်းတော်။
- ❁ ဟုတ်တိုင်းမှန်စွာ ဖြစ်ပေါ်လာ၍ ကမ္ဘာတိုက်ပေါင်း သောင်း လောကဓာတ် ပွဲတင်ထပ်မျှ နှံ့စပ်သတင်း ကျော်စောခြင်း ဟူသော ယသဘုန်းတော်။
- ❁ ခြေမျက်နှာတော် လက်ခြေတော်မှ စ၍မကြွင်း ပင်လုံးဝင်းသည့် ပန်းမင်းအနေ ကျက်သရေမင်္ဂလာ စုဝေးကာဖြင့် လွန်စွာ တင့်တယ် သပ္ပာယ်တော်မူသော သိရီဘုန်းတော်။
- ❁ အလိုတော်အတိုင်း တောင့်တတိုင်းပင် မဆိုင်းမတွ ပြီးစီးရ သည့် ကာမဘုန်းတော်။
- ❁ တစ်လောကလုံး ညွှန်ရုံးကိုးစား အားထားဖို့ရာ လွန်စွာ ကြိုးကုတ် အားထုတ်တော်မူသော ပယတ္တဘုန်းတော်။

(ပါရာဇိကဏ်၊ ဋ္ဌ၊ ပ၊ ၉၆၊ သာရတ္ထအဖွင့်)

## ဘုရားနဲ့ အသံ

ဘုရားရှင်အသံတော်မှာ

၁။ သလိပ်စသည်တို့ အငြိအတွယ်မရှိခြင်း။
၂။ သာယာခြင်း။
၃။ စကားလုံးပီသပြတ်သားခြင်း။
၄။ နားထောင်ကောင်းခြင်း။
၅။ ဖရိုဖရဲ မကွဲအက်ခြင်း။
၆။ လုံးလုံးစည်းစည်းရှိခြင်း။
၇။ နက်နဲတဲ့ ချက်အရပ်မှစ၍ ထွက်လာတဲ့အသံဖြစ်လို့ အသံ မတိမ်ခြင်း။

http://www.dhammadownload.com



၈။ ကြောင်တက်တက်မဟုတ်၊ ပွဲတင်ထပ်မျှ ဟိန်းခြင်း။
ဒီဂုဏ်အင်္ဂါ ၈ ပါးနဲ့ ပြည့်စုံပါတယ်။

(မဇ္ဈိမပဏ္ဏာသပါဠိ၊ ဗြဟ္မာယုသုတ်၊ ၃၄၀)

## ဘုရားနဲ့ ကြွသွားပုံ

ဘုရားရှင်ဟာ သွားဖို့ရန် ခြေလှမ်းတဲ့အခါ လက်ယာဘက်ခြေကို သာ ပထမလှမ်းပါတယ်။ လှမ်းပြီးတဲ့ခြေကို မဝေးလွန်း မနီးလွန်းတဲ့နေရာ မှာ ချပါတယ်။ မမြန်လွန်း မနှေးလွန်းဘဲ ကြွသွားတယ်။ သွားတဲ့အခါ ဒူးဆစ်ချင်း ခြေမျက်စိချင်း မထိမခိုက်ပါ။ (ရေထဲမှာသွားနေသူဟာ ပေါင် ကို မြှောက်၍မြှောက်၍ သွားရသည့်ပမာ) ပေါင်ကို မြှောက်၍လည်း မသွားပါ။ ပေါင်ကို နောက်သို့လည်း မဆုတ်နစ်စေပါ။ ပေါင်ကို တောင့်တောင့်ကြီး လည်း မဖြစ်စေပါ။ ဟိုဘက်ဒီဘက်သို့ လှုပ်လှုပ်ရှားရှားလည်း မဖြစ်စေပါ။

ခရီးသွားတဲ့အခါတိုင်း အောက်ပိုင်းကိုယ်ကသာ လှုပ်ပြီး အထက် ပိုင်းကိုယ်မှာ လှေပေါ်တင်ထားတဲ့ ဆင်းတုရုပ်ပမာ မလှုပ်မယှက် ငြိမ်သက် နေပါတယ်။ လက်မောင်းကို လှုပ်၍ယမ်း၍ သွားလေ့မရှိပါ။ နောက်သို့ ကြည့်ခွင့်ကြုံလာရင် လည်ပင်းနောက်ပြန်လှည့်မကြည့်ဘဲ တစ်ကိုယ်လုံး ပြန်လှည့်ပြီးသာ ကြည့်လေ့ရှိပါတယ်။ နက္ခတ်ဆရာကြီးများလို အပေါ်ကို ကြည့်၍ မော်၍လည်းကောင်း၊ ပျောက်တဲ့ပိုက်ဆံကို ရှာသူပမာ အောက်ကို ငုံ့၍လည်းကောင်း သွားလေ့မရှိဘဲ ၄ တောင်ထွာလောက်အရပ်ကိုကြည့် လျက် သွားပါတယ်။ ၄ တောင်ထွာထက် လွန်တဲ့အရပ်ကိုတော့ ဉာဏ်နဲ့သာ သိတော်မူပါတယ်။

(ဗြဟ္မာယုသုတ်)

## ဘုရားနဲ့ လူတို့အိမ်မှာနေထိုင်ပုံ

ဘုရားရှင်ဟာ လူတွေရဲ့အိမ်တွင်းကို ဝင်တဲ့အခါမှာ ကိုယ်ကို မြှင့် ၍လည်းမဝင်၊ ကုန်း၍လည်းမဝင်ပါ။ ကိုယ်ကို တောင့်တောင့်ကြီးလည်း

http://www.dhammadownload.com



မဖြစ်စေပါ။ ဟိုဘက်ဒီဘက်သို့ လှုပ်လှုပ်ရှားရှားလည်း မဖြစ်စေပါ။ ထိုင်တဲ့အခါမှာလည်း နေရာထိုင်နဲ့ မနီးမဝေး (အဆင်သင့်ထိုင်၍ ဖြစ်လောက်မှ) ကိုယ်ကိုလှည့်ပြီး ထိုင်လေ့ရှိပါတယ်။ နေရာထိုင်ကို လက်ထောက်၍လည်းကောင်း၊ နေရာထိုင်ပေါ်မှာ ကိုယ်ကိုပစ်ချ၍လည်းကောင်း မထိုင်ဘဲ ညင်ညင်သာသာ ထိုင်လေ့ရှိပါတယ်။ အဲဒီအိမ်အတွင်းမှာ လက်လှုပ် ခြေလှုပ်ကိုလည်းမပြုပါ။ ဒူးဆစ်တစ်ခုအပေါ် ဒူးဆစ်တစ်ခု တင်၍လည်းကောင်း၊ ဖမျက် တစ်ခုအပေါ် ဖမျက်တစ်ခုတင်၍လည်းကောင်း မထိုင်ပါ။ လက်ဖြင့်မေးကို ထောက်၍လည်း မထိုင်ပါ။ "တရားစကားတွေကို အချက်ကျအောင် ပြောမှ ပြောနိုင်ပါ့မလား"လို့ တွေးတောကြောက်ရွံ့နေတဲ့ အမူအရာ၊ ဆုတ်နစ်နေ တဲ့ အမူအရာ၊ တုန်လှုပ်တဲ့အမူအရာတွေလည်း မရှိပါ။ ယာဂုဆွမ်း စသည်တွေကို တပ်မက်တဲ့ အမူအရာလည်း မရှိပါ။ လူထဲသူထဲမှာ မလွှဲသာလို့ နေရပေမယ့်လည်း ဆိတ်ငြိမ်ရာမှာ အမြဲစိတ်ညွတ်နေဟန်တူပါတယ်။

## ဘုရားနဲ့ ဆွမ်းဘုဉ်းပေးပုံ သပိတ်ဆေးကြောပုံ

ဆွမ်းကပ်ခါနီးလို့ လူတို့က သပိတ်ဆေးဖို့ ရေကိုယူလာပြီး သပိတ်မှာ လောင်းထည့်တဲ့အခါ သပိတ်နှုတ်ခမ်းကို ဒီဘက်စောင်း၊ ဟိုဘက်စောင်း၊ ဘေးစောင်း မဖြစ်စေဘဲ လက်နှစ်ဖက်ဖြင့်ကိုင်ကာ အနည်းငယ်စောင်းပြီး ခံယူပါတယ်။ ရေကိုလည်း မနည်းလွန်း မများလွန်းဘဲ သင့်တော်ရုံကိုသာ ခံယူပါတယ်။ သပိတ်ကိုဆေးတဲ့အခါ ရေသံမမြည်စေပါ။ သပိတ်အပြင်ကိုလည်း ရှေးဦးစွာ မဆေးပါ။ သပိတ်ကို မြေမှာချပြီးမဆေးပါ။ သပိတ်ဆေးပြီးသည်နှင့် တစ်ပြိုင်နက် လက်ဆေးပြီးလည်း ဖြစ်ပါတယ်။ လက်ဆေးပြီးသည်နှင့်တစ်ပြိုင်နက် သပိတ်ဆေးပြီးလည်း ဖြစ်ပါတယ်။ အဲဒီသပိတ်ဆေးရေကို အဝေးလှမ်း၍မသွန်၊ အနီးမှာလည်း ကပ်၍မသွန်ပါ။ ပြန့်ကြဲနေအောင် မသွန်ပါ။ ဆွမ်းကို ခံယူတဲ့အခါမှာလည်း ရေကိုခံယူတုန်းကလို သပိတ်နှုတ်ခမ်းကို တည့်တည့်ထားပြီး အနည်းငယ်စောင်းကာ မနည်းလွန်း မများ

http://www.dhammadownload.com



လွှန်း ခံယူပါတယ်။ ဟင်းကိုလည်း ဆွမ်းနဲ့မျှတရုံ (ဆွမ်းရဲ့လေးပုံတစ်ပုံမျှသာ) ခံယူပါတယ်။ ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ ဆွမ်းလည်းမပို၊ ဟင်းလည်းမလိုပါ။

ဘုရားရှင်ရဲ့ ကျယ်ပြန့်တဲ့လျှာပေါ်မှာ သွားဖြင့် ၂ ကြိမ် ၃ ကြိမ်မျှ ကြိတ်ချေခံရတဲ့အစာဟာ ကျောက်ပျဉ်မှာ ကြိတ်အပ်တဲ့ နံ့သာပြောင်းပမာ ကြေညက်သွားပါတော့တယ်။ ဒါကြောင့် ၂ ကြိမ် ၃ ကြိမ်လောက် လျှာပေါ် လှည့်ပတ်ပြီး ဆွမ်းလုတ်ကို မျိုချပါတယ်။ ထမင်းအဆန်ကလေး တစ်လုံး တလေမျှ ခံတွင်းမှာ မကျန်ရစ်ပါ။ စားတဲ့အခါလည်း အရသာကို သိပေမယ့် အရသာကို မသာယာပါ။ ဒီခန္ဓာကိုယ် တည်တံ့နိုင်ရုံ၊ မျှတနိုင်ရုံ (မစားရင် ပင်ပန်းမှာမို့) မပင်ပန်းရုံ၊ သာသနာကို ချီးမြှောက်နိုင်ရုံ ရည်မှန်းကာ ဘုဉ်းပေးပါတယ်။ အဲဒီလို ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ ရှေးနည်းအတိုင်း သပိတ်ဆေးရေကို ခံယူကာ သပိတ်ကို ဆေးပြီးနောက် သုတ်ပြီး မနီးမဝေးမှာ ချထားကာ တစ်ခဏမျှ တိတ်တိတ်ဆိတ်ဆိတ် နေပါတယ်။

## ဘုရားနဲ့ ဆွမ်းတရား

ဘုရားရှင်ကား တရားနာပရိသတ် မစုံခင်လည်း မဟောသေး၊ စုံရင်လည်း အချိန်မဖြုန်းဘဲ ဟောတော်မူတယ်။ တရားဟောရာမှာ ဆွမ်းကိုလည်း မကဲ့ရဲ့၊ နောက်တစ်နေ့ ဆက်လက်ပင့်အောင် ဆွယ်တရားလည်း မပါ၊ တရားသဘောသက်သက်ကိုသာ ဟောပြီး ပြန်ကြွပါတယ်။

## ဘုရားနဲ့ ပြန်ကြွပုံ ကျောင်းမှာနေပုံ

ဘုရားရှင်ဟာ နေရာမှထပြီး ပြန်ကြွတဲ့အခါ မနှေးမမြန် ကြွပါတယ်။ ဘုရားရှင်ရဲ့ကိုယ်မှာ သင်္ကန်းဟာ ဘောမှအထက်သို့လည်း မြင့်တက်မနေ၊ ခြေမျက်စိတိုင်အောင် လျှောကျ၍လည်းမနေ၊ ရင်ပတ်ပေါ်မှာလည်းမနေ၊ လက်ဝဲတစ်ဖက်ကိုဖော်ကာ ရင်တစ်ခြမ်းပေါ်လည်းမနေ၊ ချွေးစိုသူလို သင်္ကန်း

http://www.dhammadownload.com



ဟာ ကိုယ်မှာကပ်ပြီး ကျစ်ကျစ်ကလေးလည်းမဖြစ်၊ ကိုယ်မှကွာ၍ ပွတတ လည်း မဖြစ်ပါ။ ကိုယ်တော်မှ သင်္ကန်းကွာသွားအောင် လေလည်းမတိုက် နိုင်ပါ။ ကိုယ်မှာ မြူမှုန်လည်းမလူးပါ။ ကျောင်းရောက်တဲ့အခါ ခင်းထားတဲ့ နေရမှာ ထိုင်ပြီး ခြေဆေးပါတယ်။ ခြေဆေးရာမှာ ခြေကို အိုးခြမ်း စသည်နဲ့ တိုက်ပြီး လှပအောင်ဆေးတာ မဟုတ်ပါ။ ခြေကို ခြေချင်းပွတ်ပြီးသာ ဆေးပါတယ်။ ခြေဆေးပြီးနောက် တင်ပျဉ်ဖွဲ့ခွေကာ အထက်ပိုင်းကိုယ်ကို ဖြောင့်ဖြောင့်ထားပြီး ကမ္မဋ္ဌာန်းအာရုံကို သတိထားထိုင်နေပါတယ်။ ဘုရား ရှင်ဟာ မိမိဆင်းရဲအောင်လည်း အားမထုတ်၊ သူတစ်ပါး ဆင်းရဲအောင် လည်း အားမထုတ်၊ မိမိ သူတစ်ပါး နှစ်ဦးသား ဆင်းရဲအောင်လည်း အားမထုတ်ဘဲ မိမိစီးပွား၊ သူတစ်ပါးစီးပွား၊ မိမိ သူတစ်ပါး နှစ်ဦးသားရဲ့ စီးပွား၊ လောကရဲ့စီးပွားကိုသာ ကြံစည်ကာထိုင်နေပါတယ်။

## ဘုရားနဲ့ တရားဟောပုံ

အဲဒီကနောက် ရောက်လာတဲ့ ပရိသတ်အား တရားဟောပြန်ပါ တယ်။ အဲဒီလိုတရားဟောရာမှာ "မဟာရာဇာကြီး၊ သူကြွယ်ကြီး၊ သူဌေး ကြီး" စသည်ဖြင့် "ကြီး"ဆိုတဲ့စကားလုံးကိုသုံးကာ မြှောက်လည်းမမြှောက် ပါ။ "ဥပါသကာ၊ ကျောင်းလာတဲ့လမ်းကို မသိလို့လား၊ ဘာကြောင့်မလာဘဲ အကြာကြီးနေသလဲ။ ဦးပဥ္စင်းတွေက လှမှာစိုးလို့လား။ မကြောက်ပါနဲ့၊ လှမယူပါဘူး" စသည်ဖြင့် ပြောဆိုကာ နှိပ်လည်းမနှိပ်ပါ။ တရားသဘော သက်သက်ဖြင့်သာ အားတက်ရွှင်လန်းလာအောင် ဟောပါတယ်။ အသံတော် မှာ အလွန်သာယာပြီး ပရိသတ်များရင် များသလောက် ပရိသတ်ရဲ့အထက် မှာ ပျံ့ဝဲနေပါတယ်။ ပရိသတ်ရဲ့ပြင်ဘက်ကို ပျံ့နှံ့၍ ထွက်မသွားပါ။ တရား ပြီးဆုံးလို့ ပြန်ကြတဲ့ပရိသတ်ဟာ ဦးခေါင်းပေါ်မှာ လက်အုပ်တင်ကာ ဘုရား ရှင်ကိုကြည့်ပြီး နောက်ဆုတ်သွားကာ မမြင်လောက်မှ ဦးချပြီး နာပြီး တရားတော်ရဲ့ဂုဏ်ကျေးဇူးကို ပြောလျက် ပြန်သွားကြပါတယ်။

http://www.dhammadownload.com



## ဘုရားနဲ့ မာယာ

နိဂဏ္ဌဆရာကြီးအပြော။ ။ "ဥပါလိသူကြွယ် သင်ရှုံးလာသလား၊ ထိုင်းမှိုင်းလာသလား၊ 'ရဟန်းဂေါတမအပေါ် အပြစ်တင်လိုက်မယ်' လို့ ကြုံးဝါးသွားပါလျက် ယခုတော့ ဆန့်ကျင်ဘက်ဝါဒပေါင်းများစွာကို ဦးခေါင်းပေါ်စွပ်ပြီး ပြန်လာခဲ့သလား။ သင့်ကို ရဟန်းဂေါတမက မာယာမျက်လှည့်နဲ့ လှည့်ပတ်လိုက်ပြီလား။

ဥပါလိသူကြွယ်။ ။ (မိမိရထားတဲ့ သောတာပတ္တိမဂ်ဉာဏ်ကို ရည်ရွယ်ပြီး) အရှင်ဘုရား ဘုရားရှင်ရဲ့ မျက်လှည့်မာယာဟာ အလွန်ကောင်းပါပေတယ်။ ဒီမျက်လှည့်မျိုးနဲ့ တပည့်တော်ရဲ့ချစ်သူတွေကို လှည့်ပတ်မည်ဆိုရင် အဲဒီချစ်သူတွေလည်း စီးပွားချမ်းသာ ကြာမြင့်စွာ ဖြစ်ကြပါလိမ့်မယ်။ မင်း၊ ပုဏ္ဏား၊ သူဌေး၊ သူကြွယ်၊ ကုန်သည်၊ ဆင်းရဲသားစုအပြင် လောကသားအားလုံးကို လှည့်ပတ်ရင်လည်း အဲဒီသူအားလုံးအတွက် ချမ်းသာဖို့ပါပဲ။

(မဇ္ဈိမပဏ္ဏာသ၊ ဥပါလိသုတ်၊ ၄၆။)

## ဘုရားနဲ့ တရားစဉ်

ဘုရားရှင်ဟာ ဒါနအကြောင်း၊ သီလအကြောင်း၊ နတ်ပြည်အကြောင်း၊ ကာမဂုဏ်တို့ရဲ့အပြစ်၊ ယုတ်ညံ့ပုံ၊ ညစ်နွမ်းပုံ၊ ကာမမှ ထွက်မြောက်မှုရဲ့ အကျိုးတွေကို အစဉ်အတိုင်း ဟောပါတယ်။ အဲဒီလိုဟောတဲ့အခါမှာ တရားနာပရိသတ်ရဲ့ သရဏဂုံ၊ သီလ၊ ရှင်ရဟန်းအဖြစ် စသည်တွေရဲ့ အားကြီးတဲ့ မိုရာအကြောင်း ကောင်းမှုကိုကြည့်ကာ အလိုအဇ္ဈာသယနဲ့အညီ ဟောပါတယ်။

(ဓမ္မပဒဋ္ဌ၊ ပ၊ ၄)

## ဘုရားနဲ့ အကြိုက်

ဘုရားရှင်တွေကို မေ့လျော့မှုနဲ့ နှစ်သက်စေဖို့ရာ မစွမ်းနိုင်ပါ။ ကောင်းတဲ့အလိုနဲ့သာ နှစ်သက်စေနိုင်ပါတယ်။

(ဓမ္မပဒဋ္ဌ၊ ပ၊ ၆)

http://www.dhammadownload.com



## ဘုရားနဲ့ နတ်ပြည်ရောက်သူ

ဘုရားရှင်ကို စိတ်နဲ့ကြည်ညိုရုံမျှနဲ့ နတ်ပြည်ရောက်သူတွေဟာ တစ်ရာလည်းမကပါ၊ နှစ်ရာလည်းမကပါ၊ မရေမတွက်နိုင်အောင် ရှိပါတယ်။

(ဓမ္မပဋ္ဌ၊ ပ၊ ၂၃)

## ဘုရားနဲ့ ထိုင်တဲ့နေရာ

ဘုရားရှင်တွေ မကြွဖူးတဲ့နေရာမှာ နေရာခင်းပုံအနေအထားကို ပြော ပြဖို့ရာ ရဟန်းတစ်ပါးက အရင်သွားသင့်ပါတယ်။ မှန်ပါတယ်။ ဘုရားရှင် တွေရဲ့နေရာကို အလယ်မှာခင်းရပါတယ်။ ဘုရားရှင်ရဲ့ လက်ယာဘက်မှာ အရှင်သာရိပုတ္တရာရဲ့ နေရာကို ခင်းရပါတယ်။ ဘုရားရှင်ရဲ့ လက်ဝဲဘက်မှာ အရှင်မောဂ္ဂလ္လာန်ရဲ့နေရာကို ခင်းရပါတယ်။ ဒီကစပြီး နံဘေးနှစ်ဖက်တွေမှာ ရဟန်းအပေါင်းရဲ့ နေရာကို ခင်းထိုက်ပါတယ်။

## ဘုရားနဲ့ သတိပဋ္ဌာန်

ဘုရားရှင်တိုင်း မစွန့်အပ်တဲ့ သတိပဋ္ဌာန်သုတ်ကို တပည့်တော် (ဓမ္မိက ဥပါသကာ)နာကြားလိုပါတယ်။

(ဓမ္မပဒဋ္ဌ၊ ပ၊ ဓမ္မိကဥပါသကာဝတ္ထု)

## ဘုရားနဲ့ ဒေဝဒတ်

"ငါ့ကို မဖျက်ဆီးကြပါနဲ့၊ ငါက ဘုရားရှင်အပေါ် ရန်ငြိုးဖွဲ့ခဲ့တယ်၊ ဘုရားရှင်က ငါ့အပေါ် ဆံဖျားမျှလောက်လည်းဖြစ်တဲ့ ရန်ငြိုးမရှိပါ။ ဘုရား ရှင်ဟာ သူ့ကိုသတ်မယ့် ငါဒေဝဒတ်အပေါ်မှာရော၊ သူ့ကိုသတ်ဖို့ လိုက်နေ တဲ့ အင်္ဂုလိမာလအပေါ်မှာရော၊ သူ့ကိုသတ်ဖို့ ပြေးလာတဲ့ နာဠာဂီရိဆင် ကြီးအပေါ်မှာရော၊ သားတော်ရာဟုလာအပေါ်မှာပါ တန်းတူညီမျှတဲ့ မေတ္တာ

http://www.dhammadownload.com



စိတ်ထား ရှိပါပေတယ်။ ငါ ဘုရားရှင်ကို ဖူးတွေ့ပါရစေ” လို့ အရှင်ဒေဝဒတ် ခမျာ တောင်းပန်ရှာပါတယ်။

(ဓမ္မပဒဋ္ဌ၊ ပ၊ ယသကဝဂ္ဂ၊ ၁၂–ဒေဝဒတ္တဝတ္ထု)

## ဘုရားနဲ့ မာဂဏ္ဍီ

ဘုရားရှင်တွေဟာ ရန်ငြိုးဖွဲ့ရာမှာ မရေမတွက်ဘဲ (ဂရုမစိုက်ဘဲ) မဂ် ဖိုလ် ရထိုက်သူတွေရဲ့အလိုအတိုင်း တရားဟောတော်မူကြတယ်။ ဘုရားရှင်ဟာ သမီးမာဂဏ္ဍီ ရန်ငြိုးဖွဲ့မှာကို ဂရုမစိုက်၊ အလေးမထား၊ အမေ မာဂဏ္ဍီနဲ့ အဖေ မာဂဏ္ဍီတို့ အနာဂါမ်ဖြစ်မယ့်အရေးကိုသာ အလေး ထားတော်မူတယ်။

(ဓမ္မပဒဋ္ဌ၊ ပ၊ သာမာဝတီဝတ္ထု၊ ၁၃၀)

## ဘုရားနဲ့ အဓိကရဏ်း

ဘုရားရှင်တွေမှာ ဖြစ်ပေါ်လာတဲ့ အဓိကရဏ်းဟာ ၇ ရက်ထက် ပိုပြီး မကြာပါ။

(ဓမ္မပဒဋ္ဌ၊ ပ၊ သာမာဝတီဝတ္ထု၊ ၁၃၆)

## ဘုရားနဲ့ ခန္တီ

“အာနန္ဒာ ငါဘုရားဟာ စစ်မြေပြင်ကို သက်ဆင်းတဲ့ ဆင်ပြောင် ကြီးနဲ့တူတယ်။ စစ်မြေပြင်ကို သက်ဆင်းတဲ့ ဆင်ပြောင်ကြီးမှာ အရပ် လေးမျက်နှာက ပစ်ခတ်လိုက်တဲ့ လေး စတဲ့ လက်နက်တွေကို သည်းခံဖို့ရာ သူ့တာဝန်ဖြစ်တယ်။ အဲဒီလိုပါပဲ ကိုယ်နှုတ် မစောင့်စည်းသူ၊ သီလမဲ့ လူရိုင်းတွေရဲ့ ပြောစကားတွေကို သည်းခံဖို့ရာဟာ ငါဘုရားရဲ့တာဝန် ဖြစ်တယ်”

(ဓမ္မပဒဋ္ဌ၊ ပ၊ သာမာဝတီဝတ္ထု၊ ၁၃၆)

http://www.dhammadownload.com



## ဘုရားနဲ့ ထာဝရဌာန

"အို ဥတေနမင်း၊ ဘုရားရှင်တွေဆိုတာ တစ်နေရာမှာ အမြဲကြွရိုး ထုံးစံ မရှိဘူး။

(ဓမ္မပဒဋ္ဌ၊ သာမာဝတီဝတ္ထု၊ ၁၄၀)

## ဘုရားနဲ့ အကြင်အနာ

"စူဠပန္ထက၊ သင့်ရဲ့ရဟန်းအဖြစ်ဟာ ငါဘုရားရဲ့ဥစ္စာပဲ။ သင့်ရဲ့ နောင်တော် မဟာပန္ထကမထေရ်က နှင်ထုတ်တဲ့အခါ ဘာကြောင့် ငါ့ထံ မလာတာလဲ။ လာလော၊ သင့်မှာ လူအဖြစ်နဲ့ ဘာအကျိုးရှိမှာလဲ။ ငါ့ထံမှာ ဖြစ်လော"လို့ ပြောကာ ဘုရားရှင်က စက်လက္ခဏာတွေနဲ့ မှတ်သားထားတဲ့ သူ့ရဲ့လက်ဖဝါးတော်နဲ့ လူထွက်လိုနေတဲ့ အရှင်စူဠပန္ထကရဲ့ ဦးခေါင်းကို သုံးသပ်တော်မူပါတယ်။

(ဓမ္မပဒဋ္ဌ၊ ပ၊ စူဠပန္ထကဝတ္ထု၊ ၁၅၆)

## ဘုရားနဲ့ ဉာဏ်အား

"ငါ့ရှင်တို့ နောင်တော် မဟာပန္ထကမထေရ်ဟာ ညီတော် စူဠပန္ထက ရဲ့ အလိုအဇ္ဈာသယကို မသိလို့ ၄ လတို့နဲ့ တစ်ဂါထာကို သင်ယူစေခြင်း ငှာ မစွမ်းနိုင်ဘူး။ ဉာဏ်လေးတယ်ဆိုပြီး ကျောင်းက နှင်ထုတ်တယ်။ ဘုရားရှင်ဟာ အမြတ်ဆုံးတရားမင်းဖြစ်တာကြောင့် ဆွမ်းတစ်ကြိမ်မစားခင် အချိန်လေးမှာပဲ ပဋိသမ္ဘိဒါနဲ့တကွ ရဟန္တာဖြစ်သွားတယ်။ ပိဋကသုံးပုံဟာ ပဋိသမ္ဘိဒါတွေနဲ့တကွ ရောက်လာတယ်။ ဘုရားရှင်တွေရဲ့ဉာဏ်အား ကြီးမား တာဟာ အံ့သြလောက်ပါပေတယ်"လို့ ရဟန်းတွေက ပြောနေကြပါ တယ်။

(ဓမ္မပဒဋ္ဌ၊ ပ၊ ၁၅၈)

http://www.dhammadownload.com



## ဘုရားနဲ့ ခြေရာ

ဘုရားရှင်တွေရဲ့ ခြေတော်ရာဟာ အဓိဋ္ဌာန်ပြီး နင်းတဲ့နေရာမှာပဲ ထင်ပါတယ်။ အခြားနေရာမှာ မထင်ပါဘူး။ ရည်ညွှန်းအဓိဋ္ဌာန်ခံရတဲ့သူတွေသာ မြင်ကြပါတယ်။ အဲဒီလူတွေ မမြင်ရအောင် ဆင် စတဲ့သတ္တဝါတွေပဲ နင်းနင်း၊ မိုးကြီးပဲရွာရွာ၊ ဝေရမ္ဘလေတွေပဲတိုက်တိုက်၊ ဘယ်သူမှ မဖျက်နိုင်ပါဘူး။

(ဓမ္မပဒဋ္ဌ၊ သာမာဝတီဝတ္ထု၊ ၁၂၉)

## ဘုရားနဲ့ လောက

ဘုရားရှင်တွေဟာ နေ့တိုင်း နှစ်ကြိမ် လောကကြီးကိုကြည့်ပါတယ်။ နံနက်မိုးသောက်အခါ လောကကိုကြည့်ရင် စကြဝဠာနူတ်ခမ်းရစ်က စပြီး ဘုရားသီတင်းသုံးရာ ဂန္ဓကုဋိကျောင်းတော်ကို ရှေးရှုပြီး ဉာဏ်တော်နဲ့ ကြည့်ပါတယ်။ ညနေပိုင်းကြည့်ရင်း ဂန္ဓကုဋိကျောင်းတော်မှစပြီး အပြင်ကို ရှေးရှုကာ ဉာဏ်တော်နဲ့ ကြည့်ပါတယ်။

(ဓမ္မပဒဋ္ဌ၊ ပ၊ ၂၀၃။)

## ဘုရားနဲ့ ဆွမ်းခံနေရာ

ဘုရားရှင်တွေဆိုတာ တစ်နေရာတည်းမှာ အမြဲ ဆွမ်းကိုမခံယူကြ။

(ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ ၂၁၆)

## ဘုရားနဲ့ ဆွေမျိုးအရိပ်

ဝိဋ္ဋူဘအပြော။ ။ မြတ်စွာဘုရား ဘာကြောင့် ဒီလိုနေပူချိန်မှာ အရိပ်ကျဲကျဲ သစ်ပင်အောက်မှာ ထိုင်တော်မူပါသလဲ။ အေးမြတဲ့အရိပ်ရှိတဲ့ ပညောင်ပင်အောက်မှာ ထိုင်တော်မူပါ။

http://www.dhammadownload.com



ဘုရားရှင်အပြော။ ။ မဟာရာဇာ နေပါစေ၊ ဆွေမျိုးတွေရဲ့အရိပ် ဆိုတာ အေးမြတယ်။

(ဓမ္မပဒဋ္ဌ၊ ပုပ္ဖဝဂ္ဂ၊ ဝိဋ္ဋူဘဝတ္ထု၊)

## ဘုရားနဲ့ လမ်း

ဘုရားရှင်တွေမှာ လမ်းညွှန်ပြသူဖြင့် ကိစ္စဆိုတာ မရှိပါ။ ဗောဓိပင် အောက်မှာ လောကဓာတ်တစ်သောင်းကို တုန်လှုပ်စေပြီး ဘုရားအဖြစ် ရောက်ရာနေ့မှာပဲ ဘုရားရှင်တွေမှာ "ဒီလမ်းဟာ ငရဲသွားတယ်၊ ဒီလမ်းက တိရစ္ဆာန်ဘဝ၊ ဒီလမ်းက ပြိတ္တာဘဝ၊ ဒီလမ်းက လူ့ဘဝ၊ ဒီလမ်းက နတ်ဘဝ၊ ဒီလမ်းက နိဗ္ဗာန်ကိုသွားတယ်"လို့ လမ်းအားလုံးတွေဟာ ထင်ရှား နေကြပါတယ်။ မြို့ ရွာ နိဂုံး စတဲ့အရပ်တွေကို သွားတဲ့လမ်းတွေမှာ ပြော စရာပင်မရှိပါ။

(ဓမ္မပဒဋ္ဌ၊ ပ၊ ၂၃၈)

## ဘုရားနဲ့ တရားသံ

"မိဂါရသူဌေး၊ သင်ဟာ ကန့်လန့်ကာအပြင်ဘက်မှာပဲ ထိုင်ထိုင်၊ နံရံရဲ့ ဟိုဘက်မှာပဲထိုင်ထိုင်၊ တောင်ရဲ့ဟိုဘက်မှာပဲထိုင်ထိုင်၊ စကြဝဠာရဲ့ ဟိုဘက်မှာပဲထိုင်ထိုင်၊ ငါဘုရားရှင်ဆိုတာ ငါ့ရဲ့အသံကို သင်ကြားရအောင် လုပ်နိုင်တယ်"လို့ မိန့်ကာ သပြေပင်ကြီးကို ပင်စည်ကိုင်လှုပ်သူပမာ အမြိုက် မိုးကို ရွာသွန်းလိုက်သည့်ပမာ တရားဟောဖို့ တရားအစဉ်ကို အားထုတ် ပါတယ်။

(ဓမ္မပဒ၊ ပုပ္ဖဝဂ်၊ ဝိသာခါဝတ္ထု၊ ၂၅၆)

## ဘုရားနဲ့ လ

ဘုရားရှင်ဟာ တရားဟောရင် ရှေ့မှာရှိနေတဲ့လူတွေရော၊ နောက်မှာ

http://www.dhammadownload.com



ရှိနေတဲ့လူတွေရော၊ စကြဝဠာတစ်ရာ တစ်ထောင်ကိုလွန်ပြီး တည်နေတဲ့ လူတွေရော၊ အကနိဋ္ဌဘုံမှာ တည်နေတဲ့သူတွေရော "ဘုရားရှင်ဟာ ငါ့ကို သာ ကြည့်နေတယ်။ ငါ့အားသာ တရားကိုဟောတယ်"လို့ ပြောကြပါ တယ်။ မှန်ပါတယ်။ ဘုရားရှင်ဟာ ထိုထိုပုဂ္ဂိုလ်ကို ကြည့်သလိုလို၊ ထိုထို ပုဂ္ဂိုလ်နဲ့အတူ စကားပြောသလိုလို ဖြစ်ပါတယ်။ ဘုရားရှင်တွေဟာ လနဲ့ တူကြပါသတဲ့။ ကောင်းကင်အလယ်မှာ တည်နေတဲ့လဟာ "ငါ့ရဲ့အပေါ်မှာ လ၊ ငါ့ရဲ့အပေါ်မှာ လ"လို့ သတ္တဝါအားလုံးမှာ ထင်နေပါတယ်။ အဲဒီလို ပါပဲ ဘယ်နေရာမှာ တည်နေတဲ့သူပဲဖြစ်ဖြစ် ဘုရားရှင်တွေဟာ သူတို့ရဲ့ ရှေ့မှောက်မှာ ရပ်တည်နေသလို ထင်ကြပါတယ်။ ဒီလိုဖြစ်တာဟာ တန်ဆာ ဆင်ထားတဲ့ ဦးခေါင်းကိုဖြတ်၊ မျက်စဉ်းကွင်းထားတဲ့ မျက်လုံးတွေကိုထုတ်၊ နှလုံးသားကိုထုတ်၊ သူတစ်ပါးတွေရဲ့ ကျွန်အတွက် ဇာလီလိုသားတွေ၊ ကဏှာဇိနလိုသမီးတွေ၊ မဒ္ဒီလို ဇနီးတွေကို စွန့်ပြီး လှူခဲ့တဲ့ ဒါနရဲ့အကျိုးပါပဲ။

(ဝိသာခါဝတ္ထု၊ ၂၅၆)

## ဘုရားနဲ့ မစ္ဆရိယ

ဂုဏ်ရှိသူတွေရဲ့ဂုဏ်ကို ဘုရားရှင်တွေသာ ထင်ရှားအောင် ပြုနိုင် ကြပါတယ်။ ကျန်တဲ့လူတွေက ဂုဏ်ရှိသူတွေရဲ့ဂုဏ်ကို ပြောရင် ဝန်တို တတ်ပါတယ်။

(ဓမ္မပဒဋ္ဌ၊ ဗာလဝဂ်၊ သုမနမာလာကာရဝတ္ထု၊ ၃၀၉)

## ဘုရားနဲ့ ဆင်းရဲသား

ဘုရားရှင်တွေဆိုတာ ဆင်းရဲတဲ့လူတွေကို သနားကြပါတယ်။ ဒါ ကြောင့် ဘုရားရှင်ဟာ နံနက်စောစောပဲ ကိုယ်လက်သုတ်သင်ကာ "မဟာဒုက် ကို ချီးမြှောက်မယ်"လို့ ကြံကာ ဂန္ဓကုဋိကျောင်းမှာ ဝင်ပြီး ထိုင်နေပါတယ်။

(ဓမ္မပဒ၊ ပဏ္ဍိတဝဂ်၊ ပဏ္ဍိတသာမဏေရဝတ္ထု၊ ၃၆၃)

http://www.dhammadownload.com



## ဘုရားနဲ့ အာဏာရှင်

ဘုရားရှင်ရဲ့သပိတ်ကို ရသွားတဲ့ မဟာဒုက်ဟာ စကြဝတေးမင်းရဲ့ အသရေသို့ ရောက်သူပမာ ဖြစ်သွားပါတယ်။ မင်း၊ မင်းပျိုမင်းလွင် စတဲ့ ပုဂ္ဂိုလ်တွေဟာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြပါတယ်။ ဘုရားရှင်ပေးတဲ့ သပိတ်ကို ဘယ်သူကမျှ ပိုင်စိုးပိုင်နင်း အာဏာနဲ့ ယူလို့ မရပါဘူး။

(ပဏ္ဍိတသာမဏေရဝတ္ထု၊ ၃၆၃)

## ဘုရားနဲ့ အိမ်

ဘုရားရှင်တွေဟာ အိမ်ကိုဝင်ကြတဲ့အခါ ငုံ့ပြီးမဝင်ကြပါဘူး။ အိမ်ကို ဝင်တဲ့အခါ မြေကြီးကဖြစ်စေ အောက်ကို နိမ့်ဝင်သွားပါတယ်။ အိမ်က ဖြစ်စေ အပေါ်ကို မြင့်တက်သွားပါတယ်။ ဒါဟာ ကောင်းစွာလှူခဲ့တဲ့ ဒါနရဲ့အကျိုးပါပဲ။

(ပဏ္ဍိတသာမဏေရဝတ္ထု၊ ၃၆၅)

## ဘုရားနဲ့ အစောင့်

ကိုရင်ပဏ္ဍိတ တရားအားထုတ်နေရာမှာ လနတ်သားက လဝန်းကို ဆွဲထားတယ်။ နေနတ်သားက နေဝန်းကို ဆွဲထားတယ်။ နတ်မင်းကြီး ၄ ယောက်က ကျောင်းဝိုင်းအနီး အရပ်လေးမျက်နှာမှာ စောင့်ရှောက်ကြတယ်။ သိကြားမင်းက သံကောက်ပေါက်မှာစောင့်တယ်။ ဘုရားရှင်က "ငါဘုရားပဲ" လို့ ကြောင့်ကြမဲ့ကာ ထိုင်နေခွင့်မရ၊ သွားပြီး တံခါးမှခ်မှာ ကိုရင်အား စောင့်ရှောက်ပေးရတယ်။

(ပဏ္ဍိတသာမဏေရဝတ္ထု၊ ၃၇၁)

http://www.dhammadownload.com



# ဘုရားနဲ့ အပ်ချည်ထိုး

အရှင်အနုရုဒ္ဓါ ပုံသကူသင်္ကန်းချုပ်တဲ့နေ့မှာ ဘုရားရှင်ဟာ ရဟန်းငါးရာခြံရံပြီး ကျောင်းကိုကြွကာ ထိုင်နေပါတယ်။ မဟာထေရ် ၈၀ လည်း အဲဒီကျောင်းမှာ ထိုင်နေကြပါတယ်။ သင်္ကန်းချုပ်ဖို့ မဟာကဿပထေရ်က အရင်းမှာ ထိုင်ပါတယ်။ သာရိပုတ္တရာထေရ်က အလယ်မှာ၊ အာနန္ဒာထေရ်က အဖျား(ထိပ်)မှာ ထိုင်နေပါတယ်။ ရဟန်းအပေါင်းက ချည်ငင်နေပါတယ်။ ဘုရားရှင်က အပ်နဖားမှာ အပ်ချည်ထိုးနေပါတယ်။ မဟာ မောဂ္ဂလ္လာန်ထေရ်က အလိုရှိရာကို ဆောင်ပေးနေပါတယ်။

(ဓမ္မပဒဋ္ဌ၊ အရဟန္တဝဂ်၊ အနုရုဒ္ဓတ္ထေရဝတ္ထု၊ ၃၈၇/၈)

# ဘုရားနဲ့ ရာဟုလာ

ဘုရားရှင် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းမှာ သီတင်းသုံးခိုက် ဘုရားရှင်ဟာ ဆွမ်းခံကြွတော်မူပါတယ်။ ဘုရားရှင်ရဲ့နောက်က သားတော် အရှင်ရာဟုလာက ဆွမ်းခံကြွပါတယ်။ ဘုရားရှင်က အပွင့်တွေဝေဆာနေတဲ့ အင်ကြင်းတောအလယ်မှာ ရောက်နေတဲ့ မြေကောင်းကို သက်ဆင်းဖို့ ထွက်လာတဲ့ မုန်ယစ်တဲ့ဆင်ပြောင်မြတ်နဲ့ တူပါတယ်။ အရှင်ရာဟုလာကတော့ ဆင်ပြောင်ကြီးရဲ့ နောက်ကထွက်လာတဲ့ ဆင်ငယ်လေးနဲ့ တူပါတယ်။ ဘုရားရှင်ဟာ ညနေချမ်းအခါ ပတ္တမြားဂူက ထွက်လာပြီး စားကျက်ကိုသွားတဲ့ ခြင်္သေ့မင်းနဲ့ တူပါတယ်။ အရှင်ရာဟုလာက ခြင်္သေ့မင်းရဲ့နောက်က လိုက်လာတဲ့ ခြင်္သေ့ငယ်နဲ့ တူပါတယ်။ ဘုရားရှင်ဟာ ပတ္တမြားတောင်ကျက်သရေရှိတဲ့ တောအုပ်က အစွယ်အားကောင်းတဲ့ ကျားကြီးနဲ့ တူပါတယ်။ အရှင်ရာဟုလာက ကျားမင်းနောက်က ကျားငယ်နဲ့ တူပါတယ်။ ဘုရားရှင်နဲ့ ရာဟုလာဟာ လက်ပံတောကထွက်လာတဲ့ ဂဠုန်မင်းနဲ့ ဂဠုန်မင်းရဲ့နောက်က လိုက်လာတဲ့ ဂဠုန်ငယ်၊ စိတ္တကူဋတောင်က ကောင်းကင်အပြင်ကို ပြေးသွားတဲ့ ရွှေဟင်္သာမင်းနဲ့ ရွှေဟင်္သာမင်းရဲ့နောက်က ပျံလိုက်

http://www.dhammadownload.com



တဲ့ ဟသ်ာငယ်၊ အိုင်ကြီးကို သက်ဝင်တဲ့ ရွှေလှေကြီးနဲ့ ရွှေလှေကြီးရဲ့ နောက်ကလိုက်တဲ့ လှေငယ်၊ စကြာရတနာရဲ့အစွမ်းကြောင့် ကောင်းကင် အပြင်မှာသွားတဲ့ စကြဝတေးမင်းနဲ့ စကြဝတေးမင်းရဲ့နောက်ကလိုက်တဲ့ သားကြီးရတနာ၊ တိမ်ကင်းစင်တဲ့ ကောင်းကင်မှာသွားတဲ့ ကြယ်မင်းနဲ့ ကြယ်မင်းရဲ့နောက်ကလိုက်တဲ့ ကြယ်ငယ်နဲ့ တူကြပါတယ်။

(မဇ္ဈိမပဏ္ဏာ၊ ၄၊ ၉၁/၉၂)

## ဘုရားနဲ့ ရာဟုလာတို့ တူညီချက်

ဘုရားရှင်နဲ့ ရာဟုလာဟာ မဟာသမ္မတမင်းရဲ့အစဉ်အဆက်ဖြစ်တဲ့ သြက္ကာကမင်းမျိုးမှာ မွေးဖွားကြတယ်။ ခရသင်းမှာထည့်ထားတဲ့ နို့ရည် ပမာ အလွန်စင်ကြယ်တဲ့ ခတ္တိယဇာတ်မှာ မွေးဖွားခဲ့ကြတယ်။ တိုင်းပြည် ကို စွန့်ပြီး ရဟန်းဝတ်ခဲ့ကြတယ်။ ၃၂ ပါးသော ယောကျ်ားမြတ်တို့ရဲ့ လက္ခဏာတွေနဲ့ တန်ဆာဆင်ထားတဲ့ ခန္ဓာကိုယ်ဟာ နတ်ပြည်မှာ စိုက်ထူ ထားတဲ့ ရတနာတုရိဏ်ထိုင် (တံခါးတိုင်)နဲ့ တူတဲ့အပြင် ပင်လုံးကျွတ်ပွင့်တဲ့ ပင်လယ်ကသစ်ပန်းပင်နဲ့လည်း တူလို့ အလွန်ပဲ စိတ်ကိုဆွဲဆောင်နိုင်ပါတယ်။ ရှေးကံ ပါရမီတွေနဲ့ ပြည့်စုံကြတယ်။ မင်းဘဝကလာတဲ့ ရဟန်းတွေ ဖြစ် ကြတယ်။ မင်းမျိုးဖြစ်လို့ နူးညံ့ကြတယ်။ ရွှေအဆင်းလို ဝါဝင်းတဲ့အဆင်း ရှိကြတယ်။ လက္ခဏာတော်တွေနဲ့ ပြည့်စုံပြီး တစ်လမ်းတည်းကိုကြွကြတဲ့ အခါ ရှေ့နောက်ထွက်လာတဲ့ လနှစ်စင်း၊ နေနှစ်စင်း၊ သိကြားမင်းနှစ်ယောက်၊ သုယာမနတ်မင်းနှစ်ယောက်၊ သန္တုသိတနတ်မင်းနှစ်ယောက်၊ သုနိမ္မိတနတ်မင်း နှစ်ယောက်၊ ဝသဝတ္တိနတ်မင်းနှစ်ယောက်၊ မဟာဗြဟ္မာနှစ်ယောက် စသည် တို့ရဲ့ အသရေကို ဘုရားရှင်နဲ့ ရာဟုလာတို့ရဲ့ အသရေက လွှမ်းမိုးသကဲ့သို့ ဖြစ်ကာ တင့်တယ်ကြပါတယ်။

(မဇ္ဈိမပဏ္ဏာ၊ ၄၊ ၉၂)

http://www.dhammadownload.com



## ဘုရားနဲ့ ရာဟုလာအကြံ

ဘုရားရှင်ရဲ့နောက်က လိုက်နေတဲ့ အရှင်ရာဟုလာ ဘုရားရှင်ရဲ့ ခြေဖျားမှ ဆံပင်အဆုံးအထိ ကြည့်တဲ့အခါ ဘုရားရှင်ရဲ့ ရုပ်သွင်ပြင် တင့်တယ်တာကို မြင်ရလို့ ဒီလိုကြံပါတယ်။

"ဘုရားရှင်ဟာ တင့်တယ်ပါပေတယ်။ ၃၂ ပါးသော ယောကျ်ား မြတ်လက္ခဏာတော်တွေနဲ့ ဆန်းကြယ်တဲ့ကိုယ် ရှိပါပေတယ်။ တစ်လံမျှသော ကိုယ်တော်အရောင်က ဝန်းရံထားတဲ့အတွက် ပြန့်ကျဲနေတဲ့ ရွှေမှုန်တွေအလယ်မှာ ရောက်နေသလို ဖြစ်ပါပေတယ်။ လျှပ်ရောင်တွေ ဝိုင်းရံထားတဲ့ ရွှေတောင်နဲ့ တူပါပေတယ်။ ယန္တရားစက်နဲ့ ချည်ကို ကောင်းစွာ ငင်ထားတဲ့ ရတနာနဲ့ ဆန်းကြယ်တဲ့ ရွှေခဲပမာ၊ နီတဲ့ ပုံသကူသက်န်း ဖုံးလွှမ်းထားတဲ့၊ နီတဲ့ ကမ္ဗလာ ကာရံထားတဲ့ ရွှေတောင်ပမာ သန္တာနွယ်တွေနဲ့ တန်ဆာဆင်ထားတဲ့ ရွှေခဲပမာ၊ စိန်ပိဋ္ဌအမှုန့်နဲ့ ပူဇော်ထားတဲ့ ရွှေစေတီပမာ၊ ချိပ်ရည်လောင်းထားတဲ့ ရွှေတိုင်ပမာ၊ နီတဲ့ တိမ်တိုက်ကြားက ချက်ချင်းထွက်ပေါ်လာတဲ့ လပြည့်ဝန်းပမာ ဖြစ်ပါပေတယ်။ ၃၀ အပြားရှိတဲ့ ပါရမီတော်အစွမ်းတွေနဲ့ ပြုပြင်စီရင်ထားတဲ့ ခန္ဓာကိုယ်ရဲ့ အသရေနဲ့ ပြည့်စုံမှုဟာ အံ့သြစရာကောင်းပါပေတယ်"

(မဇ္ဈိမပဏ္ဏာ၊ ၄၊ ၉၂/၃)

## ဘုရားနဲ့ အာဏာ

"မြတ်စွာဘုရား၊ မြတ်စွာဘုရားက တန်ခိုးပြာဋိဟာ မပြုဖို့ တပည့်တွေအား ဥပဒေထုတ်ထားတယ် မဟုတ်ပါလား"

"ဗိမ္ဗိသာရမင်းကြီး ဟုတ်တယ်။ ဥပဒေထုတ်ထားတယ်"

"အခု တိတ္ထိတွေက မြတ်စွာဘုရားနဲ့ တန်ခိုးပြိုင်မယ်လို့ ပြောနေကြပါတယ်၊ ဘယ်လိုလုပ်ပါမလဲ"

"မင်းကြီး သူတို့ပြိုင်ရင် ငါဘုရားပြိုင်မယ်"

"မြတ်စွာဘုရား ဥပဒေထုတ်ထားတယ်မဟုတ်ပါလား"

http://www.dhammadownload.com



"မင်းကြီး အဲဒီဥပဒေဟာ ငါဘုရားအတွက်မဟုတ်ဘူး၊ ငါဘုရားရဲ့ တပည့်တွေအတွက်သာ ဖြစ်တယ်"

"မြတ်စွာဘုရားကို ဘေးဖယ်ထားပြီး အခြားသူတွေအတွက် ဥပဒေ ထုတ်ပါသလား"

"မင်းကြီး ဒီလိုဆိုရင် ဒီနေရာမှာ မင်းကြီးကိုပဲ မေးပါမယ်။ မင်းကြီးရဲ့နိုင်ငံမှာ ဥယျာဉ်ရှိတယ်နော်"

"ရှိပါတယ်ဘုရား"

"မင်းကြီးရဲ့ဥယျာဉ်ထဲက သရက်သီး စတာတွေကို လူအများဟာ စားခဲ့ရင် အဲဒီလူအများကို မင်းကြီးဘာလုပ်ပါမလဲ"

"ဒဏ်တပ်ပါမယ်ဘုရား"

"မင်းကြီးတော့ စားခွင့်ရသလား"

"မှန်ပါ၊ တပည့်တော်မှာ ဒဏ်မရှိပါ၊ တပည့်တော်ရဲ့ဥစ္စာကို စားခွင့် ရပါတယ်"

"မင်းကြီး မင်းကြီးရဲ့အာဏာဟာ ယူဇနာ ၃ ရှိတဲ့ မင်းကြီးရဲ့ နိုင်ငံမှာ ပျံ့နှံ့တယ်။ ကိုယ့်ဥယျာဉ်က သရက်သီး စတာတွေကို စားတဲ့ သင်မင်းကြီးမှာ ဒဏ်မရှိ။ အခြားသူတွေမှာ ရှိတယ်။ အဲဒီလိုပါပဲ ငါဘုရား ရဲ့ အာဏာဟာ စကြဝဠာကုဋေတစ်သိန်းမှာ ပျံ့နှံ့တယ်။ ငါဘုရားမှာ ဥပဒေချိုးဖောက်တယ်ဆိုတာ မရှိဘူး။ အခြားတပည့်တွေမှာသာ ရှိတယ်။ ငါဘုရား တန်ခိုးပြိုင်မယ်"

(ဓမ္မပဒဋ္ဌ၊ ၃၊ ၁၃၃)

## ဘုရားနဲ့ ဗောဓိကျွဲ

"ရဟန်း လာလော၊ တရားကို ကောင်းစွာဟောကြားထားတယ်။ ဒုက္ခရဲ့အဆုံးကိုပြုဖို့ရာ မြတ်တဲ့အကျင့်ကို ကျင့်ပါ"လို့ ဘုရားရှင်ဟာ လက်ယာလက်တော်ကို ဆန့်တန်းပြီး မိန့်လိုက်တာနဲ့တစ်ပြိုင်နက် အမိန့်ခံ ရသူမှာ တန်ခိုးနဲ့ပြီးတဲ့ သပိတ် သင်္ကန်းကို ရပါတယ်။ အဲဒီအမိန့်ခံရသူမှာ

http://www.dhammadownload.com



ချက်ချင်း လူ့အသွင် ပျောက်သွားပါတယ်။ ရဟန်းအသွင်ရောက်ပါတယ်။ သင်းပိုင်၊ ကေသီ၊ နှစ်ထပ်သင်္ကန်း၊ သပိတ်၊ ဓား၊ အပ်၊ ခါးပန်းကြိုး၊ ရေစစ် ဆိုတဲ့ ပရိက္ခရာ ၈ ပါးဟာ ကိုယ်မှာရောက်ပြီးသား ဖြစ်နေပါတယ်။ အဲဒီလိုအခေါ်ခံရသူမှာ သီးခြားရဟန်းခံစရာ မလိုပါဘူး။ အဲဒီလိုအခေါ်ခံလိုက်ရတာဟာပဲ ရဟန်းခံခြင်းဖြစ်ပါတယ်။ အဲဒီလို အခေါ်ခံရသူဟာ ရှေးက သီလရှိတဲ့ ပုဂ္ဂိုလ်တွေအား ပေးလှူခဲ့ကြပါတယ်။ အဲဒီလို လှူခဲ့သူကို ဘုရားရှင်က ခေါ်ဝေါ်တော်မူပါတယ်။

(ပဉ္စမပဏ္ဏာသ၊ အင်္ဂုလိမာလသုတ်၊ ၂၃၁)

## ဘုရားနဲ့ ၁၀၈ ကွက် စက်လက္ခဏာ

ဘုရားရှင်ရဲ့ ခြေဖဝါးနှစ်ဖက်မှာ ၁၀၈ ကွက် စက်အမှတ်အသား ပါရှိပါတယ်။

၁။ လှံမ။
၂။ ကျက်သရေတိုက်။
၃။ ဇလပ်ပန်း။
၄။ လည်ရေးသုံးဆင့်။
၅။ ဦးဆောက်ပန်း (ဦးစိုက်ပန်း)။
၆။ ထမင်းပွဲ။
၇။ ရွှေသလွန်တော်။
၈။ ချွန်းတောင်း။
၉။ ပြာသာဒ်။
၁၀။ တုရိဏ်တိုင် (တံခါးတိုင်)။
၁၁။ ထီးဖြူ။
၁၂။ သန်လျက်။
၁၃။ ထန်းရွက်ယပ်ဝန်း။
၁၄။ ဥဒေါင်းမြီးစည်းယပ်။

http://www.dhammadownload.com



၁၅။ သင်းကျစ်။
၁၆။ ပတ္တမြားကျောက်မျက်။
၁၇။ အရောင်တဖိတ်ဖိတ်လက်တဲ့ စားတော်ခွက်။
၁၈။ မုလေးပန်းဆိုင်း။
၁၉–၂၃။ ကြာညို၊ ကြာနီ၊ ကြာဖြူ၊ ကြာပဒုမ္မာ၊ ကြာပုဏ္ဍရိက်ဆိုတဲ့ ကြာမျိုးငါးပါး။
၂၄။ မုန်ညင်းဖြူစေ့ စသည်နဲ့ ပြည့်တဲ့အိုး။
၂၅။ မုန်ညင်းဖြူစေ့ စသည်နဲ့ ပြည့်တဲ့ဖလား။
၂၆။ သမုဒ္ဒရာ။
၂၇။ စကြဝဠာတောင်။
၂၈။ ဟိမဝန္တာတောင်။
၂၉။ မြင်းမိုရ်တောင်။
၃၀။ နေဝန်း။
၃၁။ လဝန်း။
၃၂။ နက္ခတ်များ။
၃၃–၃၆။ ကျွန်းငယ်အရံနှစ်ထောင်နဲ့တကွ ကျွန်းကြီးလေးကျွန်း။
၃၇။ အခြွေအရံပရိသတ်၊ ရတနာ ၇ ပါးနဲ့ပြည့်စုံတဲ့ စကြာမင်း။
၃၈။ လက်ယာရစ် ခရုသင်းဖြူ။
၃၉။ ရွှေငါးကြင်းအစုံ။
၄၀။ စက်လက်နက်။
၄၁–၄၇။ ဂင်္ဂါမြစ်ကြီး ၇ မြစ်။
၄၈–၅၄။ တောင်စဉ်တောင်ရံ ၇ လုံး။
၅၅–၆၁။ သီတာ ၇ တန်။
၆၂။ ဂဠုန်ငှက်မင်း။
၆၃။ မိကျောင်း။
၆၄။ တံခွန်လျှား။

http://www.dhammadownload.com



၆၅။ တံခွန်ကုက္ကား။
၆၆။ ရွှေသန်လျင်း။
၆၇။ ရွှေရောင်တောက်တဲ့သားမြီးယပ်။
၆၈။ ကေလာသငွေတောင်။
၆၉။ ခြင်္သေ့မင်း။
၇၀။ ကျားမင်း။
၇၁။ ဝလာဟကမြင်းမင်း။
၇၂။ ဥပေါသထ ဆင်မင်း (သို့မဟုတ်) ဆဒ္ဒန်ဆင်မင်း။
၇၃။ ဗာသုကီနဂါးမင်း။
၇၄။ ရွှေဟင်္သာမင်း။
၇၅။ ဥသဘနွားမင်း။
၇၆။ ဧရာဝဏ်ဆင်မင်း။
၇၇။ ရွှေမကန်း။
၇၈။ ရွှေလှေ။
၇၉။ ဗြဟ္မာမင်း။
၈၀။ သားနဲ့တကွဖြစ်တဲ့ နို့စားနွားမ။
၈၁။ ကိန္နရာ(ဖို-မ)။
၈၂။ ကရဝိက်ငှက်မင်း။
၈၃။ ဥဒေါင်းမင်း။
၈၄။ ကြိုးကြာငှက်မင်း။
၈၅။ စက္ကဝါက်ငှက်မင်း။
၈၆။ ဇီဝဇိုးငှက်မင်း။
၈၇–၉၂။ ကာမာဝစရနတ်ပြည် ၆ ထပ်။
၉၃–၁၀၈။ ရူပါဝစရဗြဟ္မာပြည် ၁၆ ထပ်။

(မဇ္ဈိမပဏ္ဏာသ၊ ၂၅၇၊ ၈)

http://www.dhammadownload.com



## ဘုရားနဲ့ ပဋ္ဌာန်း

ဘုရားရှင်ဟာ အဘိဓမ္မာတရားတော်တွေကို သုံးသပ်ဆင်ခြင်တော်မူတဲ့အခါ ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက် ဆိုတဲ့ အဘိဓမ္မာအောက် ၆ ကျမ်းကို သုံးသပ်ဆင်ခြင်တော်မူခိုက်မှာ သဗ္ဗညုတဉာဏ်တော်က ကျယ်ဝန်းပြီး တရားနည်းက ကျဉ်းနေလို့ သဗ္ဗညုတဉာဏ်တော် ကွန့်မြူးခွင့်မသာပါ။ ရောင်ခြည်တော် ၆ ပါးလည်း မကွန့်မြူးကြပါ။

ပဋ္ဌာန်းကျမ်းကြီးကို သုံးသပ်ဆင်ခြင်တော်မူတဲ့အခါ ယူဇနာ ရှစ်သောင်းလေးထောင်ရှိတဲ့ မဟာသမုဒ္ဒရာမှာသာ တိမိရပိင်္ဂလငါးကြီးဟာ မြူးကွန့်ခွင့်သာသလို သဗ္ဗညုတဉာဏ်တော်ဟာ ပဋ္ဌာန်းကျမ်းမှာသာ မြူးကွန့်ခွင့် သာပါတယ်။

(အဋ္ဌသာလိနီ၊ ၁၄)

## ဘုရားနဲ့ ပါရမီ

ကြီးမားတဲ့ အားထုတ်မှုနဲ့ ကောင်းမှုပါရမီက ပြည့်စုံနိုင်ပါတယ်။ ပြည့်စုံတဲ့ ကောင်းမှုပါရမီကို ကမ္ဘာကုဋေ ထောင်ပေါင်းများစွာနဲ့လည်း ရနိုင်ခဲပါတယ်။ ဒါကြောင့် ဘုရားရှင်တွေ ပွင့်ဖို့ဆိုတာ အလွန်ခဲယဉ်းပါတယ်။

(ဓမ္မပဒဋ္ဌ၊ ၃၊ ၁၅၂)

## ဘုရားနဲ့ ပလ္လင်္ကသတ္တာဟ

ဘုရားရှင်ဟာ ဘုရားဖြစ်ပြီး ကဆုန်လပြည့်ကျော် ၁ ရက်နေ့ကို ရောက်သစ်စအခါ ဗောဓိပင်အောက်မှာ တင်ပျဉ်ခွေထိုင်ရင်း အရဟတ္တဖလသမာပတ်ချမ်းသာကို ခံစားနေပါတယ်။ ကဆုန်လပြည့်ကျော် ၁ ရက်နေ့ ညဉ့်သုံးယံပတ်လုံး ပဋိစ္စသမုပ္ပာဒ်တရားတော်ကို အနုလုံ ပဋိလုံ ဆင်ခြင်တော်မူပါတယ်။ ဥဒါန်းသုံးဂါထာကို ကျူးရင့်တော်မူပါတယ်။ ကဆုန်လပြည့်

http://www.dhammadownload.com



ကျော် (၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇) နေ့တွေမှာ ဗောဓိပင်အောက် တင်ပျဉ်ခွေထိုင်ကာ အရဟတ္တဖိုလ်ချမ်းသာကို ခံစားနေပါတယ်။

(ဝိနည်း မဟာဝါပါဠိ၊ ၁၊ ၂)

## ဘုရားနဲ့ အနိမိသ သတ္တာဟ

ဘုရားရှင်ဟာ ကဆုန်လပြည့်ကျော် ၈ ရက်နေ့မှာ အရဟတ္တဖလ သမာပတ်မှထပြီး "ဘုရားရှင်ဟာ ယခုအထိ ပလ္လင်က မထသေးဘူး။ ဘုရားဖြစ်အောင် ပြုနိုင်တဲ့ အခြားတရားတွေ ရှိနေသေးသလား" လို့ ဖြစ်နေတဲ့ နတ်ဗြဟ္မာတွေရဲ့သံသယကို သိတော်မူလို့ အဲဒီသံသယကို ပယ်ဖျောက်ဖို့ရာ ကောင်းကင်မှာ ပျံတက်ပြီး ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာကို ပြတော်မူပါတယ်။ နတ်ဗြဟ္မာတွေရဲ့ သံသယကို ပယ်ဖျောက်ပြီး ပလ္လင်မှ အရှေ့မြောက်ထောင့်အရပ်မှာ ရပ်တော်မူကာ ၄ အသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကြာ ဆည်းပူးတော်မူခဲ့တဲ့ ပါရမီတွေရဲ့ အကျိုးဖြစ်တဲ့ ဘုရားအဖြစ်ကိုရရာ ပလ္လင်နဲ့ ဗောဓိပင်ကို မမှိတ်တဲ့ မျက်စိတွေနဲ့ကြည့်ကာ ၇ ရက်ကို ကုန်လွန်စေပါတယ်။ အဲဒီအရပ်ဟာ အနိမိသစေတီ မည်ပါတယ်။

(ဝိနည်း မဟာဝါ၄၊ ၂၃၈)

## ဘုရားနဲ့ စင်္ကမသတ္တာဟ

ဘုရားရှင်ဟာ သုံးခုမြောက် ၇ ရက်ရောက်တဲ့အခါ ပလ္လင်နဲ့ အနိမိသစေတီကြားမှာ အရှေ့အနောက် အလျားရှည်တဲ့ နတ်ဗြဟ္မာတို့ ဖန်ဆင်းထားတဲ့ ရတနာစင်္ကြံမှာ တရားတော်ကို ဆင်ခြင်ကာ ဖလသမာပတ်ကို ဝင်စားကာဖြင့် ခေါက်တုံ့ခေါက်ပြန် စင်္ကြံလျှောက်ပြီး ၇ ရက်ကို ကုန်လွန်စေပါတယ်။ အဲဒီအရပ်ဟာ ရတနစင်္ကမစေတီ မည်ပါတယ်။

(ဝိနည်းမဟာဝါ၊ ၄၊ ၂၃၈)

http://www.dhammadownload.com



## ဘုရားနဲ့ ရတနဃရသတ္တာဟ

ဘုရားရှင်ဟာ ၄ ခုမြောက် ၇ ရက်ရောက်တဲ့အခါ ဗောဓိပင်မှ အနောက်မြောက်ထောင့်အရပ်မှာ နတ်ဗြဟ္မာတွေ ဖန်ဆင်းထားတဲ့ ရတနာအိမ်မှာ တင်ပျဉ်ခွေထိုင်ကာ အဘိဓမ္မာ ပိဋကကို အထူးသဖြင့် ပဋ္ဌာန်းကို သုံးသပ်ဆင်ခြင်တော်မူကာ ၇ ရက်ကို ကုန်လွန်စေပါတယ်။ အဲဒီအရပ်ဟာ ရတနဃရစေတီ မည်ပါတယ်။ ၇ ရက် ၄ လီ = ၂၈ ရက်ပတ်လုံး ဗောဓိပင်ရဲ့အနီးမှာ ဘုရားရှင်ဟာ အချိန်ကုန်လွန်စေပါတယ်။

(ဝိနည်းမဟာဝါ၊ ဋ္ဌ၊ ၂၃၈၊ ၉)

## ဘုရားနဲ့ အဇပါလသတ္တာဟ

ဘုရားရှင်ဟာ ဗောဓိပင်ရဲ့အနီး ၂၈ ရက်ပတ်လုံး သီတင်းသုံးပြီးတဲ့အခါ ၅ ခုမြောက် ၇ ရက်အရောက်မှာ ဗောဓိပင်ရဲ့ အရှေ့အရပ်မှာရှိတဲ့ အဇပါလညောင်ပင် (ဆိတ်ကျောင်းသားတို့ အရိပ်ခိုနားနေရာ ညောင်ပင်) ရင်းကို ကြွတော်မူပြီး ၇ ရက်ပတ်လုံး တရားကို ဆင်ခြင်ကာ ဖလသမာပတ်ကို ဝင်စားကာဖြင့် အဇပါလညောင်ပင်ရင်းမှာ သီတင်းသုံးတော်မူပါတယ်။

(မဟာဝါ၊ ဋ္ဌ၊ ၂၃၉)

## ဘုရားနဲ့ မုစလိန္ဒသတ္တာဟ

ဘုရားရှင်ဟာ အဇပါလညောင်ပင်က ဖဲခွာပြီး ဗောဓိပင်ရဲ့ အရှေ့တောင်အရပ်မှာရှိတဲ့ မုစလိန္ဒာအိုင်အနီး ကျည်းပင်ရင်းကို ကြွတော်မူကာ အဲဒီကျည်းပင်ရင်းမှာ ၇ ရက်ပတ်လုံး တင်ပျဉ်ခွေကာ အရဟတ္တဖိုလ်ချမ်းသာကို ခံစားကာ နေတော်မူပါတယ်။

(မဟာဝါပါဠိ၊ ၃)

http://www.dhammadownload.com



## ဘုရားနဲ့ ရာဇာယတနသတ္တာဟ

ဘုရားရှင်ဟာ ကျည်းပင်ရင်းက ဖဲခွာပြီး ဗောဓိပင်ရဲ့ တောင်အရပ်မှာရှိတဲ့ ရာဇာယတန (လင်းလွန်းပင်)ရင်းကို ကြွတော်မူကာ အဲဒီလင်းလွန်းပင်ရင်းမှာ ၇ ရက်ပတ်လုံး တင်ပျဉ်ခွေကာ အရဟတ္တဖိုလ်ချမ်းသာကို ခံစားကာ နေတော်မူပါတယ်။

(မဟာဝါပါဠိ၊ ၄)

## ဘုရားနဲ့ ရက်ပေါင်း ၄၉

ဘုရားရှင်ဟာ ဒီရက်ပေါင်း ၄၉ ရက်အတွင်းမှာ ခံတွင်းမဆေး၊ မျက်နှာမသစ်၊ ကျင်ကြီးကျင်ငယ်မစွန့်၊ ရေမချိုး၊ ဆွမ်းမဘုဉ်းပေး၊ ရေမသုံးဆောင်၊ မလျောင်းစက် ဈာန်ချမ်းသာ ဖိုလ်ချမ်းသာ အချိန်ကို ကုန်လွန်စေပါတယ်။

၄၉ ရက်မြောက်နေ့ (ဝါဆိုလဆန်း ၅ ရက် ဗုဒ္ဓဟူးနေ့)မှာ လင်းလွန်းပင်အောက် ထိုင်နေတဲ့ ဘုရားရှင်မှာ မျက်နှာသစ်မယ်လို့ စိတ်ဖြစ်လာပါတယ်။ သိကြားမင်းက ဆေးကြစုသီးကို ဆက်ကပ်ပါတယ်။ ဘုရားရှင်က အဲဒီကြစုသီးကို ဘုဉ်းပေးပါတယ်။ အဲဒီလို ဘုဉ်းပေးလို့ ကျင်ကြီးကျင်ငယ် စွန့်ပါတယ်။ အဲဒီကနောက် သိကြားမင်းကပဲ နဂါးပြည်မှာဖြစ်တဲ့ ကွမ်းရိုးဒန်ပူနဲ့ မျက်နှာသစ်ရန် အနောတတ်အိုင်ရေကို ဘုရားရှင်အား ဆက်ကပ်ပါတယ်။ ဘုရားရှင်က အဲဒီဒန်ပူကိုစားပြီး အနောတတ်အိုင်ရေနဲ့ မျက်နှာသစ်ကာ အဲဒီလင်းလွန်းပင်ရင်းမှာပဲ ထိုင်နေတော်မူပါတယ်။

(ဇာတက၊ ဋ္ဌ၊ ပ၊ ၉၂/၃)

## ဘုရားနဲ့ သပိတ်

ဘုရားအလောင်း တောထွက်စဉ်က ဃဋီကာရဗြဟ္မာကြီး လှူလိုက်တဲ့ မြေသပိတ်ဟာ သုဇာတာရဲ့ ဃနာနို့ဆွမ်းကို ခံယူတဲ့နေ့ကပဲ ကွယ်ပျောက်

http://www.dhammadownload.com



သွားလို့ "ရှေးရှေးဘုရားရှင်တွေဟာ လက်တို့ဖြင့် အာဟာရကို မခံယူကြဘူး၊ ငါဟာ ဒီကုန်သည်ညီနောင်တွေလှူတဲ့ မုန့်ကြွက်ကျစ်နဲ့ ပျားဆုပ်မုန့်ကို ဘာနဲ့ ခံယူရပါ့မလဲ"လို့ ဘုရားရှင်ဟာ ကြံတော်မူပါတယ်။ အဲဒီအခါ ဘုရားရှင်ရဲ့စိတ်ကိုသိလို့ နတ်မင်းကြီး ၄ ယောက်ဟာ ဣန္ဒနီလာကျောက်ညို သပိတ်တွေကို ဆက်ကပ်ကြပါတယ်။ ဘုရားရှင်က ပယ်ပါတယ်။ တစ်ဖန် ပဲနောက် အဆင်းရှိတဲ့ ပကတိကျောက်သပိတ် ၄ လုံးတို့ကို ဆက်ကပ်ကြပြန်ပါတယ်။ ဘုရားရှင်က သနားလို့ အဲဒီသပိတ် ၄ လုံးကို ခံယူပြီး တစ်လုံးအပေါ်တစ်လုံးဆင့်ထားကာ "တစ်လုံးတည်း ဖြစ်ပါစေသတည်း"လို့ အဓိဋ္ဌာန်လိုက်ပါတယ်။ အနားရစ် ၄ ခုရှိကာ အလယ်အလတ်ပမာဏနဲ့ တစ်လုံးတည်းဖြစ်သွားပါတယ်။

(ဇာတကဋ္ဌ၊ ပ၊ ၉၃)

## ဘုရားနဲ့ ဆံပင် မုတ်ဆိတ်

ဘုရားလောင်းဟာ ကိုယ်တိုင်ပဲ သန်လျက်နဲ့ဖြတ်မယ်လို့ ကြံကာ လက်ယာလက်နဲ့ သန်လျက်ကိုကိုင်ကာ လက်ဝဲလက်နဲ့ မကိုဋ်နဲ့တကွ ဆံထုံးကိုကိုင်ပြီး ဖြတ်ပါတယ်။ ဆံပင်တွေဟာ လက်နှစ်သစ်ရှိပြီး လက်ယာရစ်လည်ကာ ဦးခေါင်းကို ငြိကပ်နေကြပါတယ်။ ဆံပင်ဟာ တစ်သက်လုံး လက်နှစ်သစ်ပမာဏ ဖြစ်သွားပါတယ်။ မုတ်ဆိတ်ကျင်စွယ်တွေကလည်း ဆံပင်တွေလိုပဲ ကြည့်လို့ကောင်းတဲ့ အနေအထားနဲ့ တစ်သက်လုံး တည်နေကြပါတယ်။ အဲဒီ ဆံပင် မုတ်ဆိတ် ကျင်စွယ်တွေကို နောက်ထပ်ရိပ်ဖွယ် ကိစ္စ လုံးဝမရှိတော့ပါ။

(ဇာတကဋ္ဌ၊ ပ၊ ၇၆)

## ဘုရားနဲ့ ဘုရားမဖြစ်ခင် သံမဏိစိတ်ထား

ဘုရားလောင်းဟာ ဗောဓိပင်စည်ကို ကျောပေးပြီး အရှေ့အရပ်ကို မျက်နှာမူကာ ခိုင်မြဲတဲ့စိတ်ထားနဲ့ "အရေ အကြော အရိုးမျှ ကျန်ချင်ကျန်

http://www.dhammadownload.com



ပါစေ၊ အသား အသွေးတွေ ခြောက်ခန်းချင်ခြောက်ခန်းပါစေ ဘုရားမဖြစ် သေးသမျှ ဒီတင်ပျဉ်ခွေကို မဖျက်အံ့''လို့ ဆုံးဖြတ်ကာ မိုးကြိုးတစ်ရာ ပစ်ပေမယ့်လည်း မပျက်တဲ့ မရှုံးနိမ့်တဲ့ တင်ပျဉ်ကို ခွေကာ ထိုင်နေပါတယ်။

(ဇာတကဋ္ဌ၊ ပ၊ ၈၃)

## ဘုရားနဲ့ ရေမီးအစုံတန်ခိုး ၄ ခါ

ဘုရားရှင်ဟာ မဟာဗောဓိမဏ္ဍိုင်အရပ်၊ ကပိလဝတ်ပြည်ဝယ် ဆွေ တော်မျိုးတော်တို့ရဲ့ အစည်းအဝေး၊ ဝေသာလီပြည်ဝယ် ပါထိကပုတ္တ တက္ကဒွန်းကို အကြောင်းပြုပြီးဖြစ်တဲ့ အစည်းအဝေး၊ ဥယျာဉ်စောင့် ကဏ္ဍ စိုက်ထားတဲ့ သရက်ပင်အနီးနေရာတွေမှာ ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာ ကို ပြတော်မူပါတယ်။

(ဇာတကဋ္ဌ၊ ပ၊ ၉၀)

## ဘုရားနဲ့ ရေမီးအစုံ

ရေမီးအစုံ တန်ခိုးပြာဋိဟာကို ဘုရားရှင်သာ ပြနိုင်ပါတယ်။ တပည့် သာဝကတွေ မပြနိုင်ကြပါဘူး။ ဘုရားရှင်ရဲ့ အထက်ပိုင်းကိုယ်က မီးထွက် ရင် အောက်ပိုင်းကိုယ်က ရေအလျဉ် ထွက်ပါတယ်။ အောက်ပိုင်းကိုယ်က မီးထွက်ရင် အထက်ပိုင်းကိုယ်က ရေအလျဉ်ထွက်ပါတယ်။ ရှေ့ပိုင်းကိုယ်နဲ့ နောက်ပိုင်းကိုယ်၊ ညာဘက်မျက်စိနဲ့ ဘယ်ဘက်မျက်စိ၊ နားပေါက်နှစ်ဖက်၊ နှာခေါင်းပေါက်နှစ်ဖက်၊ ပခုံးနှစ်ဖက်၊ လက်နှစ်ဖက်၊ နံပါးနှစ်ဖက်၊ ခြေနှစ်ဖက်၊ လက်ချောင်းတွေနဲ့ လက်ချောင်းကြားတွေ၊ မွေးညင်းတစ်ပေါက်တစ်ပေါက်နဲ့ တစ်ပေါက်တစ်ပေါက်တွေက ရေမီးအစုံအစုံ တစ်လှည့်စီ ထွက်ကြပါတယ်။ အညို အဝါ အနီ အဖြူ နီကြင်ကြင် ဝါကြန့်ကြန့် ပြိုးပြိုးပြက်အရောင် အဖြစ်နဲ့ ရေမီးတွေဟာ အရောင်ထွက်ကြပါတယ်။ သက်တော်ထင်ရှားဘုရား က စင်္ကြံကြွရင် ဖန်ဆင်းထားအပ်တဲ့ ဘုရားရှင်က (နိမ္မိတဘုရားရှင်က) ထိုင်ရင်လည်းထိုင်၊ ရပ်ရင်လည်းရပ်၊ လျောင်းရင်လည်း လျောင်းပါတယ်။

http://www.dhammadownload.com



သွား ရပ် ထိုင် လျောင်း ဣရိယာပုတ် ၄ ပါးထဲက တစ်ပါးက ဒါကိုပြုရင် အခြားတစ်ပါးက အခြားဟာကို ပြုပါတယ်။ ဒါဟာ ဘုရားရှင်ရဲ့ ရေမီးအစုံ တန်ခိုးပြာဋိဟာ ဉာဏ်တော်ပါပဲ။

ရေအလျဉ်ဟာ ဘုရားရှင်ရဲ့ အာပေါကသိုဏ်း သမာပတ်အစွမ်းကြောင့် ဖြစ်ပါတယ်။ မီးဟာ တေဇောကသိုဏ်း သမာပတ်အစွမ်းကြောင့် ဖြစ်ပါတယ်။ ရေအလျဉ်ဖြစ်ရာအရပ်မှ မီးမဖြစ်ပါဘူး။ မီးထွက်ရာအရပ်မှလည်း ရေအလျဉ် မထွက်ပါဘူး။ ရေအလျဉ်ဟာ မီးနဲ့မရောသလို မီးဟာလည်း ရေအလျဉ်နဲ့ မရောပါဘူး။ အဲဒီရေမီးအစုံဟာ ဗြဟ္မာဘုံတိုင်အောင် တက်သွားပြီး စကြဝဠာ နှုတ်ခမ်းရစ်မှာ ကျပါတယ်။ ရောင်ခြည်တော် ၆ သွယ်တွေဟာ အိုးတွေနဲ့ လောင်းထည့်အပ်တဲ့ မှုန့်မှုန့်ညက်နေတဲ့ ရွှေပမာ၊ စက်ယန္တရားမှထွက်တဲ့ ရွှေရည်အလျဉ်ပမာ စကြဝဠာ တစ်ခန်းတစ်စုမှထွက်ပြီး ဗြဟ္မာပြည်သို့တက်ကာ ပြန်ကျလာပြီး စကြဝဠာနှုတ်ခမ်းကိုပဲ ရောက်ကြပါတယ်။ စကြဝဠာတိုက်ခန်းတစ်ခုဟာ ကောက်တဲ့ အခြင်ရနယ်ပမာ ဇောခိအိမ် ဖြစ်ပါတယ်။ တစ်ခဲနက် အလင်းရောင်ရှိပါတယ်။

(ဓမ္မပဒ ဋ္ဌ၊ ဒု၊ ၁၃၉/၁၄၀)

## ဘုရားနဲ့ တရားနာပရိသတ်စိတ်

အဲဒီနေ့မှာ ဘုရားရှင်ဟာ စင်္ကြံလျှောက်ပြီး တန်ခိုးပြာဋိဟာပြရင်း အကြားအကြားမှာ လူအများအား တရားဟောပါတယ်။ ဟောတဲ့အခါမှာလည်း လူအပေါင်းကို သက်သာရာမရှိအောင် မလုပ်ဘဲ သက်သာရာကို ပေးပါတယ်။ အဲဒီခဏမှာ လူအများဟာ ကောင်းချီးပေးကြပါတယ်။ လူအများ ကောင်းချီးပေးနေတဲ့အခါ ဘုရားရှင်ဟာ အဲဒီလောက်များတဲ့ ပရိသတ်နဲ့ စိတ်ကိုကြည့်လို့ တစ်ယောက်တစ်ယောက်ရဲ့ အခြင်းအရာ ၁၆ မျိုးနဲ့ စိတ်ဖြစ်ပုံကို သိပါတယ်။ ဘုရားရှင်တွေရဲ့စိတ်ဟာ ဒီလောက်ထိအောင်ပဲ လျင်မြန်ပါပေတယ်။

(ဓမ္မပဒ ဋ္ဌ၊ ဒု၊ ၁၄၀)

http://www.dhammadownload.com



အဲဒီတရား အဲဒီတန်ခိုးပြာဋိဟာကို ကြည်ညိုကြတဲ့ လူတွေရဲ့ အလိုဆန္ဒနဲ့အညီသာ တရားကိုလည်း ဟောပါတယ်။ တန်ခိုးပြာဋိဟာကိုလည်း ပြပါတယ်။ အဲဒီလို တရားဟော၊ အဲဒီလို တန်ခိုးပြတဲ့အခါ လူအများဟာ သစ္စာလေးပါးတရားကို ထိုးထွင်းသိကြပါတယ်။ ဘုရားရှင်က အဲဒီအစည်းအဝေးမှာ မိမိရဲ့စိတ်ကိုသိပြီး မေးခွန်းမေးနိုင်တဲ့ အခြားပုဂ္ဂိုလ်ကို မတွေ့လို့ နိမ္မိတဘုရားရှင်ကို ဖန်ဆင်းပါတယ်။ နိမ္မိတဘုရားရှင်မေးတဲ့ မေးခွန်းကို ဖြေပါတယ်။ ဘုရားရှင်မေးတဲ့ မေးခွန်းကိုတော့ နိမ္မိတဘုရားရှင်က ဖြေပါ တယ်။ အဲဒီလိုပြုလုပ်တဲ့ ဘုရားရှင်ရဲ့တန်ခိုးကို မြင်ရ၊ တရားကိုနာရလို့ ကုဋေ ၂၀ သော သတ္တဝါတွေ သစ္စာလေးပါးတရားကို ထိုးထွင်းသိကြပါတယ်။

(ဓမ္မပဒဋ္ဌ၊ ၃၊ ၁၄၀)

## ဘုရားနဲ့ ကောင်းကင်ကခြေရာ

ဘုရားရှင်ဟာ တန်ခိုးပြရင်းပင် "ရှေးက ဘုရားရှင်တွေဟာ ဒီတန်ခိုးကို ပြပြီးတဲ့အခါ ဘယ်နေရာမှာ ဝါကပ်တော်မူကြသလဲ"လို့ ဆင်ခြင်တဲ့အခါ "တာဝတိံသာနတ်ပြည်မှာ ဝါကပ်ပြီး အမိအား အဘိဓမ္မာတရားဟောကြတယ်"လို့ မြင်လို့ လက်ယာဘက်ခြေကိုမြှောက်ပြီး ယုဂန္ဓိုရ်တောင်ထိပ်မှာ ထားပါတယ်။ လက်ဝဲဘက်ခြေကိုမြှောက်ပြီး မြင်းမိုရ်တောင်ထိပ်မှာ ထားပါတယ်။ ဒီလို ယူဇနာ တစ်သိန်းခြောက်သောင်း ရှစ်ထောင်မြင့်တဲ့နေရာမှာ ခြေအလှမ်း အကြိမ် ၃ ခု ရှိပါတယ်။ ခြေရာ ၂ ရာ ရှိပါတယ်။ ဘုရားရှင်ဟာ ခြေကိုဖြန့်ပြီး နင်းတယ်လို့ မမှတ်သင့်ပါ။ ဘုရားရှင်ခြေကိုမြှောက်တဲ့အခါမှာပဲ တောင်တွေက ခြေရင်းကိုလာကာ ခံယူကြပါတယ်။ ဘုရားရှင်က နင်းတဲ့အခါ အဲဒီတောင်တွေက ထပြီး ကိုယ့်နေရာမှာပဲ တည်ကြပါတယ်။

(ဓမ္မပဒဋ္ဌ၊ ၃၊ ၁၄၀)

http://www.dhammadownload.com



## ဘုရားနဲ့ ကြည်ညိုသူ

ဘုရားရှင်ကိုမြင်ပြီး ကြည်ညိုမှုမဖြစ်တဲ့သူဟာ လောကမှာ နည်းပါတယ်။ ရုပ်လှတာကို ကြည်ညိုသူတွေဟာ ဘုရားရှင်ရဲ့ လက္ခဏာကြီး လက္ခဏာငယ်တွေနဲ့ တန်ဆာဆင်ထားတဲ့ ရွှေအဆင်းရှိတဲ့ ခန္ဓာကိုယ်ကို မြင်ရလို့ ကြည်ညိုကြပါတယ်။ အသံကောင်းတာကို ကြည်ညိုသူတွေဟာ ဘဝရာပေါင်းများစွာတို့ကို မှီပြီးဖြစ်တဲ့ ဘုရားရှင်ရဲ့ ဂုဏ်သတင်းကျော်စောသံနဲ့ အင်္ဂါရှစ်ပါးနဲ့ ပြည့်စုံတဲ့ တရားဟောသံကို ကြားရလို့ ကြည်ညိုကြပါတယ်။ ခေါင်းခေါင်းပါးပါးကျင့်တာကို ကြည်ညိုသူတွေက ဘုရားရှင်ရဲ့ သင်္ကန်း စသည်မှာ ခေါင်းခေါင်းပါးပါးကျင့်တာကို အကြောင်းပြုပြီး ကြည်ညိုကြပါတယ်။ တရားကို ကြည်ညိုသူတွေက "ဘုရားရှင်ရဲ့ သီလဟာ ဒီလိုသဘောရှိတယ်။ ဘုရားရှင်ရဲ့ သမာဓိဟာ ဒီလိုသဘောရှိတယ်။ ဘုရားရှင်ရဲ့ ပညာဟာ ဒီလိုသဘောရှိတယ်။ ဘုရားရှင်ဟာ သီလ စတဲ့ ဂုဏ်အားဖြင့် တူသူမရှိ"လို့ ကြည်ညိုကြပါတယ်။ ဘုရားရှင်ရဲ့ဂုဏ်ကို ပြောကြတဲ့သူတို့မှာ ပါးစပ်ဟာ မလောက်င ဖြစ်နေပါတယ်။

(ဓမ္မပဒ၊ ဋ္ဌ၊ ၃၊ ၇၂)

## ဘုရားနဲ့ ထမင်းကျွေးခြင်း

နွားပျောက်လို့ နွားရှာတဲ့လူဟာ နွားကိုတွေ့လို့ နွားအုပ်စုထဲထည့်ပြီးတဲ့အခါ "အခြားဘာမှမရှိစေဦးတော့ ဘုရားရှင်ကို ရှိခိုးရုံမျှကိုလည်း ပြုမယ်"လို့ တွေးကာ ဆာလောင်လှပေမယ့် အိမ်ကိုပြန်ဖို့ စိတ်မကူးဘဲ ဘုရားရှင်ထံ သွားပါတယ်။ ဘုရားရှင်ကို ရှိခိုးပြီး သင့်တော်ရာအရပ်မှာ ရပ်နေပါတယ်။ ဘုရားရှင်က အဲဒီလူရပ်နေတဲ့အခါ ဒါနမှာ ကြောင့်ကြစိုက်သူကို "ရဟန်းအပေါင်းမှာ ထမင်းအကြွင်းအကျန်ရှိသေးလား"လို့ မေးပါတယ်။ ရှိပါတယ်လို့ လျှောက်လို့ အကျွေးခိုင်းပါတယ်။ ယာဂု ခဲဖွယ် စားဖွယ်တွေနဲ့ အဲဒီလူကို ဒါနကြောင့်ကြပြုသူက ရိုရိုသေသေ ကျွေးပါတယ်။

http://www.dhammadownload.com



ထမင်းစားပြီးတဲ့အခါ ပါးစပ်ဆေးပါတယ်။ ပိဋကသုံးပုံမှာ ဒီနေရာမှတစ်ပါး အခြား ဘယ်နေရာမှာမှ လာသူ သွားသူကို ထမင်းကျွေးခိုင်းတာ ဘုရားရှင်မှာ မရှိပါ။ ပူလောင်မှု ငြိမ်းချမ်းသွားတဲ့ အဲဒီလူမှာ စိတ်တည်ငြိမ်သွားပါတယ်။ အဲဒီအခါ အစဉ်အတိုင်းဖြစ်တဲ့ တရားစကားကို ဟောတော်မူပြီး သစ္စာလေးပါးကို ဟောပါတယ်။ ဒေသနာရဲ့အဆုံးမှာ အဲဒီလူဟာ သောတာပန် ဖြစ်သွားပါတယ်။

(ဓမ္မပဒဋ္ဌ၊ ၃၊ ၁၇၀)

## ဘုရားနဲ့ ဆွမ်းခံ

"အရှင်ဘုရား ဘာကြောင့် တပည့်တော်တို့ကို အရှက်ခွဲရပါသလဲ။ ဘယ်အကျိုးငှာ ဆွမ်းခံလှည့်ပါသလဲ။ ဒီရဟန်းတွေကို မလှူနိုင်ဘူးလို့ ထင်ပါသလား"

"ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ဆွမ်းခံစားတာက ငါဘုရားရှင်တို့ရဲ့ မျိုးရိုးအကျင့်ပဲ"

"အရှင်ဘုရား တပည့်တော်တို့ရဲ့ အမျိုးအနွယ်ဟာ မဟာသမ္မတမင်းမျိုးမင်းနွယ် မဟုတ်ပါလား။ အဲဒီအမျိုးအနွယ်ထဲမှာ မင်းတစ်ယောက်တောင်မှ ဆွမ်းခံလှည့်တာမရှိပါ"

"မင်းကြီး အဲဒီမင်းမျိုးမင်းနွယ်ဟာ သင့်ရဲ့ အမျိုးအနွယ်မည်တယ်။ ငါတို့ရဲ့ ကောဏ္ဍည (ပ) ကဿပဘုရားရှင်တွေဟာ ဒီဘုရားအမျိုးအနွယ်မည်တယ်။ အခြား အထောင်မက များပြားလှတဲ့ ဘုရားရှင်တွေလည်း ဆွမ်းခံကြတယ်။ ဆွမ်းခံပြီးသာ အသက်မွေးကြတယ်"

(ဇာတက ဋ္ဌ၊ ၁၊ ၁၀၅)

## ဘုရားနဲ့ ဆွမ်းကျန်

"အရှင်ဂေါတမ တပည့်တော်ဟာ လယ်ဦး တလင်းဦး ကျီဦး ထမင်းအိုးဦး စားဦးဆိုတဲ့ အဦးအဖျား ငါးမျိုးကို လှူပြီးမှသာ စားပါတယ်။

http://www.dhammadownload.com



တပည့်တော်ဟာ ဒီထမင်းထဲက အလယ်ပိုင်းကခွဲပြီး တစ်ပိုင်းကိုသာ စားထားပါတယ်။ တစ်ပိုင်းကျန်နေပါတယ်။ ဒီထမင်းကို အရှင်ဂေါတမ ခံယူပါမယ်လား''

''အို ပဉ္စဂ္ဂဒါယကပုဏ္ဏား အဦးအဖျားထမင်းရော၊ အလယ်က ပိုင်းခွဲထားတဲ့ တစ်ဝက်ထမင်းရော၊ နောက်ဆုံး ထမင်းခဲရော ငါဘုရားအား လှူပြောက်ပတ်ပါတယ်။ ပုဏ္ဏား မှန်တယ်၊ ငါဘုရားရှင်တို့ဟာ သူတစ်ပါး ပေးတာနဲ့ အသက်မွေးကြတဲ့ ပြိတ္တာတွေနဲ့ တူကြတယ်''

(ဓမ္မပဒဋ္ဌ၊ ၃၊ ၃၆၈)

## ဘုရားနဲ့ ခေါင်းယမ်းခြင်း

ပဉ္စဂ္ဂဒါယက ပုဏ္ဏားက ဆွမ်းခံရပ်နေတဲ့ ဘုရားရှင်ကို မမြင်ရအောင် ပုဏ္ဏေးမက ဘုရားရှင်ကို ကျောပေးကာ ပုဏ္ဏားနောက်က ပုဏ္ဏားကိုကွယ်ပြီး ကိုယ်ကိုကိုင်းညွတ်ကာ လပြည့်ဝန်းကို လက်ဝါးနဲ့ ကွယ်ထားသူပမာ ရပ်နေပါတယ်။ အဲဒီလို ရပ်တည်ရင်းပဲ ''ဘုရား ကြွသလား မကြွလား'' လို့ သိလိုလို့ ဘုရားရှင်ကို ထက်ဝက်သောမျက်စိနဲ့ ကြည့်ပါတယ်။ ဘုရားရှင်က အဲဒီနေရာမှာပဲ ရပ်တော်မူနေပါတယ်။ ပုဏ္ဏားကြားသွားမှာစိုးလို့ ''ကန်တော့ဆွမ်းပါ''လို့ မပြောပါဘူး။ နောက်နားဆုတ်သွားပြီး တိုးတိုးလေးပဲ ''ကန်တော့ဆွမ်းပါ''လို့ ဆိုပါတယ်။ ဘုရားရှင်က မသွားဘူးလို့ဆိုတဲ့သဘောနဲ့ ဦးခေါင်းယမ်းတဲ့အခါ မထိန်းနိုင်လို့ အကြီးအကျယ်ရယ်ပါတယ်။

(ဓမ္မပဒဋ္ဌ၊ ၃၊ ၃၆၈)

## ဘုရားနဲ့ ရေစက်ချ

အနာထပိဏ်သူဌေးက ဘုရားရှင်ကို ''မြတ်စွာဘုရား ဒီဇေတဝန်ကျောင်းမှာ တပည့်တော် ဘယ်လိုကျင့်ဆောင်ရပါမလဲ''လို့ မေးပါတယ်။ ''အနာထပိဏ်သူကြွယ် ဒီလိုဆိုရင် ဒီဇေတဝန်ကျောင်းကို လာပြီး လာလတ္တံ့ အရပ်လေးမျက်နှာက ရဟန်းသံဃာအား လှူလော''လို့ ဘုရားရှင်က မိန့်ပါ

http://www.dhammadownload.com



တယ်။ "မှန်ပါဘုရား" လို့ လျှောက်ထားပြီး အနာထပိဏ်သူဌေးဟာ ရွှေကရားကို ယူပြီး ဘုရားရှင်ရဲ့လက်မှာ ရေကိုချပြီး "ဒီဇေတဝန်ကျောင်းကို လာပြီး လာလတ္တံ့ အရပ်လေးမျက်နှာက ရဟန်းသံဃာအား လှူပါ၏" လို့ ဆိုကာ လှူလိုက်ပါတယ်။

(ဇာတကဋ္ဌ၊ ပ၊ ၁၀၉)

## ဘုရားနဲ့ အမျှဝေ

"အလှူတကာအလှူတွေထဲမှာ တရားအလှူဟာ အမြတ်ဆုံး၊ အရသာတကာတွေထဲမှာ တရားအရသာဟာ အကောင်းဆုံး၊ အပျော်တကာတွေထဲမှာ တရားအပျော်ဟာ အကောင်းဆုံး၊ တဏှာကုန်ရာ အရဟတ္တဖိုလ်ဟာ ဒုက္ခအားလုံးကို အောင်နိုင်တယ်" ဆိုတဲ့ ဘုရားရှင်ရဲ့ တရားစကားကို နာကြားပြီးတဲ့အခါ သိကြားမင်းက ဘုရားရှင်ကို ရှိခိုးပြီး "မြတ်စွာဘုရား ဒီလိုကြီးကဲတဲ့ ဓမ္မဒါန (တရားအလှူ)မှာ တပည့်တော်တို့ကို ဘာလို့ အမျှ မပေးဝေစေပါသလဲ။ ဒီအချိန်ကစပြီး တပည့်တော်တို့အား အမျှပေးဝေဖို့ ရဟန်းအပေါင်းအား မိန့်ကြားပေးပါ" လို့ လျှောက်ထားပါတယ်။ ဘုရားရှင်က အဲဒီသိကြားမင်းရဲ့စကားကို ကြားရလို့ ရဟန်းအပေါင်းကို စုဝေးစေပြီး "ရဟန်းတို့ ဒီနေ့ကစပြီး တရားပွဲကြီးကိုပဲဖြစ်ဖြစ်၊ ရိုးရိုးတရားပွဲကိုပဲဖြစ်ဖြစ်၊ ထိုင်ပြောတရားပွဲကိုပဲဖြစ်ဖြစ် အောက်ထက်ဆုံးအားဖြင့် အနုမောဒနာစကား (ဝမ်းမြောက်ဖွယ်စကား)ကိုတောင် ပြောဟောပြီးရင် သတ္တဝါအားလုံးတို့အား အမျှပေးဝေကြ" လို့ မိန့်တော်မူပါတယ်။

(ဓမ္မပဒဋ္ဌ၊ ဒု၊ ၃၅၃)

## ဘုရားနဲ့ ပိင်္ဂိယာနိပုဏ္ဏားနဲ့ ပိလောတိက ပရိဗိုဇ်တို့ ချီးမွမ်းစကား

မြင်းမိုရ်တောင်၊ ဟိမဝန္တာတောင်၊ မြေကြီး၊ ကောင်းကင်တွေကို

http://www.dhammadownload.com



တိုင်းတာလိုသူဟာ အဲဒီဟာတွေ ပမာဏရှိတဲ့ တုတ်ဖြစ်စေ၊ ကြိုးဖြစ်စေ ရဖို့သင့်ပါတယ်။ ရဟန်းဂေါတမရဲ့ပညာကို သိနိုင်သူဟာလည်း ရဟန်းဂေါတမရဲ့ ဉာဏ်နဲ့တူတဲ့ သဗ္ဗညုတဉာဏ်ကို ရထားသင့်တယ်။ ရဟန်းဂေါတမရဲ့ ပညာအရှည်အသွေးကို သိနိုင်သူဟာ ပါရမီ ၁၀ ပါးကို ဖြည့်ကျင့်ပြီး သဗ္ဗညုတဉာဏ်ကို ရောက်ထားတဲ့ ဘုရားရှင်သာ ဖြစ်ရာပါတယ်။

စကားဝါပန်း၊ ကြာညိုပန်း၊ ပဒုမ္မာကြာပန်း၊ စန္ဒကူးနီတွေဟာ သူ့ရဲ့ အဆင်း အနံ့ အသရေနဲ့ပဲ စိတ်ကို ကြည်လင်စေပါတယ်။ ရနံ့ကောင်းပါတယ်။ အဲဒီဟာတွေကို အသစ် အဆင်း အနံ့တွေနဲ့ ချီးမွမ်းဖို့ကိစ္စမရှိပါဘူး။ ပတ္တမြားရတနာ၊ လပြည့်ဝန်းတွေဟာ သူတို့ရဲ့အရောင်နဲ့ပဲ လင်းနေပါတယ်။ အခြားအရောင် ကိစ္စမရှိပါဘူး။ ဒီလိုပါပဲ၊ ရဟန်းဂေါတမဟာ တစ်လောကလုံးက ချီးမွမ်းထားတဲ့ သူ့ရဲ့ဂုဏ်တွေကပဲ ချီးမွမ်းအပ်ပါတယ်။ တစ်လောကလုံးမှာ အမြတ်ဆုံးအဖြစ်ကို ရောက်စေပါတယ်။ တခြားသူတွေက ရဟန်းဂေါတမကို ချီးမွမ်းဖွယ်ကိစ္စ မရှိပါဘူး။

ပသေနဒီကောသလမင်းကို ကာသိတိုင်း၊ ကောသလတိုင်းသားတွေက ချီးမွမ်းကြပါတယ်။ ဗိမ္ဗိသာရမင်းကို အင်္ဂတိုင်း၊ မဂဓတိုင်းသားတွေက ချီးမွမ်းကြပါတယ်။ ဝေသာလီ လိစ္ဆဝီမင်းတွေကို ဝဇ္ဇီတိုင်းသားတွေက ချီးမွမ်းကြပါတယ်။ ပါဝေယျကတိုင်းက မလ္လမင်း၊ ကုသိနာရုံမှ မလ္လမင်းတွေနဲ့ အခြားမင်းတွေကို သူတို့တိုင်းသားတွေက ချီးမွမ်းကြပါတယ်။ စင်္ကီစတဲ့ ပုဏ္ဏားတွေကို ပုဏ္ဏားအပေါင်းက ချီးမွမ်းကြပါတယ်။ အနာထပိဏ်စတဲ့ ဥပါသကာတွေကို ဥပါသကာရာပေါင်းများစွာက ချီးမွမ်းကြပါတယ်။ ဝိသာခါ စတဲ့ ဥပါသိကာတွေကို ဥပါသိကာ ရာပေါင်းများစွာက ချီးမွမ်းကြပါတယ်။ သကုလုဒါယီ စတဲ့ ပရိဗိုဇ်တွေကို ပရိဗိုဇ် ရာပေါင်းများစွာက ချီးမွမ်းကြပါတယ်။ ဥပ္ပလဝဏ်ထေရီ စတဲ့ မဟာသာဝိကာတွေကို ဘိက္ခုနီရာပေါင်းများစွာက ချီးမွမ်းကြပါတယ်။ သာရိပုတ္တရာထေရ် စတဲ့ မဟာသာဝကတွေကို ရဟန်းရာပေါင်းများစွာက ချီးမွမ်းကြပါတယ်။ သိကြားစတဲ့ နတ်တွေကို နတ်ထောင်ပေါင်းများစွာက ချီးမွမ်းကြပါတယ်။ မဟာဗြဟ္မာ

http://www.dhammadownload.com



စတဲ့ ဗြဟ္မာတွေကို ဗြဟ္မာထောင်ပေါင်းများစွာက ချီးမွမ်းကြပါတယ်။ အဲဒီ အချီးမွမ်းခံရသူအားလုံးကလည်း ဘုရားရှင်ကို ချီးမွမ်းကြပါတယ်။

(မူလပဏ္ဏာသဋ္ဌ၊ ၁၁၀/၁၁၁။ အင်္ဂုတ္တရဋ္ဌ၊ ပဉ္စက၊ ၁၆၈/၆၉)

## ဘုရားနဲ့ ပိလောတိကပရိဗိုဇ်ရဲ့အမြင်

ကျွမ်းကျင်တဲ့ ဆင်ဆရာဟာ ဆင်တွေရှိရာတောကို ဝင်တဲ့အခါ အလျားလည်းရှည် အနံလည်းကျယ်ပြန့်တဲ့ ဆင်ခြေရာကြီးကို တွေ့ပါတယ်။ "ဒီဆင်ဟာ ကြီးတယ်"လို့ သူ့မှာ ဆုံးဖြတ်ချက်ချပါတယ်။ အဲဒီလိုပါပဲ၊ ငါဟာလည်း ရဟန်းဂေါတမရဲ့ ဉာဏ်ရည်ဉာဏ်သွေး (ဉာဏ်နဲ့နင်းတဲ့နေရာ၊ ဉာဏ်ခြေရာ)တွေကို တွေ့ရတဲ့အခါ "အရှင်ဂေါတမဟာ ဘုရားအစစ်ပဲ။ သူ့တရားဟာ ကောင်းမွန်မှန်ကန်စွာ ဟောကြားထားတဲ့တရားပဲ။ သူ့တပည့်တွေဟာ ကောင်းစွာကျင့်တဲ့ တပည့်တွေပဲ"လို့ ဆုံးဖြတ်ချက်ချပါတယ်။

ငါဟာ သိမ်မွေ့နက်နဲခက်ခဲတဲ့ အနက်အဓိပ္ပာယ်အထူးတွေကို ထိုးထွင်းသိနိုင်တဲ့၊ သူတစ်ပါးအယူဝါဒတွေကို သိတဲ့၊ သူတစ်ပါးတွေနဲ့ ဝါဒချင်းဆွေးနွေးတဲ့ အလေ့အကျင့်ရှိတဲ့၊ သားမြီးဖျားကို ပစ်ခွင်းနိုင်တဲ့ လေးသမားတွေနဲ့တူတဲ့ တချို့ မင်းပညာရှိ၊ ပုဏ္ဏားပညာရှိ၊ သူကြွယ်ပညာရှိ၊ ရဟန်းပညာရှိတွေကို ဒီလောကမှာ တွေ့ရပါတယ်။ သူတို့ဟာ သူတို့ရဲ့ ပညာနဲ့ သူတစ်ပါးတွေရဲ့ သိမ်မွေ့တဲ့အယူဝါဒတွေကိုလည်း ဖျက်ခွဲနိုင်တယ်လို့ ထင်ကာ လှည့်လည်နေကြပါတယ်။ "ရဟန်းဂေါတမကို ငါတို့က ဒီလိုမေးလို့ ဒီလိုဖြေရင် ဒီလိုအပြစ်တင်မယ်"လို့ အဆင်သင့် ပြဿနာကို ပြင်ဆင်ကာ ရဟန်းဂေါတမရှိတယ်လို့ ကြားတဲ့နေရာကို သွားပြီး ရဟန်းဂေါတမထံ အဲဒီပညာရှိတွေက ချဉ်းကပ်ကြပါတယ်။ ရဟန်းဂေါတမက အဲဒီပညာရှိတွေကို တရားဟောပါတယ်။ ရဟန်းဂေါတမရဲ့ ဟောတရားကြောင့် ထက်သန်ရွှင်လန်းသွားကြတဲ့ အဲဒီပညာရှိတွေဟာ ရဟန်းဂေါတမကို မေးခွန်းလည်း မမေးတော့ပါဘူး။ အပြစ်လည်း မတင်တော့ပါဘူး။ ရဟန်းဂေါတမရဲ့ တပည့်တွေပဲ ဖြစ်သွားကြပါတယ်။ အဲဒီအခြေအနေတွေ

http://www.dhammadownload.com



ကို တွေ့ရတဲ့အခါ ငါဟာ အထက်ပါအတိုင်း ဆုံးဖြတ်ချက်ချခဲ့ပါတယ်။
(မူလပဏ္ဏာသပါဠိ၊ ၂၃၃)

## ဘုရားနဲ့ ပြဿနာရှင်များ

ဘုရားရှင်ဟာ ပရိသတ်အလယ်မှာ တရားဟောတဲ့အခါ ပရိသတ်ရဲ့ အလိုအဇ္ဈာသယကို ကြည့်ပါတယ်။ ပြီးမှ "ဒီပညာရှိတွေဟာ လျှို့ဝှက်အပ်တဲ့ ပြဿနာကို ခါးပိုက်မှာပိုက်ပြီး လာခဲ့ကြတယ်။ ဘုရားရှင်ဟာ သူတို့ပြဿနာကို မမေးမီကဘဲ "မေးခွန်းရဲ့အပြစ်တွေက ဒီလောက်ရှိတယ်။ အဖြေရဲ့အပြစ်တွေက ဒီလောက်ရှိတယ်။ အနက် ပုဒ် အက္ခရာမှာ အပြစ်တွေက ဒီလောက်ရှိတယ်"လို့ ဒီပြဿနာကိုမေးရင် ဒီလိုမေးရမယ်၊ ဖြေရင် ဒီလိုဖြေရမယ်လို့ ခါးပိုက်ထဲမှာထည့်လာတဲ့ ပြဿနာတွေကို တရားစကားရဲ့အကြားမှာ ထည့်သွင်းပြီး ချေဖျက်သွားပါတယ်။ ပညာရှိတွေက "ဒီပြဿနာတွေ မမေးမိတဲ့ ငါတို့မှာ ကောင်းလေစွ၊ မေးခဲ့ရင် ငါတို့ကို ထောက်တည်ရာမရှိအောင်လုပ်ပြီး ရဟန်းဂေါတမက ပစ်ချရာ၏"လို့ တွေးကာ ဝမ်းသာကြပါတယ်။

တစ်နည်းအားဖြင့်တော့ ဘုရားရှင်တွေဆိုတာ တရားဟောကြတဲ့အခါ ပရိသတ်ကို မေတ္တာနဲ့ ဖြန့်ကြပါတယ်။ မေတ္တာဖြန့်လို့ လူအများဟာ ဘုရားရှင်အပေါ် ကြည်ညိုစိတ်ဖြစ်ကြပါတယ်။ ဘုရားရှင်တွေဆိုတာဟာလည်း ရုပ်ရည်အားဖြင့် အသာဆုံးဖြစ်ကြပါတယ်။ ကြည့်လို့ကောင်းကြပါတယ်။ ချိုမြိန်တဲ့အသံ ရှိကြပါတယ်။ နူးညံ့တဲ့လျှာ ရှိကြပါတယ်။ ကောင်းစွာထိတဲ့ နှုတ်ခမ်း ရှိကြပါတယ်။ အမြိုက်ရေနဲ့ နှလုံးကို သွန်းလောင်းလိုက်ကြတဲ့ပမာ တရားကို ဟောကြပါတယ်။ မေတ္တာဖြန့်ခံရလို့ စိတ်ကြည်လင်နေကြတဲ့ အဲဒီလူတွေမှာ "နှစ်ခွမရှိတဲ့ အချည်းနှီးမဟုတ်တဲ့ ဝဋ်မှ ထွက်မြောက်ကြောင်းဖြစ်တဲ့ စကားကို ဟောတော်မူတဲ့ ဘုရားရှင်နဲ့ ဆန့်ကျင်ဘက်လုပ်ခြင်းငှာ မစွမ်းနိုင်ကုန်"လို့ တွေးကာ စိတ်ကြည်ကြည်လင်လင်နဲ့ပဲ ပြဿနာကို မမေးကြတော့ပါ။

(မူလပဏ္ဏာသ၊ ၄၊ ၁၀၂)

http://www.dhammadownload.com



# ဘုရားနဲ့ ပိဋကိယာနီအမြင်

အကောင်းဆုံးအရသာနဲ့ တင်းတိမ်နေသူဟာ မကောင်းတဲ့အရသာကို မတောင့်တသလို အရှင်ဂေါတမရဲ့တရားကို နာကြားရသူဟာ အခြားအယူဝါဒရှိတဲ့ ရဟန်း ပုဏ္ဏားများစွာကို မတောင့်တတော့ပါ။

အလွန်ဆာလောင်ပြီး အလွန်အားနည်းနေတဲ့သူဟာ သလေးစပါးကို ကြိတ်ပြီး စတုမဓုနဲ့ ရောစပ်လုပ်ထားတဲ့မုန့်ကို ရခဲ့ရင် အဲဒီမုန့်မှ အလိုရှိရာ ချိုမြိန်တဲ့အရသာကိုရတယ်။ အခြားအသစ်ထည့်စရာ မလိုပါ။ အဲဒီလိုပါပဲ၊ အရှင်ဂေါတမရဲ့တရားကို နာကြားရရင် အဲဒီတရားက ဝမ်းမြောက်ဖွယ်၊ စိတ်ကြည်ဖွယ်တွေကို ရပါတယ်။

ရွှေရောင် စန္ဒကူးတုံး သို့မဟုတ် စန္ဒကူးနီတုံးကို ရခဲ့ရင် အဲဒီအတုံးရဲ့ အရင်းကပဲရှုရှု၊ အလယ်ကပဲရှုရှု၊ အဖျားကပဲရှုရှု အလွန်ကောင်းတဲ့ အနံ့ကို ရပါတယ်။ အခြားအသစ်အနံ့ ထည့်စရာမလိုပါ။ အဲဒီလိုပါပဲ အရှင်ဂေါတမရဲ့တရားကို နာကြားရရင် အဲဒီတရားက ဝမ်းသာဖွယ်ကို ရပါတယ်။

ကျွမ်းကျင်တဲ့ဆေးဆရာဟာ ရောဂါပြင်းထန်နေတဲ့ လူနာရဲ့ ရောဂါကို ပျောက်အောင်ကုသပေးသလို အရှင်ဂေါတမရဲ့တရားကို နာကြားရရင် အဲဒီတရားကြောင့် ဝမ်းနည်းမှု၊ ငိုကြွေးမှု၊ ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှု၊ ပြင်းစွာပူပန်မှုတွေ ချုပ်ပျောက်သွားကြပါတယ်။

ကြည်လင်အေးမြတဲ့ ရေရှိပြီး ဆိပ်ကမ်းလည်း ကောင်း၊ ပျော်စရာလည်းကောင်းတဲ့ ရေကန်မှာ နွေပူဒဏ်ခံရလို့ ခရီးပန်းကာ ရေဆာလောင်သူတစ်ယောက်က သက်ဆင်းပြီး ရေချိုး ရေသောက်လိုက်ရာ ပင်ပန်းနွမ်းနယ်မှုမှန်သမျှ လွင့်ပျောက်သည့်ပမာ အရှင်ဂေါတမရဲ့တရားကို နာကြားရရင် အဲဒီတရားကြောင့် ပင်ပန်းနွမ်းနယ်မှုမှန်သမျှ လွင့်ပျောက်သွားကြပါတယ်။

(အင်္ဂုတ္တရပဉ္စက၊ ၂၀၇/၈)

http://www.dhammadownload.com



## ဘုရားနဲ့ အပြုံး

ဘုရားရှင်တွေဟာ လောကီလူသားတွေ ရင်ဘတ်ကို ပုတ်ခတ်ပြီး ဟီးဟီးဟားဟား ရယ်ကြသလို မရယ်ကြပါ။ ဘုရားရှင်တွေရဲ့အပြုံးဟာ ရွှင်လန်းဝမ်းမြောက်တဲ့ အခြင်းအရာမျှသာ ဖြစ်ပါတယ်။ သွားဖျားလေးတွေကို ပြကာ ညင်ညင်သာသာ ပြုံးတော်မူကြပါတယ်။

ဘုရားရှင်ရဲ့ စွယ်တော် ၄ ချောင်းက ထန်းပင်ကြီးရဲ့ ပင်စည်ပမာရှိတဲ့ ရောင်ခြည်တော်အလုံးတွေ ပေါ်ထွက်လာကြပါတယ်။ ကျွန်းကြီး ၄ ကျွန်းရှိ မိုးသားတိမ်လိပ်ထုထည်ကြီးထဲက သက်ဆင်းလာတဲ့ လျှပ်ရောင်ပမာ တင့်တယ်ကြပါတယ်။ ဦးခေါင်းကို လက်ယာရစ် သုံးကြိမ်လည်ပြီး စွယ်တော်တွေရဲ့အဖျားတွေမှာပဲ ပျောက်ကွယ်သွားကြပါတယ်။ ဘုရားရှင်ရဲ့နောက်က လိုက်နေတဲ့ အရှင်အာနန္ဒာဟာ အဲဒီအမှတ်အသားနဲ့ ဘုရားရှင်ပြုံးတော်မူကြောင်းကို သိရပါတယ်။

(အင်္ဂုတ္တရ၊ ပဉ္စက၊ ၁၀-ဂဝေသိသုတ္တအဖွင့်၊ ၆၃/၄)

## ဘုရားနဲ့ စောင့်စရာမလိုတဲ့အရာ ၄ မျိုး

ဘုရားရှင်မှာ စောင့်ရှောက်စရာမလိုတဲ့အရာ ၄ မျိုးရှိပါတယ်။ ဘုရားရှင်ဟာ စင်ကြယ်တဲ့ ကိုယ်မှု နှုတ်မှု စိတ်မှု အသက်မွေးမှု ရှိပါတယ်။ "ငါ့ရဲ့ ဒီအမှုကို အခြားသူ မသိပါစေနဲ့"လို့ ဘုရားရှင်စောင့်ရှောက်ရမယ့် ကိုယ် နှုတ် စိတ် အသက်မွေးမှုဆိုင်ရာ မကောင်းမှုတွေ ဘုရားရှင်မှာမရှိပါ။

(အင်္ဂုတ္တရ၊ ၃-အုပ်၊ ၄၅၉)

## ဘုရားနဲ့ အပြစ်ရှာသူ ၂ ဦး

ဥတ္တရလုလင်ဟာ ဘုရားရှင်ရဲ့ ကိုယ်နဲ့နှုတ်မှာ မနှစ်သက်စရာ တစ်စုံတစ်ရာအပြစ်များ တွေ့ရလေမလားလို့ မျှော်လင့်ကာ ဘုရားရှင်နောက်

http://www.dhammadownload.com



က ၇ လကြာအောင် တကောက်ကောက်လိုက်ပေမယ့် အပြစ်တစ်စုံတစ်ရာမှ မတွေ့ရပါ။ လူသားဖြစ်တဲ့ ဒီဥတ္တရလုလင်က ဘုရားဖြစ်ပြီးတဲ့ ဘုရားရှင်ရဲ့ ကိုယ်နှုတ်မှာ မနှစ်သက်စရာအပြစ်ကို ဘယ်မှာတွေ့နိုင်ပါ့မလဲ။ မာရ်နတ်ဟာလည်း ဘုရားလောင်း တောထွက်လာချိန်ကစပြီး ၆ နှစ်ကြာ အပြစ်ရှာပေမယ့် ဘုရားလောင်းမှာ မနှစ်သက်စရာ အပြစ်တစ်စုံတစ်ရာ မတွေ့ရပါ။ အောက်ထစ်ဆုံးအားဖြင့် စိတ်အကြံကိုမျှ မတွေ့ရပါ။ မာရ်နတ်က "အကယ်၍ ဘုရားလောင်းမှာ အကုသိုလ်စိတ်ကိုမျှ တွေ့ခဲ့ရင် အဲဒီနေရာမှာပဲ ဘုရားလောင်းကို ဦးထိပ်မှာ ပုတ်ခတ်ပြီး ဖဲသွားမယ်"လို့ ကြံစည်နေပါသတဲ့။ မာရ်နတ်ဟာ ၆ နှစ်ပတ်လုံး အပြစ်မတွေ့လို့ ဘုရားဖြစ်ပြီးနောက် တစ်နှစ်ကြာအောင် နောက်ကလိုက်ကာ အပြစ်ရှာပေမယ့် မတွေ့ပါ။

(မူလပဏ္ဏာသ၊ ဋ္ဌ၊ ၂၇၉)

## ဘုရားနဲ့ တရားအလေးပြုပုံ

ဘုရားရှင်တွေဟာ တရားကျင့်တဲ့ ရဟန်း၊ ရဟန်းမ၊ ဥပါသကာ၊ ဥပါသိကာမတွေကို ချစ်မြတ်နိုးကြပါတယ်။ အကြောင်းကတော့ တရားကို အလေးပြုကြလို့ပါပဲ။ မှန်ပါတယ်။ ဘုရားရှင်တွေဟာ တရားကို အလေးပြုကြပါတယ်။ ဘုရားရှင်တွေရဲ့ တရားအလေးပြုပုံကို အဇပါလညောင်ပင်အောက်မှာ "ရိုသေအားထားစရာမရှိသူဟာ ဆင်းရဲစွာနေရတယ်"လို့ ဖြစ်ပေါ်လာတဲ့ ဘုရားရှင်ရဲ့ အလိုဆန္ဒကိုကြည့်ကာ သိနိုင်ပါတယ်။ ချဲ့ပြပါဦးမယ်။ ဘုရားရှင်ဟာ တရားကို အလေးပြုလို့ပဲ မဟာကဿပထေရ် တောထွက်ရာနေ့မှာ ခရီးဦးကြိုဆိုမှုကိုပြုရင်း ၃ ဂါဝုတ်လမ်းခရီးကို ကြွတော်မူပါတယ်။ ယူဇနာ ၃ ရာကျော် လမ်းခရီးကို ကြွကာ ဂင်္ဂါမြစ်ကမ်းမှာ တရားဟောပြီး ပရိသတ်နဲ့တကွ မဟာကပ္ပိနကို ရဟန္တာဖြစ်စေပါတယ်။ ဆွမ်းစားချိန်ရဲ့ နောက်ပိုင်းမှာ ၄၅ ယူဇနာ လမ်းခရီးကိုသွားပြီး အိုးထိန်းသည်ရဲ့နေအိမ်မှာ ညဉ့်သုံးယံပတ်လုံး တရားဟောကာ ပုက္ကုသာတိအမျိုးသားကို အနာဂါမိဖိုလ်မှာ တည်စေပါတယ်။

http://www.dhammadownload.com



ဘုရားရှင်ဟာ ယူဇနာ ၁၂၀ ရှိတဲ့ လမ်းခရီးကိုသွားပြီး တောနေကိုရင်လေးအား ချီးမြှောက်ပါတယ်။ ယူဇနာ ၆၀ ရှိတဲ့ လမ်းခရီးကိုသွားပြီး ရှားတောမထေရ်အား တရားဟောပါတယ်။ အနုရုဒ္ဓါထေရ်ဟာ အရှေ့ဝါးတောမှာထိုင်နေရင်း ယောကျ်ားမြတ်တွေရဲ့အကြံကို ကြံနေတယ်လို့ သိလို့ ဘုရားရှင်ဟာ အဲဒီအရပ်ကို ကောင်းကင်ခရီးနဲ့ ကြွသွားပြီး မထေရ်ရဲ့ရှေ့မှာ သက်ဆင်းကာ သာဓုခေါ်တော်မူပါတယ်။ ၃ ဂါဝုတ်လမ်းခရီးကိုသွားပြီး မထေရ် ၃ ပါးရဲ့နေရာ ဂေါသိင်္ဂအင်ကြင်းတောမှာ ညီညွတ်မှုရသရဲ့အာနိသင်ကို ဟောတော်မူပါတယ်။ ကဿပဘုရားရှင်ဟာလည်း "ဒီသူဟာ အနာဂါမ် အရိယာသာဝကပဲ"လို့ သိလို့ အကျွမ်းဝင်မှုကို ဖြစ်စေပြီး ဃဋီကာရ အိုးထိန်းသည်ရဲ့နေအိမ်ကို သွားကာ မိမိလက်နဲ့စားဖွယ်ကိုယူပြီး ဘုဉ်းပေးခဲ့ပါတယ်။

ငါတို့ ဂေါတမဘုရားရှင်ဟာ ဝါဆိုခါနီးတဲ့အခါ ရဟန်းအပေါင်းခြံရံပြီး ဇေတဝန်ကျောင်းတော်မှ ခရီးဒေသစာရီ ကြွချီတော်မူပါတယ်။ ကောသလမင်း၊ အနာထပိဏ် စတဲ့ ပုဂ္ဂိုလ်တွေက ဘုရားရှင်ကို ပြန်ကြွအောင် မစွမ်းဆောင်နိုင်ကြပါဘူး။ အနာထပိဏ်ဟာ အိမ်ကိုသွားပြီး စိတ်မချမ်းမသာဖြစ်ကာ ထိုင်နေပါတယ်။ အဲဒီအခါ ပုဏ္ဏာအမည်ရှိ ကျွန်မက "အရှင် စိတ်မချမ်းမသာ ဖြစ်နေသလား"လို့ အနာထပိဏ်ကို မေးပါတယ်။ အနာထပိဏ်သူဌေးက "အေး ငါဟာ ဘုရားရှင်ကို ပြန်ကြွအောင် မလုပ်နိုင်ဘူး။ ဒီဝါတွင်းသုံးလပတ်လုံး ငါ့မှာ တရားနာခွင့် အလိုရှိတိုင်းလှူခွင့် မရတော့ဘူး"လို့ စိတ်အကြံဖြစ်နေပါတယ်လို့ ပြောပါတယ်။ "အရှင် ကျွန်မလည်း ဘုရားရှင်ကို ပြန်ကြွအောင် လုပ်ပါမယ်"လို့ ပုဏ္ဏာက ပြောလို့ သူဌေးက "ပြန်ကြွအောင်လုပ်နိုင်ရင် သင့်ကို ကျွန်အဖြစ်ကလွှတ်မယ်"လို့ ပြောပါတယ်။ ပုဏ္ဏာက သွားပြီး ဘုရားရှင်ရဲ့ခြေရင်းမှာ လဲလျောင်းကာ "မြတ်စွာဘုရား ပြန်ကြွတော်မူပါဘုရား"လို့ လျှောက်ပါတယ်။ "ပုဏ္ဏာ သူတစ်ပါးကိုမှီပြီး အသက်မွေးနေရတဲ့သင်ဟာ ငါ့အား ဘာလုပ်မှာလဲ"လို့ ဘုရားရှင်က မိန့်လို့ ပုဏ္ဏာက "တပည့်တော်မမှာ လှူစရာပစ္စည်းမရှိဘူး" ဆိုတာကို မြတ်စွာဘုရား သိပါတယ်။ မြတ်စွာဘုရား ပြန်ကြွရင် သရဏဂုံ၊

http://www.dhammadownload.com



ငါးပါးသီလတွေမှာ တပည့်တော်ဟာ တည်ပါမယ်ဘုရားလို့ လျှောက်ထားပါတယ်။ "သာဓု သာဓု၊ ပုဏ္ဏာ"လို့ သာဓုခေါ်ပြီး ပြန်နှင့်ကာ ဇေတဝန်ကျောင်းသို့သာ ဝင်သွားပါတယ်။ ဒီစကားဟာ ထင်ရှားပါတယ်။ သူဌေးကကြားလို့ ပုဏ္ဏာကို ကျွန်အဖြစ်က လွှတ်ကာ သမီးအရာမှာထားပါတယ်။ ပုဏ္ဏာဟာ ရဟန်းမ အဖြစ်ကို တောင်းပန်ကာ ရဟန်းမ ဝတ်ပါတယ်။ ရဟန်းမ ဝတ်ပြီး ဝိပဿနာအားထုတ်ပါတယ်။ ရဟန္တာမ ဖြစ်ပြီး ထင်ရှားတဲ့ဘုရားတပည့်တစ်ဦး ဖြစ်သွားပါတယ်။

အရှင်နန္ဒဟာ ဆွမ်းစားဇရပ်မှ တရားဟောနေတဲ့အခါ ဘုရားရှင်ဟာ သွားပြီး ညဉ့်သုံးယံပတ်လုံး ရပ်လျက်သာ တရားကို နာကြားကာ တရားအဆုံးမှာ သာဓုခေါ်တော်မူပါတယ်။ အရှင်နန္ဒဟာ လာပြီးရှိခိုးကာ "မြတ်စွာဘုရား ဘယ်အချိန်က လာပါသလဲဘုရား"လို့ လျှောက်ပါတယ်။ "သင် သုတ္တန်တရား ဟောခါစမှာ ရောက်တယ်"လို့ မိန့်လို့ "ဘုရားဖြစ်လို့ သိမ်မွေ့တဲ့မြတ်စွာဘုရားဟာ ပြုနိုင်ခဲ့တဲ့အမှုကို ပြုပါပေတယ်"လို့ အရှင်နန္ဒက လျှောက်ထားပါတယ်။ "နန္ဒ သင်ဟာ လူ့သက်တမ်းတစ်တမ်းလုံး ဟောနိုင်မယ်ဆိုရင် ငါဘုရားဟာ လူ့သက်တမ်းတစ်လျှောက်လုံး ရပ်ရင်းပဲ နာနိုင်တယ်"လို့ ဘုရားရှင်က မိန့်တော်မူပါတယ်။ ဒီလိုပဲ ဘုရားရှင်ဟာ တရားကို အလေးပြုတော်မူကြပါပေတယ်။

(မူလပဏ္ဏာသ၊ ၅၊ ၄၂၊ ၄၃)

## ဘုရားနဲ့ ဓာတ်တော်

အသက်တိုတဲ့ ဘုရားရှင်တွေရဲ့ ခန္ဓာကိုယ်က ဓာတ်တော်တွေဟာ အစိုင်အခဲမဟုတ်ပါဘူး။ အဓိဋ္ဌာန်ရဲ့အစွမ်းကြောင့် ပြန့်ကျဲနေပါတယ်။ ဒါကြောင့်ပဲ ငါတို့ဘုရားရှင်ဟာ "ငါဟာ ကြာရှည်စွာ မတည်ဘူး၊ သတ္တဝါအနည်းငယ်သာ ငါဘုရားကို မြင်ဖူးတယ်။ မမြင်ဖူးသူတွေကပဲ များတယ်။ ငါ့ရဲ့ ဓာတ်တော်တွေကိုယူပြီး ထိုထိုနေရာတွေမှာ ပူဇော်ကြရင် နတ်ပြည်ကို ရောက်ကြလိမ့်မယ်"လို့ သိလို့ ပရိနိဗ္ဗာန်စံခါနီးမှာ "ငါ့ရဲ့ ခန္ဓာကိုယ်ဟာ

http://www.dhammadownload.com



အစိတ်စိတ်အမွှာမွှာ ပြန့်ကျဲပါစေ''လို့ အဓိဋ္ဌာန်တော်မူပါတယ်။ အသက်ရှည်တဲ့ ဘုရားရှင်တွေရဲ့ ဓာတ်တော်တွေဟာ ရွှေစိုင်ခဲပမာ တစ်ခဲနက် အစိုင်အခဲအဖြစ် တည်ရှိနေကြပါတယ်။

(မူလပဏ္ဏာသ၊ ဋ္ဌ၊ ၂၈)

## ဘုရားနဲ့ ခြေဆေးရကြောင်း

ဘုရားရှင်ဟာ ပွင့်နေတဲ့ ပဒုမ္မာကြာပန်းနဲ့တူတဲ့ ဓာကွန်ပမာလက်တွေနဲ့ ပတ္တမြားအဆင်းရှိတဲ့ရေကို ယူကာ ရွှေအဆင်းရှိတဲ့ ခြေဖမိုးတော်တွေမှာ ရေကိုလောင်းချပြီး ခြေချင်းပွတ်တိုက်ကာ ဆေးကြောတော်မူပါတယ်။ ဘုရားရှင်တွေရဲ့ကိုယ်မှာ မြူမှုန် မလိမ်းကျံပါ။ ဆေးရခြင်းရဲ့အကြောင်းကတော့ ကိုယ်ရဲ့အငွေ့ကို ယူဖို့ရာနဲ့ ရေပေးလှူသူ မထေရ်သုံးပါး (အနုရုဒ္ဓါထေရ်၊ နန္ဒိယထေရ်၊ ကိမိလထေရ်)တို့ရဲ့စိတ်ကို ရွှင်လန်းစေဖို့ပဲ ဖြစ်ပါတယ်။ ''ငါတို့ယူဆောင်လာတဲ့ရေနဲ့ ဘုရားရှင်ဟာ ခြေဆေးတယ်၊ သုံးစွဲတယ်''လို့ အဲဒီမထေရ်တွေမှာ အားကြီးတဲ့ ဝမ်းသာမှုနဲ့ စိတ်ဟာ ပြည့်လို့နေပါတယ်။ ဒါကြောင့် ဘုရားရှင်ဟာ ခြေဆေးတော်မူပါတယ်။

(မူလပဏ္ဏာသ၊ ဋ္ဌ၊ ၁၄၁)

## ဘုရားနဲ့ တရားနာ

ဘုရားရှင်ဟာ ဆွမ်းစားဇရပ်မှာ နန္ဒကထေရ် ချိုသာတဲ့အသံနဲ့ ဟောကြားနေတဲ့တရားကို နာရလို့ ''အာနန္ဒာ ဆွမ်းစားဇရပ်မှာ ချိုသာတဲ့အသံနဲ့ တရားဟောနေသူဟာ ဘယ်သူလဲ''လို့ မေးပါတယ်။ ''မြတ်စွာဘုရား ဒီနေ့ ဓမ္မကထိက နန္ဒကထေရ်ရဲ့ တရားဟောလှည့်ပါဘုရား''လို့ လျှောက်တာကို ကြားရလို့ ''အာနန္ဒာ ဒီနန္ဒကထေရ်ဟာ အလွန်ချိုမြိန်အောင်ပြုပြီး တရားကိုဟောပေတယ်။ ငါတို့လည်း သွားပြီး နာယူကြရအောင်''လို့မိန့်ကာ ရောင်ခြည်တော်ခြောက်ပါးကို သင်္ကန်းအတွင်းမှာ ဖုံးဝှက်ပြီး မထင်မရှား

http://www.dhammadownload.com



အသွင်နဲ့ ကြွတော်မူပါတယ်။ တရားရဲ့အဆုံးကိုစောင့်ရင်း တရားနာကာ ရပ်တည်နေပါတယ်။

အဲဒီအခါ အရှင်အာနန္ဒာက ပထမယံလွန်တဲ့အခါ "ပထမယံ လွန်ပါပြီဘုရား၊ အနည်းငယ် အပန်းဖြေတော်မူပါ"လို့ ဘုရားရှင်အား အမှတ်အသားပေးပါတယ်။ ဘုရားရှင်က အဲဒီနေရာမှာပဲ ရပ်နေပါတယ်။ အဲဒီအခါ အရှင်အာနန္ဒာက မဇ္ဈိမ (အလယ်)ယံလည်း လွန်သွားလို့ "မြတ်စွာဘုရား မြတ်စွာဘုရားဟာ ပကတိအားဖြင့် မင်းမျိုးဖြစ်လို့ နူးညံ့ပါတယ်။ တစ်ဖန် ဘုရားဖြစ်လို့ နူးညံ့ပါတယ်။ ဒါကြောင့် အလွန်နူးညံ့ပါတယ်။ အလယ်ယံလည်း လွန်သွားပါပြီ။ (ည ၂ နာရီအချိန်လည်း လွန်သွားပါပြီ။) တစ်ခဏ အပန်းဖြေတော်မူပါ"လို့ လျှောက်ထားပါတယ်။ ဘုရားရှင်က အဲဒီနေရာမှာပဲ ရပ်နေပါတယ်။ အဲဒီနေရာမှာရပ်ရင်းပဲ အရုဏ်တက်ပါတယ်။ အရုဏ်တက်တာရယ်၊ အရှင်နန္ဒကရဲ့ တရားဆုံးတာရယ်၊ ဘုရားရှင်ရဲ့ ရောင်ခြည်တော်ခြောက်ပါးလွှတ်တာရယ်ဟာ တစ်ပြိုင်နက်တည်းပဲ ဖြစ်ပါတယ်။

(အင်္ဂုတ္တရ၊ ၄၊ နဝက၊ ၂၆၀)

## ဘုရားနဲ့ ပရိသတ် ၈ ပါး

ဘုရားရှင်ဟာ မင်း ပုဏ္ဏား သူကြွယ် ရဟန်း စာတုမဟာရာဇ် တာဝတိံသာ မာရ်နတ် ဗြဟ္မာ ဆိုတဲ့ ပရိသတ် ၈ မျိုးနဲ့အတူ ထိုင်ဖူး စကားပြောဖူး တရားဆွေးနွေးဖူးပါတယ်။ ဒီစကြဝဠာကရော အခြားစကြဝဠာတွေကပါ ပါပါတယ်။ အဲဒီပရိသတ်ရဲ့အရောင်အဆင်းဟာ ဖြူတာ မည်းတာ ညိုတာတွေ ပါပေမယ့် ဘုရားရှင်ရဲ့ အရောင်အဆင်းကတော့ ရွှေအရောင်အဆင်းပဲ ဖြစ်ပါတယ်။ ဘုရားရှင်ဟာ တောင်သူလူရိုင်းနဲ့ မတူပါဘူး။ ပတ္တမြားနားတောင်းလည်း ဝတ်ဆင်မထားပါဘူး။ ဘုရားရှင်ရဲ့ အသွင်နဲ့ပဲ ထိုင်ပါတယ်။ အဲဒီပရိသတ်တွေက သူတို့နဲ့တူတဲ့ ပုံသဏ္ဌာန်ကိုသာ မြင်ကြရပါတယ်။ ပရိသတ် ၈ ပါးမှာ အသံပြတ်သူ၊ အသံကွဲအက်သူ၊ ကျီးငှက်အသံနဲ့ တူသူတွေ ပါပါတယ်။ ဘုရားရှင်အသံတော်ကတော့ ဗြဟ္မာမင်းရဲ့အသံနဲ့ တူပါတယ်။

http://www.dhammadownload.com



ဘုရားရှင်ဟာ ရာဇပလ္လင်မှာထိုင်ပြီး တရားဟောနေရင် ''ဒီနေ့ မင်းဟာ ချိုသာတဲ့အသံနဲ့ ပြောတယ်''လို့ နားထောင်သူတွေမှာ ထင်မှတ်ကြပါတယ်။ တရားဟောပြီးလို့ ဘုရားကြွသွားတဲ့အခါ တစ်ဖန် မင်းလာတာကို တွေ့ရလို့ ''ဒီသူဟာ ဘယ်သူလဲ''လို့ စူးစမ်းမှုဖြစ်ပါတယ်။ ''ဒီနေရာမှာ အခုပဲ မာဂဓဘာသာ၊ သီဟိုဠ်ဘာသာနဲ့ ချိုချိုသာသာဟောပြီး ကွယ်ပျောက်သွားတဲ့ ဒီသူဟာ ဘယ်သူလဲ၊ နတ်လား လူလား''လို့ စူးစမ်းကြပေမယ့် မသိကြပါဘူး။ ဒီလို မသိတဲ့သူတွေကို တရားဟောရတဲ့ ဘုရားရှင်ရဲ့ ရည်ရွယ်ချက်ကတော့ အထုံဝါသနာရစေရန် ဖြစ်ပါတယ်။ ဒီလိုကြားနာထားတဲ့တရားဟာ နောင်အခါ အထောက်အပံ့ဖြစ်လို့ အနာဂတ်ကာလကို ရည်ရွယ်ကာ ဟောကြားခြင်းဖြစ်ပါတယ်။

(အင်္ဂုတ္တရ။ အဋ္ဌကပါဠိ၊ ၁၂၈၊ ဋ္ဌ၊ ၂၄၆/၇)

## ဘုရားနဲ့ ကာယအား

ဘုရားရှင်မှာ ကာယအား၊ ဉာဏအားလို့ အား ၂ မျိုးရှိပါတယ်။ ကာယအားကို ဆင်အမျိုးအစားနဲ့စပ်ပြီး မှတ်ရပါမယ်။ ဆင်အမျိုးအစား ၁၀ မျိုးရှိပါတယ်။ ကာလာဝကဆင်၊ ဂင်္ဂေယျဆင်၊ ပဏ္ဍရဆင်၊ တမ္ဗဆင်၊ ပိင်္ဂလဆင်၊ ဂန္ဓဆင်၊ မင်္ဂလဆင်၊ ဟေမဆင်၊ ဥပေါသထဆင်၊ ဆဒ္ဒန်ဆင်တို့ ဖြစ်ပါတယ်။ အဲဒီ ၁၀ မျိုးထဲမှာ ကာလာဝကဆင်ဆိုတာ ပကတိဆင်အမျိုး ဖြစ်ပါတယ်။ ယောကျာ်း ၁၀ ယောက်ရဲ့အားဟာ ကာလာဝကဆင် တစ်ကောင်ရဲ့ အားဖြစ်ပါတယ်။ ကာလာဝကဆင် ၁၀ ကောင်ရဲ့အားဟာ ဂင်္ဂေယျဆင်တစ်ကောင်ရဲ့ အားဖြစ်ပါတယ်။ ဂင်္ဂေယျဆင် ၁၀ ကောင်ရဲ့ အားဟာ ပဏ္ဍရဆင်တစ်ကောင်ရဲ့ အားဖြစ်ပါတယ်။ ပဏ္ဍရဆင် ၁၀ ကောင်ရဲ့အားဟာ တမ္ဗဆင်တစ်ကောင်ရဲ့ အားဖြစ်ပါတယ်။ တမ္ဗဆင် ၁၀ ကောင်ရဲ့အားဟာ ပိင်္ဂလဆင်တစ်ကောင်ရဲ့ အားဖြစ်ပါတယ်။ ပိင်္ဂလဆင် ၁၀ ကောင်ရဲ့အားဟာ ဂန္ဓဆင်တစ်ကောင်ရဲ့ အားဖြစ်ပါတယ်။ ဂန္ဓဆင် ၁၀ ကောင်ရဲ့အားဟာ မင်္ဂလဆင်တစ်ကောင်ရဲ့ အားဖြစ်ပါတယ်။ မင်္ဂလဆင် ၁၀ ကောင်ရဲ့အားဟာ ဟေမဆင်တစ်ကောင်ရဲ့ အားဖြစ်ပါတယ်။

http://www.dhammadownload.com



ဟေမဆင် ၁၀ ကောင်ရဲ့အားဟာ ဥပေါသထဆင်တစ်ကောင်ရဲ့ အားဖြစ်ပါတယ်။ ဥပေါသထဆင် ၁၀ ကောင်ရဲ့အားဟာ ဆဒ္ဒန်ဆင်တစ်ကောင်ရဲ့ အားဖြစ်ပါတယ်။ ဆဒ္ဒန်ဆင် ၁၀ ကောင်ရဲ့အားဟာ ဘုရားရှင်တစ်ဆူရဲ့ အားဖြစ်ပါတယ်။

ပကတိဆင်ပေါင်း ကုဋေတစ်ထောင်ရဲ့အား၊ ယောကျ်ားပေါင်း ကုဋေတစ်သောင်းရဲ့အားဟာ ဘုရားရှင်ရဲ့ ခန္ဓာကိုယ်အင်အား ဖြစ်ပါတယ်။

(အင်္ဂုတ္တရ၊ ဒသက၊ ဋ္ဌ၊ ၂၉၃/၄)

## ဘုရားနဲ့ ဉာဏအား

ဘုရားရှင်ရဲ့ဉာဏ်အားတွေဟာ အင်္ဂုတ္တရနိကာယ်၊ ဒသကနိပါတ်၊ သီဟနာဒသုတ်မှာလာတဲ့ ဉာဏ်တော် ၁၀ ပါး၊ မဇ္ဈိမနိကာယ်မှာလာတဲ့ ဝေသာရဇ္ဇဉာဏ် ၄ ပါး၊ ပရိသတ် ၈ ပါးမှာ မတုန်လှုပ်တဲ့ဉာဏ်၊ ယောနိ ၄ ပါးကို ပိုင်းခြားသိတဲ့ဉာဏ်၊ ဂတိ ၅ ပါးကို ပိုင်းခြားသိတဲ့ဉာဏ်၊ သံယုတ္တနိကာယ်မှာလာတဲ့ ၇၃ ပါးသောဉာဏ်၊ ၇၇ ပါးသောဉာဏ်နဲ့ အခြား များစွာသော ဉာဏ်တော်တွေပါပဲ။

(အင်္ဂုတ္တရ၊ ဒသက၊ ဋ္ဌ၊ ၃၊ ၂၉၄)

## ဘုရားနဲ့ ဉာဏ် ၁၀ ပါး

ဘုရားရှင်ဟာ ဘုရားရှင်ရဲ့ ဒီဉာဏ်အား ၁၀ ပါးနဲ့ ပြည့်စုံလို့ ဘယ်ဆန့်ကျင်ဘက်ပုဂ္ဂိုလ်ကမှ မတုန်လှုပ်စေနိုင်ကြောင်းကို ဝန်ခံပါတယ်။ ပရိသတ် ၈ ပါးမှာ မရွံ့မကြောက် ရဲရဲရင့်ရင့် မိန့်ကြားပါတယ်။ မြတ်တဲ့ တရားစက်ကို လည်စေပါတယ်။ အဲဒီဉာဏ်အား ၁၀ ပါးက

၁။ အကြောင်းဟုတ် မဟုတ်ကို ဟုတ်တိုင်းမှန်စွာသိတဲ့ဉာဏ်။

၂။ ကံရဲ့အကျိုးအထူးကို ဟုတ်တိုင်းမှန်စွာသိတဲ့ဉာဏ်။

၃။ ကံကို ပိုင်းခြားသိတဲ့ဉာဏ်။

၄။ ဓာတ်တွေရဲ့ ထူးခြင်းအကြောင်းကို ဟုတ်တိုင်းမှန်စွာသိတဲ့ ဉာဏ်။

http://www.dhammadownload.com



၅။ သတ္တဝါတွေရဲ့ အလိုအဈွာသယကိုသိတဲ့ဉာဏ်။
၆။ ဣန္ဒြေတို့ရဲ့ အနုအရင့်ကို သိတဲ့ဉာဏ်။
၇။ ဈာန်၊ ဝိမောက္ခ၊ သမာဓိ၊ သမာပတ်တို့ရဲ့ ဆုတ်ယုတ်ကြောင်း၊ တိုးတက်ကြောင်း အကြောင်းတရားတွေကို သိတဲ့ဉာဏ်။
၈။ ရှေးဘဝတွေက အဖြစ်အပျက်တွေကို သိတဲ့ဉာဏ်။
၉။ သတ္တဝါတို့ရဲ့ စုတိ ပဋိသန္ဓေကို သိတဲ့ဉာဏ်။
၁၀။ သစ္စာလေးပါးကို ပိုင်းခြားသိတဲ့ဉာဏ်။

ဒီဉာဏ် ၁၀ ပါးဟာ သဗ္ဗညုတဉာဏ်နဲ့ တခြားစီပဲဖြစ်ပါတယ်။ ဒီဉာဏ် ၁၀ ပါးဟာ သူ့ဆိုင်ရာကိစ္စကိုသာ သိပါတယ်။ သဗ္ဗညုတဉာဏ်ကတော့ ဒီဉာဏ် ၁၀ ပါးသိတာတွေကိုရော အခြားကျန်သိစရာတွေကိုပါ သိပါတယ်။

(အင်္ဂုတ္တရ၊ ဒသက၊ ဋ္ဌ၊ ၂၉၇)

## ဘုရားနဲ့ ရဟန်းတို့နေရာ

ကမ္မဋ္ဌာန်းအားထုတ်ကြတဲ့ ရဟန်းတွေက မိမိရဲ့နေရာမှာ ဆုံးမဖို့ရာ ကြွလာတဲ့ ဘုရားရှင်ထိုင်ဖို့ ရရာပစ္စည်းနဲ့ နေရာကိုခင်းပြီးမှသာ တရားအားထုတ်ကြပါတယ်။ အခြားဟာကို မရကြရင် သစ်ရွက်ဟောင်းတွေကိုလည်း စုခင်းပြီး အထက်ပေါ်မှာ သင်္ကန်းကြီးကိုခင်းကြပါတယ်။

(အင်္ဂုတ္တရ၊ ဆက္က၊ ဋ္ဌ၊ ၁၂၃)

## ဘုရားနဲ့ ဝေနေယျ

ဘုရားရှင်တွေရဲ့ အလိုဆန္ဒဟာ ညံ့တယ်ဆိုတာမရှိ၊ မြင့်မြတ်တာချည်းသာ ရှိပါတယ်။ တစ်ပါးအားဖြစ်စေ၊ အများအားဖြစ်စေ တရားဟောရင် အရဟတ္တဖိုလ်ဖြင့်သာ အထွတ်ကို ယူကြပါတယ်။ သတ္တဝါတွေကတော့ မိမိတို့နဲ့ သင့်လျော်တဲ့ အကြောင်းကံမှာတည်ကာ တချို့က သောတာပန်၊ တချို့က သကဒါဂါမ်၊ တချို့က အနာဂါမ်၊ တချို့က ရဟန္တာဖြစ်ကြပါတယ်။

http://www.dhammadownload.com



မှန်ပါတယ်။ ဘုရားရှင်ဟာ မင်းနဲ့တူပါတယ်။ ဝေနေယျသတ္တဝါတွေက မင်းသားတွေနဲ့ တူကြပါတယ်။ မင်းဟာ မိမိရဲ့ပမာဏနဲ့ ထမင်းကို ထုတ်ဆောင်ပြီး မင်းသားတွေအား ခွဲ့ကျွေးပါတယ်။ မင်းသားတွေဟာ မိမိရဲ့ပါးစပ်ပမာဏနဲ့သာ ထမင်းလုတ်ကို ပြုကြပါတယ်။ အဲဒီလိုပါပဲ၊ ဘုရားရှင်ဟာ မိမိရဲ့အလိုနဲ့လျော်တဲ့ တရားဒေသနာနဲ့ အရဟတ္တဖိုလ်ဖြင့်သာ အထွတ်ကို ယူပါတယ်။ ဝေနေယျသတ္တဝါတွေက မိမိတို့ရဲ့အကြောင်းကံ ပမာဏနဲ့ သောတာပတ္တိဖိုလ်ကိုဖြစ်စေ၊ သကဒါဂါမိ၊ အနာဂါမိ၊ အရဟတ္တဖိုလ်ကို ဖြစ်စေ ယူကြပါတယ်။

(သုတ်မဟာဝါ၊ ဋ္ဌ၊ ၃၂၄)

## ဘုရားနဲ့ နောက်ဆုံးည

ကဆုန်လပြည့် အင်္ဂါနေ့ည ပထမယံမှာ ဘုရားရှင်ဟာ မလ္လမင်းတို့အား တရားဟောပါတယ်။ အလယ်ယံမှာ သုဘဒ္ဒအား တရားဟောပါတယ်။ နောက်ဆုံးယံမှာ ရဟန်းအပေါင်းကို ဆုံးမပါတယ်။ မိုးသောက်ယံမှာ ပရိနိဗ္ဗာန် စံတော်မူပါတယ်။

(သုတ်မဟာဝါ၊ ဋ္ဌ၊ ၁၆၆)

## ဘုရားနဲ့ စုတိ

ဘုရားရှင်ဟာ ဈာန်ကိုဝင်စားပြီး ဈာန်မှထကာ ဈာန်အင်္ဂါတွေကို ဆင်ခြင်၍ ဘဝင်စိတ်လို့ခေါ်တဲ့ အဗျာကတ ဒုက္ခသစ္စာနဲ့ ပရိနိဗ္ဗာန်စံတော်မူပါတယ်။ မှန်ပါတယ်။ ဘုရားရှင်အားလုံးရော၊ ပစ္စေကဗုဒ္ဓါအားလုံးရော၊ အရိယသာဝကအားလုံးရော အောက်ထစ်ဆုံးအားဖြင့် ပိုးရွခြပုန်းတွေကစပြီး သတ္တဝါအားလုံးဟာ ဘဝင်စိတ်ဖြစ်တဲ့ အဗျာကတဒုက္ခသစ္စာနဲ့ သေကြပါတယ်။

(သုတ်မဟာဝါ၊ ဋ္ဌ၊ ၁၈၆)

http://www.dhammadownload.com



## ဘုရားနဲ့ သမာပတ်

ဘုရားရှင်ဟာ ပရိနိဗ္ဗာန်စံဝင်တော်မူတဲ့အခါ ကုဋေပေါင်း ၂ သန်း ၄ သိန်းရှိတဲ့ သမာပတ်အားလုံးကို ဝင်စားပြီး အရပ်တစ်ပါးကို သွားတဲ့ သူဟာ ဆွေမျိုးအပေါင်းကို ပွေ့ဖက်သည့်ပမာ သမာပတ်ချမ်းသာအားလုံးကို စံစားပြီးမှ ပရိနိဗ္ဗာန် စံဝင်တော်မူပါတယ်။

(သုတ်မဟာဝါ၊ ဋ္ဌ၊ ၁၈၆)

## ဘုရားနဲ့ အားကုန်ခန်းခြင်း

ပကတိဆင်ပေါင်း ကုဋေတစ်ထောင်ရဲ့အားပမာဏရှိတဲ့ ဘုရားရှင်ရဲ့အားဟာ စုန္ဒရဲ့ဆွမ်းကို ဘုဉ်းပေးပြီးရာအချိန်ကစပြီး ရေစစ်မှာထည့်လိုက်တဲ့ ရေပမာ ကုန်ခန်းသွားပါတယ်။ ပါဝါမြို့က ကုသိနာရုံမြို့ကို သွားတဲ့ သုံးဂါဝုတ်ခရီးအတွင်းမှာ ၂၅ နေရာမှာထိုင်ကာ ကြိုးစားမှုကြီးစွာနဲ့ လာခဲ့ပေမယ့် နေဝင်ခါနီး ဆည်းဆာအချိန်မှာ ဘုရားရှင်ဟာ ပရိနိဗ္ဗာန်စံမယ့် အင်ကြင်းတောကို ဝင်ပါတယ်။ ဒီနည်းနဲ့ ရောဂါဟာ ရောဂါကင်းမှုအားလုံးကို ချေဖျက်လာပါတယ်။ ဒီအခြေအနေကို ပြတဲ့ပမာ လောကကြီးတစ်ခုလုံးအား သံဝေဂစကား မိန့်ကြားလိုလို့ "အာနန္ဒာ ငါဘုရား ပင်ပန်းလာတယ်။ လျောင်းတော်မူမယ်"လို့ မိန့်တော်မူပါတယ်။

(သုတ်မဟာဝါ၊ ဋ္ဌ၊ ၁၆၄)

## ဘုရားနဲ့ ဆွမ်း ၂ ထပ်

သုဇာတာလှူတဲ့ဆွမ်းကို ဘုဉ်းပေးပြီး ဘုရားဖြစ်ပါတယ်။ အဲဒီဆွမ်းကို ရာဂ ဒေါသ မောဟရှိတုန်းမှာ ဘုဉ်းပေးခဲ့ပါတယ်။ စုန္ဒလှူတဲ့ဆွမ်းကိုတော့ ရာဂ ဒေါသ မောဟကင်းပြီးချိန်မှာ ဘုဉ်းပေးပါတယ်။ ဘာကြောင့် အဲဒီဆွမ်း ၂ ထပ်ဟာ တူမျှတဲ့အကျိုးရှိပါသလဲ။ ပရိနိဗ္ဗာန်ပြုချင်တာချင်း၊ သမာပတ်ချင်း၊ အောက်မေ့တာချင်း တူလို့ ဖြစ်ပါတယ်။ သုဇာတာလှူတဲ့ဆွမ်းကို ဘုဉ်းပေးပြီး ဘုရားလောင်းဟာ ကိလေသပရိနိဗ္ဗာန်ပြုခဲ့ပါတယ်။

http://www.dhammadownload.com



စုန္ဒလှူတဲ့ဆွမ်းကို ဘုဉ်းပေးပြီး ဘုရားရှင်ဟာ ခန္ဓပရိနိဗ္ဗာန်ပြုခဲ့ပါတယ်။ အဲဒီလို ပရိနိဗ္ဗာန်ပြုတာချင်း တူကြပါတယ်။ ဘုရားဖြစ်တဲ့နေ့မှာရော ပရိနိဗ္ဗာန် စံမယ့်နေ့မှာပါ သမာပတ် ကုဋေ ၂ သန်း ၄ သိန်းတို့ကို ဝင်စားခဲ့ပါတယ်။ အဲဒီလို သမာပတ်ချင်း တူကြပါတယ်။

သုဇာတာဟာ နောင်သောအခါ "အဲဒီသူဟာ သစ်ပင်စောင့်နတ်မဟုတ်ဘူး၊ ဘုရားလောင်းတဲ့၊ ငါလှူတဲ့ဆွမ်းကို ဘုဉ်းပေးပြီး ဘုရားဖြစ်သတဲ့။ ၄၉ ရက်ပတ်လုံး အဲဒီဆွမ်းနဲ့ပဲ မျှတနေသတဲ့"လို့ ကြားပါတယ်။ အဲဒီသတင်းကိုကြားရလို့ သုဇာတာမှာ "ငါ့မှာ အရတော်လေစွ"လို့ အဖန်ဖန် အောက်မေ့ရင်း ဝမ်းမြောက်ဝမ်းသာမှု အားကြီးစွာ ဖြစ်ပေါ်လာပါတယ်။ စုန္ဒမှာလည်း "နောက်ဆုံးဆွမ်းကို ငါဟာ ပေးလှူရတာတဲ့၊ ငါဟာ တရားဦးခေါင်းကို ယူလိုက်ရသတဲ့၊ ငါ့ဆွမ်းကိုဘုဉ်းပေးပြီး ခန္ဓပရိနိဗ္ဗာန်ပြုတော်မူသတဲ့"လို့ ကြားရလို့ "ငါ့မှာ အရတော်လေစွ"လို့ အဖန်ဖန်အောက်မေ့ရင်း ဝမ်းမြောက်ဝမ်းသာမှု အားကြီးစွာ ဖြစ်ပေါ်လာပါတယ်။ အဲဒီလို အောက်မေ့တာချင်း တူကြပါတယ်။ ဒီဆွမ်း ၂ ထပ်ဟာ အခြားဆွမ်းတွေထက် ပိုပြီး အကျိုးကြီးမားပါတယ်။

(သုတ်မဟာဝါ၊ ဋ္ဌ၊ ၁၆၂/၃)

## ဘုရားနဲ့ နေ့ ၂ နေ့

ဘုရားဖြစ်တဲ့နေ့နဲ့ ပရိနိဗ္ဗာန်စံမယ့်နေ့မှာ အာဟာရအထူးနဲ့ အားကြီးတဲ့ဝမ်းသာမှုကြောင့် ဘုရားရှင်ရဲ့ကိုယ်ဟာ အလွန်ပဲ သန့်စင်ပါတယ်။ အရေအဆင်းဟာ အလွန်ပဲ ဖြူဝင်းနေပါတယ်။ အဲဒီ ၂ ချိန်မှာ စကြဝဠာ အားလုံးက နတ်တွေဟာ ဘုရားရှင်ရဲ့ အစာအာဟာရထဲမှာ နတ်သြဇာ ထည့်ကြပါတယ်။ အဲဒီမွန်မြတ်တဲ့ဘောဇဉ်ဟာ ဝမ်းဗိုက်ထဲကိုဝင်ပြီး ကြည်လင်တဲ့ရုပ်ကို ဖြစ်စေပါတယ်။ အာဟာရကြောင့်ဖြစ်တဲ့ ရုပ်ကြည်လင်လို့ မျက်စိ နား နှာ လျှာ ကိုယ် စိတ် ဆိုတဲ့ ဣန္ဒြေ ၆ ပါးဟာ အလွန်ပဲ တောက်ပကြပါတယ်။

http://www.dhammadownload.com



ဘုရားဖြစ်တဲ့နေ့မှာ "ငါဟာ ဒီနေ့ ကမ္ဘာပေါင်း ကုဋေတစ်သိန်းမက တဲ့ ကာလတွေမှာ စုစည်းနေတဲ့ ကိလေသာအစုကို ပယ်ပြီးပေစွ"လို့ ဆင်ခြင်တဲ့အခါ ဘုရားရှင်မှာ အားကြီးတဲ့ဝမ်းသာမှု ဖြစ်ပါတယ်။ စိတ်ကြည်နေပါတယ်။ စိတ်ကြည်လို့ သွေးကြည်ပါတယ်။ သွေးကြည်လို့ ဏ္ဍန္ဓြေတွေ အလွန်ပဲ တောက်ပကြပါတယ်။

(သုတ်မဟာဝါ၊ ဋ္ဌ၊ ၁၆၁)

## ဘုရားနဲ့ အရိုး

လူအများရဲ့အရိုးတွေဟာ အစွန်းတစ်ခုနဲ့ အစွန်းတစ်ခုကိုထိပြီး တည်နေကြပါတယ်။ ပစ္စေကဗုဒ္ဓါတွေရဲ့ အရိုးတွေဟာ အချင်းချင်း ချိတ်နေတဲ့ချွန်းပမာ ချိတ်ဆက်ဖြစ်နေကြပါတယ်။ ဘုရားရှင်တွေရဲ့ အရိုးတွေကတော့ အဲဒီလိုမဟုတ်ပါဘူး။ ဘုရားရှင်တွေရဲ့အရိုးတွေဟာ သံကွင်းဆက်ပမာ တစ်စပ်တည်းဖွဲ့စပ်ကာ တည်နေကြပါတယ်။ ဒါကြောင့် ဘုရားရှင်တွေဟာ နောက်ကိုလှည့်ကြည့်တဲ့အခါ လည်ပင်းကို လှည့်ခြင်းငှာ မတတ်ကောင်းပါ။ ဆင်ပြောင်ကြီးဟာ နောက်ကို လှည့်ကြည့်လိုတဲ့အခါ တစ်ကိုယ်လုံးလှည့်ရသလို လှည့်ရပါတယ်။

(မူလပဏ္ဏာ၊ ဋ္ဌ၊ ဒု၊ ၃၁၈) (သုတ်မဟာဝါ၊ ဋ္ဌ၊ ၁၅၄/၅)

## ဘုရားနဲ့ ဓာတ်တော်

ဘုရားရှင်ရဲ့ စွယ်တော် ၄ ချောင်း၊ ညှပ်ရိုး ၂ ခု၊ သင်းကျစ်တော် ဆိုတဲ့ ၇ ဆူသောဓာတ်တွေဟာ မပြန့်ကျဲပါ။ ကျန်တဲ့ဓာတ်တော်တွေက ပြန့်ကျဲပါတယ်။ အဲဒီဓာတ်တော်တွေထဲမှာ အငယ်ဆုံးဓာတ်တော်က မုန်ညင်းစေ့ပမာဏ ရှိပါတယ်။ အလယ်အလတ်ဓာတ်တော်က အလယ်ကကျိုးတဲ့ ဆန်ကျိုးပမာဏရှိပါတယ်။ အကြီးဆုံးဓာတ်တော်က အလယ်ကကွဲနေတဲ့ ပဲနောက်ပမာဏ ရှိပါတယ်။

(သုတ်မဟာဝါ၊ ဋ္ဌ၊ ၁၉၆)

http://www.dhammadownload.com



## ဘုရားနဲ့ ပြင်းထန်တဲ့ရောဂါ

ဘုရားရှင် ပရိနိဗ္ဗာန်စံခါနီး ဝေဠုဝရွာမှာ ဝါဆိုတဲ့အခါ သေလောက်အောင် ပြင်းထန်တဲ့ရောဂါ ဘုရားရှင်မှာ ဖြစ်ပါတယ်။ ဖလသမာပတ်ဝင်စားကာနေလို့ ရောဂါပျောက်သွားပါတယ်။ ဘုရားရှင်ဟာ ဒီအရင်ရှေးမှာ ဖလသမာပတ်ကို ဝင်စားခဲ့တာပါပဲ။ အဲဒီဖလသမာပတ်ဟာ တစ်ခဏတည်တဲ့ သမာပတ်ဖြစ်ပါတယ်။ တစ်ခဏတည်တဲ့ ဖလသမာပတ်ဟာ သမာပတ်အတွင်းမှာပဲ ရောဂါဝေဒနာကို ပယ်ခွာပါတယ်။ သမာပတ်ကထခါမျှမှာ သစ်သား၊ အိုးခြမ်းကွဲကျလို့ ရှဲသွားတဲ့မှော်ဟာ ရေကို တစ်ဖန်လွှမ်းလာသလို ခန္ဓာကိုယ်ကို ရောဂါဝေဒနာက လွှမ်းမိုးလာပါတယ်။

ရူပသတ္တကနဲ့ အရူပသတ္တကကို အရှုပ်အထွေးမရှိအောင်ပြုပြီး မဟာဝိပဿနာရဲ့အစွမ်းနဲ့ ဝင်စားတဲ့ သမာပတ်က ရောဂါဝေဒနာကို ကောင်းစွာပယ်ခွာပါတယ်။ ယောက်ျားဟာ ရေကန်ကို သက်ဆင်းပြီး လက် ခြေတွေနဲ့ ကောင်းစွာဖယ်ရှားလိုက်တဲ့မှော်ဟာ အချိန်ကြာမှ ရေကိုလွှမ်းလာသလို အဲဒီသမာပတ်ကထတဲ့ ဘုရားရှင်မှာ အချိန်ကြာမှ ရောဂါဝေဒနာ ဖြစ်လာပါတယ်။ အဲဒီနေ့မှာ ဘုရားရှင်ဟာ မဟာဗောဓိပလ္လင်မှာ ဝိပဿနာအသစ်ကို ဖြစ်စေသလို ရူပသတ္တကနဲ့ အရူပသတ္တကကို အရှုပ်အထွေးမရှိအောင်ပြုပြီး ၁၄ ပါးသော အခြင်းအရာတွေနဲ့ ကောင်းစွာဆောင်ကာ မဟာဝိပဿနာနဲ့ ဝေဒနာကိုခွာပြီး ''ဆယ်လပတ်လုံး ရောဂါဝေဒနာမဖြစ်ပါစေနဲ့'' လို့ ရည်ရွယ်ကာ သမာပတ်ကို ဝင်စားပါတယ်။ သမာပတ်နဲ့ ခွာထားတဲ့ဝေဒနာဟာ ဆယ်လပတ်လုံး မဖြစ်တော့ပါ။

(သုတ်မဟာဝါ၊ ဋ္ဌ၊ ၁၃၇)

## ဘုရားနဲ့ အခြားဘုရား

စကြဝဠာတစ်သောင်းဆိုတဲ့ လောကဓာတ်တစ်ခုမှာ ဘစ်ပြိုင်နက်တည်း ဘုရားရှင်နှစ်ဆူ ပွင့်ရိုးထုံးစံမရှိ။ တစ်ဆူသာ ပွင့်ရိုးထုံးစံရှိပါတယ်။ အဲဒီစကြဝဠာတစ်သောင်းမှာလည်း ဒီစကြဝဠာက ဇမ္ဗူဒိပ်ရဲ့ မဇ္ဈိမဒေသကို

http://www.dhammadownload.com



ဖယ်ထားပြီး အခြားနေရာမှာ မပွင့်ကြပါဘူး။ ဇာတိခေတ်လို့ခေါ်တဲ့ စကြဝဠာတစ်သောင်းရဲ့ အပြင်ဘက်အရပ်ဟာ ဘုရားရှင်တို့ရဲ့ ပွင့်ရာဌာနရယ်လို့ မထင်ရှားပါဘူး။

(သုတ်မဟာဝါ၊ ဋ္ဌ၊ ၂၅၂)

စကြဝဠာတစ်သောင်းအတွင်းမှာ အခြားဘုရားရှင်တစ်ဆူ မပွင့်ပါဘူး။ ဘုရားရှင် ပရိနိဗ္ဗာန်စံပြီးသည်ကစပြီး မုန်ညင်းစေ့လောက်ဓာတ်တော်တည်ရှိနေသမျှ အခြားဘုရားရှင် မပွင့်သေးပါဘူး။ ဓာတ်တော်တွေ တည်ရှိနေသေးရင် ဘုရားရှင်တည်ရှိနေသေးတာပါပဲ။ ဓာတ်တော်တွေ ကွယ်ပျောက်သွားမှ (ပရိနိဗ္ဗာန်ပြုသွားမှ) အခြားဘုရားရှင်တစ်ဆူ ပွင့်ပါတယ်။

(အင်္ဂုတ္တရ၊ ဧကက၊ ဋ္ဌ၊ ၃၅၈)

ဘုရားရှင်နှစ်ဆူ တစ်ပြိုင်နက်တည်းပွင့်ပေါ်ရင် အံ့ဩစရာ မဟုတ်တော့ပါ။ ဘုရားရှင်တွေဟာ အံ့ဩစရာလူသားတွေ ဖြစ်ပါတယ်။ ဘုရားရှင်တွေ နှစ်ဆူ၊ လေးဆူ၊ ရှစ်ဆူ၊ တစ်ဆယ့်ခြောက်ဆူ တစ်ပြိုင်နက်တည်းပွင့်ပေါ်ရင် အံ့ဩစရာ မဟုတ်တော့ပါ။ မှန်ပါတယ်။ ကျောင်းတစ်ကျောင်းမှာ စေတီနှစ်ဆူအား လာဘသက္ကာရ ပေါများတာမရှိပါ။ ရဟန်းတွေများရင် အံ့ဩစရာမဖြစ်ပါ။ ဘုရားရှင်နှစ်ဆူပွင့်ရင် အံ့ဩစရာမဖြစ်လို့ နှစ်ဆူ တစ်ပြိုင်နက်တည်း မပွင့်ကြပါ။

ဘုရားရှင်နှစ်ဆူ အတူပွင့်ရင် ဟောတရားကလည်း တစ်ပါးနဲ့တစ်ပါး မထူးပါ။ တစ်ဆူက သတိပဋ္ဌာန်စတဲ့ တရားကို ဟောရင် အခြားတစ်ဆူကလည်း အဲဒီတရားကိုပဲ ဟောမှာဖြစ်ပါတယ်။ အဲဒီလိုဆိုရင် အံ့ဩစရာမရှိတော့ပါဘူး။ တစ်ဆူက တရားကိုဟောရင် အဲဒီတရားဟာလည်း အံ့ဩစရာ ဖြစ်ပါတော့တယ်။

ဘုရားရှင်တွေ အများကြီးပွင့်ရင် များစွာသော ဆရာတွေရဲ့ တပည့်တွေပမာ "ငါတို့ဘုရားက ကြည်ညိုစရာကောင်းတယ်။ ချိုမြိန်တဲ့အသံရှိတယ်။ လာဘ်ပေါတယ်။ ဘုန်းကြီးတယ်"လို့ ငြင်းခုံစရာဖြစ်လာနိုင်ပါတယ်။ ဒါကြောင့်လည်း နှစ်ဆူတစ်ပြိုင်နက်တည်း မပွင့်ပါ။

(အင်္ဂုတ္တရ၊ ဋ္ဌ၊ ပ၊ ၃၅၉)

http://www.dhammadownload.com



## ဘုရားနဲ့ မိန်းမ

မိန်းမက ဘုရားဖြစ်ရိုးမရှိပါ။ ယောကျ်ားသာ ဘုရားဖြစ်ရိုးရှိပါတယ်။
(အင်္ဂုတ္တရပါဠိ၊ ၁၊ ၃၀)

## ဘုရားနဲ့ အကျိုး

❈ တစ်ဦးသောပုဂ္ဂိုလ် လောကမှာ ပေါ်ထွန်းလာရင် လူအများရဲ့ စီးပွားချမ်းသာအလို့ငှာ၊ လောကကို စောင့်ရှောက်ခြင်းငှာ၊ နတ်လူတို့ရဲ့ အကျိုး စီးပွား ချမ်းသာအလို့ငှာ ဖြစ်ပါတယ်။

❈ ပုဂ္ဂိုလ်တစ်ဦးဟာ လောကမှာ ဖြစ်ပေါ်လာဖို့ ခဲယဉ်းပါတယ်။

❈ ပုဂ္ဂိုလ်တစ်ဦးဟာ လောကမှာ ဖြစ်ပေါ်လာရင် အံ့ဩစရာ လူသားဖြစ်ပါတယ်။

❈ ပုဂ္ဂိုလ်တစ်ဦးသေရင် လူအများ ပူပန်ကြရပါတယ်။

❈ ပုဂ္ဂိုလ်တစ်ဦးဟာ နှစ်ယောက်မြောက်မရှိ၊ အတူမရှိ၊ အမြတ်ဆုံး ဖြစ်ပါတယ်။

❈ ပုဂ္ဂိုလ်တစ်ဦး ပေါ်လာလို့ ကြီးမားတဲ့ ဉာဏ်မျက်စိ၊ ဉာဏ်အလင်း၊ ဉာဏ်အရောင် ဖြစ်လာပါတယ်။ အနုတ္တရိယ ၆ ပါး ပေါ်လာပါတယ်။ ပဋိသမ္ဘိဒါ ၄ ပါးတို့ကို မျက်မှောက်ပြုမှု၊ အမျိုးမျိုးသော ဓာတ် အထူးထူးသောဓာတ်တွေကို ထိုးထွင်းသိမှု၊ ဖိုလ် ၄ ပါးကို မျက်မှောက်ပြုမှုတွေ ဖြစ်ပေါ်လာပါတယ်။

❈ အဲဒီပုဂ္ဂိုလ်တစ်ဦးက ဘုရားရှင်ပဲ ဖြစ်ပါတယ်။
(အင်္ဂုတ္တရ၊ ဧကကပါဠိ၊ ၂၁/၂၂/၂၃)

## ဘုရားနဲ့ ဆရာစား

ဘုရားရှင်ဟာ ''ဒီမျှအတိုင်းအရှည်ရှိတဲ့တရားကို သူတစ်ပါးအား ဟောမယ်''လို့ ကြံပြီး တရားကို အတွင်းပြုမထား။ ''ဒီပုဂ္ဂိုလ်အ[illegible]း ဟော

http://www.dhammadownload.com



မယ်''လို့ ကြံပြီး ပုဂ္ဂိုလ်ကိုလည်း အတွင်းပြုမထား။ ''ဒီလောက်တရားကို သူတစ်ပါးအား မဟောဘူး''လို့ ကြံပြီး တရားကို အပြင်ပြုမထား။ ''ဒီပုဂ္ဂိုလ်အား မဟောဘူး''လို့ ပုဂ္ဂိုလ်ကိုလည်း အပြင်ပြုမထား။

ပြင်ပဆရာတွေဟာ ငယ်ရွယ်စဉ်က ဘယ်သူ့မျှမပြောဘဲ သေခါနီး ညောင်စောင်းပေါ် လဲလျောင်းနေချိန်ရောက်မှ ကိုယ်ချစ်ခင်မြတ်နိုးတဲ့တပည့်ကို ပြောတတ်ကြသလို ဘုရားရှင်မှာ ငါကြီးရင့်တဲ့အခါ နောက်ဆုံးအချိန်ရောက်မှ ဒီစကားကိုပြောမယ်လို့ ကြံကာ တရားတွေမှာ ဆရာစားချန်ထားတာ တစ်ခုမျှမရှိပါ။

''ရဟန်းအပေါင်းကို ငါသာ ဦးဆောင်မယ်။ ရဟန်းအပေါင်းဟာ ငါ့ကိုသာ ရည်ညွှန်းပြီး တောင့်တနေပါစေ။ ငါမရှိတဲ့နောက်မှာ ဖြစ်ချင်တာ ဖြစ်ပါစေ''လို့ ဘုရားရှင်မှာ ဤသို့သော မစ္ဆရိယစိတ်ထားလည်း မရှိပါ။ ဤသို့သော မစ္ဆရိယစကားလည်း မပြောပါ။

''အာနန္ဒာ ငါဘုရားဟာ အိုမင်းရင့်ရော်ပြီး သက်တော် ၈၀ ရှိပြီ။ လှည်းအိုဟာ အနှောင်အဖွဲ့ အချည်အတုပ်တွေကြောင့် ရပ်တည်နိုင်သလို ငါဘုရားရဲ့ ကိုယ်ခန္ဓာဟာ အရဟတ္တဖိုလ်နဲ့ ဖွဲ့နှောင်ထားလို့ သွား ရပ် ထိုင် လျောင်းဆိုတဲ့ ဣရိယာပုထ် ၄ ပါး မျှတနေပါတယ်။ အရဟတ္တဖလသမာပတ်နဲ့နေလို့ ဘုရားရှင်ရဲ့ ကိုယ်ခန္ဓာဟာ ပိုမိုချမ်းသာနေပါတယ်'' လို့ ဘုရားရှင်က မိန့်တော်မူပါတယ်။

(သုတ်မဟာဝါပါဠိ၊ ၈၅)

## ဘုရားနဲ့ ဝက်ပျို့သား

''စုန္ဒ ကြွင်းကျန်တဲ့ဝက်ပျို့သားဟင်းကို တွင်းထဲမှာ မြှုပ်လိုက်ပါ။ ဒီဝက်ပျို့သားကိုစားလို့ အစာကြေညက်မယ့်သူဟာ ငါဘုရားမှတစ်ပါး အခြားသူကို လူ့လောက နတ်လောကနဲ့တကွ သတ္တလောကကြီးတစ်ခုလုံးမှာ ငါဘုရား မမြင်တွေ့ပါ''

''ဘုရားရှင်ဟာ သူဘုဉ်းပေးလို့ ကြွင်းကျန်တဲ့ ဝက်ပျို့သားကို ရဟန်း

http://www.dhammadownload.com



တွေကိုရော လူတွေကိုပါ ပေးဖို့ မပေးပါ။ တွင်းထဲမှာ မြှုပ်စေပြီး ပျက်စီးစေပါတယ်''လို့ အပြစ်ပြောလိုသူတို့ အပြစ်တင်ခွင့်မရအောင် အပြစ်ပြောစရာမှ လွတ်အောင် ဘုရားရှင်က အထက်ပါစကားကို စုန္ဒအား မိန့်ကြားပါတယ်။

စုန္ဒရဲ့ ဝက်ပျို့သားကို ဘုဉ်းပေးလို့ ဘုရားရှင်မှာ သွေးဝမ်းသွန်ရောဂါဖြစ်တာမဟုတ်ပါ။ ဝက်ပျို့သားကို မဘုဉ်းပေးဘဲ ရောဂါဝေဒနာဖြစ်ခဲ့ရင် ပိုမိုပြင်းထန်ပါလိမ့်မယ်။ နူးညံ့တဲ့စားဖွယ်ကို ဘုဉ်းပေးရလို့ ဘုရားရှင်မှာ ပါးလျားတဲ့ဝေဒနာ ဖြစ်ပါတယ်။ ဒါကြောင့်ပဲ ကုသိနာရုံခရီးကို ခြေလျင်ဆက်ပြီး ကြွနိုင်တာဖြစ်ပါတယ်။

(သုတ်မဟာဝါပါဠိ၊ ၁၀၆၊ ဋ္ဌ၊ ၁၅၉)

## ဘုရားနဲ့ ရေ

''အာနန္ဒာ တိုက်တွန်းပါတယ်၊ ငါဘုရားအတွက် ရေသွားခပ်ပါ၊ ငါဘုရား ရေဆာတယ်၊ ရေသောက်မယ်''

''မြတ်စွာဘုရား ဒီမြစ်ငယ်ထဲကရေတွေဟာ လှည်းငါးရာ ဖြတ်ကူးသွားလို့ နောက်ကျုနေပါတယ်။ ရှေ့နားမှာ ကကုဓာမြစ်ရှိပါတယ်။ ကကုဓာမြစ်ရေဟာ ကြည်လင်အေးမြနေပါတယ်။ ကကုဓာမြစ်ဟာ ဆိပ်ကမ်းလည်းကောင်းပါတယ်။ ပျော်မွေ့ဖွယ်လည်း ကောင်းပါတယ်။ အဲဒီကကုဓာမြစ်မှာ ရေဘုဉ်းပေးတော်မူပါ။ ကိုယ်ကိုလည်း အေးအောင်ပြုတော်မူပါဘုရား''

ဘုရားရှင်က ၃ ကြိမ်မိန့်ပြီး အရှင်အာနန္ဒာက ၂ ကြိမ်လျှောက်ထားအပြီး ၃ ကြိမ်မြောက်မှာ ရေနောက်ကျုနေတဲ့ မြစ်ငယ်ကိုသွားကာ ရေခပ်ပါတယ်။ အဲဒီမြစ်ငယ်ထဲက ရေတွေဟာ မနောက်ကျုဘဲ ကြည်လင်နေပါတယ်။ ဘုရားရှင်ရဲ့ တန်ခိုးကြီးပုံ၊ အစွမ်းအာနုဘော်ကြီးပုံဟာ အံ့ဩစရာကောင်းကြောင်း၊ ထူးဆန်းကြောင်းကို အရှင်အာနန္ဒာက ဘုရားရှင်အားလျှောက်ထားပါတယ်။

(သုတ်မဟာဝါပါဠိ၊ ၁၀၇)

http://www.dhammadownload.com



## ဘုရားနဲ့ အလုပ်အကျွေး

ဘုရားရှင်ဟာ ပထမဗောဓိမှာ ဝါ ၂၀ ပတ်လုံး အလုပ်အကျွေး ရဟန်းက အမြဲမတည်ရှိသေးပါဘူး။ ၈၀ သော မဟာထေရ်တွေထဲမှာ အလုပ်အကျွေး မဖြစ်ဖူးသူ မရှိပါဘူး။ နာဂသမာလ၊ နာဂိတ၊ ဥပဝါန၊ သုနက္ခတ္တ၊ စုန္ဒ၊ သာဂတ၊ ရာဓ၊ ဗောဓိ၊ မေဃိယထေရ်တို့ဟာ ပါဠိမှာ လာတဲ့ အလုပ်အကျွေးတွေ ဖြစ်ပါတယ်။ အရှင်အာနန္ဒာ ပယ်ဆု ၄ ပါးနဲ့ တောင်းဆု ၄ ပါးကို ယူပြီးမှ ဘုရားရှင်ရဲ့ အမြဲအလုပ်အကျွေး ဖြစ်သွားပါတယ်။

(အင်္ဂုတ္တရ၊ ဋ္ဌ၊ ပ၊ ၂၂၈/၂၃၀။ သဂါထာဝဂ္ဂသံယုတ် ဋ္ဌ၊ ၂၃၇)

## ဘုရားနဲ့ အရှင်အာနန္ဒာပြုစုပုံ

အရှင်အာနန္ဒာဟာ အဲဒီအလုပ်အကျွေးရာထူးအတွက်ပဲ ကမ္ဘာ တစ်သိန်း ပါရမီဖြည့်ခဲ့ပါတယ်။ အလုပ်အကျွေးရာထူးကို ရတဲ့အချိန်ကစပြီး ဘုရားရှင်အား ရေ ၂ မျိုး၊ ဒန်ပူ ၃ မျိုး၊ ခြေဆုပ်လက်နယ်ပြုမှု၊ ကျောကုန်း ရေချိုးပေးမှု၊ ဂန္ဓကုဋိကျောင်းပရိဝုဏ် တံမြက်လှည်းမှု စတဲ့ ကိစ္စတွေနဲ့ ပြုစုလုပ်ကျွေးတဲ့အခါ ''ဒီအချိန်မှာ ဒီအရာကို ဘုရားရှင်ဟာ ရသင့်တယ်။ ဒီအမှုကို ပြုသင့်တယ်''လို့ တွေးကာ နေ့အဖို့မှာ ဘုရားရှင်အနီးမှာ လှည့် လည်နေပါတယ်။ ညအခါမှာ မီးတုတ်ကိုယူပြီး တစ်ညလုံး ဂန္ဓကုဋိပရိဝုဏ် ကို ၉ ကြိမ်တိုင်တိုင် လှည့်ပတ်ပါတယ်။

''ငါ့မှာ ထိနမိဒ္ဓဝင်နေရင် ဘုရားရှင်ခေါ်က တုံ့ပြန်စကားကို မပေး နိုင်ဘဲရှိလိမ့်မယ်''လို့ အရှင်အာနန္ဒာမှာ အတွေးပေါ်ပါတယ်။ ဒါကြောင့် တစ်ညလုံး မီးတုတ်ကို လက်ကမချပါဘူး။

(အင်္ဂုတ္တရ၊ ဋ္ဌ၊ ပ၊ ၂၃၀)

http://www.dhammadownload.com



## ဘုရားနဲ့ တေဒဂ်ရာထူး

စကြဝတေးမင်းဟာ စကြာရတနာရဲ့အစွမ်းကြောင့် စကြဝဠာတိုက်အတွင်းမှာ မင်းအသရေကိုရောက်ပြီး “ငါဟာ ရောက်ထိုက်တဲ့အရာကိုရောက်ပြီးပြီ။ အခု ငါဟာ လူအပေါင်းကို ကြည့်ရှုနေလို့ ဘာအကျိုးရှိမှာလဲ” လို့ တွေးကာ ကြောင့်ကြမဲ့ကာ မင်းအသရေကိုသာ ခံစားနေတာမဟုတ်ပါ။ အခါအားလျော်စွာ တရားဆုံးဖြတ်ရာဌာနမှာထိုင်ကာ နှိပ်ကွပ်ထိုက်သူတွေကို နှိပ်ကွပ်ပါတယ်။ ချီးမြှောက်ထိုက်သူတွေကို ချီးမြှောက်ပါတယ်။ ရာထူးမှာ ထားထိုက်သူတွေကို ရာထူးမှာထားပါတယ်။ အဲဒီလိုပါပဲ၊ ဘုရားရှင်ဟာလည်း မဟာဗောဓိမဏ္ဍိုင်မှာ ရထားတဲ့ သဗ္ဗညုတဉာဏ်ရဲ့အစွမ်းကြောင့် တရားမင်းအဖြစ်ကို ရောက်ထားပေမယ့် “အခု ငါဟာ လောကကြီးကို ကြည့်ရှုနေလို့ ဘာအကျိုးရှိမှာလဲ။ အမြတ်ဆုံး အရဟတ္တဖိုလ်ချမ်းသာကို ခံစားနေမယ်” လို့ ကြောင့်ကြမဲ့မနေဘဲ ပရိသတ် ၄ ပါးအလယ်မှာ ခင်းထားတဲ့ ဘုရားနေရာမြတ်မှာ ထိုင်ကာ အသံအင်္ဂါ ၈ ပါးနဲ့ပြည့်စုံတဲ့ ဗြဟ္မာမင်းရဲ့အသံနဲ့တူတဲ့ အသံကို မိန့်မြွက်တော်မူပြီး တရားဟောတော်မူတဲ့အခါ နှိပ်ကွပ်ထိုက်တဲ့ မကောင်းတဲ့ပုဂ္ဂိုလ်တွေကို မြင်းမိုရ်တောင်ခြေမှာ ပစ်ချသည့်ပမာ အပါယ်ဘေးနဲ့ ခြောက်လှန့်ပြီး နှိပ်ကွပ်ပါတယ်။ ချီးမြှောက်ထိုက်တဲ့ ပုဂ္ဂိုလ်ကောင်းတွေကို ချီးမပြီး အထက်ဘုံဘဝဂ်မှာ ထိုင်စေသည့်ပမာ ချီးမြှောက်ပါတယ်။ ရာထူးပေးထိုက်တဲ့ အရှင်ကောဏ္ဍည၊ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလ္လာန် စတဲ့ တပည့်တွေကို သူတို့ရဲ့ ဂုဏ်အားလျော်စွာပဲ ရာထူးတွေမှာ ထားတော်မူပါတယ်။ အသာဆုံးအဖြစ် သတ်မှတ်တဲ့ တေဒဂ်ရာထူးကို ပေးတော်မူပါတယ်။

(အင်္ဂုတ္တရ၊ ဌ၊ ပ၊ ၁၀၅)

## ဘုရားနဲ့ ခေတ်

စကြဝဠာတိုက်တစ်သောင်းဟာ ဇာတိခေတ် ဖြစ်ပါတယ်။ ဘုရားလောင်း ပဋိသန္ဓေတည်တဲ့အခါ၊ တောထွက်တဲ့အခါ၊ ဘုရားဖြစ်တဲ့အခါ၊

http://www.dhammadownload.com



ဓမ္မစကြာတရားဦးဟောတဲ့အခါ၊ အာယုသင်္ခါရလွှတ်တဲ့အခါ၊ ပရိနိဗ္ဗာန်စံတဲ့အခါတွေမှာ ဇာတိခေတ်တစ်ခေတ်လုံး တုန်လှုပ်ပါတယ်။

စကြဝဠာကုဋေတစ်သိန်းဟာ အာဏာခေတ် ဖြစ်ပါတယ်။ အာဋာနာဋိယ ပရိတ်၊ မောရပရိတ်၊ ဓဇဂ္ဂပရိတ်၊ ရတနပရိတ် စတာတွေရဲ့အာဏာဟာ စကြဝဠာကုဋေတစ်သိန်းမှာ ဖြစ်ပါတယ်။

ဝိသယခေတ်ကတော့ အပိုင်းအခြားမရှိပါဘူး။ ဘုရားရှင်တွေရဲ့ သဗ္ဗညုတဉာဏ်ဟာ မသိနိုင်တဲ့အာရုံ၊ မသိနိုင်တဲ့အရာ မရှိပါဘူး။

(အင်္ဂုတ္တရ၊ ဋ္ဌ၊ ပ၊ ၃၅၈)

## ဘုရားနဲ့ အခြားဘုရား ၃ မျိုး

အညီအမျှ ၃၀ သော ပါရမီတွေကိုဖြည့်ပြီး သဗ္ဗညုတဉာဏ်ကို ရရှိသူဟာ သဗ္ဗညုဗုဒ္ဓ။

နှစ်အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီတွေကိုဖြည့်ပြီး ကိုယ်တိုင် သစ္စာလေးပါးကို သိသူအဖြစ်သို့ ရောက်သူဟာ ပစ္စေကဗုဒ္ဓ။

ကျန်တဲ့ရဟန္တာတွေဟာ စတုသစ္စဗုဒ္ဓ၊ ဗဟုသုတရှိသူဟာ သုတဗုဒ္ဓ။

(သဂါထာဝဂ္ဂသံယုတ်၊ ဋ္ဌ၊ ၂၄)

## ဘုရားနဲ့ ရေချိုး ခြေဆေး

ဘုရားရှင်တို့ရဲ့ကိုယ်မှာ မြူမှုန်မတင်၊ ကြာရွက်ပေါ်မှာ ကျတဲ့ရေဟာ လိမ့်ကျသွားသလို လိမ့်ကျသွားပါတယ်။ ခြေဆေးပြီး ဝင်ရမယ့်အိမ်မှာ ခြေဆေးပြီးမှဝင်တာဟာ ရဟန်းတွေရဲ့ ကျင့်ဝတ်ပါပဲ။ ဘုရားရှင်တွေမှာ ဝတ်ပျက်တာမရှိပါ။ ဝတ်ဦးခေါင်းမှာတည်ကာ ဆေးကြပါတယ်။ ဘုရားရှင်ဟာ ရေမချိုးရင်၊ ခြေမဆေးရင် "ဒီပုဂ္ဂိုလ်ဟာ လူသားမဟုတ်ဘူး"လို့ ပြောစရာဖြစ်ပါမယ်။ ဒါကြောင့် လူအပြုအမူကို မစွန့်လိုလို့ ခြေဆေးပါတယ်။

(သဂါထာဝဂ္ဂသံယုတ်၊ ဋ္ဌ၊ ၁၆၀)

http://www.dhammadownload.com



## ဘုရားနဲ့ မိုးကြိုး

ဘုရားရှင်ဟာ အသိရှိ နိုးကြားနေတုန်း မိုးတွေရွာ၊ မိုးတွေခြိမ်း၊ လျှပ်တွေလက်၊ မိုးကြိုးပစ်ပေမယ့် မမြင် မကြားလိုက်ပါ။ အရဟတ္တဖိုလ်သမာပတ်နဲ့ ငြိမ်သက်စွာတည်နေပါတယ်။ အဲဒီလိုဖြစ်တာဟာ အံ့သြဖွယ်ရာ အထူးအဆန်း ဖြစ်နေပါတယ်။

(သုတ်မဟာဝါပါဠိ၊ ၁၁၀)

## ဘုရားနဲ့ သရီရဓာတ်တော်တို့တည်ရာ

အဇာတသတ်ရဲ့ မဂဓတိုင်း ဝေသာလီပြည်၊ ကပိလဝတ်ပြည်၊ အလ္လကပ္ပပြည်၊ ရာမရွာ၊ ဝေဋ္ဌဒီပကပြည်၊ ပါဝေယျကပြည်၊ ကုသိနာရုံပြည်၊ ဒီ ၈ ပြည်မှာ ဘုရားရှင်ဓာတ်တော် တစ်စိတ်စီတည်ရှိပါတယ်။ ဘုရားရှင်ရဲ့ ဓာတ်တော်စေတီ ၈ ဆူ တည်ထားပူဇော်ကြပါတယ်။ ဒေါဏပုဏ္ဏားက ဓာတ်တော်ခြင်တဲ့အိုးကိုယူကာ စေတီတည်ထားပူဇော်ပါတယ်။ မောရိယမင်းတွေက မီးသွေးကိုယူကာ စေတီတည်ထားပူဇော်ကြပါတယ်။

စွယ်တော် ၄ ဆူက တာဝတိံသာနတ်ပြည်၊ နဂါးပြည်၊ ကာလိင်္ဂမင်းရဲ့တိုင်းပြည်၊ ဂန္ဓာရအရပ်တွေမှာ တစ်ဆူစီ တည်ရှိပါတယ်။

၄၀ သော သွားတော်၊ ဆံတော်၊ အမွေးတော်တွေကို စကြဝဠာ တစ်ပါးတစ်ပါးဆီသို့ နတ်တွေက ပို့ဆောင်ကြပါတယ်။

(သုတ်မဟာဝါ၊ မဟာပရိနိဗ္ဗာနသုတ်ပါဠိ၊ ၁၃၈)

## ဘုရားနဲ့ ဓာတ်တော်အရွယ် အရောင် အရေအတွက်

ဘုရားရှင်ရဲ့ ဓာတ်တော်အကြီးစားက ပဲနောက်စေ့ပမာဏ ရှိပါတယ်။ အလတ်စားက ဆန်ကျိုးပမာဏရှိပါတယ်။ အငယ်စားက မုန်ညင်းစေ့ပမာဏ ရှိပါတယ်။

အကြီးစားဓာတ်တော်က ရွှေအဆင်း၊ အလတ်စားက ပုလဲအဆင်း၊ အငယ်စားက ချရားငုံအဆင်း ရှိပါတယ်။

http://www.dhammadownload.com



အကြီးစားနဲ့ အလတ်စားဓာတ်တော်က ၅ ကွမ်းစားစီရှိပြီး အငယ်စားက ၆ ကွမ်းစား ရှိပါတယ်။ ဓာတ်တော်တွေဟာ ၁၆ စိတ် ရှိပါတယ်။

(ဗုဒ္ဓဝံသပါဠိ၊ ခုဒ္ဒကနိကာယ်၊ ၂၉၊ ဓာတုဘာဇနီယကထာ၊ ၃၈၃/၄)

## ဘုရားနဲ့ ဓာတ်တော် ပရိက္ခရာတို့တည်ရာ

ဘုရားရှင်ရဲ့ နဖူးသင်းကျစ်တော်က သီဟိုဠ်ကျွန်းမှာ၊ လက်ဝဲညှပ်ရိုးတော်က ဗြဟ္မာ့ပြည်မှာ၊ လက်ယာညှပ်ရိုးတော်က သီဟိုဠ်ကျွန်းမှာ တည်တော်မူပါတယ်။

ဘုရားရှင်ရဲ့ သပိတ်၊ သင်္ကန်း၊ တောင်ဝှေးတော်တွေဟာ ဝဇိရပြည်မှာ တည်ရှိပါတယ်။ သင်းပိုင်က ကုလဃရပြည်မှာ၊ အပေါ်အခင်းက သီလပြည်မှာ၊ ဓမကရိုဏ်နဲ့ ခါးပန်းကြိုးက ပါဋလိပုတ်ပြည်မှာ၊ ရေသနုပ်က စမ္ပာပြည်မှာ၊ ဥဏ္ဏာလုံးမွေးရှင်တော်က ကောသလတိုင်းမှာ၊ သင်္ကန်းက ဗြဟ္မာ့ပြည်မှာ၊ ဦးရစ်တော်က တာဝတိံသာနတ်ပြည်မှာ၊ နိသီဒိုင်က အဝန္တိတိုင်းမှာ၊ မြေခင်းနီးက ဒေဝတိုင်းမှာ၊ မီးပွတ်တော်က မိထိလာပြည်မှာ၊ ရေစစ်က ဝေဒေဟတိုင်းမှာ၊ ပဲကွပ်နဲ့အပ်ကျည်က ဣန္ဒပတ္တနပြည်မှာ၊ ကြွင်းတဲ့ ပရိက္ခရာတွေက အပရန္တဇနပုဒ်မှာ တည်ရှိကြပါတယ်။

(ဗုဒ္ဓဝံသပါဠိ၊ ၃၈၃/၄)

## ဘုရားနဲ့ အခြားဘုရားတူတဲ့အရာ ၃၀

ဘုရားရှင်တို့ တူမျှတဲ့အချက် ၃၀ ရှိပါတယ်။

၁။ ဘုရားလောင်းဟာ ဉာဏ်နဲ့ အမိဝမ်းသို့ သက်ဆင်းခြင်း။

၂။ အမိဝမ်းမှာ တင်ပျဉ်ခွေထိုင်နေပြီး အပြင်ဘက်ကို မျက်နှာမူနေခြင်း။

၃။ ဘုရားလောင်းမယ်တော်က ရပ်ရင်းဖွားမြင်ခြင်း။

၄။ တောမှာပဲ အမိဝမ်းမှထွက်ခြင်း။

၅။ ရွှေပြားတွေမှာ တည်တဲ့ ခြေတွေရှိပြီး မြောက်အရပ်သို့ မျက်နှာ

http://www.dhammadownload.com



မူကာ ခြေလှမ်း ၇ လှမ်း လှမ်း၍ အရပ်လေးမျက်နှာကို ကြည့်ပြီး ရဲရဲတောက်စကား မိန့်ကြားခြင်း။

၆။ သူအို သူနာ သူသေ ရဟန်းဆိုတဲ့ နိမိတ်လေးပါးကို မြင်ကာ သားတော်တစ်ယောက် ဖွားမြောက်ခါမှာ တောထွက်ခြင်း။

၇။ ရဟန္တာတို့ရဲ့ အောင်လံ (သင်္ကန်း)ကိုယူကာ ရဟန်းဝတ်ပြီး အောက်ထစ်ဆုံးအားဖြင့် ၇ ရက် ဒုက္ကရစရိယာကျင့်ခြင်း။

၈။ ဘုရားဖြစ်မယ့်နေ့မှာ နို့ဃနာဆွမ်း ဘုဉ်းပေးခြင်း။

၉။ မြက်အခင်းမှာထိုင်ပြီး သဗ္ဗညုတဉာဏ်တော်ကို ရရှိခြင်း။

၁၀။ ဝင်လေထွက်လေကို ရှုမှတ်တဲ့ ကမ္မဋ္ဌာန်းကို အခြေခံခြင်း။

၁၁။ မာရ်စစ်တပ်ကို ချေဖျက်ခြင်း။

၁၂။ ဗောဓိပလ္လင်မှာပဲ ဝိဇ္ဇာ ၃ ပါးကအစ အသာဓာရဏဉာဏ် စတဲ့ဂုဏ်တွေကို ရရှိခြင်း။

၁၃။ ၄၉ ရက်ပတ်လုံး ဗောဓိပင်အနီးမှာပဲ အချိန်ကုန်လွန်ခြင်း။

၁၄။ တရားဟောဖို့ရာ မဟာဗြဟ္မာ တောင်းပန်ခြင်း။

၁၅။ ဣသိပတန မိဂဒါဝုန်တော်မှာ ဓမ္မစကြာတရားဟောခြင်း။

၁၆။ တပို့တွဲလပြည့်နေ့မှာ အင်္ဂါ ၄ ပါးရှိတဲ့ အစည်းအဝေးမှာ ပါတိမောက်ကို ရွတ်ဆိုခြင်း။

၁၇။ ဇေတဝန်ကျောင်းမှာ အမြဲနေခြင်း။

၁၈။ သာဝတ္ထိမြို့တံခါးမှာ ရေမီးအစုံအစုံ တန်ခိုးကိုပြခြင်း။

၁၉။ တာဝတိံသာနတ်ပြည်မှာ အဘိဓမ္မာတရားဟောခြင်း။

၂၀။ သင်္ကဿမြို့တံခါးမှာ နတ်ပြည်မှ သက်ဆင်းခြင်း။

၂၁။ အမြဲ ဖလသမာပတ်ဝင်စားခြင်း။

၂၂။ နှစ်ကြိမ် ကျွတ်ထိုက်တဲ့သတ္တဝါတို့ကို ကြည့်ရှုခြင်း။

၂၃။ အကြောင်းပေါ်မှ ဥပဒေထုတ်ခြင်း။

၂၄။ အကြောင်းကိစ္စရှိမှ ဇာတ်ကိုဟောခြင်း။

၂၅။ ဆွေမျိုးတို့အစည်းအဝေးမှာ ဗုဒ္ဓဝင်ကိုဟောခြင်း။

http://www.dhammadownload.com



၂၆။ အာဂန္တုရဟန်း (ဧည့်သည်ရဟန်း)တွေနဲ့ နှုတ်ဆက်စကား မိန့်ကြားခြင်း။
၂၇။ ပင့်ဖိတ်လို့ ဝါဆိုပြီးတဲ့အခါ ပင့်သူကို မပန်ကြားဘဲ ခရီး မသွားခြင်း။
၂၈။ နေ့တိုင်း နေ့တိုင်း နံနက်ပိုင်း၊ နေ့ပိုင်း၊ ည ပထမယံပိုင်း၊ အလယ်ယံပိုင်း၊ နောက်ဆုံးယံပိုင်းကိစ္စတွေကို ပြုခြင်း။
၂၉။ ပရိနိဗ္ဗာန်စံမယ့်နေ့မှာ အသားအရသာကို ဘုဉ်းပေးခြင်း။
၃၀။ ကုဋေပေါင်း ၂သန်း ၄ သိန်းသော သမာပတ်တွေကို ဝင်စား ပြီးမှ ပရိနိဗ္ဗာန်ဝင်စံခြင်း။

(ဗုဒ္ဓဝံသဋ္ဌ၊ ၃၅၁/၂)

## ဘုရားနဲ့ အခြားဘုရားတို့ မတူတဲ့အရာ ၈ ခု

၁။ သက်တမ်း။
၂။ အရပ်ပမာဏ။
၃။ အမျိုး။
၄။ ဒုက္ကရစရိယာကျင့်ရာကာလ။
၅။ ရောင်ခြည်တော်ပြန့်ရာဒေသ။
၆။ စီးတဲ့ယာဉ်။
၇။ ဗောဓိပင်။
၈။ ပလ္လင်ပမာဏ။

(ဗုဒ္ဓဝံသ၊ ဋ္ဌ၊ ၃၄၈)

## ဘုရားရှင် မစွန့်တဲ့ ၄ နေရာ

၁။ ဗောဓိပလ္လင် (တစ်နေရာတည်းမှာပဲရှိပါတယ်)။
၂။ ဣသိပတန မိဂဒါဝုန်တောမှာ ဓမ္မစကြာတရားဟောခြင်း။
၃။ နတ်ပြည်မှဆင်းတဲ့အခါ သင်္ကဿမြို့တံခါးမှာ ပထမခြေတော် ချခြင်း။

http://www.dhammadownload.com



၄။ ဇေတဝန်ကျောင်းတွင်း ဂန္ဓကုဋိကျောင်းဆောင်မှာ သြောင်စောင်းတည်ရာ ၄ နေရာ။

(ဗုဒ္ဓဝံသ၊ ဋ္ဌ၊ ၃၅၁)

## ဘုရားနဲ့ ဖွားဖက်တော် ၇ ဦး

၁။ ယသော်ဓရာ။
၂။ အရှင်အာနန္ဒာ။
၃။ ဆန္န။
၄။ ကဏ္ဍကမြင်း။
၅။ ရွှေအိုးကြီး ၄ လုံး။
၆။ မဟာဗောဓိပင်။
၇။ ကာဠုဒါယီ။

(ဗုဒ္ဓဝံသ၊ ဋ္ဌ၊ ၃၅၁)

## ဘုရားနဲ့ နက္ခတ်

ဘုရားလောင်းဟာ ဥတ္တရာသဠ္ဌနက္ခတ်နဲ့ ယှဉ်တဲ့အချိန်မှာပဲ သန္ဓေတည်ခဲ့ပါတယ်။ တောထွက်ခဲ့ပါတယ်။ ဓမ္မစကြာတရား ဟောခဲ့ပါတယ်။ ရေမြီးအစုံအစုံ တန်ခိုးကို ပြခဲ့ပါတယ်။

ဝိသာခနက္ခတ်နဲ့ ယှဉ်တဲ့အခါ ဖွားမြင်ခဲ့ပါတယ်။ ဘုရားဖြစ်ခဲ့ပါတယ်။ ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ပါတယ်။

မာဃနက္ခတ်နဲ့ ယှဉ်တဲ့အခါ သာဝကအစည်းအဝေး ဖြစ်ခဲ့ပါတယ်။ အာယုသင်္ခါရလွှတ်ခဲ့ပါတယ်။

အဿယုဇနက္ခတ်နဲ့ ယှဉ်တဲ့အခါ နတ်ပြည်မှ သက်ဆင်းခဲ့ပါတယ်။

(ဗုဒ္ဓဝံသ၊ ဋ္ဌ၊ ၃၅၁)

http://www.dhammadownload.com



## ဘုရားနဲ့ ဖြစ်စဉ်အကျဉ်း

| | | |
|---|---|---|
| ဘုရားရှင် မွေးဖွားခဲ့ရာမြို့ | – | ကပိလဝတ္ထု။ |
| ဘုရားရှင်ရဲ့ခမည်းတော် | – | သုဒ္ဓေါဒနမင်း။ |
| မယ်တော် | – | မာယာဒေဝီ။ |
| ကြင်ယာတော် | – | ဘဒ္ဒကစ္စာနာ (ယသော်ဓရာ)။ |
| သားတော် | – | ရာဟုလာ။ |
| လူဝတ်ကြောင်သက်တမ်း | – | ၂၉ နှစ်။ |
| ပြာသာဒ် ၃ ဆောင် | – | ရမ္မ၊ သုရမ္မ၊ သုဘ။ |
| မောင်းမပေါင်း | – | ၄ သောင်း။ |
| ဒုက္ကရစရိယာကျင့်နှစ် | – | ၆ နှစ်။ |
| တရားဦးဟောရာ | – | ဣသိပတန မိဂဒါဝုန်တော။ |
| အဂ္ဂသာဝက ၂ ပါး | – | အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလ္လာန်။ |
| အလုပ်အကျွေး | – | အရှင်အာနန္ဒာ။ |
| အဂ္ဂသာဝိကာ ၂ ပါး | – | ခေမာထေရီနဲ့ ဥပ္ပလဝဏ်ထေရီ။ |
| အဂ္ဂဉပဋ္ဌာကဥပါသကာ ၂ ယောက် | – | စိတ္တနဲ့ ဟတ္ထာဠဝက။ |
| အဂ္ဂဉပဋ္ဌာကဥပါသိကာ ၂ ယောက် | – | နန္ဒမာတာနဲ့ ဉတ္တရာ။ |
| သက်တော် | – | ၈၀ |
| ဝါတော် | – | ၄၅ (ဗုဒ္ဓဝံသ၊ ဌ၊ ၃၄၆ စသည်။) |

## ဘုရားနဲ့ တရားဟောလိုစိတ်

ဘုရားရှင်ဟာ ဘုရားဖြစ်ပြီး သတ္တဝါတွေမှာ ကိလေသာတွေ ရှုပ်ထွေးနေတာရယ်၊ တရားတော်ရဲ့ နက်နဲတာရယ်ကို ဆင်ခြင်တဲ့အခါ အဲဒီ ၂ ချက်ဟာ ဘုရားရှင်တွေမှာ အလွန်ထင်ရှားနေပါတယ်။ ဒါကြောင့် ဘုရားရှင်မှာ တရားမဟောလိုစိတ် ဖြစ်ပါတယ်။

http://www.dhammadownload.com



တစ်နည်းအားဖြင့်တော့ ဗြဟ္မာ တောင်းပန်လျှောက်ထားမှ တရားဟောလိုစိတ် ဖြစ်ပါတယ်။ "ငါဘုရား တရားမဟောလိုတဲ့စိတ် ဖြစ်ခဲ့ရင် ငါ့ကို မဟာဗြဟ္မာက တရားဟောဖို့ လျှောက်ထားတောင်းပန်လိမ့်မယ်။ သတ္တဝါတွေကလည်း ဗြဟ္မာကို အလေးပြုကြတယ်။ ဘုရားက တရားမဟောလိုဘူးတဲ့။ ဒါပေမဲ့ မဟာဗြဟ္မာက တောင်းပန်ပြီး ဟောစေပါသတဲ့။ 'တရားတော်တွေဟာ ငြိမ်သက်ပါပေစွ၊ မွန်မြတ်ပါပေစွ'လို့ မှတ်ထင်ကာ လိုက်နာကျင့်သုံးလိုစိတ် ဖြစ်ကြလိမ့်မယ်"လို့ ဘုရားရှင်က သိတော်မူပါတယ်။ ဒါကြောင့် တရားဟောဖို့ မကြိုးစားလိုခြင်း ဖြစ်ပါတယ်။

(သုတ်မဟာဝါ ၄၊ ၅၇/၈၊ ဝိနည်းမဟာဝါ)

## ဘုရားနဲ့ ကုသိနာရုံ

ဘုရားရှင်ဟာ ဘယ်နေရာမှာမဆို ပရိနိဗ္ဗာန်စံနိုင်ပါတယ်။ ကုသိနာရုံကို ပရိနိဗ္ဗာန်စံဖို့ လာရတာမှာ အကြောင်း ၃ ကြောင်း ရှိပါတယ်။ "ငါဘုရား အခြားနေရာမှာ ပရိနိဗ္ဗာန်စံရင် မဟာသုဒဿနသုတ်ရဲ့ အတ္ထုပ္ပတ္တိဟာ ဖြစ်ပေါ်လာမှာမဟုတ်။ ကုသိနာရုံမှာ ပရိနိဗ္ဗာန်စံရင် နတ်ပြည်မှာ ခံစားထိုက်တဲ့ စည်းစိမ်ကို လူ့ပြည်မှာပဲ ခံစားခဲ့ရပုံကို ဘာဏဝါရ ၂ ခုနဲ့ တန်ဆာဆင်ပြီးဟောမယ်။ အဲဒါကို ကြားနာရလို့ လူအများဟာ ကုသိုလ်ကို ပြုထိုက်တယ်လို့ ထင်မှတ်သွားကြလိမ့်မယ်"လို့ ဘုရားရှင်က မြင်တော်မူပါတယ်။ ဒါက ပထမအကြောင်း ဖြစ်ပါတယ်။

"အခြားနေရာမှာ ပရိနိဗ္ဗာန်စံခဲ့ရင် ငါဘုရားကို သုဘဒ္ဒ တွေ့ရမှာမဟုတ်၊ သူဟာ ဘုရားရဲ့ဝေနေယျဖြစ်တယ်။ သာဝကတွေရဲ့ ဝေနေယျ မဟုတ်ဘူး။ သူ့ကို သာဝကတွေ မဆုံးမနိုင်ကြ။ ကုသိနာရုံမှာ ပရိနိဗ္ဗာန်စံဝင်မယ့် ငါဘုရားကို ချဉ်းကပ်ပြီး ပြဿနာမေးလိမ့်မယ်။ ပြဿနာကို ဖြေပြီးတဲ့အခါ သရဏဂုံတည်ကာ ရှင်ရဟန်းအဖြစ်ကိုရပြီး ကမ္မဋ္ဌာန်းတောင်းကာ ငါဘုရား သက်တော်ထင်ရှားရှိစဉ်မှာပဲ ရဟန္တာဖြစ်ကာ နောက်ဆုံးသာဝက ဖြစ်လိမ့်မယ်"လို့ ဘုရားရှင်က မြင်တော်မူပါတယ်။ ဒါက ဒုတိယအကြောင်း ဖြစ်ပါတယ်။

http://www.dhammadownload.com



"ငါဘုရား အခြားနေရာမှာ ပရိနိဗ္ဗာန်စံရင် ဓာတ်တော်တွေ ခွဲဝေတဲ့အခါ ခိုက်ရန်အကြီးအကျယ် ဖြစ်လိမ့်မယ်။ သွေးဟာ မြစ်ပမာ စီးလိမ့်မယ်။ ကုသိနာရုံမှာ ပရိနိဗ္ဗာန်စံရင် ဒေါဏပုဏ္ဏားဟာ အဲဒီရန်ပွဲကို ငြိမ်းစေပြီး ဓာတ်တော်တွေကို ခွဲဝေပေးလိမ့်မယ်"လို့ ဘုရားရှင်က မြင်တော်မူပါတယ်။ ဒါက တတိယအကြောင်း ဖြစ်ပါတယ်။ ဒီအကြောင်း ၃ ပါးကြောင့် ဘုရားရှင်ဟာ ကြိုးစားပြီး ကုသိနာရုံကို ကြွလာခြင်းဖြစ်ပါတယ်။

(သုတ်မဟာဝါ၊ ၌၊ ၁၆၄/၅)

## ဘုရားနဲ့ သံဝေဇနိယ ၄ ဌာန

သဒ္ဓါတရားရှိသူဟာ ဒီ ၄ နေရာကို ကြည့်ထိုက်တယ်။ သံဝေဂယူထိုက်တယ်။

၁။ ဘုရားရှင် ဖွားတော်မူခဲ့တဲ့နေရာ။ (လုမ္ဗိနီဥယျာဉ်)

၂။ ဘုရားဖြစ်ခဲ့တဲ့နေရာ။ (မဟာဗောဓိပင်)

၃။ ဓမ္မစကြာတရား ဟောခဲ့တဲ့နေရာ။ (မိဂဒါဝုန်တော)

၄။ ပရိနိဗ္ဗာန်စံဝင်တော်မူတဲ့နေရာ။ (ကုသိနာရုံ အင်ကြင်းဥယျာဉ်)

(သုတ်မဟာဝါပါဠိ၊ ၁၁၆)

## ဘုရားနဲ့ စေတီ

စေတီတည်ထိုက်တဲ့ ပုဂ္ဂိုလ် ၄ ဦး ရှိပါတယ်။

၁။ ဘုရား။

၂။ ပစ္စေကဗုဒ္ဓါ။

၃။ ဘုရားတပည့်သာဝက။

၄။ စကြဝတေးမင်း။

ဘုရားရှင်ရဲ့စေတီကို လမ်းဆုံလမ်းမမှာ တည်ထိုက်တယ်။ အဲဒီစေတီမှာ ပန်းလှူ၊ နံ့သာလှူ၊ အဆင်းလှူ၊ ရှိခိုးသူ၊ ကြည်ညိုသူတွေမှာ ကာလရှည်ကြာစွာ စီးပွားချမ်းသာအလို့ငှာ ဖြစ်လိမ့်မယ်။

(သုတ်မဟာဝါပါဠိ၊ ၁၁၇)

http://www.dhammadownload.com



## ဘုရားနဲ့ အဂ္ဂိရှာပန

မီးသဂြိုဟ်ခံရတဲ့ ဘုရားရှင်ရဲ့အရေထူ၊ အရေပါး၊ အသား၊ အကြော အစေးတွေဟာ ပြာအဖြစ် မထင်ရှား၊ မီးသွေးအဖြစ် မထင်ရှားခဲ့ပါ။ ဓာတ်တော်တွေသာ ကြွင်းကျန်ခဲ့ပါတယ်။ ထောပတ် ဆီတွေကို မီးလောင်တဲ့အခါ ပြာ မီးသွေး မကျန်ရှိသလိုပါပဲ။ ဘုရားရှင်ရဲ့ ခန္ဓာကိုယ်တော်ကို ရစ်ပတ်ထားတဲ့ ဝတ်စုံငါးရာထဲက အောက်ဆုံးဝတ်စုံနဲ့ အပေါ်ဆုံးဝတ်စုံကို မီးမလောင်ပါဘူး။ ဘုရားရှင်ရဲ့ကိုယ်တော်ကို မီးလောင်ပြီးတဲ့အခါ ကောင်းကင်မှ ရေအလျှဉ်တွေ ဖြစ်ပေါ်လာကာ ဘုရားရှင်ရဲ့ထင်းမီးပုံကို ငြိမ်းစေကြပါတယ်။ အင်ကြင်းပင်တွေရဲ့ ပင်စည်ကြား သစ်ခွကြားတွေကလည်း ရေတွေထွက်လာကာ ငြိမ်းစေကြပါတယ်။ ကုသိနာရုံ မလ္လာမင်းတွေကလည်း နံ့သာရေတွေနဲ့ ငြိမ်းစေကြပါတယ်။ မလ္လမင်းတွေက ဘုရားရှင်ရဲ့ ဓာတ်တော်တွေကို ၇ ရက်ပတ်လုံး လုံ့ကိုင်ထားသူတွေကို ဝိုင်းရံထားစေကြပါတယ်။ ဆင်တွေ ဦးကင်းချင်းထိနေအောင်၊ မြင်းတွေ လည်ပင်းချင်းထိနေအောင်၊ ရထားတွေ နားစောင့်အစွန်းချင်း ထိနေအောင်၊ စစ်သည်တော်တွေ ပခုံးချင်းထိနေအောင် ဝိုင်းရံထားစေကြပါတယ်။ အဲဒါတွေရဲ့အဆုံးမှာ အစွန်းချင်းထိနေတဲ့ လေးတွေကို ဝိုင်းရံထားကြစေပါတယ်။ အက အတီး အမှုတ်ပန်းနံ့သာတွေနဲ့ အရိုအသေ အလေးအမြတ်ပြုကြ၊ မြတ်နိုးကြ၊ ပူဇော်ကြပါတယ်။

(သုတ်မဟာဝါပါဠိ၊ ၁၃၅)

## ဘုရားနဲ့ သာဓု

ဘုရားရှင်ဟာ တရားနာပရိသတ်က သာဓုခေါ်နေတဲ့ခဏမှာ အရင်ကြိုတင်နှလုံးသွင်းမှုနဲ့ ပိုင်းခြားပြီး ဖလသမာပတ်ကို ဝင်စားပါတယ်။ သာဓုခေါ်သံမဆုံးမီမှာပဲ သမာပတ်ကထကာ ရောက်ရာနေရာကစပြီး တရားဆက်ဟောပါတယ်။ မှန်ပါတယ်။ ဘုရားရှင်တွေရဲ့ ဘဝင်ကျပုံဟာ လျှင်မြန်လို့ အသက် အရှူ အရှိုက် အကြိမ်မှာ သမာပတ်ကို ဝင်စားကြပါတယ်။

(မူလပဏ္ဏာသ၊ ၄၊ ဒု၊ ၁၉၃)

http://www.dhammadownload.com



## ဘုရားနဲ့ ပထမဥပါသကာ

တပုဿနဲ့ ဘလ္လိကဆိုတဲ့ ကုန်သည်ညီနောင်နှစ်ယောက်ဟာ ဘုရားနဲ့တရားကို ကိုးကွယ်ဆည်းကပ်တဲ့ ပထမဆုံး ဥပါသကာနှစ်ဦး ဖြစ်ပါတယ်။ "မြတ်စွာဘုရား တပည့်တော်တို့ဟာ ဒီနေ့ကစပြီး ဘယ်သူ့ကို ရှိခိုးမှု၊ ခရီးဦးကြိုမှု ပြုရပါမလဲ"လို့ လျှောက်ထားလို့ ဘုရားရှင်က ဦးခေါင်းကို သုံးသပ်လိုက်ပါတယ်။ ဆံပင်တွေဟာ လက်မှာ ကပ်ငြိပါလာကြပါတယ်။ "ဒါတွေကို သင်တို့ ပြုစုကြ"လို့ပြောကာ သူတို့အား ဆံပင်တွေကို ပေးလိုက်ပါတယ်။ ဆံပင်ဓာတ်တော်တွေကိုရလို့ အမြိုက်ရေစင်နဲ့ သွန်းလောင်းခံရသူတွေပမာ ဝမ်းသာရွှင်လန်းစွာ ဘုရားကို ရှိခိုးပြီး ဖဲသွားကြပါတယ်။

(ဝိနည်း မဟာဝါ၊ ၄၊ ၂၄၂)

တပုဿဟာ နောင်သောအခါ ဘုရားရှင်ရဲ့တရားတော်ကို နာရလို့ သောတာပန်ဥပါသကာ ဖြစ်သွားပါတယ်။ ဘလ္လိကကတော့ ရဟန်းဝတ်ပြီး အဘိညာဉ် ၆ ပါးရတဲ့ ရဟန္တာ ဖြစ်သွားပါတယ်။

(ထေရဂါထာ ၄၊ ၆၀)

## ဘုရားနဲ့ ဒုက္ကရစရိယာ

ဘုရားရှင်ဟာ ဒုက္ကရစရိယာကို ကျင့်သည်ဖြစ်စေ၊ မကျင့်သည်ဖြစ်စေ ဘုရားဖြစ်နိုင်တာပါပဲ။ ကျင့်ရခြင်းရဲ့အကြောင်းကတော့ သတ္တလောကအား ဘုရားရှင်ရဲ့လုံ့လကို ပြလိုပါတယ်။ အကြိတ်အနယ် ကြိုးစားတဲ့ ဝီရိယဂုဏ်က ဘုရားရှင်ကို ရွှင်လန်းနှစ်သက်စေပါတယ်။ ဒါကြောင့်ပါပဲ။

ပြာသာဒ်ပေါ်မှာ ထိုင်ရင်းပဲ အစဉ်အဆက်ကလာတဲ့ မင်းအဖြစ်ကို ရလာတဲ့ မင်းဟာ စစ်သည်တော်တွေကိုခေါ်ပြီး စစ်မျက်နှာမှာ ရန်သူတွေကို တိုက်ခိုက်နှိမ်နင်းလို့ မင်းဖြစ်လာတဲ့မင်းလောက် ဝမ်းမြောက်မှုရှိမှာ မဟုတ်ပါ။ ကိုယ့်အစွမ်းအစနဲ့ မင်းဖြစ်လာသူဟာ မင်းအသရေကို ခံစားရင်း ပရိသတ်ကိုကြည့်ကာ သူ့ရဲ့ကြိုးစားမှုကို အမှတ်ရပြီး "ငါဟာ ဘယ်နေရာမှာ ဘာတွေကို လုပ်ခဲ့ပြီး ဘယ်ရန်သူတွေကို တိုက်ခိုက်ပြီး ဒီမင်းအဖြစ်ကို

http://www.dhammadownload.com



ရခဲ့တယ်''လို့ တွေးကာ ဝမ်းအသာကြီး သာနေပါတယ်။ ဒီလိုပါပဲ ဘုရားရှင်ဟာလည်း သတ္တလောကအား သူ့ရဲ့ကြိုးစားမှုကို ပြလိုပါတယ်။ သူ့ရဲ့ကြိုးစားမှုက သူ့ကို အလွန်ပဲ ရွှင်လန်းဝမ်းသာစေပါလိမ့်မယ်။ ဒါကြောင့် ဒုက္ကရစရိယာကို ကျင့်တော်မူပါတယ်။

(မူလပဏ္ဏာသ၊ ဋ္ဌ၊ ၃၊ ၁၈၉)

တစ်နည်းအားဖြင့် နောင်လာနောက်သားတွေကို သနားလို့လည်း ကျင့်တော်မူပါတယ်။ ''ဘုရားရှင်ဟာ ၄ အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီတွေကို ဖြည့်ကျင့်ပြီးပေမယ့် ဒုက္ကရစရိယာကိုကျင့်မှသာ သဗ္ဗညုတဉာဏ်ကို ရောက်ပါတယ်။ ငါတို့ဟာ ဘာကြောင့်မကြိုးစားကြရမှာလဲ''လို့ တွေးကာ နောင်လာနောက်သားတွေဟာ ပြင်းထန်တဲ့ ဝီရိယကို ပြုထိုက်တယ်လို့ အောက်မေ့ကြပါလိမ့်မယ်။ အဲဒီလိုဆိုရင် လျင်လျင်မြန်မြန်ပဲ ဇာတိဇရာ မရဏရဲ့အဆုံးကို ပြုလိမ့်မယ်လို့တွေးကာ နောင်လာနောက်သားတွေကို သနားလို့ ကျင့်တော်မူပါတယ်။

(မူလပဏ်၊ ဋ္ဌ၊ ၃၊ ၁၈၉)

## ဘုရားနဲ့ ကျောင်း ၂ ကျောင်း

ဘုရားရှင်ဟာ ပထမဗောဓိမှာ ဝါ ၂၀ ပတ်လုံး မြဲတဲ့နေရာမရှိခဲ့ပါ။ နောင်အခါ ၂၅ ဝါပတ်လုံး မပြတ် သာဝတ္ထိမြို့ကိုသာ မှီကာ နေတဲ့အခါ တစ်နေ့မှာ ၂ နေရာ သီတင်းသုံးပါတယ်။ ဇေတဝန်ကျောင်းမှာ ညအခါ သီတင်းသုံးပြီးရင် နောက်တစ်နေ့ ရဟန်းအပေါင်းခြံရံကာ သာဝတ္ထိမြို့ရဲ့ လက်ယာတံခါးက သာဝတ္ထိမြို့ကို ဆွမ်းခံဝင်ပြီး သာဝတ္ထိမြို့ရဲ့ အရှေ့တံခါးက ထွက်ကာ ပုဗ္ဗာရုံကျောင်းမှာ နေ့အခါ သီတင်းသုံးတော်မူပါတယ်။

ပုဗ္ဗာရုံကျောင်းမှာ ညအခါ သီတင်းသုံးပြီးရင် နောက်တစ်နေ့ မြို့အရှေ့တံခါးက ဆွမ်းခံဝင်ပြီး တောင်တံခါးကထွက်ကာ ဇေတဝန်ကျောင်းမှာ နေ့အခါ သီတင်းသုံးတော်မူပါတယ်။ အကြောင်းကတော့ ဒီအမျိုးနှစ်မျိုးကို (အနာထပိဏ်နဲ့ ဝိသာခါကို) သနားချီးမြှောက်လိုလို့ပါပဲ။ အနာထပိဏ်လို

http://www.dhammadownload.com



အခြားအမျိုးသားတစ်ယောက်၊ ဝိသာခါလို အခြားအမျိုးသမီးဟာ ဘုရားရှင်ကို ရည်စူးပြီး (ဘုရားရှင်သာသနာမှာ) ဥစ္စာလှူဒါန်းတဲ့သူမရှိပါ။ ဒါကြောင့် သူတို့နှစ်ဦးအား သနားချီးမြှောက်လိုလို့ တစ်နေ့မှာ ၂ နေရာ သီတင်းသုံးတော်မူပါတယ်။

(မူလပဏ်၊ ၄၊ ဒု၊ ၇၀၊ ၇၁)

ဒီတစ်ဝါတွင်း ဇေတဝန်ကျောင်းမှာ သီတင်းသုံးရင် နောက်တစ်ခါတွင် ပုဗ္ဗာရုံကျောင်းမှာ သီတင်းသုံးပါတယ်။

(မူလပဏ်၊ ၄၊ ဒု၊ ၁၉၇)

## ဘုရားနဲ့ တရားဟောသံ

အရှင်မောဂ္ဂလ္လာန်ဟာ သိကြားမင်းအား ဘုရားရှင်ဖြေတဲ့အသံကို မကြားလိုက်ရပါ။ သိကြားမင်းရဲ့ "ဒီအတိုင်းမှန်ပါတယ်ဘုရား" လို့ ဝမ်းသာစွာ လျှောက်ထားသံကိုတော့ ကြားလိုက်ပါတယ်။ သိကြားမင်းဟာ အသံအကျယ်ကြီးနဲ့ ဝမ်းသာဝမ်းမြောက်စကားကို ပြောကြားပါသတဲ့။ ဘုရားရှင်ရဲ့ အသံတော်ကို အရှင်မောဂ္ဂလ္လာန် မကြားရခြင်းရဲ့အကြောင်းကတော့ ဘုရားရှင်ဟာ ပရိသတ်အားလျော်စွာ ကြားသိစေတတ်လို့ပါပဲ။ ဘုရားရှင်တွေဟာ တရားဟောတော်မူကြရင် တရားနာပရိသတ်ဟာ တစ်စပ်တည်းဖြစ်နေကာ စကြဝဠာအဆုံးအထိလည်း ဘုရားရှင်အသံတော်ကို ကြားရပါတယ်။ ပရိသတ်အဆုံးကို ကျော်လွန်ပြီး အသံတော်ဟာ တစ်လက်သစ်မျှတောင် အပြင်ကို မထွက်ပါ၊ မပြည်ပါ။ အကြောင်းကတော့ ဒီလိုချိုမြိန်တဲ့စကားကို အကျိုးမဲ့ မဖြစ်စေလိုလို့ပါပဲ။ အဲဒီအခါ ဘုရားရှင်က မိဂါရမာတုပြာသာဒ်မှာ ရတနာ ၇ ပါးနဲ့ပြီးတဲ့ ကျောင်းဆောင် ကျက်သရေတိုက်ခန်းမှာ ထိုင်တော်မူနေပါတယ်။ ဘုရားရှင့်ကျောင်းဆောင်ရဲ့ လက်ယာဘက်မှာ အရှင်သာရိပုတ္တရာရဲ့ နေရာအဆောင် ရှိပါတယ်။ လက်ဝဲဘက်မှာ အရှင်မောဂ္ဂလ္လာန်ရဲ့ နေရာအဆောင် ရှိပါတယ်။ အကြားမှာ အပေါက်အကြား အခွင့်မရှိပါ။ (မဆက်စပ်ပါ၊ တစ်စပ်တည်းမဖြစ်ပါ။) ဒါကြောင့်

http://www.dhammadownload.com



အရှင်မောဂ္ဂလ္လာန်ဟာ ဘုရားရှင်ရဲ့အသံတော်ကို မကြားရဘဲ သိကြားမင်းရဲ့ အသံကိုသာ ကြားရပါတယ်။

(မူလပဏ္ဏာ၊ ၄၊ ၃၊ ၂၀၀)

## ဘုရားနဲ့ ဘွဲ့

လက္ခဏာတော်ကြီးငယ် အသွယ်သွယ်ဖြင့် သပ္ပာယ်လှစွာ ကိုယ်အင်္ဂါဝယ် ပါရမီတော်ဟုန် ကိုယ်လုံးခြုံ၍ မွှမ်းထုံသင်းကြူ သယမ္ဘူဟု ဉာဏ်တူကင်းလတ် အရဟတ်ဖြင့် သတ်ဖြတ်ခပင်း ကိလေရှင်းသား ဉာဏ်ရင်းမဟာ ကရုဏာနှင့် သမ္မာသမ္ဗောဓိ အစရှိလတ် ဉာဏ်တော်မြတ်၏ ကိန်းဝပ်စံပျော် ခန္ဓာပေါ်ဝယ် ဘွဲ့တော်ဗုဒ္ဓ တင်ပါရသည် လောကထွတ်ထား မြတ်ဘုရား။

(သီလက္ခန်ဋီကာသစ်၊ ပ၊ ၁၉)

## ဘုရားနဲ့ အနန္တစကြဝဠာရောင်ခြည်

နူးညံ့သိမ်မွေ့တဲ့ ပဋ္ဌာန်းကျမ်းကို သုံးသပ်တဲ့ခါ ဘုရားရှင်မှာ ပီတိ ဖြစ်ပါတယ်။ ပီတိဖြစ်တော့ သွေးကြည်ပါတယ်။ သွေးကြည်တော့ အရေ ကြည်ပါတယ်။ အရေကြည်တော့ ရှေ့ပိုင်းကိုယ်က အိမ်လုံး စတဲ့ ပမာဏ ရှိတဲ့ ရောင်ခြည်တော်တွေဟာ ဖြစ်ပေါ်လာပြီး ကောင်းကင်မှာ ပြေးသွားတဲ့ ဆဒ္ဒန်ဆင်မျိုးပမာ အရှေ့အရပ်မှာ အဆုံးအပိုင်းအခြား မရှိတဲ့ စကြဝဠာ တွေကို ပြေးသွားကြပါတယ်။

နောက်ပိုင်းကိုယ်က ထွက်ပေါ်လာပြီး အနောက်အရပ်မှာ၊ လက်ယာ ဘက်ပခုံးစွန်းက ထွက်ပေါ်လာပြီး တောင်ဘက်အရပ်မှာ၊ လက်ဝဲဘက် ပခုံးစွန်းက ထွက်ပေါ်လာပြီး မြောက်အရပ်မှာ အဆုံးအပိုင်းအခြားမရှိတဲ့ စကြဝဠာတွေကို ပြေးသွားကြပါတယ်။ ခြေဖဝါးအပြင်တွေက သန္တာညွန့် အဆင်းရှိတဲ့ ရောင်ခြည်တော်တွေဟာ ထွက်ပေါ်လာပြီး မြေကြီးကိုထိုးဖောက်၊ ရေကို နှစ်ခြမ်းခွဲ၊ လေထုကိုခွဲကာ ကောင်းကင်အပြင်ကို ပြေးသွားကြပါတယ်။

http://www.dhammadownload.com



ဦးခေါင်းမှ လည်ထွက်နေတဲ့ ပတ္တမြားပန်းကုံးပမာ အညှိရောင်ခြည်တော်အလုံးဟာ ထွက်ပေါ်လာပြီး နတ်ပြည်ခြောက်ထပ်ကို ထိုးဖောက်ကာ ဗြဟ္မာ ၉ ဘုံ၊ ဝေဟပ္ဖိုလ်ဘုံ၊ သုဒ္ဓါဝါသ ၅ ဘုံတွေကိုလည်း ထိုးဖောက်ပြီး အရူပ ၄ ဘုံတို့ကို ကျော်လွန်ကာ ကောင်းကင်အပြင်ကို ပြေးသွားကြပါတယ်။ အဲဒီနေ့မှာ အဆုံးမရှိတဲ့ စကြဝဠာတွေက အဆုံးမရှိတဲ့ သတ္တဝါတွေအားလုံးဟာ ရွှေအဆင်းရှိသူတွေချည်း ဖြစ်ကြပါတယ်။ အဲဒီနေ့က ဘုရားရှင်ရဲ့ကိုယ်က ထွက်တဲ့ ရောင်ခြည်တော်တွေဟာ ယနေ့အထိလည်း အဆုံးမရှိတဲ့ လောကဓာတ်တွေကို သွားနေကြဆဲပါ။

(မဇ္ဈိမပဏ်၊ ဒု၊ ဋ္ဌ၊ ၉၀)

## ဘုရားနဲ့ သဗ္ဗညုတဉာဏ်

- ❄ သိရန်မှန်က မကျန်ရအောင် လုံးဝစုံလင် အကုန်မြင် သဗ္ဗဉ်ဉာဏ်တော် အစွမ်းတည်း။
- ❄ သိသည့်တရား များအပြား၌ ဟောထားစဖွယ် နည်းသွယ်သွယ်ကို ခြယ်လှယ်စုံလင် အကုန်မြင် သဗ္ဗဉ်ဉာဏ်တော် အစွမ်းတည်း။
- ❄ ကျွတ်ထိုက်ကြပေ များဝေနေ၏ ဣန္ဒြေစရိုက် သူ့အကြိုက်ကို နှိုက်ချွတ်စုံလင် အကုန်မြင် သဗ္ဗဉ်ဉာဏ်တော်အစွမ်းတည်း။

(ဓမ္မသင်္ဂဏီ မူလဋီကာ ၈)

## ဘုရားနဲ့ ဓာတုပရိနိဗ္ဗာန်

သာသနာ ဆုတ်ယုတ်ရာအခါမှာ သီဟိုဠ်ကျွန်းက ဓာတ်တော်တွေဟာ စုပြီး မဟာစေတီကို ကြွလာကြပါလိမ့်မယ်။ မဟာစေတီမှ နာဂဒီပရှိ ရာဇာယတနစေတီကို ကြွသွားကြပါလိမ့်မယ်။ ရာဇာယတနစေတီမှ မဟာဗောဓိပလ္လင်ကို ကြွသွားကြပါလိမ့်မယ်။ နဂါးပြည်ကရော၊ နတ်ပြည်က

http://www.dhammadownload.com



ရော၊ ဗြဟ္မာ့ပြည်ကရော ဓာတ်တော်တွေဟာ မဟာဗောဓိပလ္လင်ကိုပဲ ကြွကြပါလိမ့်မယ်။ မုန်ညင်းစေ့လောက်ရှိတဲ့ ဓာတ်တော်တောင်မှ အကြားမှာ မပျောက်ပျက်ဘဲ ရှိပါလိမ့်မယ်။ ဓာတ်တော်အားလုံး မဟာဗောဓိပလ္လင်မှာ စုကာ ရွှေစိုင်ခဲပမာ အစိုင်အခဲဖြစ်ပြီး ရောင်ခြည်တော်ခြောက်ပါးကို လွှတ်ကြပါလိမ့်မယ်။ အဲဒီရောင်ခြည်တော်တွေဟာ လောကဓာတ်တစ်သောင်းကို ပျံ့နှံ့ကြပါလိမ့်မယ်။

အဲဒီကနောက် စကြဝဠာတစ်သောင်းက နတ်တွေဟာ စုဝေးပြီး "ဒီနေ့ ဘုရား ပရိနိဗ္ဗာန်စံဝင်တယ်။ ဒီနေ့ သာသနာဆုတ်ယုတ်တယ်။ အခု ငါတို့ဖူးတွေ့ရတာဟာ နောက်ဆုံးဖူးတွေ့ရတာပဲ" လို့ ပြောကာ ဘုရားရှင် ခန္ဓပရိနိဗ္ဗာန် စံတော်မူသွားခဲ့တဲ့နေ့ကထက် ပိုပြီး ကရုဏာကို ပြုကြပါလိမ့်မယ်။ အနာဂါမ်၊ ရဟန္တာမှတစ်ပါး ကျန်ပုဂ္ဂိုလ်တွေဟာ ပုံမှန်မရပ်တည်နိုင် ဖြစ်ကြပါလိမ့်မယ်။ ဓာတ်တော်တွေမှ တေဇောဓာတ် ဖြစ်ပေါ်လာပြီး ဗြဟ္မာ့ပြည်တိုင်အောင် တက်သွားပါလိမ့်မယ်။ မုန်ညင်းစေ့လောက် ဓာတ်တော်ရှိနေသေးရင်လည်း တစ်ခုတည်းသော မီးလျှံရှိသည်သာ ဖြစ်ပါလိမ့်မယ်။ ဓာတ်တော်တွေ ကုန်သွားရင်တော့ မီးလျှံပြတ်စဲသွားပါလိမ့်မယ်။ အဲဒီလို ကြီးမားတဲ့အစွမ်းကိုပြပြီး ဓာတ်တော်တွေ ကွယ်ပျောက်သွားမှ သာသနာကွယ်ပျောက်သည် မည်ပါတယ်။ အဲဒီလို မကွယ်ပျောက်သေးသမျှ သာသနာဟာ နောက်ဆုံးမဟုတ်သေးပါဘူး

(ဥပရိပဏ်၊ ဋ္ဌ၊ ၈၁/၈၂)

## ဘုရားနဲ့ မွေးဖွားခဲ့ပုံ

အမိဝမ်းမှာ သန္ဓေတည်စအချိန်မှာရော၊ တည်ရှိနေတဲ့အချိန်မှာရော၊ ထွက်လာတဲ့အချိန်မှာရော၊ သိဉာဏ်မပါသူတွေ ရှိပါတယ်။ သူတို့ကတော့ လောကီလူသားတွေပါပဲ။

သန္ဓေတည်စအချိန်မှာတော့ အသိဉာဏ် ပါပါတယ်။ ကျန် ၂ ချိန်မှာ မပါပါ။ သူတို့ကတော့ ၈၀ သော မဟာသာဝကတွေပါပဲ။ သန္ဓေတည်စ

http://www.dhammadownload.com



အချိန်နဲ့ အမိဝမ်းမှာ တည်ရှိနေတဲ့အချိန်တွေမှာတော့ ဉာဏ်ပါပါတယ်။ ထွက်လာတဲ့အချိန်မှာတော့ ဉာဏ်မပါပါ။ သူတို့ကတော့ အဂ္ဂသာဝက ၂ ပါးနဲ့ ပစ္စေကဗုဒ္ဓါအလောင်းတွေပါပဲ။

သူတို့ကို ကမ္မဇလေတွေက အသူတစ်ရာမကနက်တဲ့ ချောက်ကမ်းပါးမှာလို အင်္ဂါဇာတ်အဝမှာ ဦးစောက်ပြောင်းပြန်ဖြစ်အောင် လုပ်ကြပါတယ်။ သံကောက်ပေါက်က ထွက်ရတဲ့ ဆင်ပမာ အလွန်ကျဉ်းမြောင်းတဲ့ အင်္ဂါဇာတ်အဝက ထွက်ကြရတဲ့အခါ အဆုံးမရှိတဲ့ဆင်းရဲကို ခံစားကြရပါတယ်။ ဒါကြောင့် သူတို့မှာ "ငါတို့ထွက်နေကြတယ်"လို့ မသိကြပါဘူး။ အညစ်အကြေးအမျိုးမျိုးတွေလည်း ပေကျံနေပါတယ်။

ဘုရားအလောင်းတော်တွေကတော့ ပဋိသန္ဓေယူတော့လည်း အသိရှိကြပါတယ်။ နေတော့လည်း အသိရှိကြပါတယ်။ ထွက်လာတော့လည်း ကမ္မဇလေတွေက ဦးစောက်ပြောင်းပြန်ဖြစ်အောင် မလုပ်နိုင်ကြပါဘူး။ လက်နှစ်ဖက် ခြေနှစ်ဖက်ကို ဆန့်တန်းကာ မျက်စိတွေကိုဖွင့်ပြီး ရပ်ရင်းပဲ ထွက်လာကြပါတယ်။ ဥပမာ တရားပလ္လင်ပေါ်ကဆင်းလာတဲ့ ဓမ္မကထိကလို လှေခါးကဆင်းလာတဲ့ ယောကျ်ားလိုပါပဲ။ ဘယ်အညစ်အကြေးမှ မပေမညစ်ဘဲ သန့်ရှင်းစွာလည်း ထွက်လာပါတယ်။

(ဥပရိပဏ်၊ ဋ္ဌ၊ ၁၂၆၊ ၁၃၁)

## ဘုရားနဲ့ ပဋိသန္ဓေစိတ်

ဘုရားလောင်းဟာ မေတ္တာရှေ့သွားရှိတဲ့ သောမနဿသဟဂုတ်၊ ဉာဏသမ္ပယုတ်၊ အသင်္ခါရိက မဟာဝိပါက်စိတ်နဲ့ ပဋိသန္ဓေယူခဲ့ပါတယ်။ မဟာသီဝထေရ်ကတော့ "ဥပေက္ခာသဟဂုတ်၊ ဉာဏသမ္ပယုတ်၊ အသင်္ခါရိက မဟာဝိပါက်စိတ်နဲ့"လို့ ဆိုပါတယ်။

(ဥပရိပဏ်၊ ဋ္ဌ၊ ၁၂၄)

http://www.dhammadownload.com



# ဘုရားနဲ့ အရိုသေခံပုဂ္ဂိုလ်

"ရဟန်းဂေါတမ သင်ဟာ သင့်ထက်အသက်ကြီးတဲ့ ပုဂ္ဂိုလ်တွေကို ရှိမခိုး၊ နေရာကထမပေး၊ နေရာနဲ့ မဖိတ်မန်ဘူးလို့ ကြားဖူးပါတယ်။ ကြားခဲ့ရတာနဲ့ ယခုမြင်တွေ့နေရတာဟာ တစ်ထပ်တည်း ဖြစ်နေပါတယ်။ အဲဒါဟာ မသင့်တော်ပါဘူး"

"အို ဝေရဉ္ဇပုဏ္ဏား ငါဘုရားဟာ လူ့လောက နတ်ဗြဟ္မာလောကနဲ့ တကွ လောကကြီးတစ်ခုလုံးမှာ ရှိခိုးရ၊ နေရာပေးရ၊ နေရာနဲ့ဖိတ်မန်ရမယ့် ပုဂ္ဂိုလ်ကို သဗ္ဗညုတဉာဏ်မျက်စိနဲ့ ရှာကြည့်ပေမယ့်လည်း မတွေ့ရဘူး။ ဘုရားဖြစ်ပြီးမှ ရိုသေရမယ့် ပုဂ္ဂိုလ်ကို မတွေ့ရတာဟာ မဆန်းပါဘူး။ ငါဘုရားဟာ မွေးဖွားပြီးလျှင်ပြီးချင်းပဲ မြောက်အရပ်ကို ရှေးရှုကာ ခြေလှမ်း ၇ လှမ်းလှမ်းပြီး လောကဓာတ်တစ်သောင်းလုံးကို ကြည့်ခဲ့တဲ့အခါမှာလည်း အရိုအသေပေးရမယ့် ပုဂ္ဂိုလ်ကို မတွေ့ခဲ့ရပါဘူး။ အဲဒီအချိန်က ငါဘုရား လောင်းကို ကမ္ဘာပေါင်း တစ်သောင်းခြောက်ထောင် အသက်ရှည်တဲ့ ရဟန္တာ မဟာဗြဟ္မာကတောင်မှ လက်အုပ်ချီပြီး "လောကမှာ သင်ဟာ ယောကျ်ားမြတ် ဖြစ်ပါတယ်။ သင်ဟာ တစ်လောကလုံးရဲ့ ခေါင်ထိပ်ပါပဲ၊ အကြီးအကဲပါပဲ၊ အမြတ်ဆုံးပါပဲ။ သင့်ထက်သာတဲ့သူ မရှိပါ"လို့ ဝမ်းသာစွာ ပြောကြားခဲ့ပါတယ်။ အဲဒီအခါမှာလည်း ငါဘုရားဟာ မိမိထက်သာတဲ့သူကို မတွေ့ရလို့ "ငါဟာ လောကရဲ့ခေါင်ထိပ်ပဲ၊ ငါဟာ လောကရဲ့အကြီးအကဲပဲ၊ ငါဟာ လောကရဲ့အမြတ်ဆုံးပဲ"လို့ ကြုံးဝါးစကား ပြောကြားခဲ့ပါတယ်။ ယခု ဘုရားဖြစ်ပြီးတဲ့ ငါဘုရားမှာ လောကမှာ အရိုအသေပေးရမယ့် ပုဂ္ဂိုလ် မရှိပါ။ ငါဘုရား ရှိခိုးခံရ၊ နေရာပေးခံရ၊ နေရာနဲ့ ဖိတ်မန်ခံရတဲ့ ပုဂ္ဂိုလ်ဟာ ထန်းသီးမှည့် အညှာကကြွေကျသည့်ပမာ လည်ပင်းမှ ဦးခေါင်း ပြတ်ကျပြီး လျင်စွာပဲ မြေမှာကျပါလိမ့်မယ်"

(ပါရာဇိကဏ်၊ ၄၊ ပ၊ ၁၀၂/၃)

http://www.dhammadownload.com



## ဘုရားနဲ့ ပါတိမောက်

ဘုရားရှင်တိုင်းမှာ ဩဝါဒပါတိမောက်ဂါထာ ၃ ပုဒ်ပဲ ရှိပါတယ်။ သက်တော်ရှည်ဘုရားရှင်တွေမှာ သာသနာကွယ်တဲ့အထိ ဒီဂါထာ ၃ ပုဒ်ကိုပဲ ရွတ်ဆိုပြသကြပါတယ်။ သက်တော်တို ဘုရားရှင်တွေမှာ ပထမဗောဓိမှာပဲ (ဝါနှစ်ဆယ်အတွင်းမှာပဲ) ရွတ်ဆိုပြသကြပါတယ်။ သိက္ခာပုဒ် ပညတ်တဲ့အချိန်ကစပြီး အာဏာပါတိမောက်ကိုပဲ ရဟန်းတွေသာ ရွတ်ဆိုကြရပါတယ်။ ဘုရားရှင်တွေ ရွတ်ဆိုတော်မမူကြပါဘူး။

(ပါရာဇိကဏ်၊ ဋ္ဌ၊ ပ၊ ၁၅၅)

## ဘုရားနဲ့ ပွင့်ရာသက်တမ်း

အနှစ်တစ်သိန်းထက် ပိုပြီးရှည်တဲ့ သက်တမ်းကာလဟာ ဘုရားရှင်တွေ ပွင့်ဖို့အချိန်မဟုတ်ပါ။ အကြောင်းကတော့ အဲဒီအခါ သတ္တဝါတွေမှာ ဇာတိ ဇရာ မရဏတို့ မထင်ရှားကြပါ။ ဘုရားရှင်တွေရဲ့ တရားဒေသနာဟာလည်း လက္ခဏာသုံးပါးမှ လွတ်တာမရှိ။ "အနိစ္စ ဒုက္ခ အနတ္တ"လို့ ဘုရားရှင်တွေက ဟောကြရင် "အဲဒါ ဘာကိုဟောနေကြတာလဲ"လို့ မေးကာ နားထောင်ချင်စရာ၊ ယုံကြည်စရာလို့ ထင်မှတ်ကြမယ်မဟုတ်ပါ။ ဒါကြောင့် တရားကို ထိုးထွင်းသိမြင်မှု မဖြစ်နိုင်ပါ။ တရားကို ထိုးထွင်းသိမြင်မှုမရှိရင် သာသနာဟာ ဝဋ္ဋဆင်းရဲမှထွက်မြောက်ကြောင်း မဟုတ်တော့ပါ။ ဒါကြောင့် ပွင့်ဖို့အချိန်မဟုတ်ပါ။

အနှစ်တစ်ရာအောက် လျော့တဲ့သက်တမ်းဟာလည်း ဘုရားပွင့်ဖို့ အချိန်မဟုတ်ပါ။ အကြောင်းကတော့ အဲဒီအချိန်မှာ သတ္တဝါဟာ ကိလေသာ များကြပါတယ်။ ကိလေသာများသူတို့အား ပေးတဲ့ ဩဝါဒဟာလည်း ဩဝါဒအရာမှာ မတည်ပါ။ ရေထဲမှာ အုတ်နဲ့ရေးတဲ့ အရေးအကြောင်းပမာ လျင်မြန်စွာပျောက်ပါတယ်။ ဒါကြောင့် ဘုရားပွင့်ဖို့အချိန်မဟုတ်ပါ။ အနှစ်တစ်သိန်းမှစပြီး အောက်၊ အနှစ်တစ်ရာမှစပြီး အထက်ဖြစ်တဲ့ သက်တမ်းဟာ ဘုရားပွင့်ဖို့အချိန် ဖြစ်ပါတယ်။

(ဗုဒ္ဓဝံသ၊ ဋ္ဌ၊ ၃၁၈ စသည်။)

http://www.dhammadownload.com



## ဘုရားနဲ့ ကာလ ဒီပ ဒေသ ကုလ မာတု

သက်တမ်းတစ်ရာကာလမှာ ဂေါတမဘုရားရှင် ပွင့်ခဲ့ပါတယ်။ ကျွန်းကြီး ၄ ကျွန်းထဲက ယူဇနာတစ်သောင်း ကျယ်ဝန်းတဲ့ တောင်ကျွန်း (ဇမ္ဗူဒိပ်ကျွန်း)မှာ ပွင့်တော်မူခဲ့ပါတယ်။ တောင်ကျွန်းထဲမှာလည်း အလျား ယူဇနာ ၃၀၀ ရာ၊ အကျယ်ယူဇနာ ၂၅၀၊ အဝန်းအဝိုင်း ယူဇနာ ၉၀၀ ရှိတဲ့ မဇ္ဈိမဒေသ (အလယ်ပိုင်းအရပ်)မှာ ပွင့်တော်မူပါတယ်။ မဇ္ဈိမဒေသ မှာလည်း ကပိလဝတ်မြို့မှာ မွေးဖွားခဲ့ပါတယ်။ ဘုရားလောင်းတွေဖြစ်ရာ မင်းမျိုး၊ ပုဏ္ဏားမျိုးတွေထဲက ဂေါတမဘုရားရှင်ဟာ မင်းမျိုးမှာ ဖြစ်ခဲ့ပါတယ်။ လော်လီခြင်း၊ သေရည်သောက်ခြင်းမရှိတဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ထားတဲ့ မွေးဖွားရာကာလက စပြီး ငါးပါးသီလမကျိုးခဲ့တဲ့ မဟာမာယာ မိဖုရား ဝမ်းဗိုက်မှာ သန္ဓေတည်ခဲ့ပါတယ်။

(ဥပရိပဏ်၊ ဋ္ဌ၊ ၁၂၃ စသည်)

## မဇ္ဈိမဒေသသား ဘုရားနဲ့ အခြားဘုန်းရှင်များ

မဇ္ဈိမဒေသမှာ ၄ အသင်္ချေ၊ ၈ အသင်္ချေ၊ ၁၆ အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့တဲ့ ဘုရားရှင်တွေ၊ ၂ အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့တဲ့ ပစ္စေကဗုဒ္ဓါတွေ၊ ၁ အသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့တဲ့ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလ္လာန် စတဲ့ သာဝကကြီးတွေ ကျွန်းကြီး ၄ ကျွန်းနဲ့ ကျွန်းငယ် ၂ ထောင်ကို အုပ်စိုးတဲ့ စကြဝတေးမင်းတွေ၊ ဘုန်းတန်ခိုးကြီးကြတဲ့ အခြားမင်းတွေ၊ ပုဏ္ဏားတွေ၊ အိမ်ရှင်သူကြွယ်တွေ ဖြစ်ကြပါတယ်။

(ဥပရိပဏ်၊ ဋ္ဌ၊ ၁၂၃)

## ဘုရားနဲ့ လူ့ပြည်

ဘုရားရှင်တွေဟာ လူ့ပြည်မှာသာ ပွင့်ကြပါတယ်။ နတ်ပြည် ဗြဟ္မာပြည်တွေမှာ မပွင့်ကြပါဘူး။ အကြောင်းကတော့ နတ်ပြည်မှာ အကျင့်မြတ်

http://www.dhammadownload.com



ကို ကျင့်သုံးဖို့ အခွင့်မသာတာရယ်၊ အံ့သြစရာအဖြစ် မရှိတာရယ်ကြောင့်ပါပဲ။ မှန်ပါတယ်။ ဘုရားတွေမှာ အံ့သြစရာတရား ရှိကြပါတယ်။ ဘုရားတွေရဲ့ အံ့သြစရာ အနေအထားဟာ နတ်ဘဝမှာ တည်နေကြရင် လူ့ဘဝမှာလို မထင်ရှားပါဘူး။ နတ်ဖြစ်နေတဲ့ ဘုရားရှင်ကပြတဲ့ ဘုရားအစွမ်းကို နတ်အစွမ်းကြောင့်လို့ လူတွေက ထင်ကြပါမယ်။ ဘုရားအစွမ်းကြောင့်လို့ မထင်ကြပါဘူး။ အဲဒီလိုဖြစ်ရင် ဘုရားလို့ မသက်ဝင် မယုံကြည် မကြည်ညိုနိုင်ပါဘူး။ ဖန်ဆင်းရှင် ဖန်ဆင်းတယ်ဆိုတဲ့ အယူကို မစွန့်ပါဘူး။ နတ်ဘဝက အသက်ကြာမြင့်စွာရှည်လို့ တချို့ မြဲတယ်လို့ယူဆတဲ့ (ဧကစ္စသဿတ) ဝါဒကလည်း မလွတ်ပါ။ ဗြဟ္မာဘဝမှာလည်း ဒီအတိုင်းပါပဲ။ သတ္တဝါ အဲဒီလိုအယူအစွဲတွေက လွတ်စေလိုလို့ ဘုရားရှင်တွေဟာ လူ့ဘုံမှာပဲ ဖြစ်ပါတယ်။ နတ်ဘုံ ဗြဟ္မာဘုံမှာ မဖြစ်ကြပါဘူး။

(သုတ်မဟာဝါဋီကာ၊ ၂၂)

## ဘုရားနဲ့ လူသား

လူ့ဘုံဖြစ်တဲ့အခါမှာလည်း ပဋိသန္ဓေတည်လျှင်တည်ချင်း အင်္ဂါကြီးငယ်အစုံနဲ့ဖြစ်တဲ့ (ဩပပါတိက) သတ္တဝါအဖြစ်နဲ့မဖြစ်ဘူး။အကြောင်းကတော့ ပြောခဲ့တဲ့အပြစ်တွေ ရှိနေတာရယ်၊ ဓမ္မဝေနေယျပုဂ္ဂိုလ်တွေမှာ တရားအစဉ်တည်ရာ လိုအပ်သလို ဓာတုဝေနေယျပုဂ္ဂိုလ်တွေမှာ ဓာတ်တော်တည်ရာ လိုအပ်တာရယ်တွေကြောင့်ပါပဲ။ မှန်ပါတယ်။ ဩပပါတိက ပုဂ္ဂိုလ်တွေမှာ ပရိနိဗ္ဗာန်စံပြီးနောက် ခန္ဓာကိုယ်က ဓာတ်တော်တွေ မတည်ရှိကြတော့ပါဘူး။

လူ့ဘုံဖြစ်တဲ့အခါမှာလည်း ဘုရားလောင်းတွေဟာ နောက်ဆုံးဘဝမှာ လူသားအဖြစ်ကို ထင်ရှားအောင်ပြဖို့ရာ မယားယူပြီး သားမျက်နှာမြင်ရတဲ့အထိ လူ့ဝတ်ကြောင်ဘဝမှာ ရပ်တည်ကြရပါတယ်။ သီလ၊ နေက္ခမ္မ၊ ပညာ စတဲ့ ပါရမီတွေ ရင့်ကျက်နေပေမယ့်လည်း တောမထွက်ကြသေးပါဘူး။ ပါရမီတွေဟာလည်း လူသားတွေမှာသာ ပြည့်စုံနိုင်ပါတယ်။ နတ်ဗြဟ္မာတွေမှာ မပြည့်စုံနိုင်ပါဘူး။

(သုတ်မဟာဝါဋီကာ၊ ၂၂၊ ၂၃)

http://www.dhammadownload.com



## ဘုရားနဲ့ ဇမ္ဗူဒိပ်

ရှေးဘုရားရှင်တွေ၊ ဘုရားလောင်းတွေ၊ ပစ္စေကဗုဒ္ဓါတွေဟာ ဇမ္ဗူဒိပ်မှာ ဖြစ်တဲ့အတွက် သာဝကအလောင်းတွေရဲ့ သာဝကဗောဓိဉာဏ်အတွက် ဆုတောင်းမှု၊ သာဝကပါရမီ ဆည်းပူးမှု၊ ရင့်ကျက်မှုတွေဟာ ဗုဒ္ဓခေတ်ဖြစ်တဲ့ ဒီစကြဝဠာက ဇမ္ဗူဒိပ်မှာသာ ပြီးစီးကြပါတယ်။ အခြားကျွန်းမှာ မပြီးစီးကြပါဘူး။ ဘုရားပွင့်တော်မူလာတာဟာလည်း ဆုံးမထိုက်သူတွေကို ဆုံးမရခြင်းအကျိုးရှိတာမို့ အဂ္ဂသာဝက၊ မဟာသာဝက စတဲ့ ဝေနေယျအထူးတွေကို ငဲ့ပြီး ဘုရားရှင်တွေဟာ ဒီဇမ္ဗူဒိပ်ကျွန်းမှာပဲ ပွင့်ကြပါတယ်။ အခြားကျွန်းတွေမှာ မပွင့်ကြပါဘူး။

(သုတ်မဟာဝါဋီကာ၊ ၂၃)

## ဘုရားနဲ့ ဂုဏ် ၁၈ ပါး

ဘုရားရှင်ရဲ့ သဗ္ဗညုတဉာဏ်ဟာ အတိတ်မှာလည်း မသိတာမရှိ၊ အနာဂတ်မှာလည်း မသိတာမရှိ၊ ပစ္စုပ္ပန်မှာလည်း မသိတာမရှိ။

အဲဒီတရား ၃ ပါးနဲ့ ပြည့်စုံတဲ့ ဘုရားရှင်ရဲ့ ကိုယ်အလုပ်၊ နှုတ်အပြော၊ စိတ်အကြံတွေမှာ ဉာဏ်ရှေ့သွားရှိပါတယ်။

အဲဒီတရား ၆ ပါးနဲ့ ပြည့်စုံတဲ့ ဘုရားရှင်မှာ ဆန္ဒလျော့တာမရှိ၊ တရားဟောမှုလျော့တာ မရှိ၊ ဝီရိယလျော့တာမရှိ၊ သမာဓိလျော့တာမရှိ၊ ပညာလျော့တာမရှိ၊ အရဟတ္တဖိုလ်လျော့တာမရှိ။

အဲဒီတရား ၁၂ ပါးနဲ့ ပြည့်စုံတဲ့ ဘုရားရှင်မှာ ရယ်ရွှင်မြူးထူးတဲ့ အမူအရာမရှိ၊ ချွတ်ချော်တာမရှိ၊ ရေးကြီးသုတ်ပျာ အမူအရာမရှိ၊ ဉာဏ်နဲ့ မသိတာမရှိ၊ အကျိုးမဲ့ စိတ်ဖြစ်မှုမရှိ၊ အသိဉာဏ်ကင်းမဲ့တာ မရှိ။

(သုတ်ပါထိက၊ ဋီကာ၊ ၅၄ စသည်)

http://www.dhammadownload.com



## ဘုရားနဲ့ ဂုဏ်

ဘုရားရှင်ရဲ့ဂုဏ်ကို အခြားဘုရားရှင်တစ်ဆူက အခြားစကားကို မပြောကြားဘဲ အာယုကပ်ပတ်လုံး (သက်တမ်းတစ်လျှောက်လုံး) ပြောစေဦးတော့ အာယုကပ်သာ ကုန်သွားရာ၏။ ဘုရားရှင်ရဲ့ဂုဏ်ဟာ မကုန်သေးပါ။

(သီလက္ခန်၊ ဋ္ဌ၊ ၂၅၇ စသည်)

## ဘုရားနဲ့ ကြုံးဝါးတဲ့ ၄ ဌာန

၁။ ဝိနည်းပညတ်မှု။

၂။ အဘိဓမ္မာတရားဟောကြားမှု။

၃။ ပဋ္ဌိစ္စသမုပ္ပာဒ်ကို ဟောကြားမှု။

၄။ အခြားအယူဝါဒတွေကို ရှင်းလင်းပြမှု။

ဒီ ၄ မျိုးမှာ အခြားသူတွေ မစွမ်းနိုင်ကြပါ။ ဘုရားရှင်သာ စွမ်းနိုင်ကြပါတယ်။ ဘုရားရှင်ရဲ့အရာသာ ဖြစ်ပါတယ်။ ဒီ ၄ မျိုးကိုရောက်ရင် ဘုရားရှင်တွေရဲ့ကြုံးဝါးမှုဟာ ကြီးကျယ်ပါတယ်။ ဉာဏ်သက်ဝင်ပါတယ်။ ဘုရားဉာဏ်ရဲ့ ကြီးကျယ်ပုံ ထင်ရှားပါတယ်။ ဒေသနာဟာ နက်နဲပါတယ်။ လက္ခဏာ ၃ ပါးနဲ့ မှတ်သားအပ်ပါတယ်။ အတ္တကင်းမှုနဲ့ ဆက်စပ်ပါတယ်။

(သီလက္ခန်၊ ဋ္ဌ၊ ၉၄)

## ဘုရားနဲ့ ဖိတ်မန်မှု

"မေးချင်ရင်မေးလော့၊ ဖြေဖို့ရာ ငါ့မှာဝန်မလေးပါ"

"မေးချင်တာမေး၊ မေးသမျှ ငါဖြေမယ်"

ဒီလိုဖိတ်မန်မှုဟာ သဗ္ဗညုဘုရားရှင်တွေရဲ့ ဖိတ်မန်မှု ဖြစ်ပါတယ်။ ပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝက၊ မဟာသာဝကတွေနဲ့ မဆိုင်ပါဘူး။ သူတို့ဟာ အထက်ပါဖိတ်မန်မှုမျိုးကို မပြုကြပါ။

(သီလက္ခန်၊ ဋ္ဌ၊ ၁၄၁)

http://www.dhammadownload.com



## ဘုရားနဲ့ အရဏ်တက် ခရီး

ဘုရားရှင်ရဲ့ ဒေသစာရီလှည့်လည်ခြင်းနဲ့ အရဏ်တက်ခြင်းဟာ မြဲပါတယ်။ မဇ္ဈိမဒေသမှာပဲ ဒေသစာရီခရီး လှည့်လည်ပါတယ်။ မဇ္ဈိမဒေသမှာ အရဏ်တက်စေပါတယ်။

(မဟာဝဂ္ဂသံယုတ်၊ ၌၊ ၃၁၀)

## ဘုရားနဲ့ ဦဟာမြစ်

"အရှင်ဘုရား နာဂသေန၊ အရှင်ဘုရားဟာ ဘုရားရှင်ကို မြင်ဖူးပါသလား"

"မိလိန္ဒမင်းမြတ် မမြင်ဖူးပါ"

"အရှင်ဘုရားမမြင်ဖူးရင် အရှင်ဘုရားရဲ့ဆရာတွေ မြင်ဖူးကြပါသလား"

"မင်းမြတ် မမြင်ဖူးကြပါ"

"အရှင်ဘုရား ဒီလိုဆိုရင် ဘုရားရှင် မရှိဘူးပေါ့"

"မင်းမြတ် ဟိမဝန္တာအရပ်က ဦဟာဆိုတဲ့မြစ်ကို သင်မြင်ဖူးလား"

"အရှင်ဘုရား မမြင်ဖူးပါ"

"သင့်ဖခင် မြင်ဖူးသလား"

"အရှင်ဘုရား မမြင်ဖူးပါ"

"မင်းမြတ် ဒီလိုဆိုရင် ဦဟာမြစ်မရှိဘူးပေါ့"

"အရှင်ဘုရား ဦဟာမြစ်ကို တပည့်တော်နဲ့ တပည့်တော်ဖခင် မမြင်ဖူးပေမယ့် ရှိပါတယ်"

"မင်းမြတ် အဲဒီလိုပါပဲ ငါနဲ့ ငါ့ဆရာတွေ ဘုရားရှင်ကို မဖူးမြင်လိုက်ရပေမယ့် ရှိပါတယ်"

"အရှင်ဘုရား သင့်လျော်လျောက်ပတ်ပါပေတယ်"

(မိလိန္ဒပဥှာပါဠိ၊ ၇၃)

http://www.dhammadownload.com



## ဘုရားနဲ့ မဟာသမုဒ္ဒရာ

"အရှင်ဘုရား နာဂသေန ဘုရားရှင်ဟာ အတုမရှိ မြတ်ပါသလား"

"အင်း မင်းမြတ် ဘုရားရှင်ဟာ အတုမရှိမြတ်တယ်"

"အရှင်ဘုရား မမြင်ဖူးပါပဲ ဘုရားရှင် အတုမရှိမြတ်တာကို ဘယ်လို သိပါသလဲ"

"မင်းမြတ် မဟာသမုဒ္ဒရာကို မမြင်ဖူးသေးသူတွေဟာ 'မဟာသမုဒ္ဒရာ ဟာ ကျယ်တယ်၊ အစောက်နက်တယ်၊ မရေတွက်နိုင်၊ ကူးခပ်ဖို့ခက်တယ်၊ ဂင်္ဂါ ယမုန်နာ အစိရဝတီ သရဘူ ဖဟီလို့ခေါ်တဲ့ မြစ်ကြီးငါးသွယ်တို့ အမြဲ မပြတ် စီးဝင်ရာဖြစ်တဲ့ မဟာသမုဒ္ဒရာရဲ့ ယုတ်လျော့တာ ပြည့်လျှံတာ မထင်ရှားဘူး' လို့ သိနိုင်သလား"

"မှန်ပါအရှင်ဘုရား သိနိုင်ပါတယ်"

"မင်းမြတ် အဲဒီလိုပါပဲ၊ မြင့်မြတ်တဲ့ ပရိနိဗ္ဗာန်စံဝင်ပြီး တပည့်သာဝက တွေကို မြင်တွေ့ရလို့ ဘုရားရှင် အတုမရှိမြတ်ကြောင်းကို သိနိုင်ပါတယ်"

"အရှင်ဘုရား သင့်လျော်လျောက်ပတ်ပါပေတယ်"

(မိလိန္ဒပဉှာပါဠိ၊ ၇၃)

## ဘုရားနဲ့ စာရေးဆရာကြီး

"အရှင်ဘုရား နာဂသေန ဘုရားရှင်ဟာ အတုမရှိမြတ်တယ်လို့ သိနိုင်ပါသလား"

"မင်းမြတ် သိနိုင်ပါတယ်"

"ဘယ်လိုသိနိုင်ပါသလဲ အရှင်ဘုရား"

"မင်းမြတ် ရှေးကဖြစ်ခဲ့ဖူးတာရှိတယ်၊ တိဿထေရဆိုတဲ့ စာရေး ဆရာကြီး ရှိခဲ့ဖူးတယ်။ အဲဒီစာရေးဆရာကြီး ကွယ်လွန်သွားတာ နှစ်ပေါင်း များစွာ ကြာခဲ့လို့ အဲဒီစာရေးဆရာကြီးကို ဘယ်လိုသိနိုင်ပါသလဲ"

"အဲဒီစာရေးဆရာကြီး ရေးထားခဲ့တဲ့စာနဲ့ သိရပါတယ်ဘုရား"

http://www.dhammadownload.com



"မင်းမြတ် အဲဒီလိုပါပဲ၊ တရားကိုမြင်သူဟာ ဘုရားရှင်ကို မြင်ပါတယ်၊ မှန်ပါတယ်၊ ဘုရားရှင်က တရားတော်ကို ဟောကြားတော်မူခဲ့ပါတယ်"

"အရှင်ဘုရား သင့်လျော်လျောက်ပတ်ပါပေတယ်"

(မိလိန္ဒပဥှာပါဠိ၊ ၇၄)

## ဘုရားနဲ့ မီးတောက်

"မင်းမြတ် တောက်လောင်နေတဲ့ မီးပုံကြီးရဲ့ မီးတောက်ဟာ ချုပ်ပျောက်သွားတယ်။ ချုပ်ပျောက်သွားတဲ့ အဲဒီမီးတောက်မီးလျှံကို 'ဒီနေရာ ဒီနေရာမှာရှိတယ်'လို့ ပြလို့ရပါသလား"

"မရပါဘုရား"

"အဲဒီမီးတောက်မီးလျှံဟာ ချုပ်ပျောက်သွားပါပြီ၊ မီးလို့ခေါ်ဝေါ်စရာ မရှိတော့ပါ"

"မင်းမြတ် အဲဒီလိုပါပဲ၊ ဘုရားရှင်ဟာ ရုပ်နာမ်အကြွင်းမရှိတဲ့ နိဗ္ဗာနဓာတ်နဲ့ ပရိနိဗ္ဗာန်ပြုတော်မူပြီးပြီ၊ ချုပ်ကွယ်ပြီးပြီ၊ 'ဘုရားရှင်ဟာ ဒီနေရာ ဒီနေရာမှာရှိတယ်'လို့ ပြလို့မရပါ၊ တရားအပေါင်းနဲ့ ဘုရားရှင်ကို ပြလို့ရပါတယ်၊ မှန်ပါတယ်၊ ဘုရားရှင်ဟာ တရားကို ဟောတော်မူထားခဲ့ပါတယ်"

(မိလိန္ဒပဥှာပါဠိ၊ ၇၇)

## ဘုရားနဲ့ စကြဝတေးမင်း

ဘုရားရှင်ဟာ တရားအလုံးစုံကို သိပေမယ့် ဘုရားရှင်မှာ ဉာဏ်အမြင်ဟာ အမြဲမပြတ် ထင်နေတာမဟုတ်ပါ။ ဘုရားရှင်ရဲ့ သဗ္ဗညုတဉာဏ်တော်ဟာ ဆင်ခြင်မှုနဲ့ ဆက်စပ်နေပါတယ်။ ဆင်ခြင်ရင် အလိုရှိတိုင်း သိတော်မူပါတယ်။

http://www.dhammadownload.com



"ငါရဲ့စကြာရတနာဟာ ကပ်ရောက်လာပါစေ"လို့ စကြဝတေးမင်းက စကြာရတနာကို အောက်မေ့လိုက်တဲ့အခါ စကြာရတနာပေါ်လာသလို ဘုရားရှင်ဟာ ဆင်ခြင် ဆင်ခြင်ပြီး အလိုရှိတိုင်း သိတော်မူပါတယ်။

(မိလိန္ဒပဥှာပါဠိ၊ ၁၀၉၊ ၁၁၃)

## ဘုရားနဲ့ ဆူးထွင်သူ

ဆူးစူးနေတဲ့ လူတစ်ယောက်ရဲ့ဆူးကို အဲဒီလူရဲ့အကျိုးကို လိုလားသူတစ်ယောက်က ဆူးနဲ့ဖြစ်စေ၊ ဓားနဲ့ဖြစ်စေ ဖြတ်ခွဲပြီး ဆူးကိုထုတ်တယ်။ အဲဒီလိုပါပဲ၊ ဘုရားရှင်ဟာ ဒေဝဒတ်ကို သနားလို့ ဆင်းရဲမှ လွတ်စေလိုတဲ့အတွက် ရဟန်းဝတ်ပေးပါတယ်။ ရဟန်းဝတ်မပေးရင် ကမ္ဘာ ကုဋေအသိန်းတို့ ပတ်လုံး ဒေဝဒတ်ဟာ ဘဝအဆက်ဆက် ငရဲမှာ ကျက်ခဲ့ရာပါ၏။

(မိလိန္ဒပဥှာပါဠိ၊ ၁၁၇)

## ဘုရားနဲ့ သစ်ရွေသမား

သစ်ရွေသမားက ပယ်သင့်တာကိုပယ်ပြီး သစ်တုံးကို ဖြောင့်အောင်၊ စင်ကြယ်အောင် ခုတ်ဖြတ်ပါတယ်။ ရွေပါတယ်။ သစ်တုံးကို မစောင့်ရှောက်ပါ။ အဲဒီလိုပါပဲ၊ ဘုရားရှင်ဟာ ပရိသတ်ကို စောင့်ရှောက်ရင် သစ္စာလေးပါး သိမယ့် ပုဂ္ဂိုလ်တွေကို သိစေခြင်းငှာ မစွမ်းနိုင်ပါ။ အကျင့်မှားသူတွေကို ဖယ်ရှားပြီး သစ္စာလေးပါး သိမယ့်သူတွေကို သိစေပါတယ်။ (ဘုရားရှင်ဟောတဲ့ အဂ္ဂိခန္ဓောပမသုတ်ကို နာရလို့ သွေးအန်ကြတဲ့ ရဟန်းခြောက်ဆယ် ရည်ရွယ်တဲ့စကား ဖြစ်ပါတယ်။)

(မိလိန္ဒပဥှာပါဠိ၊ ၁၆၇)

## ဘုရားနဲ့ တစ်ပါးတည်းကိန်းအောင်းခြင်း

ရောဂါနှိပ်စက်လို့ ဆင်းရဲကာ ပြင်းထန်စွာ ဖျားနာနေသူဟာ ဆေးဆရာကို မှီဝဲရလို့ ချမ်းသာရာရသွားတယ်။ ဆေးဆရာရဲ့ ကျေးဇူးကို

http://www.dhammadownload.com



အမှတ်ရပြီး ဆေးဆရာထံ အခါခါ ဆည်းကပ်တယ်။ အဲဒီလိုပါပဲ၊ ဘုရားရှင်တွေအားလုံးဟာ တစ်ပါးတည်း ကိန်းအောင်းလို့ ဘုရားဖြစ်ကြတယ်။ တစ်ပါးတည်း ကိန်းအောင်းရခြင်းရဲ့ ကျေးဇူးကို အမှတ်ရပြီး တစ်ပါးတည်း ကိန်းအောင်းခြင်းကို မှီဝဲတော်မူကြပါတယ်။

ဘုရားရှင်တွေဟာ အကြံအစည်ပြီးမြောက်ထားတဲ့အတွက် ငြိမ်သက်အေးမြချမ်းသာတဲ့ ဖလသမာပတ်နဲ့ ပျော်မွေ့မှုကို ခံစားတော်မူကြလို့ တစ်ပါးတည်း ကိန်းအောင်းတော်မူကြပါတယ်။

ဘုရားရှင်တွေမှာ တစ်ပါးတည်း ကိန်းအောင်းရခြင်းရဲ့ အကြောင်း ၄ မျိုးရှိပါတယ်။

၁။ နေထိုင်ရမှု ချမ်းသာခြင်း။
၂။ အပြစ်ကင်းတဲ့ဂုဏ်များခြင်း။
၃။ ဘုရားရှင်အားလုံးတို့ရဲ့ လမ်းစဉ်ဖြစ်ခြင်း။
၄။ ဘုရားရှင်အားလုံးတို့ ချီးမွမ်းကြခြင်း။

(မိလိန္ဒပဉှာပါဠိ၊ ၁၄၁၊ ၁၄၂)

## ဘုရားနဲ့ ထ္တုဒ္ဒိပါဒ်

မင်းမှာ လေအဟုန်ပမာ အသွားလျင်မြန်တဲ့ အာဇာနည်မြင်းရှိလို့ အဲဒီမင်းက အဲဒီမြင်းရဲ့ လျင်မြန်တဲ့အစွမ်းကို ပြောလိုလို့ နိဂုံးသား၊ ဇနပုဒ်သား၊ မင်းခစား၊ ဗိုလ်ပါ၊ ပုဏ္ဏား၊ သူကြွယ်၊ အမတ်တွေ ပါဝင်တဲ့ လူအများအလယ်မှာ "အမောင်တို့ ငါရဲ့ ဒီအာဇာနည်မြင်းမြတ်ဟာ အလိုရှိခဲ့ရင် သမုဒ္ဒရာရေအဆုံးရှိတဲ့ မြေအပြင်ကို သွားရောက်လှည့်လည်ပြီး တစ်ခဏနဲ့ အဲဒီနေရာကို လှည့်ပတ်ပြန်လာနိုင်တယ်"လို့ ပြောရာပါတယ်။ အဲဒီမြင်းရဲ့ လျင်မြန်တဲ့သွားခြင်းကို အဲဒီပရိသတ်မှာ ပြတော့မပြပါ။ အဲဒီမြင်းမှာ အဲဒီလို လျင်မြန်ခြင်းရှိပါတယ်။ အဲဒီမြင်းဟာ တစ်ခဏချင်းနဲ့ သမုဒ္ဒရာရေအဆုံးရှိတဲ့ မြေအပြင်ကို သွားရောက်လှည့်လည်ခြင်းငှာ စွမ်းလည်းစွမ်းနိုင်ပါတယ်။

http://www.dhammadownload.com



အဲဒီလိုပါပဲ၊ ဘုရားရှင်ဟာ မိမိရဲ့ ဣဒ္ဓိပါဒ်အစွမ်းကို ပြောကြားလိုလို့ ဝိဇ္ဇာသုံးပါး၊ အဘိညာဉ်ခြောက်ပါးရှိတဲ့ အညစ်အကြေး ကင်းကွာ ရဟန္တာတွေနဲ့ နတ်လူတွေရဲ့အလယ်မှာ "အာနန္ဒာ ဘုရားရှင်ဟာ ဣဒ္ဓိပါဒ်လေးပါးတို့ကို ပွားများထားပြီးဖြစ်တယ်။ လေ့ကျက်ထားပြီးဖြစ်တယ်။ ယာဉ်ကဲ့သို့ ပြုထားပြီးဖြစ်တယ်။ တည်ရာကဲ့သို့ ပြုထားပြီးဖြစ်တယ်။ ဆောက်တည်ထားပြီးဖြစ်တယ်။ ကောင်းစွာ ဆည်းပူးထားပြီးဖြစ်တယ်။ ကောင်းစွာ အားထုတ်ထားပြီးဖြစ်တယ်။ အာနန္ဒာ အဲဒီဘုရားရှင်ဟာ အလိုရှိရင် အာယုကပ်တစ်ကပ်လုံး (သက်တမ်းတစ်လျှောက်လုံး)ဖြစ်စေ၊ တစ်ကပ်ထက်ပိုပြီးဖြစ်စေ တည်နိုင်ရာပေတယ်"လို့ မိန့်ပါတယ်။ ဘုရားရှင်မှာ ဣဒ္ဓိပါဒ်အစွမ်းဟာ ရှိလည်းရှိပါတယ်။ ဘုရားရှင်ဟာ ဣဒ္ဓိပါဒ်အစွမ်းနဲ့ အာယုကပ်တစ်ကပ်လုံး ဖြစ်စေ၊ တစ်ကပ်ထက်ပိုပြီးဖြစ်စေ တည်ခြင်းငှာ စွမ်းလည်းစွမ်းနိုင်ပါတယ်။ ဘုရားရှင်ဟာ အဲဒီဣဒ္ဓိပါဒ်အစွမ်းကို အဲဒီပရိသတ်မှာ ပြတော့မပြပါ။

ဘုရားရှင်ဟာ ဘဝအားလုံးတွေကို အလိုမရှိပါ။ ကဲ့လည်း ကဲ့ရဲ့ပါတယ်။ "ရဟန်းတို့ အနည်းငယ်မျှသာဖြစ်တဲ့ မစင်ဟာ အနံ့မကောင်းသလို အနည်းငယ်မျှဖြစ်တဲ့ ဘဝကိုလည်း ငါဘုရား ချီးမွမ်းတော်မမူ။ အောက်ထစ်ဆုံးအားဖြင့် လက်ဖျစ်တစ်တွက်မျှလောက်သော ဘဝကိုလည်း ချီးမွမ်းတော်မမူ"လို့ ဘုရားရှင် ဟောတော်မူထားပါတယ်။

ဘုရားရှင်ဟာ ဘဝ ဂတိ ပဋိသန္ဓေအားလုံးကို မစင်ပမာ ရှုမြင်ကာ ဣဒ္ဓိပါဒ်အစွမ်းကိုမှီပြီး ဘဝတွေမှာ လိုလားတပ်မက်မှု မပြုပါ။ ဣဒ္ဓိပါဒ်အစွမ်းကို ပြတော်မူလိုလို့ ဒီလို ဘုရားရှင်တွေရဲ့ ကြုံးဝါးခြင်းကို ကြုံးဝါးမိန့်ကြားတော်မူလိုက်တာပါပဲ။

(မိလိန္ဒပဉှာပါဠိ၊ ၁၄၃၊ ၁၄၄)

## ဘုရားနဲ့ သူဌေးသူကြွယ်

ယောကျ်ားဟာ လက်မှာတင်ထားတဲ့ ပစ္စည်းတစ်စုံတစ်ရာကို အခြားလက်တစ်ဖက်မှာ ပြောင်းရွှေ့တင်ထားရာ၏။ ဖွင့်တဲ့ခံတွင်းနဲ့ စကားကို

http://www.dhammadownload.com



ပြောဆိုရာ၏။ ခံတွင်းမှာရှိတဲ့ ဘောဇဉ်ကို မျိုချရာ၏။ မျက်စိကို ဖွင့်ပြီး ၍လည်း မှိတ်ရာ၏။ မှိတ်ပြီး၍လည်း ဖွင့်ရာ၏။ ကွေးထားတဲ့လက်မောင်း ကိုလည်း ဆန့်ရာ၏။ ဆန့်ထားတဲ့လက်မောင်းကိုလည်း ကွေးရာ၏။ ဒီလက်ပြောင်းတာ စကားပြောတာ စတာတွေဟာ ကြာမြင့်သေးတယ်၊ ဘုရားရှင်ရဲ့ သဗ္ဗညုတဉာဏ်တော်ဟာ အဲဒီထက်ပိုပြီး မြန်တယ်။ ဆင်ခြင် ခြင်းဟာ ပိုပြီးမြန်တယ်။ ဆင်ခြင်ပြီး အလိုရှိတိုင်း သိနိုင်ပါတယ်။ ဒီလောက် ဆင်ခြင်မှုလို့ခေါ်တဲ့ ချို့တဲ့မှုရှိကာမျှနဲ့ ဘုရားရှင်တွေဟာ အကုန်မသိသူ မဟုတ်ကြပါ။

ဥစ္စာများ၊ စည်းစိမ်များ၊ ရွှေငွေအသုံးအဆောင်များ၊ ဥစ္စာစပါးများတဲ့ ယောကျ်ားရဲ့ သလေးစပါး ကောက်စပါး မုယောစပါး ဆန် နှမ်း ပဲနောက် ပဲကြီး ကောက်ပဲ ထောပတ် ဆီ ဆီဦး နို့ နို့ဓမ်း ပျားရည် တင်လဲခဲ တင်လဲရည်တွေဟာ အိုးကြီး အိုးလတ် အိုးငယ် ကျီကြခွက်တွေမှာ ရောက်ရှိ နေကြပါတယ်။ အဲဒီယောကျ်ားထံ ထမင်းကျွေးရမယ့် ထမင်းဆာနေသူ ဧည့်သည်တစ်ယောက် ရောက်လာတယ်။ အဲဒီယောကျ်ားရဲ့ အိမ်မှာလည်း ချက်ထားတဲ့ စားဖွယ်ဟာ စားလို့ကုန်သွားတယ်။ ဆန်အိုးက ဆန်တွေကို ယူပြီး ထမင်းထပ်ချက်ရတယ်။ အဲဒီယောကျ်ားဟာ အဲဒီလောက် စားဖွယ် ချို့တဲ့သွားတာလေးနဲ့ (ကုန်သွားတာလေးနဲ့) ဥစ္စာမရှိသူ၊ ဆင်းရဲသူ ဖြစ် မသွားပါ။ စကြဝတေးမင်းရဲ့ နန်းတော်မှာတောင် အချိန်မဟုတ်ရင် ထမင်း မရှိဘဲ ချို့တဲ့တတ်ပါသေးတယ်။ သူကြွယ်ယောကျ်ားအိမ်မှာ ပြောစရာပင် မလိုပါ။ အဲဒီလိုပါပဲ၊ ဘုရားရှင်ရဲ့ ဆင်ခြင်မှု ချို့တဲ့ကာမျှဖြစ်တဲ့ သဗ္ဗညုတ ဉာဏ်ဟာ ဆင်ခြင်ရင် အလိုရှိတိုင်း သိနိုင်ပါတယ်။

သစ်ပင်တစ်ပင်ဟာ အသီးသီးလို့ ညွတ်ကိုင်းကောက်ကွေးနေပါ တယ်။ အသီးအခိုင်ဝန်နဲ့ ပြည့်နှက်နေပါတယ်။ အဲဒီသစ်ပင်က အသီးတစ်လုံး မျှ မကြွေကျပါ။ အဲဒီလို အသီးမကြွေကျလို့ (ကြွေကျမှု ချို့တဲ့နေလို့) အဲဒီသစ်ပင်ဟာ အသီးမရှိတဲ့သစ်ပင် မဖြစ်နိုင်ပါ။ အဲဒီသစ်သီးတွေဟာ ကြွေကျတာနဲ့ ဆက်စပ်နေကြပါတယ်။ သစ်သီးတွေကြွေကျရင် အလိုရှိတိုင်း

http://www.dhammadownload.com



ရနိုင်ပါတယ်။ အဲဒီလိုပါပဲ ဆင်ခြင်ခြင်းနဲ့ ဆက်စပ်တဲ့ သဗ္ဗညုတဉာဏ်ဟာ ဆင်ခြင်ရင် အလိုရှိတိုင်း သိနိုင်ပါတယ်။

(မိလိန္ဒပဉှာပါဠိ၊ ၁၁၂၊ ၁၁၃)

## ဘုရားနဲ့ လျှို့ဝှက်အင်္ဂါ

"မိလိန္ဒမင်းမြတ် ဘုရားရှင်ဟာ သေလပုဏ္ဏားအားလည်း အအိမ်နဲ့ ဖုံးထားတဲ့ အင်္ဂါဇာတ်ကို ပြတော်မူတယ်။ ဘုရား ဟုတ်မဟုတ် ယုံမှားနေတဲ့ သေလပုဏ္ဏားကို သိမြင်စေလိုလို့ အင်္ဂါဇာတ်အတုဖြစ်တဲ့ ယောက်ျားကိုယ်ကို တန်ခိုးနဲ့ ပြတော်မူပါတယ်။ ယုံမှားလို့ အပြခံရသူတစ်ဦးသာ အဲဒီတန်ခိုးကို မြင်ရပါတယ်"

"အရှင်ဘုရား နာဂသေန၊ ပရိသတ်အများထဲမှာ ရောက်နေတဲ့ လူတစ်ယောက်သာ လျှို့ဝှက်ထားတဲ့ အဲဒီအင်္ဂါဇာတ်ကို မြင်ရပြီး ကျန်တဲ့ လူတွေ မမြင်ရဘူးဆိုတဲ့စကားကို ဘယ်သူယုံနိုင်မှာလဲ"

"မင်းမြတ် ရောဂါနှိပ်စက်ခံနေရလို့ ဆွေမျိုးမိတ်သင်္ဂဟတွေ ဝိုင်းဝန်းစောင့်ရှောက်ခံနေရတဲ့လူကို သင်မြင်ဖူးပါသလား"

"မြင်ဖူးပါတယ်ဘုရား"

"မင်းမြတ် အဲဒီလူခံစားနေတဲ့ ရောဂါဝေဒနာကို ခြံရံနေတဲ့ အဲဒီဆွေမျိုးပရိသတ်တွေ မြင်ရပါသလား"

"မမြင်ရပါဘုရား၊ အဲဒီလူနာဟာ သူ့ဘာသာပဲ ခံစားနေရပါတယ်ဘုရား"

"မင်းမြတ် နောက်ထပ်ဥပမာတစ်ခုပြောရရင် လူတစ်ယောက်ကို ဖုတ်တစ္ဆေ ပူးကပ်နေမယ်၊ အဲဒီဖုတ်တစ္ဆေ ပူးကပ်ခံရသူရဲ့ ဘေးဝန်းကျင်မှာ ရှိတဲ့ ပရိသတ်ဟာ အဲဒီဖုတ်တစ္ဆေလာတာကို မြင်ရပါသလား"

"မမြင်ရပါဘုရား၊ ဖုတ်ကစ္ဆေ ပူးကပ်ခံရသူသာ မြင်ပါတယ်"

"မင်းမြတ် အဲဒီလိုပါပဲ၊ အဲဒီယုံမှားသူတစ်ဦးသာ အဲဒီတန်ခိုးကို မြင်ရပါတယ်"

(မိလိန္ဒပဉှာပါဠိ၊ ၁၆၈၊ ၁၆၉)

http://www.dhammadownload.com



## ဘုရားနဲ့ ဆေးဆရာ

"အရှင်ဘုရား၊ ဘုရားရှင်ဟာ ဘယ်သူ့ကိုမှ မပြသင့်တဲ့အင်္ဂါဇာတ်ကို ပြလို့ ပြနိုင်ခဲ့တဲ့အမှုကို ပြုပါပေတယ်"

"မင်းမြတ် ဘုရားရှင်ဟာ အင်္ဂါဇာတ်ကိုမပြ၊ တန်ခိုးနဲ့ အရိပ်အယောင်ကို ပြပါတယ်"

"အရှင်ဘုရား အရိပ်အယောင်ကို မြင်ရတာဖြစ်ပေမယ့် အရိပ်အယောင်ကိုမြင်ပြီး ဆုံးဖြတ်ခြင်းသို့ရောက်နိုင်လို့ အင်္ဂါဇာတ်ကို မြင်ပြီးပဲ ဖြစ်ပါတော့တယ်"

"မင်းမြတ် ဘုရားရှင်ဟာ သစ္စာလေးပါးသိမယ့် ပုဂ္ဂိုလ်တွေကို သိစေဖို့ရာ ပြုနိုင်ခဲ့တာကိုလည်း ပြုပါတယ်။ ဘုရားရှင်ဟာ ပြုလုပ်သင့်တာ ပျက်ကွက်ခဲ့ရင် သစ္စာလေးပါးသိမယ့် ပုဂ္ဂိုလ်တွေ မသိဘဲ ရှိကုန်ရာပါတယ်။ ဘုရားရှင်ဟာ သစ္စာလေးပါးသိမယ့်သူတွေကို သိစေဖို့ရာ လုံ့လကို သိပါတယ်။ ဒါကြောင့် ကျွတ်ထိုက်တဲ့သူတွေ ကျွတ်စေမယ့် လုံ့လနဲ့ ချွတ်တော်မူပါတယ်"

"အနာကို ထုတ်ပယ်တတ်တဲ့ ဆေးဆရာဟာ ရောဂါရှင်ရဲ့ ရောဂါကို ပျောက်ကင်းစေနိုင်တဲ့ဆေးနဲ့ ရောဂါရှင်ကို ချဉ်းကပ်ပါတယ်။ ပျို့အန်ထိုက်သူကို ပျို့အန်စေပါတယ်။ ဝမ်းလျှောထိုက်သူကို ဝမ်းလျှောစေပါတယ်။ လိမ်းဆေးတင်ထိုက်သူကို လိမ်းဆေးတင်ပါတယ်။ ချွေးထုတ်သင့်သူကို ချွေးထုတ်ပါတယ်။ အဲဒီလိုပါပဲ၊ ဘုရားရှင်ဟာ ကျွတ်ထိုက်သူတွေ ကျွတ်စေမယ့် လုံ့လနဲ့ ချွတ်တော်မူပါတယ်။

(မိလိန္ဒ၊ ၁၆၉)

## ဘုရားနဲ့ နည်းဗျူဟာအမျိုးမျိုး

သားမဖွားနိုင်တဲ့ မိန်းမဟာ ဆေးဆရာအား မပြသင့်တဲ့အင်္ဂါဇာတ်ကို ပြရသလို ဘုရားရှင်ဟာ ကျွတ်ထိုက်တဲ့ပုဂ္ဂိုလ်တွေကို ချွတ်ဖို့ရာ မပြ

http://www.dhammadownload.com



သင့်တဲ့ အင်္ဂါဇာတ်ကို တန်ခိုးနဲ့ အရိပ်အယောင်ပြပါတယ်။ ပုဂ္ဂိုလ်ကို ထောက်ဆပြီး မပြသင့်တဲ့အရပ်ဆိုတာ မရှိပါ။ တစ်စုံတစ်ယောက်က ဘုရားရှင်ရဲ့ နှလုံးသားကို မြင်ရမှ သစ္စာလေးပါးကို သိနိုင်မယ်ဆိုရင် အဲဒီသူအားလည်း နှလုံးသားကို လှံ့လနဲ့ပြရာပါတယ်။ ဘုရားရှင်ဟာ သစ္စာလေးပါး သိကြောင်း လှံ့လမှာ သိတော်မူတယ်။ ဒေသနာမှာ ကျွမ်းကျင်တော်မူတယ်။

"ဒီအမျိုးကောင်းသားဟာ ဒီအကြောင်းလှံ့လနဲ့ သစ္စာလေးပါးကို သိလိမ့်မယ်"လို့ နန္ဒမထေရ်ရဲ့ အလိုအဇ္ဈာသယကို သိတော်မူလို့ ဘုရားရှင်ဟာ အဲဒီနန္ဒမထေရ်ကို နတ်ပြည်ကိုခေါ်သွားပြီး နတ်သမီးတွေကို ပြတော်မူပါတယ်။ အဲဒီအကြောင်းလှံ့လကြောင့်လည်း နန္ဒထေရ်ဟာ သစ္စာလေးပါးကို သိသွားပါတယ်။ အဲဒီလိုပဲ ဘုရားရှင်ဟာ သာယာဖွယ်အာရုံကို နည်းအမျိုးမျိုးနဲ့ ရှုတ်ချကဲ့ရဲ့ စက်ဆုပ်တော်မူပါလျက် အဲဒီနန္ဒမထေရ်ကို သစ္စာလေးပါးသိစေလိုလို့ ခိုခြေအဆင်းရှိတဲ့ နတ်သမီးတွေကို ပြတော်မူပါသေးတယ်။ ဒီလိုလည်း ဘုရားရှင်ဟာ သစ္စာသိကြောင်းလှံ့လမှာ သိတော်မူတယ်။ ဒေသနာမှာ ကျွမ်းကျင်တော်မူတယ်။

ဘုရားရှင်ဟာ အစ်ကိုက နှင်ထုတ်ထားလို့ စိတ်ဆင်းရဲနေရှာတဲ့ စူဠပန္ထကမထေရ်ကို ချဉ်းကပ်ပြီး "ဒီအမျိုးကောင်းသားဟာ ဒီအကြောင်းနဲ့ သစ္စာလေးပါးကို သိလိမ့်မယ်"လို့ သိလို့ သိမ်မွေ့တဲ့ အဝတ်ပိုင်းကို ပေးပါတယ်။ အဲဒီစူဠပန္ထကမထေရ်ဟာ အဲဒီအကြောင်းကြောင့် ဘုရားရှင်သာသနာမှာ ပဋိသမ္ဘိဒါလေးပါးနဲ့တကွ ရဟန္တာ ဖြစ်သွားပါတယ်။

"ဒီအမျိုးကောင်းသားရဲ့ မာနဟာ ဒီလိုဆိုရင် ငြိမ်းသွားလိမ့်မယ်။ မာနငြိမ်းမှ သစ္စာလေးပါးကို သိလိမ့်မယ်"လို့ သိလို့ မောဃရာဇပုဏ္ဏားက ဘုရားရှင်ကို သုံးကြိမ်တိုင်တိုင် ပြဿနာမေးပေမယ့် အဲဒီပြဿနာကို ဘုရားရှင်က ဖြေမပေးပါဘူး။ ဒါကြောင့်လည်း မောဃရာဇပုဏ္ဏားရဲ့ မာနဟာ ငြိမ်းသွားပါတယ်။ မာနငြိမ်းသွားလို့ အဘိညာဉ် ၆ ပါး ရရှိသွားပါတယ်။ ဒီလိုလည်း ဘုရားရှင်ဟာ သိကြောင်းလှံ့လမှာ သိတော်မူတယ်။ ဒေသနာမှာ ကျွမ်းကျင်တော်မူတယ်။

(မိလိန္ဒပဉှာပါဠိ၊ ၁၇၀)

http://www.dhammadownload.com



# ဘုရားနဲ့ ကြမ်းတဲ့စကား

ကိုယ်ခန္ဓာမှ စမြင်း အလွန်များပြီး စွတ်စိုနေရင် သွေး သည်းခြေ သလိပ်ဆိုတဲ့ အပြစ် ဖောက်ပြန်ပျက်စီးခဲ့ရင် ဆေးဆရာဟာ ထက်မြက်ပြီး ရောဂါကို လျှော့ပါးလွှင့်စင်စေတတ်တဲ့ဆေးတွေကိုသာ ပေးပါတယ်။ အဲဒီလို ပါပဲ၊ ဘုရားရှင်ဟာ ကိလေသာအနာအားလုံးကို ငြိမ်းအေးစေဖို့ရာ အဆုံးအမ ကို ပေးပါတယ်။ ဘုရားရှင်ရဲ့စကားဟာ ကြမ်းပေမယ့် သတ္တဝါတွေကို နူးညံ့ပျော့ပျောင်းစေပါတယ်။ သိမ်မွေ့စေပါတယ်။

ဥပမာ– ပူတဲ့ရေဟာ ပျော့ပျောင်းဖွယ်အားလုံးကို ပျော့ပျောင်း နူးညံ့ စေသလိုပါပဲ။

ဥပမာ– ဖခင်ရဲ့စကားဟာ သားသမီးတွေအတွက် အကျိုးရှိပါ တယ်။ ကရုဏာပါပါတယ်။

အဲဒီလိုပါပဲ၊ ဘုရားရှင်ရဲ့စကားဟာ ကြမ်းပေမယ့် အကျိုးရှိပါတယ်။ ကရုဏာပါပါတယ်။ သတ္တဝါတွေရဲ့ ကိလေသာကို ပယ်နိုင်ပါတယ်။

ဥပမာ– သောက်အပ်တဲ့ နွားကျင်ငယ်ဟာ အနံ့မကောင်းပေမယ့် သတ္တဝါတွေရဲ့ အနာရောဂါကို ပယ်ဖျောက်နိုင်သလိုပါပဲ။ ခဲစားအပ်တဲ့ ဆေးဟာ အရသာမကောင်းပေမယ့် သတ္တဝါတွေရဲ့ အနာရောဂါကို ပယ် ဖျောက်နိုင်သလိုပါပဲ။

ဥပမာ– လဲဝါဂွမ်းစိုင်ဟာ ကြီးမားပေမယ့် သူတစ်ပါးကိုယ်မှာ ကျလို့ နာကျင်မှုကို မပြုပါ။ အဲဒီလိုပါပဲ ဘုရားရှင်ရဲ့စကားဟာ ကြမ်းပေမယ့် တစ်ဦးတစ်ယောက်အား ဆင်းရဲကို မဖြစ်စေတတ်ပါ။

(အထက်ပါစကားတွေဟာ အရှင်သုဒိန်ရဲ့ မေထုန်မှုနဲ့စပ်ပြီး အချည်း နှီးယောကျ်ားလို့ ဘုရားရှင်ပြောကြားမှုနဲ့ ပတ်သက်တဲ့စကားတွေ ဖြစ်ပါ တယ်။)

(မိလိန္ဒပဉှာပါဠိ၊ ၁၇၂)

http://www.dhammadownload.com



## ဘုရားနဲ့ ရှင်ဘုရင်

ဘုရားရှင်ဟာ သီလ သမာဓိ ပညာ အရဟတ္တဖိုလ် အရဟတ္တဖိုလ်ကို ဆင်ခြင်တဲ့ ဉာဏ်၊ အားတော်ဆယ်ပါး၊ ဝေသာရဇ္ဇဉာဏ်လေးပါး၊ တစ်ဆယ့်ရှစ်ပါးသော ဘုရားဂုဏ်၊ အသာဓာရဏဉာဏ်တော် ခြောက်ပါးတွေကြောင့် အတုမရှိပါ။ ဘုရားအရာအလုံးစုံမှာလည်း အတုမရှိပါ။

ဒီလောကမှာ လူတွေထဲက တစ်ယောက်သောသူဟာ အမျိုးဇာတ်နဲ့ ပြည့်စုံတယ်၊ တစ်ယောက်သောသူဟာ ဥစ္စာရှိတယ်၊ တစ်ယောက်သောသူဟာ ပညာရှိတယ်၊ တစ်ယောက်သောသူဟာ လက်မှုအတတ်ရှိတယ်၊ တစ်ယောက်သောသူဟာ ရဲစွမ်းသတ္တိရှိတယ်၊ တစ်ယောက်သောသူဟာ မြော်မြင်တတ်တယ်၊ အဲဒီသူအားလုံးတွေကိုလည်း လွှမ်းမိုးလွန်ကဲပြီး မင်းကသာ အဲဒီသူတွေထက် မြတ်တယ်။ အဲဒီလိုပါပဲ၊ ဘုရားရှင်ဟာ သတ္တဝါအားလုံးထက် မြတ်တယ်၊ ကြီးတယ်၊ ထူးတယ်။

ဘုရားရှင်မှာ အနာရောဂါဖြစ်ဖြစ် မဖြစ်ဖြစ်၊ ဓုတင်အကျင့်ကို ကျင့်ကျင့် မကျင့်ကျင့် ဘုရားရှင်နဲ့တူတဲ့သူ တစ်ယောက်မျှ မရှိပါ။ ဘုရားရှင်ဟာ သတ္တဝါအားလုံးမှာ အမြင့်မြတ်ဆုံး ဖြစ်ပါတယ်။

(မိလိန္ဒပဉှာပါဠိ၊ ၂၁၁၊ ၂၁၂)

## ဘုရားနဲ့ ဆရာ

သစ္စာလေးပါးကို မသိမီ ဘုရားလောင်းဖြစ်စဉ်က ဆရာငါးဦးတွေရဲ့ အဆုံးအမကို ခံယူကာ အဲဒီဆရာတွေထံမှာ ဘုရားလောင်းဟာ အချိန်ကို ကုန်လွန်စေပါတယ်။

၁။ ဘုရားလောင်း ဖွားကာမျှဥ္စ ရာဓ၊ ဓဇ၊ လက္ခဏ၊ မန္တီ၊ ယည၊ သုယာမ၊ သုဘောဇ၊ သုဒတ္တ ဆိုတဲ့ ပုဏ္ဏား ၈ ဦးဟာ ဘုရားလောင်းရဲ့ ချမ်းသာခြင်းကို ကြားသိစေကာ စောင့်ရှောက်မှု ပြုကြပါတယ်။ ဒီပုဏ္ဏားတွေဟာ ပထမဆရာတွေပါပဲ။

http://www.dhammadownload.com



၂။ ဘုရားလောင်းရဲ့ ခမည်းတော် သုဒ္ဓေါဒနမင်းဟာ ဇာတ်ကောင်းပြီး ပုဒ် ဗျာကရဏ်း ဆဠင်္ဂကျမ်းတို့ကို တတ်တဲ့ ဥဒိစ္စပုဏ္ဏားမျိုး သဗ္ဗမိတ္တပုဏ္ဏားကို ပင့်ဆောင်ပြီး ရွှေကရားနဲ့ ရေကိုသွန်ချကာ "ဒီမင်းသားကို အတတ်ပညာ သင်ပေးပါလော"လို့ အပ်နှင်းပါတယ်။ ဒီပုဏ္ဏားဟာ ဒုတိယဆရာပါပဲ။

၃။ ဘုရားလောင်းကို သံဝေဂရစေတဲ့ နတ်သားရဲ့စကားကိုကြားရလို့ ဘုရားလောင်းဟာ သံဝေဂရကာ အဲဒီခဏမှာပဲ တောထွက်ပြီး ရဟန်းပြုပါတယ်။ ဒီနတ်သားဟာ တတိယဆရာပါပဲ။

၄။ ကာလာမရဲ့သားဖြစ်တဲ့ အာဠာရရသေ့ဟာ အာကိဉ္စညာယတနစျာန်ရဲ့ ပရိကံကို ပြောပြပါတယ်။ အဲဒီရသေ့ဟာ စတုတ္ထဆရာပါပဲ။

၅။ ရာမရဲ့သားဖြစ်တဲ့ ဥဒကရသေ့ဟာ နေဝသညာ နာသညာယတနစျာန်ရဲ့ ပရိကံကို ပြောပြပါတယ်။ အဲဒီရသေ့ဟာ ပဉ္စမဆရာပါပဲ။

ဒီဆရာတွေဟာ လောကီတရားမှာ ဆရာတွေ ဖြစ်ကြပါတယ်။ လောကုတ္တရာတရားမှာတော့ သဗ္ဗညုတဉာဏ်တော်ကို ရဖို့ရာ ဘုရားရှင်မှာ လွန်မြတ်တဲ့ ဆုံးမနိုင်သူမရှိပါ။ သစ္စာလေးပါးကို ကိုယ်တိုင်သိမြင်လို့ ဆရာမရှိပါ။ ဒါကြောင့် ဘုရားရှင်က ဒီလိုမိန့်တော်မူခြင်း ဖြစ်ပါတယ်။

"နတ်နဲ့တကွ ဖြစ်တဲ့ လောကမှာ ငါ့အား ဆရာမရှိ၊ ငါနဲ့တူတဲ့သူမရှိ၊ ငါ့အား ပြိုင်ဘက်ပုဂ္ဂိုလ်မရှိ။"

(မိလိန္ဒပဉှာပါဠိ၊ ၂၂၉၊ ၂၃၀)

## ဘုရားနဲ့ နှင်ထုတ်ခြင်း

ဒီလောကမှာ ယောကျ်ားတစ်ယောက်ဟာ သစ်မြစ်ကြောင့်ဖြစ်စေ၊ သစ်ငုတ်ကြောင့်ဖြစ်စေ၊ ကျောက်ကြောင့်ဖြစ်စေ၊ အိုးခြမ်းကွဲကြောင့်ဖြစ်စေ၊

http://www.dhammadownload.com



မညီမညွတ်တဲ့ မြေအဖို့ကြောင့်ဖြစ်စေ မြေကြီးပေါ် ချော်ပြီးလဲကျတယ်။ မြေကြီးက အမျက်ထွက်လို့ အဲဒီလူကို လဲအောင်လုပ်တာ မဟုတ်ပါ။ မြေကြီးမှာ အမျက်ဒေါသနဲ့ ဝမ်းမြောက်ကြည်ရွှင်မှုမရှိ၊ ချစ်ခြင်း မုန်းခြင်းမှ လွတ်တယ်။ အဲဒီညံ့ဖျင်းသူဟာ သူ့အလိုလိုပဲ ချော်လဲပါတယ်။

ဒီလောကမှာ မဟာသမုဒ္ဒရာဟာ သူသေကောင်နဲ့ အတူမနေပါ။ မဟာသမုဒ္ဒရာမှာ အကောင်ပုပ်ရှိရင် အဲဒီအကောင်ပုပ်ကို အမြန်ပဲ ဖယ်ထုတ်ပါတယ်။ ကုန်းပေါ်တင်ပို့ပါတယ်။ မဟာသမုဒ္ဒရာက အမျက်ထွက်လို့ အဲဒီအကောင်ပုပ်ကို ထုတ်ပယ်တာမဟုတ်ပါ။ မဟာသမုဒ္ဒရာမှာ အမျက်ထွက်ခြင်း၊ ကြည်လင်ရွှင်ပျခြင်း မရှိပါ။ ချစ်ခြင်း မုန်းခြင်းမှ လွတ်ပါတယ်။

အဲဒီလိုပါပဲ ဘုရားရှင်မှာ အမျက်ထွက်ခြင်း၊ လောဘနဲ့ ကြည်လင်ရွှင်ပျခြင်း မရှိပါ။ ချစ်ခြင်းမုန်းခြင်းမှ လွတ်ကြပါတယ်။ တကယ်တော့ ကိုယ်တိုင်ပြုတဲ့သူတို့ရဲ့ အပြစ်ကြောင့်ပဲ သူတို့ကို နှင်ထုတ်အပ်ပါတယ်။

ဘုရားရှင်ဟာ နှင်ထုတ်ခဲ့ရတဲ့ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလ္လာန်နဲ့ တပည့်ရဟန်းငယ်တွေရဲ့ အကျိုး စီးပွား ချမ်းသာ စင်ကြယ်မှုကို လိုလားလို့ "ဒီလိုနှင်ထုတ်လိုက်ရင် ဒီရဟန်းတွေဟာ ဇာတိ ဇရာ မရဏတွေမှ လွတ်ကြလိမ့်မယ်"လို့ နှလုံးသွင်းကာ နှင်ထုတ်လိုက်ခြင်းဖြစ်ပါတယ်။

(မိလိန္ဒပဉှာပါဠိ၊ ၁၈၅၊ ၁၈၆)

## ဘုရားနဲ့ လင်

မိန်းမဟာ လင်ရဲ့ပစ္စည်းဥစ္စာနဲ့ပဲ လင်ကို အားရစေတယ်၊ နှစ်သက်စေတယ်၊ ကြည်လင်ရွှင်ပျစေတယ်။ အဲဒီမယားကိုလည်း လင်က "ကောင်းပြီ" လို့ ဝမ်းမြောက်တယ်။

ဆတ္တာသည်ဟာ မင်းရဲ့ဥစ္စာဖြစ်တဲ့ ရွှေဘီးနဲ့ပဲ မင်းရဲ့ဦးခေါင်းကို ပြုပြင်ဖြီးလိမ်းပြီး မင်းကို အားရစေတယ်၊ နှစ်သက်စေတယ်၊ ကြည်လင်ရွှင်ပျစေတယ်။ မင်းဟာ ကြည်လင်ရွှင်ပျပြီး အဲဒီဆတ္တာသည်အားလည်း "ကောင်းပြီ"လို့ ဝမ်းမြောက်တယ်။

အတူနေတပည့်ဟာ ဥပဇ္ဈာယ်ဆရာ ဆောင်ယူလာတဲ့ဆွမ်းကို ယူပြီး

http://www.dhammadownload.com



ဥပဇ္ဈာယ်ဆရာအား ဆက်ကပ်ကာ ဥပဇ္ဈာယ်ဆရာကို အားရစေတယ်။ နှစ်သက်စေတယ်၊ ကြည်လင်ရွှင်ပျစေတယ်။ ဥပဇ္ဈာယ်ဆရာဟာ ကြည်လင်ရွှင်ပျပြီး အဲဒီတပည့်ကိုလည်း "ကောင်းပြီ"လို့ ဝမ်းမြောက်တယ်။

အဲဒီလိုပါပဲ၊ စာတုမမြို့နေ သာကီဝင်မင်းတွေကရော သဟမ္ပတိဗြဟ္မာကပါ ဘုရားရှင် ဟောထားတဲ့ ဥပမာတွေနဲ့ပဲ ဘုရားရှင်ကို အားရနှစ်သက် ရွှင်ပျစေကြပါတယ်။ အဲဒီသူတွေအားလည်း "ကောင်းပြီ"လို့ ဝမ်းမြောက်ကာ ဆင်းရဲအားလုံးကလွတ်အောင် တရားဟောတော်မူပါတယ်။

(အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလ္လာန်အမှူးရှိတဲ့ ရဟန်းတွေကို ဘုရားရှင်က နှင်ထုတ်လို့ သာကီဝင်မင်းတွေနဲ့ သဟမ္ပတိဗြဟ္မာရဲ့ မျိုးစေ့ဥပမာ၊ နွားငယ်ဥပမာတွေနဲ့ ဆက်စပ်တဲ့စကားတွေ ဖြစ်ပါတယ်။)

(မိလိန္ဒပဉှာပါဠိ၊ ၂၀၆)

# ဘုရားနဲ့ ကျောက်လွှာ

ရေကို လက်နဲ့ယူတဲ့အခါ လက်ချောင်းကြားတွေက လျှောကျတယ်။ စီးဆင်းတယ်။ ထားရာနေရာအတိုင်း မတည်ပါ။ နို့ရည်၊ ရက်တက်ရည်၊ ပျားရည်၊ ထောပတ်၊ ဆီ၊ ငါးရည်၊ အမဲရည်ကို လက်နဲ့ယူတဲ့အခါမှာလည်း အတူတူပါပဲ။

သိမ်မွေ့သေးငယ်တဲ့ အဏုမြူနဲ့ညီမျှတဲ့ သဲမှုန့်ကို လက်ဆုပ်နဲ့ယူရာမှာလည်း အတူတူပါပဲ။

ထမင်းလုတ်ကို ခံတွင်းနဲ့ယူရင် တချို့လူရဲ့ ထမင်းလုတ်ဟာ ခံတွင်းကလွတ်ပြီး လျှောကျတယ်။ ယိုထွက်တယ်။ ထားရာနေရာအတိုင်း မတည်ပါ။

အဲဒီလိုပါပဲ၊ ကျောက်တုံးကိုခံယူဖို့ရာ ကပ်ရောက်လာတဲ့ ကျောက်နှစ်လုံး ရိုက်ခတ်မိလို့ ကျောက်တုံးက အစိတ်အလွှာဟာ ကွဲပြီး ထိုထိုဤဤ အရပ်နဲ့ကျကာ ဘုရားရှင်ရဲ့ခြေတော်မှာ ကျပါတယ်။

(မိလိန္ဒပဉှာပါဠိ၊ ၁၇၉)

http://www.dhammadownload.com



## ဘုရားနဲ့ ကြာ

စင်ကြယ်တဲ့အနံ့ရှိပြီး စိတ်ကို ပျော်မွေ့စေတဲ့ ပုဏ္ဍရိက်ကြာဟာ ရေမှာဖြစ်ပြီး ကြီးပွားပေမယ့် ရေက မလိမ်းကျံသည့်ပမာ ဘုရားရှင်ဟာ လောကမှာဖြစ်ပြီး လောကမှာကြီးခဲ့ပေမယ့် တဏှာ၊ မာန၊ ဒိဋ္ဌိတွေနဲ့ လိမ်းကျံမခံရပါ။

(အင်္ဂုတ္တရ၊ ဆက္က၊ ၃၀၄)

## ဘုရားနဲ့ သမုဒ္ဒရာ မြေ ကောင်းကင်

သမုဒ္ဒရာထဲကရေကို ပြည်ခွက်နဲ့ခြင်ရင် ရချင်ရနိုင်ပါမယ်။ ဘုရားရှင်ရဲ့ သဗ္ဗညုတဉာဏ်ကို အဲဒီလို ခြင်တွယ်လို့မရနိုင်သည်သာ။

မြေကြီးကို ချိန်ခွင်မှာထည့်ပြီး ချိန်တွယ်လို့ ရချင်ရနိုင်ပါမယ်။ ဘုရားရှင်ရဲ့ သဗ္ဗညုတဉာဏ်ကို အဲဒီလိုချိန်တွယ်လို့ မရနိုင်သည်သာ။

ကောင်းကင်ကို ကြိုးနဲ့ဖြစ်စေ၊ လက်ချောင်းနဲ့ဖြစ်စေ တိုင်းတာလို့ ရချင်ရနိုင်ပါမယ်။ ဘုရားရှင်ရဲ့ သဗ္ဗညုတဉာဏ်ကို အဲဒီလို တိုင်းတာလို့ မရနိုင်သည်သာ။

မဟာသမုဒ္ဒရာထဲက ရေနဲ့ မြေ ကောင်းကင်တို့ကို ဘုရားရှင်ရဲ့ ဉာဏ်ကို ထောက်ဆကာ ဥပမာအနေနဲ့ မနှိုင်းယှဉ်နိုင်ပါ။

(ထေရဂါထာ ဋ္ဌ၊ သာရိပုတ္တတ္ထေရဂါထာ၊ ၃၈၂)

## ဘုရားနဲ့ အရှင်အာနန္ဒာရဲ့ ဓမ္မက္ခန္ဓာ

အရှင်အာနန္ဒာဟာ ဘုရားရှင်ထံက ဓမ္မက္ခန္ဓာ ၈ သောင်း ၂ ထောင်တို့ကို သင်ယူခဲ့ပါတယ်။ အရှင်သာရိပုတ္တရာ စတဲ့ ရဟန်းတွေထံက ဓမ္မက္ခန္ဓာ ၂ သောင်း သင်ယူခဲ့ပါတယ်။ ဓမ္မက္ခန္ဓာပေါင်း ၈ သောင်း ၄ ထောင် အရှင်အာနန္ဒာရဲ့ နှုတ်ဖျားမှာ ရောက်နေပါတယ်။

(အာနန္ဒတ္ထေရဂါထာအဖွင့်၊ ၄၂၂)

http://www.dhammadownload.com



## ဘုရားနဲ့ စူဠဂန္ဓာရအတတ်

ပိလိန္ဒဝစ္ဆအမျိုးသားဟာ သာဝတ္ထိမြို့မှာ ဘုရားမပွင့်ခင်က ပရိဗိုဇ် ဝတ်ပြီး စူဠဂန္ဓာရအတတ်ကို တတ်ထားကာ အဲဒီအတတ်နဲ့ ကောင်းကင် ကိုလည်း သွားနိုင်တယ်။ သူတစ်ပါးစိတ်ကိုလည်း သိတယ်။ ရာဇဂြိုဟ်မြို့ မှာ လာဘ်လာဘပေါများပြီး နာမည်လည်းကြီးနေတယ်။ ဘုရားရှင် ရာဇဂြိုဟ် မြို့ ရောက်သွားချိန်ကစပြီး သူ့ရဲ့အတတ်ပညာဟာ အစွမ်းမပြနိုင်တော့ပါ။ "မဟာဂန္ဓာရအတတ် ရှိတဲ့နေရာမှာ စူဠဂန္ဓာရအတတ် အစွမ်းမပြနိုင်တော့ ဘူး" လို့ ဆရာ့ဆရာကြီးတွေထံက ကြားဖူးထားတယ်။ ရဟန်းဂေါတမ ရောက်လာတဲ့အချိန်ကစပြီး ငါ့အတတ် အစွမ်းမပြတော့ဘူး။ သေချာပေါက် ရဟန်းဂေါတမဟာ မဟာဂန္ဓာရအတတ်ကို သိတယ်။ ရဟန်းဂေါတမကို ချဉ်းကပ်ပြီး သင်ယူရရင် ကောင်းမယ် လို့ ပိလိန္ဒဝစ္ဆမှာ အကြံပေါ်လာပါ တယ်။ ဘုရားရှင်ထံသွားပြီး သင်ယူဖို့ ခွင့်တောင်းတဲ့အခါ ရဟန်းဝတ်ဖို့ ဘုရားရှင်က မိန့်လို့ ရဟန်းဝတ်တာဟာ အတတ်ရဲ့ အခြေခံလုပ်ရပ်ပဲလို့ ထင်ကာ ရဟန်းဝတ်လိုက်ပါတယ်။ သူ့စရိုက်နဲ့ သင့်လျော်တဲ့ ကမ္မဋ္ဌာန်းကို ဘုရားရှင်က ပေးလို့ အားထုတ်လိုက်ရာ မကြာခင် ရဟန္တာဖြစ်သွားပါတယ်။

(အပဒါနဋ္ဌကထာ၊ ၃၊ ၁၃)

## ဘုရားနဲ့ သင်္ကန်း ၃ ထည်

ဘုရားရှင်ဟာ အေးတဲ့ဆောင်းညအခါ ဆီးနှင်းကျရာ တပို့တွဲနဲ့ တပေါင်းလအကြား ၈ ရက်မှာ လွင်တီးခေါင်အရပ်မှာ သင်းပိုင်တစ်ထည် တည်းနဲ့ ထိုင်နေပါတယ်။ ဘုရားရှင်မှာ မအေးသေးပါဘူး။ ပဌမယံ လွန် သွားတဲ့အခါ ဘုရားရှင်မှာ အေးလာပါတယ်။ ကောသီကို ယမ်းလိုက်ပါတယ်။ မအေးတော့ပါဘူး။ အလယ်ယံလွန်သွားတဲ့အခါ ဘုရားရှင်မှာ အေးလာပြန် ပါတယ်။ ဒုတိယသင်္ကန်းကို ခြုံလိုက်ပါတယ်။ နောက်ဆုံးယံလွန်လို့ အရုဏ်တက်တဲ့အခါ ဘုရားရှင်မှာ အေးလာပြန်ပါတယ်။ တတိယသင်္ကန်းကို ထပ်ခြုံလိုက်ပါတယ်။ ဘုရားရှင်မှာ မအေးတော့ပါဘူး။ "ဒီသာသနာမှာ

http://www.dhammadownload.com



အအေးကြောက်တဲ့ပုဂ္ဂိုလ်တွေဟာ သင်္ကန်း ၃ ထည်နဲ့ မျှတနိုင်ကြပါတယ်။ ငါဟာ ရဟန်းတွေအတွက် သင်္ကန်း ပိုင်းခြားကန့်သတ်ပေးရရင် ကောင်းမယ်။ သင်းပိုင်၊ ဧကသီ၊ နှစ်ထပ်သင်္ကန်းဆိုတဲ့ သင်္ကန်း ၃ ထည်ကို ခွင့်ပြုရရင် ကောင်းမယ်''လို့ အကြံ ဘုရားရှင်မှာ ဖြစ်ပေါ်လာပါတယ်။ ပြီးတော့ ရဟန်းတွေအား ၃ ထည်သောသင်္ကန်းကို ခွင့်ပြုလိုက်ပါတယ်။

(ဝိနည်းမဟာဝါပါဠိ၊ ၄၀၁)

## ဘုရားနဲ့ နောက်ဆုံးစကား

ပိဋကသုံးပုံ အကုန်လုံးကိုဆောင်ပြီး အပ္ပမာဒပုဒ်ရဲ့အနက်ကိုပြကာ တရားဟောတဲ့ ဓမ္မကထိကကို ''ဆိပ်ကမ်းမဟုတ်ရာမှာ ပြေးဝင်တယ်''လို့ မပြောထိုက်ပါ။ အကြောင်းကတော့ အပ္ပမာဒပုဒ်ဟာ အနက်အဓိပ္ပာယ် ကြီးကျယ်လို့ပါပဲ။ မှန်ပါတယ်။ ဘုရားရှင်ဟာ ကုသိနာရုံ အင်ကြင်းပင်တွေ ကြားမှာ ပရိနိဗ္ဗာန်စံခါနီး လဲလျောင်းနေတဲ့အခါ ဘုရားဖြစ်ချိန်ကစပြီး ၄၅ ဝါ ကာလတွေမှာ ကိုယ်တော်တိုင်ဟောကြားထားတဲ့ တရားတွေကို တစ်ပုဒ် တည်းနဲ့သိမ်းယူပြီး ''အပ္ပမာဒေန သမ္ပာဒေထ''လို့ ရဟန်းတွေအား ဘုရား ရှင်က ဩဝါဒပေးတော်မူပါတယ်။

သေခါနီးမိဘတွေက ကျန်ရစ်တဲ့ သားသမီးတွေအား အရေးကြီးတဲ့ စကားကို သေခါနီးအချိန်လေးမှာ မှာကြားတတ်ကြသလို ဘုရားရှင်ကလည်း အရေးအကြီးဆုံးမို့ နောက်ဆုံးစကား မှာကြားခဲ့ပါတယ်။

''ရဟန်းတို့ ယခု ငါဘုရား သင်တို့အား တိုက်တွန်းစကား ပြော ကြားမယ်။ ရုပ်နာမ်သင်္ခါရတွေဟာ ပျက်စီးခြင်းသဘော ရှိကြတယ်။ သတိနဲ့ ကိစ္စအားလုံးကို ပြီးစီးစေကြလော့''

သတိဆိုတဲ့စကားထဲမှာ ကုသိုလ်အားလုံး အကျုံးဝင်ပါတယ်။ သီလ သမာဓိ ပညာ သိက္ခာ ၃ ပါး အကျုံးဝင်ပါတယ်။

(ဣတိဝုတ်၊ ဋ္ဌ၊ ၇၆ စသည်)

http://www.dhammadownload.com



# ဘုရားနဲ့ ဝဋ်တော် ၁၂ ပါး

၁။ ဘုရားရှင်ဟာ အလောင်းတော်ဖြစ်စဉ် တစ်ခုသောဘဝက မုနာဠိအမည်ရှိ သေသောက်ကြူးဖြစ်ပြီး သုရတိ အမည်ရှိ ပစ္စေကဗုဒ္ဓါကို "ဒီသူဟာ ဆိတ်ကွယ်ရာအရပ်မှာ ကာမ လိုက်စားမွေ့လျော် ပျော်ပါးပြီး တရားမရှိ၊ သီလမရှိသူ ဖြစ်တယ်"လို့ စွပ်စွဲစကား ပြောမှားခဲ့ပါတယ်။

အဲဒီမကောင်းမှုကြောင့် ငရဲမှာ နှစ်ပေါင်းများစွာ ဆင်းရဲ ခံစားခဲ့ရပြီး ယခုနောက်ဆုံးဘဝ ဘုရားဖြစ်တဲ့အခါ လူသူ အများ အထင်မှားအောင် သုန္ဒရီပရိဗိုဇ်မရဲ့ စွပ်စွဲခြင်းကို ခံရပါတယ်။

၂။ ဘုရားရှင်ဟာ အလောင်းတော်ဖြစ်စဉ် တစ်ခုသောဘဝမှာ သဗ္ဗာဘိဘူအမည်ရှိ ပစ္စေကဗုဒ္ဓါရဲ့ နန္ဒမည်တဲ့ တပည့်ဖြစ်ခဲ့ ပြီး အဲဒီပစ္စေကဗုဒ္ဓါကို "သီလမရှိ သူယုတ်မာသာ ဖြစ်တယ်" လို့ စွပ်စွဲစကား ပြောမှားခဲ့ပါတယ်။

အဲဒီမကောင်းမှုကြောင့် ငရဲမှာ အနှစ်တစ်သောင်းကြာ ဆင်းရဲခံစားခဲ့ရပြီး ယခု နောက်ဆုံးဘဝ ဘုရားဖြစ်တဲ့အခါ ပရိသတ်ဗိုလ်ပုံအလယ်မှာ စိဉ္စမာနမိန်းမယုတ်ရဲ့ မဟုတ် မတရား စွပ်စွဲခြင်းကို ခံရပါတယ်။

၃။ ဘုရားရှင်ဟာ အလောင်းတော်ဖြစ်စဉ် တစ်ခုသောဘဝမှာ လူအများ လေးစားပူဇော်အပ်တဲ့ ဗေဒင်သုံးရပ် ကမ်းဆုံးခပ် အောင် တတ်မြောက်သူ ပုဏ္ဏား ပါမောက္ခဆရာကြီးဖြစ်ပြီး တပည့်လုလင်ငါးရာအား မဟာဝုန်တောမှာ ဗေဒင်ကျမ်းများ ကို သင်ကြားပေးနေစဉ် အဘိညာဉ်ရတဲ့ ဘီမအမည်ရှိ ရသေ့ အဲဒီအရပ်သို့ ကြွလာတာကို မြင်ရတဲ့အခါ ကြည်ညိုရမယ့်

http://www.dhammadownload.com



အစား နှလုံးသွင်းမှားယွင်းကာ "ဒီရသေ့ဟာ ကာမစည်းစိမ်ကို ခံစားသူ ရသေ့စဉ်းလဲဖြစ်တယ်"လို့ စွပ်စွဲစကားကို တပည့်တို့အား ပြောကြားခဲ့ပါတယ်။ အဲဒီတပည့်ငါးရာတို့ကလည်း ဆရာကြီးစကားကို အားရဝမ်းသာ လက်ခံကြကာ မြို့ရွာအတွင်း ဆွမ်းခံကြွနေတဲ့ အဲဒီ ဘီမရသေ့ကို "ဒီရသေ့ဟာ ကာမစည်းစိမ်ကို ခံစားသူ ရသေ့စဉ်းလဲဖြစ်တယ်"လို့ အိမ်တိုင်း အိမ်တိုင်းရှိ လူများအား ပြောကြားကြပါတယ်။

အဲဒီမကောင်းမှုအကျိုးဆက်ကြောင့် အဲဒီတပည့်ငါးရာဟာ နောက်ဆုံးဘဝ ဘုရားရှင်လက်ထက်အခါ တပည့်ရဟန်းငါးရာဖြစ်လာကြကာ သုန္ဒရီပရိဗိုဇ်မ တိတ္ထိတွေသတ်လို့ သေတာကြောင့် လူအများရဲ့ မဟုတ်မတရား စွပ်စွဲကဲ့ရဲ့တာကို ခံရပါတယ်။ တပည့်တွေ အစွပ်စွဲခံရတာဟာလည်း ဘုရားရှင်ကိုယ်တော်မြတ် အစွပ်စွဲခံရသည်သာ မည်ပါတယ်။

၄။ ဘုရားရှင်ဟာ အလောင်းတော်ဖြစ်စဉ် တစ်ခုသောဘဝမှာ မိကွဲဖတူဖြစ်တဲ့ ညီငယ်ကို ဥစ္စာလိုချင်တပ်မက်လို့ သတ်ဖြတ်ကာ တောင်ချောက်ကြားမှာ ပစ်ချရုံမက ကျောက်တုံးနဲ့ တစ်ဖန်ထပ်ပြီး ဖိညှပ်ကြိတ်ချေခဲ့ပါတယ်။

အဲဒီမကောင်းမှုအကျိုးဆက်ကြောင့် နောက်ဆုံးဘဝ ဘုရားဖြစ်တဲ့အခါ အရှင်ဒေဝဒတ် ကျောက်မောင်းဆင်ပြီး ပစ်ချတာကို ခံရကာ ခြေမတော်ကို ကျောက်ချပ်ကျော်က်လွှာ စင်ထွက်လာကာ သွေးစိမ်းတည်အောင် အထိအခိုက်ခံရပါတယ်။ '

၅။ ဘုရားရှင်ဟာ အလောင်းတော်ဖြစ်စဉ် တစ်ခုသောဘဝမှာ အမြော်အမြင် အဆင်ခြင်နည်းပါးတဲ့ သူငယ်ဆိုးဖြစ်ပြီး လမ်းခရီးမှာ မြူးထူးပျော်ပါး ကစားနေစဉ် ပစ္စေကဗုဒ္ဓါ အရှင်

http://www.dhammadownload.com



မြတ်တစ်ပါးကို မြင်ရတဲ့အခါ ကြည်ညိုရမယ့်အစား နှလုံးသွင်းလွဲမှားကာ လမ်းခရီးမှာရှိတဲ့ ကျောက်ခဲတွေကို ကောက်ယူပြီး အဲဒီပစ္စေကဗုဒ္ဓါကို ပစ်ခတ်ပြစ်မှားခဲ့ပါတယ်။

အဲဒီမကောင်းမှုအကျိုးဆက်ကြောင့် နောက်ဆုံးဘဝဘုရားဖြစ်တဲ့အခါ ဘုရားရှင်ကို သတ်ဖို့ရန် အရှင်ဒေဝဒတ်က လူသတ်လေးသမားများ စေလွှတ်တာကို ခံရပါတယ်။

၆။ ဘုရားရှင်ဟာ အလောင်းတော်ဖြစ်စဉ် တစ်ခုသောဘဝမှာ ဆင်ထိန်းယောကျ်ား ဖြစ်ခဲ့ပြီး ဆွမ်းခံကြွဝင်တဲ့ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တစ်ပါးကို ဆင်နဲ့ နင်းသတ်တော့မယ့်ဟန် အဖန်ဖန် ခြောက်လှန့်ခဲ့ပါတယ်။

အဲဒီမကောင်းမှုအကျိုးဆက်ကြောင့် ရာဇဂြိုဟ်ပြည်မှာ အရက်များစွာသောက်ပြီး အကြမ်းစိတ်၊ အရိုင်းစိတ် ပေါက်နေတဲ့ နာဠာဂီရိဆင်က ဘုရားရှင်ကို နင်းသတ်ရန် ရှေးရှုချဉ်းကပ်လာတာကို ခံရပါတယ်။

၇။ ဘုရားရှင်ဟာ အလောင်းတော်ဖြစ်စဉ် တစ်ခုသောဘဝမှာ ပြည့်ရှင်မင်းဖြစ်ပြီး မင်းမာန်တက်ကာ ယောကျ်ားတစ်ယောက်ကို ကိုယ်တိုင်ပဲ လှံနဲ့ထိုးဆွ သတ်ဖြတ်ခဲ့ပါတယ်။

အဲဒီမကောင်းမှုအကျိုးဆက်ကြောင့် ငရဲမှာ အနှစ်များစွာကျက်ခဲ့ရပြီး နောက်ဆုံးဘဝမှာ အရှင်ဒေဝဒတ် ကျောက်မောင်းဆင်ပြီး ချတဲ့အခါ ကျောက်လွှာကျောက်ချပ် ခြေမှာထိခိုက်ပြီး သွေးစိမ်းတည်တဲ့ အနာရောဂါကို ကုစားရန်အတွက် ဆရာဇီဝက ခြေမတော်ကို ဓားနဲ့ခွဲတာကို ခံရပါတယ်။

၈။ ဘုရားရှင်ဟာ အလောင်းတော်ဖြစ်စဉ် တစ်ခုသောဘဝမှာ

http://www.dhammadownload.com



တံငါရွာတစ်ရွာမှာ တံငါသားငယ်ဖြစ်ကာ မိမိဆွေမျိုး တံငါတွေက ငါးတွေကို ရက်ရက်စက်စက် သတ်ဖြတ်ကြတာကို မြင်ရတဲ့အခါ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ပါတယ်။ (ကိုယ်တိုင်တော့ မသတ်ပါ။)

အဲဒီမကောင်းမှုအကျိုးဆက်ကြောင့် နောက်ဆုံးဘဝ ဘုရားဖြစ်တဲ့အခါ ဦးခေါင်းကိုက်ရောဂါ မကြာခဏဖြစ်တာကို ခံစားရပါတယ်။ (ရှေးက ငါးတွေကို ရက်ရက်စက်စက် သတ်ခဲ့တဲ့ ဆွေမျိုးတံငါတွေဟာ ယခုအခါ သာကီဝင်မင်းတွေ ဖြစ်လာကြပြီး ဝိဋူဋဘရဲ့ အသတ်အဖြတ် ခံကြရပါတယ်။)

၉။ ဘုရားရှင်ဟာ အလောင်းတော်ဖြစ်စဉ် ဖုဿဘုရားရှင်ရဲ့ သာသနာတော်မှာ တပည့်ရဟန်းတွေကို "သင်တို့ဟာ မုယောကို ခဲကြ စားကြလော။ သလေးဆွမ်းတွေကို မစားကြနဲ့" လို့ ရေရွတ်စကား ပြောမှားခဲ့ပါတယ်။

အဲဒီမကောင်းမှုအကျိုးဆက်ကြောင့် နောက်ဆုံးဘဝ ဘုရားဖြစ်တဲ့အခါ ဝေရဉ္ဇာပြည်မှာ ဝေရဉ္ဇာပုဏ္ဏား လျှောက်ထားပင့်ဖိတ်ချက်အရ ဝါကပ်တော်မူစဉ် ဝါးတွင်းသုံးလပတ်လုံး မုယောမှုန့်ကိုသာ ဘုဉ်းပေးခဲ့ရပါတယ်။

၁၀။ ဘုရားရှင်ဟာ အလောင်းတော်ဖြစ်စဉ် တစ်ခုသောဘဝမှာ လက်ဝှေ့သမားဖြစ်ပြီး အခြားလက်ဝှေ့သမားတစ်ဦးကို ခါးရိုးကျိုးအောင် ရိုက်ချိုးထိုးသတ်ခဲ့ပါတယ်။

အဲဒီမကောင်းမှုအကျိုးဆက်ကြောင့် နောက်ဆုံးဘဝ ဘုရားဖြစ်တဲ့အခါ ခါးတော် ညောင်းညာ နာကျင်ကိုက်ခဲခြင်းဆင်းရဲကို ခံရပါတယ်။

http://www.dhammadownload.com



၁၁။ ဘုရားရှင်ဟာ အလောင်းတော်ဖြစ်စဉ် တစ်ခုသောဘဝမှာ ဆေးဆရာဖြစ်ခဲ့ပြီး ဆေးဖိုးမပေးလိုတဲ့ သူဌေးသားတစ်ယောက်အား ဝမ်းလားဆေး တိုက်ကျွေးခဲ့ပါတယ်။

အဲဒီမကောင်းမှုအကျိုးဆက်ကြောင့် နောက်ဆုံးဘဝ ဘုရားဖြစ်ပြီး ပရိနိဗ္ဗာန်စံတော်မူခါနီးမှာ သွေးဝမ်းသွန်ရောဂါကို ခံစားရပါတယ်။

၁၂။ ဘုရားရှင်ဟာ အလောင်းတော်ဖြစ်စဉ် ကဿပဘုရား လက်ထက်မှာ ဇောတိပါလပုဏ္ဏားလုလင် ဖြစ်ခဲ့ပြီး ကဿပဘုရားကို "ဒီဦးပြည်းရဟန်းမှာ သဗ္ဗညုတဉာဏ် ဘယ်မှာဖြစ်နိုင်မှာလဲ၊ သဗ္ဗညုတဉာဏ်ဟာ အလွန်ရခဲတဲ့ တရားဖြစ်တယ်" လို့ နှုတ်နဲ့ ပြစ်မှားပြောကြားခဲ့ပါတယ်။

အဲဒီမကောင်းမှုအကျိုးဆက်ကြောင့် နောက်ဆုံးဘဝမှာ တောထွက်ပြီး ဘုရားဖြစ်အောင် ဒုက္ကရစရိယာ ကျင့်တော်မူတဲ့အခါ အခြားဘုရားအလောင်းတော်တွေမှာ ရက် လ အနည်းငယ်သာ ထိုက်သည့်အလျောက် ကျင့်ကြရပေမယ့် ငါတို့ဘုရားရှင်ဟာ ၆ နှစ်ကြာအောင် ဒုက္ကရစရိယာကို ကျင့်တော်မူရပါတယ်။

(ခုဒ္ဒကနိကာယ်၊ ထေရာပဒါနပါဠိ၊ ၃၉၊ အဝဋ္ဋဖလဝဂ္ဂ။
၁၀၊ ပုဗ္ဗကမ္မပိလောတိက ဗုဒ္ဓအပဒါန်၊ ၃၄၆/၃၅၀)

သာမဏေကျော်
တပို့တွဲလဆန်း ၁၀ ရက်၊ ၁၃၆၁ ခု
၁၄. ၂. ၂၀၀၀

http://www.dhammadownload.com

## ၂၀၀၀ ပြည့်နှစ်အတွင်းထုတ်ဝေခဲ့သည့် ပါရမီစာအုပ်များ

| | |
|---|---|
| ၉၃။ ဒေါက်တာမတင်ဝင်း | အလှရတနာသိုက်ဖွင့်လိုက်စမ်းမယ် |
| ၉၄။ မာဂဓီ(သာစည်) | သံဝေဂကထာ |
| ၉၅။ ဦးဖိုးကျား | ငါးရာ့ငါးဆယ်ကောက်နုတ်ချက်များ(တ) |
| ၉၆။ ဒေါက်တာမတင်ဝင်း | လူငယ်များနှင့်စကားပြောခြင်း |
| ၉၇။ မင်းပူးဦးဩဘာသ | မဟာဇနကဇာတ်တော်ကြီး |
| ၉၈။ မစန္ဒာ | တိမ်ဖုံးပါလို့ လမသာ |
| ၉၉။ စိန်စိန် | ခရီးဝင်ပါ |
| ၁၀၀။ အရှင်ဇနကာဘိဝံသ | ရုပ်စုံဗုဒ္ဓဝင်အမေးအဖြေ |
| ၁၀၁။ ဒေါက်တာမတင်ဝင်း | ကိုယ်ပဲလူကြီး ကိုယ်ပဲကလေး |
| ၁၀၂။ ချစ်နိုင်(စိတ်ပညာ) | စကြာနဲ့တိုင်းကိုစိန်စီထားတယ် |
| ၁၀၃။ ဦးဖိုးကျား | အလောင်းတော်ကဿပ |
| ၁၀၄။ ဒေါက်တာမတင်ဝင်း | လောကကိုဆရာတင်၍ |
| ၁၀၅။ ဒေါက်တာမတင်ဝင်း | မပျက်စီးအောင်ဒါတွေရှောင် |
| ၁၀၆။ သုခ | သုခနှင့်သုခ |
| ၁၀၇။ မလေးငြိမ် | လွန်မြောက်ခြင်းမှ<br>လွတ်မြောက်ခြင်းသို့ဒဿနအမြင် |
| ၁၀၈။ ချစ်နိုင်(စိတ်ပညာ) | အောင်မြင်ခြင်းရွှေစည်းမျဉ်း |
| ၁၀၉။ သာမဏေကျော် | မဟာစည်ဆရာတော်ကြီး၏အဆိုအမိန့်မျ |
| ၁၁၀။ ဒေါက်တာမတင်ဝင်း | အတွေးမိုးစက်များ |
| ၁၁၁။ မစန္ဒာ | ဝတ္ထုတိုများ(၁) |

http://www.dhammadownload.com

| | |
|---|---|
| ၁၁၂။ ဦးဖိုးကျား | သာသနာပြုကိုယ်တော်ကလေးနှင့်<br>သာသနာ့ရန်ဆူးရန်ငြောင့် |
| ၁၁၃။ သာမဏေကျော် | နေမဝင်ခင် ရိက္ခာပြင် |
| ၁၁၄။ မာဂဓီ(သာစည်) | လူငယ်မျက်ရှု ယဉ်ကျေးမှု |
| ၁၁၅။ သန်းဆွေ | ချစ်ထံတျာရင် |
| ၁၁၆။ မောင်စူးစမ်း | စီးပွားရေးအတွေးအမြင် |
| ၁၁၇။ ဒေါက်တာမတင်ဝင်း | ကြည်စင်ပွင့်လင်းသောစိတ်အထာဖြင့် |
| ၁၁၈။ သာမဏေကျော် | ကြည်ညိုဖွယ်ရာ အရှင်သာရိပုတ္တရာ |
| ၁၁၉။ ဒေါက်တာမတင်ဝင်း | ပညာလိုရင်ပျိုးမျစ်တယ် |
| ၁၂၀။ သာမဏေကျော် | မဟာဂန္ဓာရုံဆရာတော်၏<br>ပုံဝတ္ထုဖြင့်ပြောပြသောအဆုံးအမများ |
| ၁၂၁။ သာမဏေကျော် | မဟာစည်ဆရာတော်ဘုရားကြီး၏<br>ထူးခြားသောအတွေးအမြင်များ |
| ၁၂၂။ မစန္ဒာ | စိမ်းရွက်သစ်တဝေဝေ |
| ၁၂၃။ ဒေါက်တာမတင်ဝင်း | စကားနှင်းပွင့်များ |
| ၁၂၄။ သာမဏေကျော် | လှူပီသသူ |

http://www.dhammadownload.com

## ဆက်လက်ထုတ်ဝေမည့် ပါရမီစာအုပ်များ

| | |
|---|---|
| သာမဏေကျော် | သို့သော် |
| သာမဏေကျော် | မှတ်သားလိုက်နာဖွယ် ဘုရားစကား ၅၀ |
| သာမဏေကျော် | တွေးမိတာလေးတွေ |
| သာမဏေကျော် | ပြောချင်တာလေးတွေ |
| သာမဏေကျော် | စကားကိုဘယ်လိုပြောရမယ် |
| ဦးဖိုးကျား | မြောက်ပိုင်းဗုဒ္ဓဘာသာ မဟာယနဂိုဏ်း |
| ဦးဖိုးကျား | သီပေါမင်း ပါတော်မူအရေးတော်ပုံ |
| ဒဂုန်ဦးထွန်းမြင့် | ဗုဒ္ဓဘာသာနှင့်မြန်မာ့ယဉ်ကျေးမှု |
| ဦးအောင်မိုး | ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာ |
| သုခ | သဗ္ဗေသတ္တာ |
| မန်းတင် | မြို့ပိုင်မောင်ပြုံးချို |
| မန်းတင် | နယ်ပိုင်မောင်ပြုံးချို |
| မန်းတင် | ကိုဖိုးလုံး |
| မန်းတင် | ပထမအရွယ် |
| မောင်အုန်းဖေ | သူဌေးဖြစ်ဖို့ |
| ချစ်နိုင်(စိတ်ပညာ) | အနာဂတ်ကိုပိုင်စိုးသူများ |
| ဦးလှသိန်းထွဋ် | မြတ်ဗုဒ္ဓအဘိဓမ္မာနှင့် တာဝတိံသာ |
| ပန်းဒကာ ကိုတင်မြင့် | ဘာသာသွေး နွေးပါစေ |

http://www.dhammadownload.com

| | |
|---|---|
| ဒေါက်တာမတင်ဝင်း | ပုလဲတစ်လုံး ရွဲတစ်လုံး |
| ဒေါက်တာမတင်ဝင်း | ရေကြည်ချမ်းမြ |
| မစန္ဒာ | မစပ်သောငရုတ် |
| မစန္ဒာ | ကွက်လပ်ကလေးဖြည့်ပေးပါ |
| မစန္ဒာ | နက်ဖြန်ခါ |
| မစန္ဒာ | ဝတ္ထုတိုများ(၂)(၄) |
| မစန္ဒာ | မဂ္ဂဇင်းဝတ္ထုရှည်များ(၂) |
| Rawe Htun | The Modern Buddhist Nun |
| Ma Sandar | Upstream and other stories |